လူ၏ အစ
နေထိုင်စားသောက်ခြင်း၏ အစ
ကိုးကွယ်မှု၏ အစ
အုပ်စိုးသူ၏ အစ
လူတန်းစား၏ အစ
အာဏာ၏ အစ
စစ်မက်၏ အစ

# လူသမိုင်း

ကျော်အောင်
ပြုစုသည်



## ကျော်အောင် [၁၉၂၇–၂၀၀၀]

ပခုက္ကူမြို့ ပေါင်းလောင်းရှင်ရပ် အဖ ဦးကြင်မောင်၊ အမိ ဒေါ်တင်မြင့်တို့က ၁၉၂၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မွေးဖွားသည်။ ငယ်မည်မှာ အောင်ကြည်၊ အမည်ရင်း ဦးကျော်အောင် ဖြစ်သည်။

ငါးနှစ် အရွယ်မှ ရှစ်တန်း အောင်သည်အထိ ပခုက္ကူမြို့ ဝက်စလီကျောင်းတွင် ပညာသင်ကြားသည်။ ရှစ်တန်းအောင်သည့်နှစ်တွင် စစ်ဖြစ်သည်။ ၁၉၄၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်သည်။ သို့သော် နောက်ပိုင်းတွင် ဝိဇ္ဇာပညာရပ်သို့ ပြောင်းလဲ သင်ကြားသည်။ ၁၉၅၄ တွင် ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၄၄ ခုတွင် ဗမာ့တပ်မတော်သို့ ဝင်သည်။ ပဉ္စမပတ် ဗိုလ်သင်တန်း တက်သည်။ ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း (၁) ၁၀၃ တပ်ရင်း၌ ပါဝင် တိုက်ခိုက်ခဲ့သည်။ ပခုက္ကူခရိုင် ပြည်သူ့ရဲဘော်အဖွဲ့ အတွင်းရေးမှူး (၁၉၄၆)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင် (၁၉၄၇–၄၉)၊ စာပေသစ်မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့ဝင် (၁၉၅၀)၊ မြန်မာ–ဆိုဗီယက် ယဉ်ကျေးမှုအသင်း၏ အတွင်းရေးမှူး (၁၉၅၂– ၅၃)၊ တက္ကသိုလ် ဘာသာပြန်ဌာန (၁၉၅၅–၅၆)၊ သမိုင်းကော်မရှင် (၁၉၅၆–၅၇)၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန (၁၉၅၇–၈၇) တို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (၂၂၊ ၆၊ ၉၈ မှ ၁၃၊ ၂၊ ၂၀၀၀ ထိ) ဆောင်ရွက်ခဲ့သည်။

၁၉၄၇ တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာ စတင်ရေးသည်။ ပင်ကိုရေး ဝတ္ထုများတွင် နှစ်ခန်းတွဲ ဈေးထဲလုံးချင်း၊ အနီးထဲက ကြယ်ကြွေပွင့် နှင့် သစ္စာ အယ်တော်အောက်ဝယ် တို့သည် လည်းကောင်း၊ ဘာသာပြန်ဝတ္ထုများတွင် ဇာမီ၊ မြစ်တစ်ဖေါ်က တော်နုံသဘော၊ အနောင် အေတီက ချစ်သူများ၊ နယ်လုံးတုဆရာဝန်၊ ချူဆင်း၊ ဘတိုဂိုတို၊ အကောင်းမြင်သမား တို့သည် လည်းကောင်း၊ ခရီးသွားမှတ်တမ်း အဖြစ် တရုတ်ထိုင် ထားရှိမင်း၏ ထိုထားထိုထား ထဉ်ဝေမှု နှင့် ယောင်တောင်ရှေ့ဦးညများ သည် လည်းကောင်း၊ ကျမ်းစာအုပ်များတွင် ဝေါ်ဝါစထမ်းညွှန်၊ လူ့သမိုင်း၊ ကမ္ဘာ့ရွှေဝင် တစ်ဆယ် နှင့် ကမ္ဘာကျော် တချုပ် ၁၀၀ (ညွှန့်ကြူး၊ မင်းကျော်တို့နှင့် ပူးတွဲ ရေး) တို့သည် လည်းကောင်း ထင်ရှားသည်။ တောနှင်းခဲ [၁၉၆၇ အမျိုးသားစာပေဆု (ဘာသာပြန်)]၊ အမေ့ကြီးပြီ ဆွေးစည်းကြိုး [၁၉၇၁ အမျိုးသား စာပေဆု (ဝတ္ထုရှည်)]၊ ဆို ဗျော့ဆာထင် [၁၉၈၅ အမျိုးသားစာပေဆု (ဘာသာပြန်၊ သုတ)]၊ နေဝင်ဆုရစ်များ [၁၉၉၀ အမျိုးသား စာပေဆု (ဘာသာပြန်၊ သုတ)] ရရှိခဲ့သည်။ ၁၉၈၆ တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်၊ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၇ တွင် အရှေ့တောင်အာရှ စာပေဆု (S.E.A Writers Award) ချီးမြှင့်ခံရသည်။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**၂၀၁၅–၂၀၁၇ ထုတ်
ရာပြည့်စာအုပ်များ**

၄၁၁။ ဦးသိန်းလှိုင် ၏ ခေတ်သစ် အရှေ့တောင်အာရှ
၄၁၂။ သုသောဓိတ မဟာရာဇဝင်ကြီး [ဝ–တွဲနှင့် ခု–တွဲ (ပေါင်းချုပ်)]
၄၁၃။ သုသောဓိတ မဟာရာဇဝင်ကြီး [တ–တွဲနှင့် စ–တွဲ (ပေါင်းချုပ်)]
၄၁၄။ သုသောဓိတ မဟာရာဇဝင်ကြီး [ဟ္ဂ–တွဲနှင့် ဆ္ဂ–တွဲ (ပေါင်းချုပ်)]
၄၁၅။ မေဃ ၏ သူကြီးအို နှင့် အခြား ဝတ္ထုတိုများ
၄၁၆။ တင့်တယ် ၏ မာနနှင့် အာဃာတ [Pride and Prejudice by Jane Austen]
၄၁၇။ ထွန်းသစ် ၏ ကမ္ဘာကို တိုင်လှုပ်ခဲ့သော မိန့်ခွန်းများ
၄၁၈။ မောင်စင်မင် (နေမြှ) ၏ တက္ကသိုလ်မြေ ခြေချခဲ့သော နေ့ကျောင်းသားတစ်ယောက်၏ အမှတ်တရများ
၄၁၉။ ညီပြု ၏ အိုးဝေ လက်ဇက်ရည်ကြမ်းဝိုင်း [ပထမအုပ်]
၄၂၀။ တင်မောင်မြင့် (မြန်မာပြန်) ၏ ဘဝအနှောင်
၄၂၁။ မောင်ပေါ်ထွန်း ၏ ငွေရှာနည်း ငွေသုံးနည်း
၄၂၂။ သခိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း (ငြိမ်း) ၏ ညောင်ရမ်းမင်းသား၏ နောက်ဆုံးနေ့ရက်များနှင့် အခြားဆောင်းပါးများ
၄၂၃။ မြင့်သန်း (မြန်မာပြန်) ၏ ဂူ [The Cave by José Saramago]
၄၂၄။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ အမှတ်တရ ပုဂ္ဂိုလ်များ
၄၂၅။ ညီပြု ၏ အိုးဝေ လက်ဇက်ရည်ကြမ်းဝိုင်း [ဒုတိယအုပ်]
၄၂၆။ မောင်အောင်မွန် (မြန်မာပြန်) ၏ စရမ်းရောင်လွင်ပြင်
၄၂၇။ ဒေါက်တာလှဆော ၏ မြန်မာစာပေ ညွှန့်စာတမ်းများ
၄၂၈။ ကျော်ထက်ထွန်း ၏ ဂျော့ဆိုရော့စ် (သို့မဟုတ်) မေတ္တာရှင် သန်းကြွယ်သူဌေးကြီး
၄၂၉။ တင်မောင်မြင့် (မြန်မာပြန်) ၏ တစ်ကမ္ဘာဆီ ဝေး
၄၃၀။ မြင့်သန်း (မြန်မာပြန်၊ တည်းဖြတ်) ၏ ဘော(လ)စက်နှင့် အပ်ချုပ်သမားလေး
၄၃၁။ ရဲထွန်းလင်း ၏ အရေးတော်ပုံတပ်သား
၄၃၂။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရီဘာသာပြန် [ငါးတွဲ၊ ပေါင်းချုပ်]
၄၃၃။ မောင်စင်မင် (နေမြှ) ၏ မြန်မာ ဝေလှသုံးစကားများ
၄၃၄။ နိုင်ဝင်းဆွေ ဝတ္ထုတိုပေါင်းချုပ်
၄၃၅။ တက္ကသိုလ်ဝင်းမွန် ၏ ခေတ်သစ်ကဗျာ မိတ်ဖွဲ့
၄၃၆။ ကိုပညာ (အရေးပွဲ) ၏ တောင်သမန် အလွမ်းစာများ
၄၃၇။ မောင်ပေါ်ထွန်း ၏ အကြီးအကဲ [THE HAJ by Leon Uris]
၄၃၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ဝင်မြင့်ကြီး [ပေါင်းချုပ်]
၄၃၉။ ငွေလင်း ၏ ဤယာမန်
၄၄၀။ ညီပြု ၏ ကာစ်ကိုယ်တော် [Shane by Jack Schaefer]
၄၄၁။ စိန်စိန် ၏ လွမ်းသစ္စာတိုင်
၄၄၂။ လင်းယုန်နီ ၏ မရော
၄၄၃။ နာဂတောင်တန်း မောင်ကြည်စင် ၏ တောင်ပေါ်မြေနှင့် မြေပြန့်ဝန်း

**၂၀၁၇ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၄၄၅။ ရွှေကိုင်းသား ၏ ရွေးခေတ် ပုဂံပြည်နှင့် သမိုင်း စာပေ၊ ယဉ်ကျေးမှု အထွေထွေ
၄၄၆။ မစ္စတာ အိုးနိတိုးရှ (မြန်မာပြန်) ၏ ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ
၄၄၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရဘာသာပြန် [သုံးတွဲ၊ ပေါင်းချုပ်]
၄၄၈။ ဇာနည်မြင့် ဝတ္ထုတိုပေါင်းချုပ်
၄၄၉။ ဆကာကြီးထိပ်တင် ၏ ဖျို့ကရထာ
၄၅၀။ ပါမောက္ခဦးတင်ရွှေ ၏ စာပေနှင့် စာပေသဘောတရား အဖွင့်

ရာပြည့်စာအုပ် ၄၄၄

# လူ့သမိုင်း

ကျော်အောင် ပြုစုသည်

ရာပြည့်စာအုပ်တိုက်
www.yarpyae.com
တစ်ပြည်လုံးဖြန့်ချိရေး–ရာပြည့်စာအုပ်ဆိုင်
ပန်းဆိုးတန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၉ ၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁–၃ ၇၅၉၅၂ (နယ်/ဖြန့်ချိရေး)

ပုံနှိပ်ခြင်း
ပထမအကြိမ် –(၁၉၆၅) ပုဂံစာအုပ်တိုက်
ဒုတိယအကြိမ် –(၂၀၁၇) ရာပြည့်စာအုပ်တိုက်
(ဇွန် ၂၀၁၇)
အုပ်ရေ [၈၀၀]

❏

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❏

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၀၄၂၀]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❏

အတွင်းပုံများ
ပန်းချီ စံတိုး

❏

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ

❏

တန်ဖိုး
၃၀၀၀ ကျပ်

သတိပေးပါသည်

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော စည်သည့်ပုံစံသို့မျှ ဖြပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

## မာတိကာ


- နိဒါန်း ၇
- မှိုငြမ်းကိုးကားသော စာအုပ်စာတမ်းများ ၁၁

အခန်း ၁

အစ ၁၃

အခန်း ၂

ကျွန်တော်တို့၏ ဘိုးဘေး ဘီဘင်များနှင့်
ကျွန်တော်တို့အကြောင်း ၂၃

အခန်း ၃

တကယ့်ပုံဝတ္ထု (သို့မဟုတ်) အစားအစာ၏
ဇာတ်ကြောင်း ၃၆

အခန်း ၄

အရေးကြီးသော မီးပွား ၆၇

အခန်း ၅

ပင်နီ၊ ပင်ဖြူနှင့် ရက်ကန်းသည် ၈၈

အခန်း ၆

စိတ်ပန်းဖြေစရာ အက၊ ဂီတ၊ ဇာတ်သဘင် ၁၀၆

**အခန်း ၇**

အိမ်ဆောက်ခြင်း၊ အရုပ်ဆွဲခြင်း၊
ကျောက်ရုပ်ထုခြင်း၏ ကဗျာ ၁၂၅

**အခန်း ၈**

စကားလုံးများနှင့် ဝေါဟာရများ ၁၅၂

**အခန်း ၉**

အိုးထိန်းစက် (သို့မဟုတ်) စက်ယဉ်ကျေးမှု
ပေါ်ထွန်းလာပုံ ၁၇၁

**အခန်း ၁၀**

ရှေးသရောအခါ ပြည်ဗာရာဝယ် ၁၈၈

## နိဒါန်း

မနုဿတ္တ ဒုလ္လဘော။

လူ့ဘဝ ဆိုသည်မှာ ရခဲလှသည့်အဖြစ်ဟု ဆိုကြပါသည်။

သိပ္ပံပညာ အလိုအရကား လူ့အဖြစ်ထက် လူတို့ မှီတင်းနေထိုင်သည့် ကျွန်တော်တို့ ကမ္ဘာမြေကြီး ဖြစ်ပေါ် တည်ရှိလာပုံမှာ ပို၍ ထူးဆန်းအံ့သြဖွယ် ကောင်းလေသည်။

စကြဝဠာ အနန္တတွင် ကျွန်တော်တို့၏ နေစကြဝဠာ ဖြစ်ပေါ်လာပုံမှာ ရုတ်တရက် ရှောင်တခင်ဖြစ်သည့် အဖြစ်မျိုးဟု ဆိုကြသည်။ ကျွန်တော်တို့ တည်ရှိသည့် နေစကြဝဠာလို စကြဝဠာပေါင်း အသေချာရှိသေးသည်။ နေစကြဝဠာတွင် ကျွန်တော်တို့ မှီတင်း နေထိုင်ရာ ဤကမ္ဘာမြေသည် ဂြိုဟ်တစ်ခု ဖြစ်သည်။ နေကိုပတ်၍ လည်နေကြသော အခြားဂြိုဟ်များ ရှိသေးသည်။ ထိုဂြိုဟ်များကား နေနှင့် ဝေးသည့်ဂြိုဟ်၊ နီးသည့်ဂြိုဟ်ဟူ၍ ရှိကြသည်။ ကျွန်တော်တို့ ကမ္ဘာသည်သာ နေနှင့် သင့်တင့်လျောက်ပတ်သော အကွာအဝေးတွင် ရှိသည်ဟု ဆိုကြပါသည်။ သို့ဖြစ်သောကြောင့်သာ အပူအအေး မျှတရခြင်း ဖြစ်သည်။ နေနှင့် သည့်ထက်ပို၍နီးလျှင် ကမ္ဘာမြေသည် အပူရှိန်တညီးညီး တောက်လောင်နေလိမ့်မည်။ သည့်ထက်ပို၍ဝေးလျှင် ရေခဲတမျှ အေးနေလိမ့်မည်။ ထိုအခါတွင် ကမ္ဘာမြေ၌ သက်ရှိသတ္တဝါတို့ အသက်မရှင်နိုင်ဟု ဆိုကြသည်။ နေစကြဝဠာတွင် အခြားဂြိုဟ်များ၌ သက်ရှိ သတ္တဝါတို့ မတည်ရှိနိုင်ဟု သိပ္ပံပညာရှင်တို့က ဆိုကြသည်။ သူတို့အဆိုသည် မှန်ဖို့များသည်။ အကြောင်းမှာ သူတို့သည် အာကာသသိပ္ပံပညာကို ယခုအခါ ပို၍ ပို၍ သိနားလည်လာကြသောကြောင့် ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်

သို့ဖြစ်ရာ မနုဿတ္တဒုလ္လဘော ဟူသော ကျမ်းဂန်လာ စကားသည် သိပ္ပံပညာ၏ အလိုနှင့်လည်း ကိုက်ညီသည်ဟု ဆိုရပေလိမ့်မည်။

ကျွန်တော်တို့ 'လူ' ဟူသည့် သတ္တဝါများ ဤကမ္ဘာမြေတွင် ပေါ်ခဲ့သည်မှာ နှစ်ပေါင်း သန်းပေါင်းများစွာ ရှိခဲ့ပြီ။ ခရီးအမျိုးမျိုးကို ကျွန်တော်တို့၏ အနွယ်တို့ ဖြတ်သန်းလာခဲ့ရပြီ။ ယနေ့ကား လူသည် နောက်ကြောင်းခရီးကို ပြန်ပြောင်း၍ကြည့်ရန် အချိန်ကောင်းဟု ထင်သည်။ လူသည် အဖျက်အဆီး အမျိုးမျိုး၊ ကပ်အမျိုးမျိုးကို ကျော်လွှန်လာခဲ့ရသည်။ ယနေ့မူ လမ်းဆုံလမ်းခွ၌ ရောက်နေပြီဟု ထင်သည်။

သူ ဖြတ်သန်းလာခဲ့သည် ခရီးကား ကြမ်းတမ်း ခက်ထန်လှသည်။ သူ၏သမိုင်းသည် ရှည်လျားလှသည်။ ဖြတ်သန်းခဲ့ရသည့် ခရီးတွင် သူသည် လမ်းစပျောက်ခဲ့ရသည့် အခါလည်း ရှိသည်။ ယောင်တိ ယောင်တောင်နှင့် ခရီးဆက်ခဲ့ရသည့် အခါလည်း ရှိသည်။ လမ်းစပျောက်ရာမှ လမ်းပြန်တွေ့ကာ အားတက်ရွှင်လန်းစွာ ခရီးဆက်ခဲ့ရသည့် အခါလည်း ရှိသည်။ ယနေ့ကား အနာဂတ်ခရီးကို ဆက်ရန် လမ်းကောင်းကို ရွေးရမည့်အချိန်ဖြစ်သည်။ လမ်းအရွေးမမှားဖို့ အရေးကြီးသည်။

ယနေ့ ကျွန်တော်တို့ ရောက်နေသော လမ်းဆုံလမ်းခွတွင် လမ်းညွှန်များ အများအပြား တွေ့နိုင်မည် ထင်ပါသည်။ အချို့ လမ်းညွှန်တို့သည် လောကနိဗ္ဗာန်ဟု ဆိုသော သာယာ ဝပြောသည် လောကသို့ ညွှန်ပြနေသည်။ အချို့ လမ်းညွှန်တို့ကား သေမင်းချောက်ကမ်းပါးသို့ ညွှန်ပြနေသည်။ ရွေးချယ်ရန်မှာ လူတို့၏ တာဝန်သာ ဖြစ်သည်။ လူတို့သည် အသက်ဆက်လက်ရှင်ရေးအတွက် အားထုတ်ခဲ့ကြသည်။ အသက်ရှင်လိုသည့် ဆန္ဒသည် လူတွင် အကြီးဆုံးသောဆန္ဒ ဖြစ်သည်။ ထိုဆန္ဒကြောင့်ပင် လူသည် လမ်းကောင်းလမ်းမှန်တို့ကို သမိုင်းတစ်လျှောက် ရွေးချယ်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော်ယနေ့ကား ဤသို့ မဟုတ်တော့ပြီ။ အကြောင်းမှာ အချို့သော လူပါးလူနပ်တို့သည် လူတို့ကို လမ်းမှားသို့ ရောက်အောင် သွေးဆောင် ဖြားယောင်းနေကြသည်။ သို့ဖြစ်ရာ လူတို့သည် ကြံရာမရ ဖြစ်ခဲ့ရသည်။ သံသယများရှိခဲ့ကြရသည်။ ဘယ်လမ်းသည် လမ်းကောင်းလမ်းမှန် ဖြစ်သည်ကို မရွေး

တတ်အောင် ရှိခဲ့ကြသည်။ သတိကြီးစွာနှင့် ရွေးချယ်နိုင်ပါမှ လမ်းမှန်ရောက်နိုင်မည် ဖြစ်သည်။

သည်လိုဆိုလျှင် လမ်းမှန်ကို ဘယ်လိုရှာရမည်နည်း။ လမ်းမှန်ရောက်အောင် ဘယ်သူက ကျွန်တော်တို့အား ညွှန်ပြမည်နည်း။ အဖြေကား လူတိုင်း လူတိုင်းသည် မိမိလမ်းကိုမိမိ ရှာဖွေလိုက်လျှောက်ရန်ပင် ဖြစ်သည် ဟူ၍ ဖြစ်သတည်း။

သို့တိုင်အောင် လူတိုင်း လူတိုင်းသည် လမ်းမှန်ကို မည်ကဲ့သို့ ရှာဖွေရမည်နည်း ဟူသော မေးခွန်း ကျန်သေးသည်။

လူတိုင်း လူတိုင်းသည် မိမိ ရပ်တည်နေရာ လမ်းဆုံလမ်းခွတွင် ရပ်ကာ နောက်ကြောင်းကို ပြန်၍ ငဲ့စောင်း ကြည့်သင့်ပါသည်။ "ငါတို့ ဘယ်လောက် ခရီးတွင်ခဲ့ပြီလဲ။ ငါတို့ လူ့အနွယ်တို့သည် လမ်းမှန်ရောက်အောင် ဘယ်လို ရှာဖွေခဲ့သလဲ" စသည့် မေးခွန်းတို့ကို မေးမြန်းကာ ဆင်ခြင်သုံးသပ်သင့်သည်ဟု ထင်ပါသည်။ ထိုအခါတွင် အဖြေအချို့ကိုတွေ့ကာ အလင်းရောင်ရမည် အမှန်ပင် ဖြစ်ပါသည်။

အကြောင်းမှာ လူသည် ထူးဆန်းအံ့သြဖွယ် ကောင်းလှသည့် မိမိတို့၏ ဘဝတည်မြဲရေးတိုက်ပွဲတို့ကို တွေ့မြင်နိုင်မည် ဖြစ်သောကြောင့်တည်း။

ဤကမ္ဘာမြေတွင် လူသည် အာဇာနည်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသည်။ သူသည် အခြားသက်ရှိတို့ထက် အဆင့်အတန်းမြင့်သည့် သက်ရှိသတ္တဝါ ဖြစ်သည်။ သူ့ဦးနှောက်သည် တွေးတောစဉ်းစားနိုင်သည်။ ပတ်ဝန်းကျင်ကို သိနားလည်ကာ ထိန်းချုပ်နိုင်သည်။ သဘာဝကို အောင်နိုင်ပြီးသည့်နောက် လူသည် အံ့မခန်းဖွယ် တည်ဆောက်မှု မှန်သမျှကို တည်ဆောက်ခဲ့သည်။ အလှအပအရာမှန်သမျှကို တီထွင်ခဲ့သည်။ စက်များ တီထွင်ခဲ့သည်။ နောက်ဆုံး အဏုမြူအားကို ရှာဖွေတွေ့ရှိခဲ့သည်။ ယခုကား စကြဝဠာ တစ်ခွင်သို့ ခရီးထွက်ရန် တာစူနေပေပြီ။

ဤစာအုပ်ငယ်တွင် ဤအကြောင်းတို့ကို အကျဉ်းရုံး၍ ဖော်ပြထားပါသည်။ လူ့အကြောင်းကို အကျယ်ချဲ့ရမည် ဆိုလျှင်ကား ဆုံးနိုင်အံ့မထင်ပါ။ ဤအကျဉ်းရုံးပြဆိုသော လူ့သမိုင်းတွင် လူတို့၏ အောင်မြင်မှုအချို့ကို

ဖော်ပြထားပါသည်။ ယင်းတို့ကို သိရှိကာ အားတက်စိတ်ဖြင့် ရှေ့သို့ချီတက်နိုင်ရန် ဖြစ်ပါသတည်း။

ကျော်အောင်

## မှီငြမ်း ကိုးကားသော

## စာအုပ် စာတမ်းများ

| | | | |
|---|---|---|---|
| ၁။ | Mulk Raj Anand | --- | The Story of Man |
| ၂။ | G . H . Luce | --- | Economic Life of Early Burmans |
| ၃။ | J . A . Stewart | --- | Spinning Magic |
| ၄။ | ဦးဖေမောင်တင် | | ဘာသာလောကကျမ်း |
| ၅။ | ဇော်ဂျီ | | ရှေးရိုး မြန်မာပန်းချီ |
| ၆။ | ဇော်ဂျီ | --- | ပန်းချီမေတ္တာစာ |
| ၇။ | ဇော်ဂျီ | --- | မြန်မာတို့၏ သဘင်ပညာ သမိုင်းချုပ် |
| ၈။ | ဇော်ဂျီ | --- | ပုဂံမြို့ဟောင်းနှင့် ကျွန်တော် |
| ၉။ | ဒေါက်တာသန်းထွန်း | --- | မြန်မာရာဇဝင်စာတမ်း အမှတ် တစ် |
| ၁၀။ | ဒေါက်တာလှဖေ | --- | မြန်မာစာပေ |
| ၁၁။ | ဦးကုလား | --- | မဟာရာဇဝင်ကြီး |
| ၁၂။ | | --- | လူထုသိပ္ပံကျမ်း၊ စာပေဗိမာန်။ |

# အခန်း ၁

## အစ

### ၁

ကျွန်တော်တို့ မှီတင်းနေထိုင်ရာ ဤကမ္ဘာမြေသည် မည်ကဲ့သို့သော အရာနည်း။ မည်သည့်အချိန်က ဤကမ္ဘာမြေ ပေါ်ထွန်းခဲ့သနည်း။ ဤကမ္ဘာမြေကို မည်သူ တစ်စုံတစ်ယောက်က ဖန်ဆင်းသနည်း။ ဤကမ္ဘာမြေ၏ အစသည် အဘယ်နည်း။

ဤမေးခွန်းတို့ကို လူတိုင်း လူတိုင်း ကြီးငယ် မဟူ သိချင်ကြသည်။ လူမျိုးတိုင်းကလည်း ဤကမ္ဘာမြေ၏ အစကို အမျိုးမျိုး အဖုံဖုံ ကြံဆခဲ့ကြသည်။

ကျွန်တော်တို့တွင်လည်း ဤကမ္ဘာမြေနှင့် ပတ်သက်သည့် ကြံဆချက်များ ရှိခဲ့ပါသည်။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

'... ထို့နောင်မှ ကမ္ဘာပြုမိုးသည် အစစွာ နူးနူးညံ့ညံ့ ရွာ၏။ အစဉ်အတိုင်း မိုးသည် ကြာရိုးရှိ၊ တောင်ဝှေးရှိ၊ ကျည်ပွေ့ရှိ၊ ထန်းပင်ရှိ ရွာ၏။ ကုဋေတစ်သိန်းကုန်သော စကြဝဠာတို့ကို ပြည့်စေ၍ မိုးစဲလေ၏။ ရှည်လျားသဖြင့် ရေသည် ရွှေ့လျောလတ်၍၊ ဘုံဗိမာန်မြေတို့သည်ဖြစ်၍ နေလ ပေါ်သည်တိုင်အောင်သော ကာလကို ဝိဝဋ္ဋကပ်ဟူ၍ သိအပ်၏။

'ကမ္ဘာကို သံဝဋ္ဋသုံးပါးဟု ဆိုအပ်သော မီး၊ ရေ၊ လေတို့ ဖျက်ရိုးကား မီးဖြင့် အစဉ်အတိုင်း ခုနစ်ကြိမ်ဖျက်သည်။ ထို့နောက် ရေတစ်ကြိမ် ဖျက်သည်။

ဤကဲ့သို့ မီးခုနစ်ကြိမ်ကို ရေတစ်ကြိမ်စီဖျက်၍ ခြောက်ဆယ့်လေးကြိမ်မြောက်၌ လေတစ်ကြိမ်ဖျက်သည်။ ဤကား ကမ္ဘာပျက်ရိုးတည်း။

'ခပ်သိမ်းသော သတ္တဝါတို့၏ ဌာနဖြစ်သော သြကာသ လောကသည် ဖြစ်လိုသည်ရှိသော် ရေဘောင်သည် ရွှေ့လျောခန်းလတ်သည်ဖြစ်၍ ပျက်လေပြီးသော ဗြဟ္မာ့ဘုံတို့သည် အထက်မှစ၍ အစဉ်အတိုင်းနှင့် နတ်ပြည် ခြောက်ဘုံတို့သည် ပေါ်ကုန်၏။

'ထိုမြေ၌ ပဒုမ္မာ ကြာပင်ငယ်သည် ရောက်၏။ ထိုကြာပင်ကို အကြောင်းပြု၍ ဘုရားဖြစ်သောကမ္ဘာ၌ ကြာပွင့်တွင်ပါသော ပရိက္ခရာရှစ်ပါးတို့ကို ဗြဟ္မာတို့က ဆွတ်ယူထားလေသည်။

'ထိုအခါ ဗြဟ္မာ့ပြည်မှ ဗြဟ္မာတို့သည် အသက်ကုန်သဖြင့် လည်းကောင်း၊ ကံကုန်သဖြင့် လည်းကောင်း စုတေ၍ လူ့ပြည်သို့ ဥပပတ်ကိုယ်ထင်ဖြစ်လာကုန်၏။ ဗြဟ္မာတို့သည် ရသ ပထဝီကို စားအံ့သောငှာ အားထုတ်ကုန်သည် ရှိသော် မိမိတို့ ကိုယ်ရောင် ကွယ်ခဲ့၍ အမိုက်အတိ ဖြစ်ရကားကြောက်ခြင်းပြင်းစွာ ဖြစ်ကုန်၏။

'ထိုအခါ တပေါင်းလပြည့် တနင်္ဂနွေနေ့၌ ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် ဥဒည်တောင်ထိပ်မှထွက်လာ၍ အလင်းကို ဖြစ်စေ၏။ ကမ္ဘာဦးသူတို့ ကြောက်ခြင်းကင်း၍ ရဲရင့်ကုန်သည်ဖြစ်သောကြောင့် ယင်းကို 'သူရိယ'ဟု ခေါ်ဝေါ်ကုန်၏။ နေမင်း အနောက်ယုဂန္ဓိုရ်တောင်တွင် ကွယ်ခဲ့သည်ရှိသော် ငြိမ်းအေးသောအရောင်ကို ဆောင်သော လမင်းသည် အရှေ့မျက်နှာမှ ထွက်လာသည်။ ကမ္ဘာဦးသူတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးကုန်သည်ဖြစ်ပြီးလျှင် ငါတို့ဆန္ဒအတိုင်း ရပေသည်ဟူ၍ 'စန္ဒ'ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကုန်၏။

'ထိုအခါ ကမ္ဘာဦးသူတို့သည် ရသ ပထဝီကို စားကုန်၏။ အချို့အဆင်းမလှ၊ အချို့ကား အဆင်းလှ၏။ အဆင်းမလှသူကို မထီမဲ့မြင်ပြုသည်ရှိသော် ရသပထဝီ ကွယ်ကုန်၏။ ထိုအခါ မြေလွှာကိုစားကုန်၏။ ထိုနောင် လောဘရမ္မက်ထူပြော၍ မြေလွှာသည် ကွယ်ခဲ့၏။ ယင်းကွယ်သော် ပဒါလတာ အမည်ရှိ အနံ့အရသာနှင့်ပြည့်စုံသော နွယ်သည် ထင်ရှားဖြစ်၏။ ထိုနွယ် ကွယ်ပြန်သော် သလေးစပါး ပေါ်၏။

'သလေးဆန်ကို စားကြူးသော် ဝတ္ထုရုန့်ရင်းသည် ဖြစ်၍ ယောကျ်ား မိန်းမတို့သည် ထင်ရှားဖြစ်လာကုန်၏။ ထိုအခါ မိန်းမသည်လည်း ယောကျ်ား ကို ကြည့်၏။ ယောကျ်ားသည်လည်း မိန်းမကိုကြည့်၏။ ထိုသို့ ကြည့်ခြင်း ကြောင့် ကာမဒ္ဓ ပူပန်ကုန်သည်ဖြစ်၍ မေထုန်မှီဝဲခြင်း တည်းဟူသော ကိုယ် လက် နှီးနှောခြင်းသည် ဖြစ်ကုန်၏။

ဤသို့ဖြင့် ကမ္ဘာတည်ပုံကို ကျွန်တော်တို့၏ ကျမ်းဂန်များ၌ ထင် ရှား ဆိုလေသည်။

ကမ္ဘာတည်ပုံကို ကျွန်တော်တို့နည်းတူ လူမျိုးအသီးသီးက ကြံဆကြ လေသည်။ ရှေးအီဂျစ်လူမျိုးတို့၏ အယူအဆအရ စကြဝဠာသည် သေတ္တာပုံ ရှိ၍ ယင်း၏အဓိက အစိတ်အပိုင်းကြီးမှာ အီဂျစ်ပြည်ဖြစ်၏။ မိုးကောင်းကင် မှာ သတ္တုမျက်နှာကြက်ဖြစ်၍ ညအခါ လူတို့အတွက် သာယာတင့်တယ်စေ ရန် နတ်များသည် ထိုမျက်နှာကြက်မှ ကြယ်များကို မီးအိမ်များချိတ်ဆွဲသကဲ့ သို့ ချိတ်ဆွဲထား၏။ နေသည် လေယာဉ်စီးပြီး လှည့်ပတ်သွားလာနေသော နတ်သာဖြစ်၍ ညအခါ ကမ္ဘာ၏ အနားစွန်း ပတ်ပတ်လည်၌ ရှိကြသော တောင်ကြီးများ၏ အနောက်ဘက်တွင် ပျောက်သွား၏။ တစ်ခေတ်က ဟိန္ဒူလူမျိုးတို့သည် ကမ္ဘာကို ဆင်၏ကျောကုန်းပေါ်၌ တည်ရှိသည် ဟူ၍ လည်းကောင်း၊ ထိုဆင်ကို တစ်ဖန် နို့ရည်ပင်လယ်တွင်ကူးနေသော လိပ်ကြီး တစ်ကောင်က ထမ်းထားသည် ဟူ၍လည်းကောင်း ယူဆခဲ့ကြ၏။

ခရစ်ယာန်တို့၏ သမ္မာကျမ်းစာ၌ကား 'အစကနဦးတွင် ဘုရားသခင် သည် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေကို ဖန်ဆင်းလေသည်။

'ကမ္ဘာမြေသည် ပုံသဏ္ဍာန်ဟူ၍ အတိအကျ မရှိ။ အမှောင်ထုအတိ သာလျှင် ကမ္ဘာမြေကို လွှမ်းခြုံထားလေသည်။ ထိုအခါ ဘုရားသခင်၏ ဝိညာဉ်သည် ရေပြင်သို့ သက်လေသည်။

'ထိုနောက် ဘုရားသခင်က အလင်းရောင်ရှိစေဟု ဖန်ဆင်းတော်မူ သည်နှင့် အလင်းရောင် ရှိလာရသည်။ အလင်းရောင်ကို ဘုရားသခင် မြင် တော်မူလျှင် ကောင်းချီးပေးလေသည်။ ထိုမှ ဘုရားသခင်သည် အလင်းရောင် နှင့် အမှောင်ထုကို ခွဲခြားတော်မူသည်။

'အလင်းရောင်ကို ဘုရားသခင်၏ နေ့ဟုခေါ်၍ အမှောင်ထုကို ညဟု ခေါ်သည်။ ထိုနောက် ထိုညနေနှင့် နောက်တစ်နေ့မနက်သည်ကား ပထမ နေ့ ဖြစ်လေသည်။'

မာယ်ပြည့်စာအုပ်တိုက်

အချို့ကမူ ရှေးရှေးတုန်းက ဘာမျှမရှိခဲ့ဟု ဆိုလေသည်။ တစ်နည်းအားဖြင့်လည်း ကျွန်တော်တို့ မသိသည့် တစ်စုံတစ်ခု ရှိသည်ဟု ဆိုလေသည်။

ဤအကြောင်းကို မည်သူ သိသနည်း။ ဤအကြောင်းနှင့်ပတ်သက်၍ မည်သူတစ်စုံတစ်ယောက်သည် မည်သည့် တစ်စုံတစ်ရာကို ပြောပြနိုင်သနည်း။ ဤတစ်စုံတစ်ရာသည် မည်သို့ မွေးဖွားလာသနည်း။ မည်သည့်အချိန်တွင် မွေးဖွားလာခဲ့သနည်း။ တစ်ဖန် မည်သည့် အရာဝတ္ထုမှ ဤတစ်စုံတစ်ခု ပေါက်ဖွားလာသည်ကို ပြောဆိုနိုင်သည့်သူ မည်သူ ရှိသနည်း။ ဤသို့ပင် ရိဂဗေဒ ကဗျာဆရာသည် သူ၏ 'ဖန်ဆင်းခြင်း ဓမ္မသီချင်း'တွင် သီကျူးခဲ့လေသည်။

ထို့နောက် ဤပုစ္ဆာကို ဖြေနိုင်စွမ်းမရှိရကား ကဗျာဆရာသည် စကြဝဠာ၏ အစဖြစ်စဉ်ကို မှန်းဆ၍ ပြောပြရန် ကြိုးစားခဲ့လေသည်။

အစဦး၌ မည်သည့် အရာဝတ္ထုမျှ မရှိ။ ထို့အတူ မည်သည့်တစ်စုံတစ်ရာမျှလည်း မရှိခဲ့။ လေဆိုသည်လည်း မရှိ။ ထို့ပြင် လေထု၏ အဆုံး၌ ကောင်းကင်ဘုံဆိုသည်လည်း မရှိခဲ့ပေ။ သည်လိုဆိုလျှင် မည်သည့် လှုပ်ရှားမှုမျိုး ရှိခဲ့သနည်း။ ရှိလျှင် အဘယ်မှာနည်း၊ မည်သူက ထိုလှုပ်ရှားမှုကို ထိန်းချုပ်သနည်း။ ထိုနေရာတွင် လေရှိသလား။ အသူတစ်ရာမျှ နက်သော ငရဲတွင်းကြီးများ ရှိသလား။

ကျွန်တော်တို့သည်လည်း ဤရိဂဗေဒ ကဗျာဆရာထက် စိုးစဉ်းမျှ ပို၍ မသိခဲ့ပေ။ ကျွန်တော်တို့ တတ်နိုင်သည်မှာ မေးခွန်းများကို ဆက်လက် မေးမြန်းသွားရန်နှင့် အဖြေများကို မှန်းဆသွားရန်သာ ဖြစ်ပေသည်။

သို့ရာတွင် ယခုအခါ၌ကား ကျွန်တော်တို့သည် ရှေးကထက် ပို၍ တိကျ မှန်ကန်စွာ မှန်းဆနိုင်ကြပေပြီ။ အကြောင်းမှာ ကျွန်တော်တို့သည် သိပ္ပံပညာ၏ အကူအညီကို ရသောကြောင့်တည်း။

သို့ရာတွင် ဤကမ္ဘာမြေ၌ လူဟူ၍ ပေါ်ထွန်းလာပြီးနောက် စတင်တွေးတော ဆင်ခြင်ခြင်းပြုသော အချိန်မှစ၍ ကျွန်တော်တို့၏ အသိဉာဏ်အားလုံး ပေါ်ပေါက်ခဲ့ရသည်။ လူမပေါ်ထွန်းမီကမူ မည်သည့်အရာကိုမျှ မသိခဲ့ရပေ။ ယင်းသို့ မသိခြင်းမှာ သိတတ်သောသူ မပေါ်သေးသောကြောင့် ဖြစ်လေသည်။

အစဦးတွင် ဤကမ္ဘာမြေကြီးသည် အစိုင်လိုက် အခဲလိုက် တည်ရှိနေသည်ဆိုသည့် အချက်မှလွဲ၍ မည်သည့်အရာဝတ္ထု တစ်စုံတစ်ရာ ရှိလေမည်နည်းဟု မှန်းဆကြသည်။ မှန်းဆချက်တိုင်းသည် ယုတ္တိရှိနိုင်၍ မှန်းဆချက်တိုင်းသည် လျော်ကန်သည်ဆိုသော အချက်သာလျှင် အနီးစပ်ဆုံးသော မှန်းဆချက် ဖြစ်ကြောင်း သိရ၏။

ရိဂဝေဒ ကဗျာဆရာက ရဲရင့်စွာ ဆိုသည်မှာ -

**'အစ၌ အမှောင်ထုကို အမှောင်ထုကသာ ဖုံးလွှမ်းထားသည်။ ဤစကြဝဠာကြီးသည် မထင်မရှားသာ ရှိပြီးလျှင် ငွေရည် အတိပြီးသည်။ ဘာမျှမရှိသော အာကာသတွင် မည်သည့် တစ်စုံတစ်ရာကိုမျှ မတွေ့ရ။ ထိုနောက် အပူ၏စွမ်းအားကြောင့် တစ်စုံတစ်ခု ပေါ်ပေါက်လာသည်'** ဟူ၍တည်း။

## ၃


ဤနည်း အတူပင် ကျွန်တော်တို့ နေသော ဤကမ္ဘာမြေသည် တစ်ခါက တရှိန်ရှိန် တောက်လောင်နေသော လုံးဝိုင်းသောသဏ္ဌာန်ရှိသည့် အရာတစ်ခုဟု ကျွန်တော်တို့ ထင်မှတ်မိပေသည်။ ကမ္ဘာမြေသည် အစအဆုံးမရှိသော အာကာသတွင် အခြားဂြိုဟ်များ အလယ်၌ ရပ်တည်နေသည့်ဂြိုဟ်တစ်ခုသာဖြစ်ပေသည်။ တစ်ဖန် ဤကမ္ဘာလုံးသည် နေကမ္ဘာမှ ပဲ့ကျလာသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နေကမ္ဘာသည် အခြားဂြိုဟ်တစ်ခုနှင့် တိုက်မိရာမှ လွင့်စဉ်ပဲ့ကျလာခြင်း ဖြစ်ပြီး



လျှင် ကမ္ဘာသည် ကာလအတော်ကြာ အထိပင် တောက်လောင်နေသည် ဟူသော ဒဏ္ဍာရီတစ်ခုလည်း ရှိသေးသည်။


ထိုနောက် ကမ္ဘာမြေပြင်၌ တောက်လောင်နေသော မီးသည် နှစ်ပေါင်း သန်းပေါင်းများစွာ ကြာသောအခါ အလိုအလျောက် ငြိမ်းသွားသည်။ တစ်ဖန် ကမ္ဘာမြေပြင်တွင် မာကျောသော ကျောက်သားတို့ဖြင့် ဖုံးလွှမ်းလျက် ကျန်ရစ် ခဲ့လေသည်။

ဤကျောက်များပေါ်သို့ မိုးရေပေါက်များ သည်းထန်စွာ ရွာချသည့် အခါ ပူလောင်လျက် မီးခိုးမှိုင်းများ ထ နေသည့် တောင်ကြီးတောင်ကြား တစ်လျှောက် မိုးရေက ပြာများနှင့် ဖုန်မှုန့်များကို သယ်ယူသွားလေသည်။ နောက်ဆုံး၌ မီးခိုးမှိုင်းနှင့် ဆီးနှင်းတို့အကြားမှ နေ၏အပူရှိန် ရသည်တွင် ကျွန်တော်တို့၏ ကမ္ဘာမြေမျက်နှာပြင်သည်လည်း အနည်းငယ် ပြောင်းလဲစ ပြုလာလေသည်။



ဤသို့ဖြင့် နှစ်ပေါင်း သန်းပေါင်း များစွာအတွင်း တစ်ခုသော အချိန်၌ အံ့ဖွယ်သရဲ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့လေသည်။ ယင်းမှာ အပူကြောင့် သက်မဲ့ဒြဗ်မှ သက်ရှိကလာပ်စည်းတစ်ခု ပေါက်ဖွားလာခြင်းပင်ဖြစ်ပေသည်။ ထိုသက်ရှိ ကလာပ်စည်းသည် တောင်ကမ်းပါးယံကြီးများအကြား ရေပေါ်၌ မျောပါနေခဲ့လေသည်။

ထိုသက်ရှိကလာပ်စည်းကလေးနှင့် ယင်းနှင့်အလားတူ အခြားသက်ရှိ ကလာပ်စည်းများ ပင်လယ်ရေပြင်ကြီးများ၌ နှစ်ပေါင်း သန်းပေါင်းမည်မျှ ကြာအောင် မျောပါနေကြသည်ကို ကျွန်တော်တို့ မသိပေ။ သို့သော် ယင်း သက်ရှိ ကလာပ်စည်းကလေးသည် ရေပြင်ကြီးများအောက်ခြေ၌ မှီခိုကပ်နေ



ခြင်းဖြင့် လည်းကောင်း၊ ရွှံ့နွံများအကြား၌ ခိုကပ်နေကာ အပင်များအဖြစ် ကြီးထွားနေခြင်းဖြင့်လည်းကောင်း အသက်ရှင်လျက်ရှိကြဟန် တူပေသည်။

ထိုနောက် သက်ရှိ ကလာပ်စည်းများတွင် ခြေထောက်များပေါက်လာ ကြပြီးလျှင် ရွှံ့ပြင်ကျယ်ကြီးများအတွင်း တွားသွားနိုင်ကြလေသည်။ အချို့မှာ လည်း ဂျယ်လီငါးဖြစ်သွားကြလေသည်။ အခြားသက်ရှိကလာပ်စည်းများတွင် အကြေးခွံများ ထွက်လာပြီးလျှင် ရေထဲ၌ ကူးယက်သွားလာကြသည်။ ဤ သည်တို့မှာ ငါးများ ဖြစ်ကြလေသည်။

ပင်လယ်အောက်ခြေ၌ မနေနိုင်သော သစ်ပင်များ ဖြစ်သွားသည့် သက်ရှိကလာပ်စည်းများသည် တောင်ကြီးများအကြားရှိ ရွှံ့နွံများ၊ ရေအိုင်များ တွင် နေထိုင်ကြလေသည်။

ယင်းတို့သည် အဆင့်ဆင့်ပွားဖန်များလတ်သော် အလွန်လှပသော ပန်းများပွင့်ဖူးသည့် ချုံပုတ်များ၊ သစ်ပင်ကြီးများ ဖြစ်လာကြလေသည်။ ဤသို့ ချစ်စဖွယ်ပန်းပွင့်များရှိရာ သစ်ပင်များဆီသို့ အင်းဆက်ပိုးနှင့် ကျေးငှက်များ ဖြစ်သွားကြသည့် သက်ရှိကလာပ်စည်းတို့ လာရောက်စုရုံးကြပြန်သည်။ ဤသို့ဖြင့် အင်းဆက်ပိုးနှင့် ကျေးငှက်တို့က သစ်စေ့ မျိုးစေ့များကို ကမ္ဘာမြေ၏ အခြားဝေးလံသော အရပ်ဒေသများသို့ ဆောင်ယူသွားကြပြန်သည်။ ထိုသို့ ဖြစ်ရာမှ ကမ္ဘာမြေတွင် သစ်ပင် ချုံနွယ် ပိတ်ပေါင်းနှင့် မြက်ပင်တို့သည် အရေအတွက်အားဖြင့် သန်းပေါင်းများစွာအထိ ပွားများခဲ့လေသည်။

အချို့သော ငါးတို့သည် ရေမှခွာ၍ လေကို ရှူကြပြန်သည်။ ဤသို့ လေကိုရှူနိုင်ရန် ယင်းတို့တွင် ပါးဟက်များအပြင် အဆုတ်များလည်း ဖွံ့ဖြိုးလာရပြန်သည်။ ဤသတ္တဝါမျိုးကို ရေတစ်ပိုင်း ကုန်းတစ်ပိုင်း သတ္တဝါဟု ခေါ်ကြ၏။ အကြောင်းမှာ သူတို့သည် ရေတွင်သာမက ကုန်းအရပ်တွင်လည်း နေနိုင်သောကြောင့်တည်း။ ကျွန်တော်တို့၏မိတ်ဆွေဖြစ်သော တအုံအင်အင် အော်သည့် ဖားသည် ယင်းကဲ့သို့သော ရေတစ်ပိုင်း ကုန်းတစ်ပိုင်း သတ္တဝါမျိုးပင် ဖြစ်လေသည်။

သို့သော် ရေ၌ အနေအကျင့် နည်းပါးကာ ကုန်းအရပ်၌သာ အနေအကျင့် များလာသော အခြားသော သတ္တဝါများလည်း အများအပြား ပေါ်ပေါက်လာသည်။ ယင်းတို့မှာ တွားသွားကောင်များ ဖြစ်ကြပြီးလျှင် မြက်တောကြီးများ အကြား၌လည်းကောင်း၊ ရွှံ့မြေများပေါ်၌လည်းကောင်း တွားသွားနေထိုင်ကြသည်။ ယင်းတို့၌ ခြေများပေါက်လာကာ ကိုယ်ခန္ဓာလည်း ကြီးထွားလာခဲ့လေသည်။ ယင်းတို့အနက် အင့်သိုင်ယိုဆောရပ်၊ မက်ဂလိုဆောရပ်နှင့် ဗရွန်တိုဆောရပ်ဟုခေါ်သော အကောင်တို့သည်ကား ပေပေါင်း သုံးဆယ်မှ လေးဆယ်အထိ ကြီးမား ရှည်လျားကြ၏။ တစ်နည်းဆိုလျှင် သူတို့သည် ဆင် သို့မဟုတ် ကုလားအုတ်ထက် ခြောက်ဆပို၍ ကြီးကြလေသည်။

သစ်ပင်ပေါ်တွင် နေထိုင်လေ့ရှိသည့် အခြား တွားသွားကောင်တို့လည်း ရှိသေးသည်။ သူတို့အဖို့ လမ်းလျှောက်ရန် ခြေထောက်သာ လိုလာသည် မဟုတ်ဘဲ သစ်တစ်ပင်မှ အခြားသစ်တစ်ပင်သို့ ကူးသန်းရန် အတောင်ပံလည်း လိုလာလေသည်။ သို့ဖြစ်ရာ ထိုသတ္တဝါတို့၏ ခန္ဓာကိုယ်တွင် တောင်ပံ

ယောင် အစိတ်အပိုင်းတစ်ခု ပေါ်ပေါက်လာရသည်။ နောင်တွင်ကား ယင်း အစိတ်အပိုင်း၌ အမွေးများဖုံးလွှမ်းကာ အတောင်ပံ ဖြစ်လာလေသည်။ သူတို့၏ အမြီးသည်လည်း ပွဲသဖွယ် ဖြစ်လာသည်။ ဤသည်တို့မှာ ကျွန်တော်တို့ သိသော ငှက်အမျိုးမျိုး၏ ဘိုးဘွားအနွယ်များ ဖြစ်ကြပေသည်။

ဤသို့ တိုးတက်ဖွံ့ဖြိုးလာပြီးနောက် တစ်ခုသောအချိန်တွင် ရာသီဥတုသည် ရုတ်တရက် ပြောင်းလဲသွားလေသည်။ သို့မဟုတ် အခြားအဖြစ်အပျက်ကြီး တစ်ခုကြောင့် အပြောင်းအလဲများစွာ ဖြစ်ပေါ်လာခဲ့လေသည်။ ထိုအခါ အလွန်ကြီးမားလှသည့် ဤတွားသွားကောင်ကြီးများအားလုံး သေကျေပျက်စီးကြကုန်သည်။

၅

ထိုအခါတွင် ကမ္ဘာမြေ၌ အခြား တွားသွားကောင်တစ်မျိုး အများအပြားပေါက်ဖွားလာပြန်သည်။ ယင်းတို့ကို မင်မယ်ဟု ခေါ်၏။ တစ်နည်းအားဖြင့် ယင်းတို့၌ နို့ရှိသဖြင့် နို့တိုက်သတ္တဝါ ဟူ၍လည်း ခေါ်လေသည်။

သူတို့တွင် ငါးတွင်ကဲ့သို့ အကြေးလည်း မရှိ။ ငှက်များတွင်ကဲ့သို့ ငှက်မွေးလည်း မရှိပေ။ သူတို့၏ခန္ဓာကိုယ်တွင် အမွေးများ ဖုံးလျက်ရှိသည်။ အခြားသတ္တဝါတို့နှင့် ယှဉ်ပြိုင်ရာတွင် အဆင့်အတန်း မြင့်လာသည်။ ထို့ပြင် အမျိုးလိုက် မပျက်ပြုန်းနိုင်အောင် သူတို့၌ ထူးဆန်းသော အလေ့အကျင့်များ တတ်သိလာခဲ့သည်။ ပုံစံဆိုလျှင် အမသည် မိမိ၏ သန္ဓေဥကို မိမိကိုယ်တွင်း၌ ဆောင်ယူတတ်၏။ အခြားသတ္တဝါများ၏ သန္ဓေသားများမှာ ဥက ထွက်လာပြီးနောက် အပူအအေးနှင့် သားရဲတို့၏ ဘေးရန်ကို မကာကွယ်တတ်ကြ။ သူတို့၏ သားငယ်များမှာမူ ထိုရန်တို့ကို ကာကွယ်တတ်သည်။ သို့ဖြစ်ရာ နို့တိုက်သတ္တဝါမျိုးနွယ်သည် ကြေပျက်နိုင်ရန် ခဲယဉ်းလေသည်။ တစ်ဖန် နို့တိုက်သတ္တဝါငယ်ကလေးများသည် သူတို့မိခင်များထံမှ ဘဝအတွေ့အကြုံများကို လေ့လာသင်ကြားနိုင်ခွင့် ရခဲ့သည်။

ယခုအခါ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် တွေ့မြင်နေရသမျှ သတ္တဝါတို့သည်လည်းကောင်း၊ တိရစ္ဆာန်ရုံတွင် တွေ့မြင်ရသမျှ သတ္တဝါတို့သည်လည်းကောင်း အားလုံးလိုလိုပင် နို့တိုက်သတ္တဝါမျိုးနွယ်များသာ ဖြစ်ကြလေသည်။

ဤနို့တိုက်သတ္တဝါမျိုးနွယ်များထဲမှ တစ်နွယ်သောအမျိုးသည် အခြားအနွယ်များထက် ဖွံ့ဖြိုးလာကာ လူအဖြစ်သို့ ပြောင်းလဲလာခဲ့လေသည်။ ကာလ

ကြာညောင်းလာသည်နှင့်အမျှ ထိုလူသည် မိမိ၏ ရှေ့ခြေနှစ်ချောင်းကို သွားကောင် ဖမ်းရာတွင် အသုံးပြုလာတတ်သည်။ သားငါးရှာဖွေ ဖမ်းဆီးရာမှ အတွေ့ကြုံ များလာသည့်အခါ ဤရှေ့ခြေနှစ်ချောင်းသည် လက်နှစ်ချောင်း အဖြစ်သို့ ပြောင်းလဲလာလေသည်။ ထိုနောက် အခက်အခဲအမျိုးမျိုးကို ကျော်လွှားရင်း လူသည် နောက်ခြေနှစ်ချောင်းဖြင့် မတ်မတ်ရပ်နိုင်သည့်အဖြစ်သို့ တိုးတက်ဖွံ့ဖြိုးလာခဲ့ဟန် တူလေသည်။

လူဝံ သို့မဟုတ် မျောက်နှင့် တူဟန်ရှိသော်လည်း ယင်းတို့ထက် အဆင့်မြင့်သော ဤနို့တိုက်သတ္တဝါသည် သားငါးရှာဖွေ ဖမ်းဆီးရာ၌ ပိုမိုကျွမ်းကျင်လာသည်။ ရာသီဥတုမရွေး အပူအအေးဒဏ်ကို ခံနိုင်ရည်ရှိလာသည်။ ဤနို့တိုက်သတ္တဝါသည် အခြားမျိုးတူများနှင့်အတူ အသက်မွေး နေထိုင်ခဲ့ရင်း နောက်ထပ်ပေါ်ပေါက်လာသော မျိုးနွယ်သစ်များ၏ ဘေးရန်မှလည်း မိမိကိုယ်မိမိ ကာကွယ်တတ်လာသည်။ ထိုနောက် ဤသတ္တဝါသည် အသံပြု၍ ညည်းညူလာတတ်ပြီးလျှင် မိမိသားငယ်များကိုလည်း မမြင်တွေ့နိုင်သည့် ဘေးအန္တရာယ်အမျိုးမျိုးကို ရှောင်ရှားနိုင်ရန် သတိပေး နှိုးဆော်တတ်လာသည်။

အမွေးအမှင်ထူထဲသော ဤသတ္တဝါငယ်သည် ကျွန်တော်တို့၏ ရှေးဦးဆုံး လူ့အနွယ်ပင် ဖြစ်ပေသတည်း။

## အခန်း ၂

## ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်များ နှင့် ကျွန်တော်တို့အကြောင်း



၁

မိမိ အဘိုး၏ အကြောင်း မည်မျှ သိသနည်းဟု သင့်ကိုယ် သင် မေးကြည့်ပါ။ ထို့အတူ မိမိအဘေး၊ ထို့နောက် အဘိုး၏အဘိုး ဖြစ်သော မိမိ အဘီတို့၏ အကြောင်းကို သင်မည်မျှ သိပါသနည်းဟု မေးလျှင် မိမိ၏ ဆွေစဉ်မျိုးဆက်များ အကြောင်းကို အနည်းငယ်မျှသာ သိသည်။ သို့မဟုတ် ဘာမျှ မသိဟု ဖြေရပေလိမ့်မည်။ သို့ဖြစ်ရာ မိမိ၏ ဘိုးဘေးဘီဘင်တို့နှင့် လွန်ခဲ့သော နှစ်ပေါင်း သန်းပေါင်းများစွာက အမွေးအမှင် ထူထဲသည့် ပထမဆုံး လူ၏ အဆက်အနွယ်များအကြောင်းကို အနည်းငယ်မျှ သိနိုင်ရန်ပင် မည်မျှ ခက်ခဲမည်ကို သင် တွေးကြည့်နိုင်သည်။

သို့သော်လည်း ဤကမ္ဘာ၏ အရပ်ရပ်တွင် မြေမြှုပ်လျက်တွေ့ရသော ကျွန်တော်တို့ လူ့အနွယ်များ၏ ဦးခေါင်းခွံများကို ကြည့်ကာ လူ့အကြောင်း

ကို တစ်စုံတစ်ရာ မည်မည်ရရ ပြောဆိုနိုင်အောင် ပညာရှိများ ကြံဆကြိုးပမ်းကြလေသည်။

ဟိုးရေ့မည်သော အနောက်တိုင်း ရှေးပညာရှိတစ်ဦးက 'ကျွန်တော်တို့ ခရီးသွားသည့်အခါ ရာသီဥတုကိုလိုက်၍ ကျွန်တော်တို့၏အတွေးအခေါ် အယူအဆများ ပြောင်းလဲသည်'ဟု ဆိုခဲ့၏။ ဤသို့ဖြစ်က အတိတ်ခရီးကို ကျွန်တော် ပြန်၍လျှောက်သွားမည်ဆိုလျှင် ရာသီဥတုက လူ၏ဘဝကို ပြောင်းလဲစေသည်ဟူသော အချက်ကို ကျွန်တော်တို့ တွေ့မြင်ရမည် ဖြစ်လေသည်။

သို့ဖြစ်ရာ မင်မယ်–လူ၏ ဇာတ်လမ်းအစပျိုးသည်ဆိုသည့် လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းခရီးမှ ပြန်၍စကြမည်ဆိုလျှင် ထိုနှစ်ပေါင်း တစ်သန်းက ရေခဲခေတ် လေးခေတ်ရှိကြောင်း၊ ထိုရေခဲခေတ် လေးခေတ်တို့သည် တစ်ခေတ်နှင့် တစ်ခေတ် မတူကြောင်း၊ တစ်ဖန် ထိုရေခဲခေတ် လေးခေတ်ကို နှစ်ပေါင်း ထောင်ပေါင်းများစွာ ကြာသည့် အနွေးခေတ်များက ပိုင်းခြားထားကြောင်းတို့ကို သိရလေသည်။ ထိုရေခဲခေတ်များသည် ကမ္ဘာမြေသို့ ကျရောက်သောနေ၏ အပူရှိန် လျော့နည်းသွားခြင်းကြောင့် ဖြစ်ပေါ်လာဟန် တူလေသည်။ ကြားကာလဖြစ်သော အနွေးခေတ်များ ဖြစ်ပေါ်ခြင်းမှာ နေ၏ အပူစွမ်းအင် တိုးလာခြင်းကြောင့် ဖြစ်ဟန်တူလေသည်။

သို့ရာတွင် ခရစ်မပေါ်မီ နှစ်ပေါင်းခြောက်သောင်း ရှစ်ထောင်ခန့်ကမူ အအေးဓာတ် ထူးခြားစွာ လွန်ကဲဖူးလေသည်။ ထိုနောက် ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်တွင်ကား ရာသီဥတု ပြောင်းလဲလာခဲ့သည်။ အအေးဓာတ် လွန်ကဲခြင်းကိုလည်း များစွာ မကြုံရ။ အပူရှိန် တိုးလာခြင်းကိုလည်း မကြာခဏ မတွေ့ရတော့ပေ။ ထိုအခါက ရာသီဥတုမှာ ယနေ့ ကျွန်တော်တို့ ကြုံတွေ့နေရသော ရာသီဥတုမျိုးပင် ဖြစ်လာပေပြီ။

အမွေးအမှင်ထူထူ နို့တိုက်သတ္တဝါကို ကျွန်တော်တို့၏အနွယ်ဟု ခေါ်ဆိုရသည်မှာ ထိုနို့တိုက်သတ္တဝါသည် အသံပြု၍ ညည်းညူတတ်လာပြီးလျှင်၊ စကားပါ ပြောတတ်လာကာ လက်နက်များကို လုပ်ကိုင်လာတတ်ပြီ ဖြစ်သောကြောင့်တည်း။

ကျွန်တော်တို့၏ ပထမဦး အနွယ်သည် ယခုအခါ တိရစ္ဆာန်ရုံထဲတွင် သင်တို့ မြင်တွေ့နေကျဖြစ်သော အခြားနို့တိုက်သတ္တဝါများ၊ လူဝံများ၊ ဂေါ်ရီလာ လူဝံကြီးများ၊ ချင်ပန်ဇီလူဝံငယ်များ၊ အိုရင်းအူတန်း လူဝံများ၊ မျောက်

သွဲ့ကျော် မျိုးနွယ်များနှင့် အတူတူပင်ဖြစ်ကြောင်း ယုံမှားစရာရှိမည်မထင်။ သို့သော် မျိုးနွယ်အားဖြင့်သာ ဆွေမျိုးတော်စပ်သော်လည်း လူနှင့်လူဝံတို့မှာ ဆွေမျိုးဆက်တွင် ကွာလှမ်းလှသော ဝမ်းကွဲညီအစ်ကိုများ ဖြစ်ကြပေသည်။

ကျွန်တော်တို့၏ ပထမဆုံးအနွယ်သည် လူနှင့် များစွာနီးစပ်၍ လူဝံနှင့် မနီးစပ်ကြောင်း တွေးကြည့်နိုင်သည်။ သူ၏ပုံပန်းသဏ္ဌာန်သည် လူဝံ၏ ပုံပန်းသဏ္ဌာန်ထက် ပို၍ ကြည့်ပျော်ရှုပျော် မရှိလှပေ။ သို့သော် လူဝံသည် သစ်တစ်ပင်မှတစ်ပင်သို့ ကျော်လွှားကူးသန်းနေစဉ် ဤအမွေးထူထဲသော လူမှာ မြေပြင်၌ လမ်းလျှောက်စပြု၍ အစားအစာကိုပင် ရှာဖွေစားသောက်နေပြီ ဖြစ်လေသည်။

အလွန်အတွေးရခက်သော ကျွန်တော်တို့ ပထမဆုံး လူ့အနွယ်၏ ပုံပန်းသဏ္ဌာန် အရွယ်အစားတို့ အကြောင်းကို သိနားလည်နိုင်ရန် ကမ္ဘာမြေ အရပ်ရပ်တို့၌ သဲလွန်စများ တွေ့ရှိထားပေပြီ။ ပုံစံဆိုလျှင် အိန္ဒိယပြည် အနောက်မြောက်ပိုင်းရှိ သိဝလစ်တောင်ကုန်းဒေသ၊ ကင်ညာပြည်၊ အာဖရိက တိုက် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများ၊ ပီကင်းမြို့၊ ဂျားဗားကျွန်းတို့တွင် ဦးခေါင်းခွံများကို တွေ့ရသည်။ ယင်းတို့သည် လူဝံနှင့် လူတို့၏အနွယ်တူ မျိုးရင်းများ၏ ဦးခေါင်းခွံများ ဖြစ်ဟန်တူပေသည်။

ဦးခေါင်းခွံများနှင့် အရိုးများကိုကြည့်ကာ မျောက်၏ ခေါင်းခွံနှင့် အရိုးဖြစ်သည်။ သို့မဟုတ် လူ၏ ခေါင်းခွံနှင့်အရိုး ဖြစ်သည်ဟူ၍ မည်သို့ခွဲခြား ပြောဆိုနိုင်မည်နည်း။

လူသည် မိမိ၏ဘဝကို မိမိ ဖန်တီးသည်ဟူသော ပါမောက္ခ ဂေါဒန် ချိုင်း၏ စကားသာလျှင် အထက်ပါမေးခွန်း၏ အဖြေဖြစ်ပေသည်။ လူသည် သူ၏လက်နှင့် ဦးနှောက်ကိုသာ အသုံးပြုသည်။

ကျွန်တော်တို့၏ ပထမဆုံးအနွယ်ဖြစ်သော လူသည် သားကောင်များ နှင့် ရန်သူများကို သတ်ဖြတ်ရန် အလို့ငှာလည်းကောင်း၊ တောကြီးမျက်မည်း ၌ သစ်ပင်ခုတ်ရန်အလို့ငှာလည်းကောင်း လက်ကိုင်ရဲတင်းနှင့် ကျောက်လွှာ လက်နက် စသည့် လက်နက်တို့ကို လုပ်ကိုင်စ ပြုလာသည့်အခါ တိရစ္ဆာန် များနှင့် သိသိသာသာ ကွဲပြားခြားနားလာပေပြီ။

'ကျောက်လွှာလက်နက်'ကို အသုံးပြုသူသည် ရှေးဆန်ဟန်တူ၏။ 'လက်ကိုင်ရဲတင်း'ကို အသုံးပြုသူကိုကား ခေတ်ဆန်လာပြီဟု ဆိုရပေမည်။



'ရှေးအကျဆုံးလူ'၌ ကြီးမားသော အောက်မေးရိုးများရှိ၏။ ဤမေးရိုး၏အကူအညီဖြင့် သူသည် သားစိမ်းငါးစိမ်းကို ဝါးစားပေမည်။ ပြင်သစ်ပြည် ဖွန်တရဲဗေးဟုခေါ်သောဂူ၌ တွေ့ရသည့် ရှေးအကျဆုံး ပြင်သစ်တစ်ယောက်၏ ဦးခေါင်းခွံကို ကြည့်လျှင် သူ၏မေးရိုးသည် ယခုခေတ်လူများ၏ မေးရိုးနှင့် တူပြီးလျှင် ထိုမေးရိုးတွင် သူသူငါငါတို့၌ရှိသော ရိုးရိုးသွားများရှိသည်ကို တွေ့ရပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်းများစွာက ဤလိုလူမျိုး ရှိခဲ့သည်ဆိုသည့်အဖြစ်ကို တွေးကြည့်လျှင်ပင် ဦးနှောက် ရှုပ်စရာ ကောင်းလှပေပြီ။ သို့ဖြစ်လေရာ လူဟူသောသတ္တဝါ တိုးတက်ပြောင်းလဲလာခဲ့သည့် ခေတ်တို့၏ သဘောကို အကြမ်းအားဖြင့် ငုံမိစေရန် ပညာရှိတို့သည် ကျန်တော်တို့၏ လူ့အနွယ်များ အသုံးပြုသည့် လက်နက်များကို အခြေပြုကာ သမိုင်းမပေါ်မီခေတ်၊ သမိုင်းပေါ်ပြီးခေတ် အသီးသီးတို့ကို အကျယ်ဝိတ္ထာရ ပြုကြလေသည်။

၂

ကာလ အရှည်လွန်ကြာသော ရေခဲခေတ်များ အတွင်း လူသည် ဘေးရန်အသွယ်သွယ် အန္တရာယ်အမျိုးမျိုးတို့မှ လွတ်မြောက်ကာ အသက်ရှင်ကျန်ရစ်ခဲ့ပြီးလျှင် အစာရှာဖွေရန်အတွက် မိမိခြေလက်တို့ကို အသုံးပြုနိုင်ရန် သင်ကြားလေ့လာနေလေသည်။ သို့ဖြစ်ရာ လူသည် မိမိ အသက်ရှင်ရေးအတွက် ကာလဒေသနှင့် ညီညွတ်အောင် မည်ကဲ့သို့သော နည်းလမ်းသစ်များ တီထွင် ကျင့်သုံး

ဘာ နေထိုင်သည်ဆိုသော အချက်အပေါ် အခြေတည်၍ လူ့သမိုင်း၏ ခေတ် အသီးသီး၊ ကဏ္ဍအသီးသီးကို ဖော်ပြကြသည်။

လူ၏ အသက်မွေး နေထိုင်ခြင်းဆိုင်ရာ ဇာတ်လမ်းသည် လွန်ခဲ့သော နှစ်ပေါင်း ငါးသိန်းမှ စခဲ့လေသည်။ ထိုအဆင့်တွင် လူသည် ရှားပါးသော တိရစ္ဆာန်တစ်ကောင်အဖြစ်လည်းကောင်း၊ အစာရှာဖွေသူတစ်ဦးအဖြစ်လည်း ကောင်း ပေါ်ထွန်းလာသည်။ သူသည် အခြားတိရစ္ဆာန်များကို လိုက်လံသတ် ဖြတ်သည်။ သဘာဝကပေးသည့် အစာအာဟာရတို့ကို တတ်နိုင်သမျှ စု ဆောင်းသည်။ ကမ္ဘာမြေတွင် လူဖြတ်ကျော်ခဲ့ရသော၊ ရှေးအကျဆုံးလည်းဖြစ်၊ အရှည်လျားဆုံးလည်းဖြစ်သော ဤကဏ္ဍတွင် လူသည် အထက်၌ ဖော်ပြခဲ့ သည့်အတိုင်းပင် အစားအစာ ရှာဖွေစားသောက် နေထိုင်ခဲ့လေသည်။ အတိတ် သမိုင်းကို လေ့လာသော ရှေးဟောင်းသုတေသီတို့က ကျွန်တော်တို့၏ ကမ္ဘာ မြေတွင် လူဖြတ်သန်းခဲ့သည့် ခရီးတာ၏ ကိုးဆယ့်ရှစ်ရာခိုင်နှုန်းဖြစ်သော ဤခေတ်ကို ပေလီယိုလစ်သစ်ခေတ် သို့မဟုတ် ကျောက်ဟောင်းခေတ်ဟု ခေါ်ကြ၏။ လူကို တိရစ္ဆာန်လောက၏ အစိတ်အပိုင်းတစ်ခုအဖြစ် လေ့လာ ကြသော ပုရဗေဒသမားတို့က ဤခေတ်ကို အရိုင်းခေတ်ဟု ခေါ်ကြ၏။ ကမ္ဘာမြေ၏ ရုပ်သဏ္ဍာန်ကို လေ့လာသော ဘူမိဗေဒပညာရှင်တို့ကမူ ယင်း ခေတ်ကို ပလီတိုစင်းခေတ်ဟု ခေါ်ကြ၏။ အများ သိကြသည့်အတိုင်းပင် အာဖရိကတိုက်၊ မာလာယု ကျွန်းဆွယ်၊ ဩစတြေးလျပြည် အနောက်မြောက် ပိုင်းနှင့် အာတိတ်ဒေသများတွင် လူရိုင်းအုပ်စုငယ်အချို့သည် ယခုထက်တိုင် အစားအစာ ရှာဖွေ၍ အသက်မွေးနေထိုင်ကြဆဲ ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းကမူ အရှေ့ရင်းဒေသတွင် အချို့ သော လူမျိုးအုပ်စုတို့သည် ဦးစွာပထမ အပင်များကို စိုက်ပျိုး၍ အသီးများကို စားသုံးစပြုလာသည်။ အိမ်သုံးတိရစ္ဆာန်များကို မွေးမြူစပြုလာသည်။ ရှေး ဟောင်းသုတေသန ပညာရှင်တို့က ဤခေတ်ကို နီယိုလစ်သစ်ခေတ် သို့မဟုတ် ကျောက်သစ်ခေတ်ဟု ခေါ်ကြ၏။ ဤသို့ အစာအဟာရ ထုတ်လုပ်သည့် ကဏ္ဍကို ပုရဗေဒသမားတို့က ရိုင်းစိုင်းကြမ်းကြုတ်သောခေတ်ဟု ခေါ်ကြ၏။ အမှန်စင်စစ် မည်သို့ပင်ခေါ်စေခါမူ ကျောက်သစ်ခေတ် (နီယိုလစ်သစ်ခေတ်) ဟူသောစကားကို အနည်းငယ် အကျယ်ချဲ့ရန်လိုသည်ဟု ထင်၏။ အကြောင်း မှာ ထိုအချိန်တွင် အုပ်စုအချို့သည် နှောင်းခေတ်များ၏ သံလက်နက်

ကိရိယာနှင့် ကြေးညိုလက်နက် ကိရိယာတို့ကို အသုံးပြုလာတတ်ပြီ ဖြစ်သော်လည်း ကျောက်သစ်ခေတ်၏ လက်နက်ကိရိယာများကို ထိုကာလတိုင် အသုံးပြုနေသောကြောင့် ဖြစ်၏။

မိမိဘဝကို မိမိကိုယ်တိုင်ဖန်တီးသော နောက်ကဏ္ဍတစ်ခုသည် နိုင်းမြစ်ဝှမ်းဒေသ တိုက်ဂရစ်-ယူဖရေတိ မြစ်ဝှမ်းဒေသနှင့် အိန္ဒုမြစ်ဝှမ်းဒေသများ၌ လွန်ခဲ့သော နှစ်ပေါင်း ငါးထောင်ခန့်က အစပျိုးလေသည်။ ထိုဒေသတို့တွင် အချို့သောကျေးရွာများသည် မြို့ငယ်များ၊ မြို့ကြီးများအဖြစ်သို့ တိုးပွားစည်ပင် လာကြသည်။ ယင်းသို့ စည်ပင်လာသော မြို့ငယ်၊ မြို့ကြီးများတွင် နေထိုင်သော လူ့အဖွဲ့အစည်းက တောင်သူလယ်လုပ်များအား အစာအာဟာရကို လိုသည်ထက် ပို၍ စိုက်ပျိုးစေသည်။ ပိုလျှံသော အစာများကို အိုးထိန်းသည်များ၊ ရက်ကန်းသည်များ၊ ဘုန်းကြီးများ၊ ကုန်သည်များ၊ အရာရှိများစသော လယ်ယာ မလုပ်ကိုင်သည့် လူများအား ကျွေးမွေးရ၏။ ထိုအခါတွင် လှပသော နေအိမ်သစ်များ ဆောက်ရန်လည်းကောင်း၊ မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် သိနားလည်စွာ နေထိုင်ကြရန်လည်းကောင်း လူတို့သည် သူတို့၏ အတွေးအခေါ် အယူအဆများကို အက္ခရာတင်၍ ရေးချစ ပြုကြလေပြီ။ ဤသို့သော ကာလကို ယဉ်ကျေးသောခေတ်ဟု ခေါ်စမှတ် ပြုကြလေသည်။

ယဉ်ကျေးသော ခေတ်ဟု ခေါ်သည့် ဤခေတ်ကို လေးကဏ္ဍ ပိုင်းခြား နိုင်သည်။

၁။ ။ ဤကဏ္ဍ၏ ပထမ နှစ်ပေါင်းနှစ်ထောင်ကို ကြေးညိုခေတ်ဟုခေါ်၏။ အကြောင်းမှာ ဤခေတ်တွင် လူတို့သည် ကြေးနီနှင့် ကြေးညိုတို့ကို လက်နက်ကိရိယာများအဖြစ် လုပ်ကိုင်အသုံးပြုစပျိုးပြီ ဖြစ်သောကြောင့်တည်း။ သို့သော် ဤသတ္တုများမှာ အဖိုးတန်လေရကား ဘုရင်များ၊ အကြီးအကဲများ၊ ဘုန်းကြီးများနှင့် ထိုအခါက လူ့အဖွဲ့အစည်းတွင် အချမ်းသာဆုံးသော လူကုံထံများသာ အသုံးပြုကြလေသည်။ ကြေးညိုခေတ်နှင့် ကြေးနီခေတ်တို့ ဖွံ့ဖြိုးလာရခြင်းတွင် အိန္ဒိယပြည်၊ အီဂျစ်ပြည်၊ တရုတ်ပြည်နှင့် အခြားတိုင်းပြည်များ၏ ကျေးဇူးလည်း ပါရှိလေသည်။

၂။ ။ သံခေတ်ဦးသည် ခရစ်မပေါ်မီ နှစ်ပေါင်းတစ်သောင်းနှစ်ထောင်တွင် အစပြု၏။ ဤအချိန်တွင် သံကျက်ပြုလုပ်သော နည်းကောင်းတစ်ခုကို တွေ့ရှိကြပြီဖြစ်၏။ ဘုန်းကြီးများသာ တတ်ကျွမ်းသည်ဟု ထင်ရသော

အုံမှုယ်သရဲဖြစ်သည့် စာပေရေးသားခြင်း အတတ်သည်လည်း အရှေ့ရင်းဒေသတွင် အက္ခရာတို့ကို တီထွင်လိုက်သည်မှ လူသိ များလာခဲ့လေသည်။ ခရစ်မပေါ်မီ နှစ်ပေါင်း ၇၀၀ ခန့်တွင် ကုန်စည်ပစ္စည်းတို့ ရောင်းဝယ်ရန်အတွက် ငွေကြေး အနုပ်အဖွဲ့ကလေးများကို စတင် အသုံးပြုလာကြသည်။ အိန္ဒိယယဉ်ကျေးမှု၊ ဂရိယဉ်ကျေးမှု၊ ရောမယဉ်ကျေးမှုတို့ ထွန်းကားသော ခေတ်များတွင် တစ်နေရာမှ အခြားတစ်နေရာသို့ သွားရောက် ကုန်စည်ရောင်းချရန်အတွက် ငွေဝယ်ကျွန်များခတ်သော လှေများကို အသုံးပြုကြလေသည်။ သို့ဖြစ်လေရာ ချမ်းသာသော ကုန်သည်များနှင့် လယ်သမားများ ပေါ်ပေါက်ထွန်းကားလာလေသည်။ မြေထဲပင်လယ်တစ်ဝိုက်တွင် လူဦးရေလည်း တိုးပွားလာခဲ့သည်။ သို့ရာတွင် လယ်ယာထွန်ယက်ခြင်းဖြင့် လည်းကောင်း၊ လူ့အသုံးအဆောင်များ ပြုလုပ်ခြင်းဖြင့်လည်းကောင်း ထိုခေတ်၏ ကြွယ်ဝချမ်းသာခြင်းကို တကယ်စင်စစ် ဖန်တီးသူများ ဖြစ်ကြသည့် ကျေးကျွန်များမှာ ငတ်မွတ်ခေါင်းပါးကြသဖြင့် လူဦးရေသည် အရှိန်ကောင်းစွာ မတိုးပွားခဲ့ရပေ။

၃။ ။ ထိုနောက် အိန္ဒိယပြည်တွင် ကျေးရွာ သမ္မတအဖွဲ့များ ပေါ်ထွန်းလာခဲ့သည်။ ဥရောပတိုက်တွင်ကား ခြေသလုံးအိမ်တိုင်ပြု၍ လှည့်လည်သွားလာနေကြရသော တောင်သူလယ်လုပ်တို့မှာ မြေရှင်ကြီးများ၊ မှူးမတ်ကြီးများ ပိုင်ဆိုင်ကြသည့် မြေယာများတွင် အလုပ်လုပ်ကြရလေသည်။ ဂရိပြည်၊ ရောမပြည်တို့တွင်ကဲ့သို့ပင် တောင်သူလယ်လုပ်တို့မှာ ကျေးကျွန်များအဖြစ် မလုပ်ကိုင်ကြရတော့ဘဲ လယ်မြေအများ ပိုင်ဆိုင်သူတို့ထံတွင် အခစားများ အဖြစ် လုပ်ကိုင်ကြရလေသည်။ လက်မှုပညာသည်တို့သည်လည်း ဘဝတူချင်း သွေးစည်းကာ ဂိုဏ်းအဖွဲ့များ ဖွဲ့စည်းကြလေသည်။ တူးမြောင်းများ ဖောက်လုပ်၍ စနစ်တကျ ရေသွင်းစိုက်ပျိုးသော လယ်ယာများမှ သီးနှံထွက် တိုးတက်ကောင်းမွန်လာလေရာ ယင်းကိုမှီ၍ ကုန်စည်ကူးသန်းခြင်းနှင့် စက်မှုလုပ်ငန်းတို့သည်လည်း ဖွံ့ဖြိုးလာခဲ့သည်။ ဥရောပတိုက်၏ လူဦးရေသည်လည်း ပိုမို တိုးပွားလာခဲ့လေသည်။

၄။ ။ အနောက်တွင် တိုင်းပြည်တို့ ဖွံ့ဖြိုးလာသည်နှင့်အမျှ ထိုတိုင်းပြည်များက ရဲဝံ့စွန့်စားသူတို့သည် ပင်လယ်ရေကြောင်းခရီး ထွက်ကြလေသည်။ ထိုသို့ ပင်လယ်ခရီး ထွက်ရာမှ အမေရိကတိုက်၊ အိန္ဒိယပြည်နှင့် အရှေ့ဖျားဒေသများသို့ သွားရာ ရေကြောင်းခရီးသစ်များကို တွေ့ရှိကြလေသည်။ အသစ်တွေ့ရသော တိုင်းပြည်တို့မှ ဥရောပတိုက်က ထုတ်လုပ်သော



ကုန်စည်များကို ရောင်းချရာဈေးကွက်များ ဖြစ်လာကြလေသည်။ တစ်ဖန် အတ္တလန်တိတ် တိုင်းပြည်များသည် ကမ္ဘာအရပ်ရပ်ရှိ တိုင်းပြည်တို့မှ အစားအစာတို့ကို လက်ခံဝယ်ယူ၍ အပြန်အလှန်အားဖြင့် မိမိတို့နိုင်ငံမှ ထုတ်လုပ်သော စက်ကိရိယာများကို ရောင်းချကြလေသည်။ ဤသို့ဖြင့် ကုန်စည်ကို အကျယ်အပြည့် ထုတ်လုပ်ရောင်းချကြလေသည်။ ခရစ်နှစ် ၁၇၅၀ ပြည့်နှစ်နှင့် ၁၈၀၀ ပြည့်အတွင်း အင်္ဂလန်ပြည်တွင် တစ်မုဟုတ်ချင်း လူဦးရေ တိုးပွားလာသည့် ဂဏန်းများအရ အရင်းရှင် လူ့အဖွဲ့အစည်းဟု ခေါ်ကြသော လူ့အဖွဲ့အစည်းသစ်တစ်ခုသည် များစွာ ဖွံ့ဖြိုးကြွယ်ဝလာဟန် တူပေသည်။

၅။ ။ ဥရောပတိုက်တွင် ဖြစ်ပေါ်သော စက်မှုတော်လှန်ရေးသည် များမကြာမီပင် ကမ္ဘာအနှံ့အပြားသို့ ကူးစက်ခဲ့လေသည်။ သို့ဖြစ်လေရာ ဗြိတိသျှတို့က အရှေ့တိုင်းမှ တိုင်းငယ် ပြည်ငယ်ကလေးများကို သိမ်းပိုက်သည့် လွန်ခဲ့သော အနှစ်နှစ်ရာခန့်ကမူ အိန္ဒိယတိုင်းသားတို့ပင် ဤစက်မှုတော်လှန်ရေး အခန်းတွင် ပါဝင်ခဲ့ကြရသည်။

ကျွန်တော်တို့ မြန်မာ၏ အစကို အချို့ ရာဇဝင်ဆရာများက မြန်မာအစ တကောင်းကဟု ဆိုသည်။ တကောင်းပြည်ကြီးကို သာကီဝင်မျိုး အဘိရာဇာမင်း တည်သည်ဟု ဆိုသည်။

အချို့ကား ဤအဆိုအမိန့်ကို လက်မခံကုန်။ သို့ရာတွင် တကောင်း မတည်မီခေတ်က မြန်မာတို့အကြောင်းကို မည်သူပြောနိုင်သနည်း။ ထိုခေတ် သည် ရာဇဝင်မပေါ်မီခေတ် ဖြစ်လေသည်။ ဤအရာ၌ ကျွန်တော်တို့သည် ခေတ်မီသုတေသနကို မပြုလုပ်နိုင်သေး။ သို့ငြားလည်း ဤမြေကမ္ဘာသည် ကျွန်တော်တို့၏ ဇာတ်ကြောင်းကို အသင့်အတင့် ပြောပြနိုင်ခဲ့သည်။

ကမ္ဘာတွင် လူပေါ်ပြီးနောက် တောရိုင်းမျက်မည်း၌ အစာရှာဖွေစား ကြသည်ကို ကျွန်တော်တို့ သိခဲ့ပြီ။ လူတို့ဖြတ်သန်းခဲ့ရသည့် ခရီးတွင် အစာ ရှာဖွေစားသောက်ရသည့် ခေတ်သည် အရှည်လျားဆုံးဖြစ်သည်။ ထိုမှ တစ် ဆင့်တက်လျှင် အစားအစာကို လူတို့ စိုက်ပျိုးသည့်ခေတ်ဖြစ်သည်။ အစာ စိုက်ပျိုးသည့်ခေတ်ကို လူ့အကြောင်းလေ့လာသည့် ရှေးဟောင်းသုတေသန ပညာရှင်တို့က နီယိုလစ်သစ်ခေတ် သို့မဟုတ် ကျောက်သစ်ခေတ်ဟု ခေါ်ဝေါ် ကြသည်။ အကြောင်းမှာ ထိုခေတ်၌ ကျောက်လက်နက်ကို အသုံးပြုနေပြီ ဖြစ်သောကြောင့်တည်း။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတိုက်၌ ထိုခေတ်က ကျောက် လက်နက်တို့ကို တွေ့ရသည်။ ပြည်၊ သရက်၊ မကွေး၊ နေရံချောင်း၊ ပုပ္ပား၊ မိုးကုတ်တို့၌ ကျောက်သစ်ခေတ်က လူများနေထိုင်သွားကြောင်း ရှေးဟောင်း သုတေသနပညာရှင်တို့ တွေ့ရှိခဲ့ရသည်။ ရှမ်းကုန်းမြေမြင့်နှင့် မြန်မာပြည် အလယ်ပိုင်းတို့၌ စိုက်ပျိုးရန် ထွန်ထယ်နှင့် ကျောက်လက်နက်တို့ကို တွေ့ ရသည်။ ယင်းတို့မှာ ပုဆိန်၊ သပ်၊ ဆောက်၊ ဆောက်ခုံး၊ ပဲခွပ်တို့ ဖြစ် လေသည်။

အချို့ပညာရှင်များက မြန်မာနိုင်ငံတွင် ဦးစွာပထမ နီဂရိုတိုလူမျိုးများ နေထိုင်သည်ဟု ယူဆကြသည်။ ထို့နောက် တောင်ပိုင်းတွင် ဩစထရစ်ဘာသာ စကား ပြောသည့်သူများ နေထိုင်ကြသည်။ ယင်းတို့အနက် ဩစထရိ အာရှများ က ကုန်းပိုင်းတွင်လည်းကောင်း၊ ဩစထရိနီရှများက ကျွန်းပိုင်းတွင်လည်း ကောင်း နေထိုင်ကြသည်ဟု ဆိုသည်။ ယိုးဒယားဘက်မှ မွန်ခမာ အနွယ်

ဝင် မွန်တို့သည် ခရစ်တော်ပေါ်စဉ် မြန်မာနိုင်ငံဘက်သို့ ကူးဝင်လာကြဟန် တူသည်။ ယင်းတို့သည် မုတ္တမပင်လယ်ကွေ့နှင့်တကွ၊ ဧရာဝတီမြစ်ဝအရှေ့ပိုင်း၊ ထိုနောက် အထက်ကျောက်ဆည်အထိ နေတိုင်ကြသည်။ ယင်းတို့နှင့် မရှေး မနှောင်းပင် တိဗက်–တရုတ်အနွယ်မှ တိဗက်–မြန်မာတို့သည် မြောက်မှ တောင်သို့ တရွေ့ရွေ့ဆင်းလာကြသည်။ သက်၊ ကန္တူး၊ ပျူ၊ ကရင်(စကြော) တို့ကား မြန်မာထက်စော၍ မြန်မာနိုင်ငံ၌ ရှိနေကြသူများ ဖြစ်သည်။

ယခုအခါ သုတေသနလုပ်ငန်း တွင်ကျယ်လာပြီဖြစ်ရာ လွန်ခဲ့သည့် သုံးလေးနှစ်အတွင်းက တောင်တွင်းကြီးမြို့အနီး၌ မြို့ဟောင်းတစ်ခု တူးဖော် တွေ့ခဲ့သည်။ ယင်းကို ဗိဿနိုးမြို့ဟောင်းဟု ခေါ်ကြသည်။ ရှေးဟောင်းသုတေ သန ပညာရှင်တို့က ဗိဿနိုးမြို့ဟောင်း၏ မြို့တည်နှစ်ကို ခရစ်သက္ကရာဇ် တစ်ရာစုဝန်းကျင်ဟု ခန့်မှန်းကြသည်။ ဤအတိုင်းသာမှန်လျှင် ဗိဿနိုးမြို့ သည် မြန်မာနိုင်ငံမြေအပြင်၌ အစောဆုံးတွေ့ရသော မြို့နန်းဖြစ်ပေသည်။ မည်သည့်လူမျိုးဟုကား ခန့်မှန်းရန် ခက်နေသေးသည်။ ဗိဿနိုးမြို့၌ တွေ့ ရသော အိုးများမှ အထောက်အထားအရဆိုသော် ယင်းတွင် နေထိုင်ခဲ့သည့် လူမျိုးတို့သည် အိန္ဒိယမှ ဗြာဟ္မဏဝါဒတစ်မျိုးကို ကိုးကွယ်သူများဟု ဆိုနိုင် လေသည်။ အိုးများ၌ ကချေသည်ရုပ်၊ သူတော်စင်ရုပ်၊ ငါးနှစ်ကောင်ရုပ်တို့ ကို တွေ့ရသည်။ ထို့ပြင် ကြေးခြင်္သေ့၊ ကြေးဟင်္သာရုပ်များကိုလည်း တွေ့ ရသည်။ ယဉ်ကျေးမှုအဆင့်အတန်းများစွာ မြင့်သူများဟု သမိုင်းဆရာတို့က ကောက်ချက်ချကြသည်။ ပျူတို့တည်ထောင်သည့် သရေခေတ္တရာ ယဉ်ကျေးမှု ထက် များစွာရှေးကျကာ အဆင့်အတန်း မြင့်သည်ဟုလည်း ဆိုကြသည်။

ဗိဿနိုးမြို့တည်ပြီးနောက် ခရစ်လေးရာစုဦးတွင် ဟရိဝိကြမမင်းက သရေခေတ္တရာမြို့ကို တည်သည်။ ပျူလူမျိုးတို့ကား သုံးရာစုခန့်ကပင် ရှိနေ ကြပြီဟု ယူဆရသည်။ ယခု မှော်ဇာ၌ ပျူအရိုးအိုး များစွာတို့ကို တူးဖော် တွေ့ရှိသည်။ ထိုအရိုးအိုးတို့၌ လည်းကောင်း၊ ပုဂံခေတ် ရာဇကုမာ ရေးထိုး သော လေးဘာသာကျောက်စာ၌လည်းကောင်း ပျူစာများ တွေ့ရပါသည်။ ထိုသရေခေတ္တရာ ပျူမြို့ကို ကရင်တို့ဝင်၍ တိုက်သဖြင့် မြို့ပျက်ကာ အထက် ပိုင်း ဟန်လင်းအနီး၌ ဒုတိယပျူခေတ် တည်ထောင်ပြန်သည်။ တရုတ်မှတ် တမ်းများ၌ ဒုတိယပျူမြို့တော်အကြောင်းကို ရေးသားထားသည်။ တူရိယာ အဖွဲ့ တီးမှုတ်ပုံကိုပင် ရေးသားထားလေသည်။ ပျူခေတ်သည် ဟန်လင်းပျက်

သော် ကွယ်လေသည်။ သို့သော် စာပေအရေးအသားကား ပုဂံခေတ်တိုင် ကျန်ခဲ့သေးဟန်တူသည်။ တရုတ်ဖျက်၍ ဟန်လင်းပျက်သည့်နှစ်မှာ ကိုးရာစု ဖြစ်သည်။ ယဉ်ကျေးမှုအားဖြင့် အဆင့်အတန်းမြင့်သည်။ ဟီနာယာန ဗုဒ္ဓ ဘာသာ ကိုးကွယ်သူများ ဖြစ်သည်။ ဤကား ပျူနှင့် ပတ်သက်၍ သိသမျှ တည်း။

ပျူတို့နှင့်ခေတ်ပြိုင် မြို့ပြတည်ထောင်နေကြသူများမှာ ရခိုင်လူမျိုး တို့ ဖြစ်သည်။ စန္ဒြမင်းဆက်သည် အေဒီ ၃၇၀ တွင် ဝေသာလီပြည်ကို တည်ခဲ့သည်။ အေဒီ ၆၀၀ တွင် ပျက်သည်။ ရခိုင်ပြည်မှ ဒင်္ဂါးအများအပြား ကို တွေ့ရှိခဲ့သည်။ ယင်းတို့၌ မင်းအမည်များ ရေးထိုးထားသည်။ သူတို့ သည်လည်း ယဉ်ကျေးမှုအားဖြင့် အဆင့်အတန်း မြင့်သော လူမျိုးများ ဖြစ် လေသည်။

ခရစ်မပေါ်မီ ၂၅၀ တွင် မြန်မာနိုင်ငံ အရှေ့တောင်ဘက်၌ သုဝဏ္ဏ ဘူမိဟူသော အရပ်တစ်ခုရှိပါသည်။ ယင်းကို မဟာဝင်၌ ဖော်ပြခဲ့ပါသည်။ ထိုဒေသကား ရက္ခဟူသော လူမျိုးတို့၏မြို့တော် ဖြစ်ဟန်တူသည်ဟု သမိုင်း ဆရာတို့က ဆိုလေသည်။ ထိုရက္ခတို့ကို မွန်တို့က တိုက်ထုတ်ကာ အောက် မြန်မာနိုင်ငံ၌ အခြေစိုက်နေထိုင်လေသည်။ မွန်လူမျိုးသည် မြန်မာတို့၏ ဆရာဖြစ်သည်ဟု ဆိုကြသည်။ စာပေရေးခြင်းအတတ်၊ စိုက်ပျိုးခြင်းအတတ်၊ ဗုဒ္ဓဘာသာကိုးကွယ်ခြင်းတို့ကို မွန်တို့ထံမှ မြန်မာတို့ရခဲ့သည်။ မွန်တို့သည် အရှေ့အာရှ၌ ဆန်ကို ဦးစွာစိုက်ပျိုးသူများဖြစ်ကြသည်။ ယခု ယိုးဒယားနိုင်ငံ သည် မွန်တို့၏အချက်အချာ ဒေသပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ဆန်စပါး စိုက်ပျိုးရာ ဒေသကောင်းများ ဖြစ်သည့် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းတို့သို့ နိုင်ငံချဲ့လာခဲ့ဟန်တူသည်။

တိဗက်-မြန်မာ အနွယ်ဝင်တို့ မြောက်ဘက်မှ မြန်မာနိုင်ငံတွင်းသို့ ဝင်လာချိန်၌ကား မွန်တို့သည် ယခု ကျောက်ဆည်ဒေသတွင် အခြေစိုက်နေ ကြပြီ ဖြစ်သည်။ မြန်မာတို့သည် ထိုဒေသတွင် မွန်တို့ကို အောင်နိုင်ကာ အခြေတည်ခဲ့လေသည်။

မြန်မာအစ တကောင်းကဟု ရာဇဝင်ဆရာအချို့က ဆိုရိုးပြုသော် လည်း အချို့ကမူ မြန်မာတို့၏အစကို တရုတ်ပြည် ကန်စုဒေသဟု ဆိုကြ

လေသည်။ ပထမအဆိုကို မြန်မာတို့ သိကြပြီးဖြစ်ရာ ဤဒုတိယအဆိုကို အနည်းငယ် ချဲ့ထွင်ပါမည်။

ဂိုဘီ သဲကန္တာရနှင့် တိဗက်အကြား တရုတ်ပြည် အနောက်မြောက်မိုင်း ကန်စုဒေသတွင် မူလမြန်မာတို့၏အနွယ်၊ တိဗက်–မြန်မာတို့ နေထိုင်ကြ၏။ နီယိုလစ်သစ်ခေတ်နောက်ပိုင်း ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်တွင် ကန်စုယဉ်ကျေးမှုသည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ယင်းမှာ ကျွန်တော်တို့ မူလမြန်မာတို့၏ ယဉ်ကျေးမှုပင် ဖြစ်လေသည်။ အိုးလုပ်ခြင်းအတတ်တွင် နီယိုလစ်သစ်ခေတ်ဟု ခေါ်သည့် ကျောက်သစ်ခေတ်၌ ပြိုင်ဘက်ကင်းသည့် လက်ရာမျိုးကို လုပ်ကိုင်နေကြပြီးလျှင် ထိုဒေသတွင် ချီအန်ဟုခေါ်သည့် လူမျိုးတစ်မျိုး နေထိုင်ကြောင်း ရှေးအကျဆုံး တရုတ်မှတ်တမ်းတို့တွင် ဖော်ပြကြသည်။ ချီအန်တို့သည် သိုးကျောင်းသားများ၊ ဆိတ်ကျောင်းသားများဖြစ်ကြသည်။ တရုတ်တို့ကား ဝက်မွေးမြူသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ အချင်းချင်းမသင့်မြတ်သဖြင့် ချီအန်တို့ကို တရုတ်တို့က အကြိမ်ကြိမ် တိုက်ခိုက်သည်တွင် တောင်ဘက်သို့ ပြေးလွှားလာခဲ့ရသည်။ နောင်နှစ်ပေါင်းများစွာ ကြာသည့်အခါ တိဗက်ပြည်နှင့် ယခု မြန်မာပြည်တို့တွင် ထိုလူမျိုးတို့၏ အနွယ်များကို တွေ့ရလေသည်။ မြန်မာအဖြစ် ကျောက်ဆည်လွင်ပြင်သို့ ဆင်းသည့်အချိန်မှာ ခရစ်ပေါ်ပြီး ၇၀၀ ဟု ပါမောက္ခလုစ်က ဆိုသည်။

မြန်မာ့အနွယ်တို့ ရေကြည်ရာ မြက်နုရာ ဆင်းခဲ့ရသည့် ကာလမှာ အတန်ငယ်ရှည်လျားသည်။ သို့ဖြစ်ရာ ထိုနှစ်ပရိစ္ဆေဒများစွာအတွင်း နဂိုကရှိခဲ့သည့် နီယိုလစ်သစ်ယဉ်ကျေးမှုသည် ပျောက်ကွယ်ဆုံးပါးခဲ့ရဟန်တူသည်။ မြန်မာတို့သည် ယဉ်ကျေးမှုနှင့် လွတ်လပ်ရေး နှစ်ခုအနက် ယဉ်ကျေးမှုကို စွန့်ကာ လွတ်လပ်ရေးကို ချစ်မြတ်နိုးသဖြင့် တရုတ်တို့လက်အောက်မှ ထွက်ပြေးခဲ့ကြသည်။ သို့ငြားလည်း တန်ဖိုးကြီးပေး၍ လွတ်လပ်ခြင်းအရသာကို ယူရသည်။ ယင်းမှာ နီယိုလစ်သစ် ယဉ်ကျေးမှု ဆုံးပါးရခြင်းပင် ဖြစ်လေသည်။ ချီအန်အဖြစ်မှ မြန်မာအဖြစ် အခြေစိုက်မိသည်အထိ နှစ်ပေါင်း ၂၀၀၀ ကျော်မျှ ရှည်ကြာသည်။ နှစ်ထောင်ကာလကား ယဉ်ကျေးမှု ဆုံးရှုံးရသောကာလပင် ဖြစ်သည်။

မြန်မာတို့ ကျောက်ဆည်ဒေသသို့ ဝင်သည့်အခါ မူလက ရှိနေသည့်

မွန်တို့ကို တိုက်ထုတ်ရသည်ဟု ဆရာကြီး လုစ်က ဆိုသည်။ ယင်းဒေသတွင် မူလက မွန်တို့ တူးဖော်ထားခဲ့သည့် မြောင်းများ၊ ဆည်များရှိခဲ့ရာ ဆန်စပါး ကောင်းစွာ ဖြစ်ထွန်းသည့်ဒေသ ဖြစ်လာသည်။ ဤသို့ဖြင့် ဇော်ဂျီ၊ ပန်းလောင်၊ စမုံ၊ မြစ်ငယ်တို့ ယှက်ဖြာ စီးဆင်းသောဒေသ၌ လယ်ကွင်း ၁၁ ခရိုင်ကို တည်ထောင်လေသည်။ ထိုကမှ ပုဂံတွင် ထီးနန်းစိုက်လေသည်။

ထိုသူတို့သည် နတ်ကိုးကွယ်သူများ၊ နဂါးကိုးကွယ်သူများ ဖြစ်ဟန်တူသည်။ ယဇ်ပူဇော်ခြင်း အလေ့ကိုလည်း ပြုကြသည်။ အေဒီ ၁၀၀၀ ခန့်တွင်မှ ဗုဒ္ဓဝါဒီများ ဖြစ်လာကြလေသည်။

ဤကား မြန်မာတို့၏ အစတည်း။

# အခန်း ၃

## တကယ့် ပုံဝတ္ထု
## (သို့မဟုတ်)
## အစားအစာ၏ ဇာတ်ကြောင်း

### ၁

ဤအခန်းကို တကယ့် ပုံဝတ္ထုဟု အမည်ပေးထားသည်။ အကြောင်းမှာ ဤအခန်းတွင် ကျွန်တော်တို့ဖော်ပြမည့် ကိစ္စသည် ရိုးရိုးဟုထင်ရသော်လည်း တကယ် ထူးဆန်းသည့်ကိစ္စ ဖြစ်သောကြောင့်တည်း။ ကျွန်တော်တို့သည် ချက်ပြီးသားထမင်းကို ဖြစ်စေ၊ ပေါင်မုန့်ကိုဖြစ်စေ၊ ဖုတ်ပြီးသား ချပါတီကို ဖြစ်စေ အမှုမဲ့ အမှတ်မဲ့သာ စားကြသည်။ သို့ရာတွင် ပေါင်မုန့် မည်သို့ ဖြစ်လာသည်ကို စူးစမ်းမေးမြန်းသူ အနည်းငယ်သာရှိသည်။ ဂျုံမှုန့် ဘယ်က ဖြစ်လာသနည်း။ ဂျုံမှုန့်ကြိတ်သော ဂျုံစပါးကို မည်သို့ စိုက်ပျိုးသနည်း။ ဂျုံစပါး၊ ပြောင်း၊ မုယောစပါးတို့သည် ရှေးကတည်းက အမြဲရှိနေခဲ့သလား။ ဂျုံစပါး ဖြစ်လာပုံကို ဤကဲ့သို့ ကျွန်တော်တို့ စဉ်းစားကြသောအခါ အစား အစာကို စိုက်ပျိုးခြင်းမှာ ထူးဆန်းအံ့ဩဖွယ်တစ်ခု ဖြစ်နေပေသည်။

ပြီးခဲ့သော အခန်းများတွင် လူသည် သူ၏လက်နှင့် ဦးနှောက်တို့ကို အသုံးပြုနိုင်သည် အစွမ်းရှိခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် နွားများနှင့် ကျွဲများက မြက်ကို စားကြသည့်အခါ၊ ကျားများနှင့် ခြင်္သေ့များက

ဆိတ်များနှင့် ခွေးလေခွေးလွင့်များကို စားကြသည့်အခါ လူသည် ဖုတ်ပြီးသား ပေါင်မုန့်ကို စားနိုင်ခဲ့ကြခြင်း ဖြစ်သည်။

ကျွန်တော်တို့၏ ပထမဆုံး လူ့အနွယ်သည် တိရစ္ဆာန်များနှင့် မည်သို့မျှ ကွဲပြားခြားနားခြင်း မရှိခဲ့။ သို့ရာတွင် အစားအစာကို ချက်ပြုတ်လာတတ်သည့် အချိန်တွင်ကား တိရစ္ဆာန်နှင့် ကွဲပြားခြားနားလာသည်ဟု ဆိုရပေမည်။ အစဦးတွင် လူသည် ကျွဲအုပ်များ၊ ခြသေ့်အုပ်များ၊ မြင်းကျားအုပ်များ၊ ဆင်အုပ်များကဲ့သို့ လှည့်လည် သွားလာကာ တောကြီးမျက်မည်းတွင် ပေါက်သည့် မြက်ရိုင်းများ၊ ချုံနွယ်များ၊ အသီးအနှံများကို စားသောက်ခဲ့သည်။ ကမ္ဘာမြေတွင် နေ့အခါ၌ နေပူ၍ ညမှောင်မည်းမည်း၌ လနှင့် ကြယ်တာရာများ ထွန်းပသည်။ ထိုနောက် နေကမ္ဘာကို ကျွန်တော်တို့၏ ကမ္ဘာမြေကြီးက လှည့်ပတ်ခြင်းကြောင့် ရာသီဥတုများ ပြောင်းလဲလာခဲ့သည်။ ကမ္ဘာမြေတွင် မြက်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်များ ပေါက်လာကြသည်။ တစ်ခန် ယင်းတို့ သေသွားကြသည်။ လေပြင်းများလည်း တိုက်ခတ်သည်။ မိုးလည်းရွာသည်။ ထိုကာလက လူသည် အတော်ကြာသည်အထိပင် သူ့ဝန်းကျင်တွင် ဖြစ်ပျက်နေသည်တို့ကို နားမလည်နိုင်ဘဲ ရှိနေခဲ့သည်။ သူသည် တောကြီး မျက်မည်းထဲတွင်ဖြစ်စေ၊ ဂူတစ်ခုမှ အခြားဂူတစ်ခုသို့ဖြစ်စေ တွားသွားကာ လှုပ်ရှားနေထိုင်ခဲ့သည်။ သဘာဝ၏ အဖြစ်သနစ်များကို လူက တစ်မျိုးတစ်ဖုံ ပြောင်းလဲပြုပြင်နိုင်သည့် အခါတွင်မှ လူသည် ကမ္ဘာမြေတွင် ဩဇာအကြီးဆုံးသတ္တဝါ၊ အရေးကြီးဆုံးသတ္တဝါ အဖြစ်သို့ ရောက်လာခဲ့ပေသည်။

၂

လူသည် သူ၏ အပဖြစ်သော ကမ္ဘာမြေရှိ ဖန်ဆင်းထားသည့် အဖြစ်သနစ်အားလုံး၊ အရာဝတ္ထု အားလုံးနှင့် မည်သို့ အဆင်ပြေအောင် နေထိုင်ခဲ့သနည်း။ သူ့အတွက် အစားအစာကို မည်သို့ ရှာဖွေခဲ့သနည်း။ သူ မွေးမြူထားသော အိမ်သုံး တိရစ္ဆာန်များအတွက် အစာကို မည်ကဲ့သို့ ရှာဖွေခဲ့သနည်း။

အစဦးတွင် လူသည် ပါးစပ်နှင့်လက် မပြတ် စားသောက်နေသည့် သတ္တဝါတစ်ဦးအဖြစ်သာ တည်နေခဲ့သည်။ လူသည် သစ်သီးများကို ခူးဆွတ်စားသောက်ခဲ့သည်။ ထို့ပြင် သစ်သီးကို ခွာ၍ သစ်စေ့များကို စားခဲ့သည်။

မြန်မာ့စာအုပ်တိုက်

တစ်ခါတစ်ရံ ငှက်ဥများကို ရှာဖွေစားသောက်သည်။ တစ်ခါတစ်ရံ ပျားများ ပျံသန်းရာ နောက်သို့လိုက်ကာ ပျားအုံများတွင် သိုမှီးထားသည့် ပန်းဝတ်ရည်မှ ဖြစ်သော ပျားရည်ကို ခိုးယူစားသောက်သည်။ ထိုနောက် လူသည် အမဲ လိုက်ရာ၌ သားရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်ရန် ကျောက်လွှာလက်နက်၊ ကျောက်တုံးလက်နက် ပြုလုပ်နည်းများကို တတ်ကျွမ်းလာသည်။ အချို့တိရစ္ဆာန် များသည် ဘေးရန် အန္တရာယ်များကို မမြင်ဘဲ မြက်များကို အေးဆေးစွာ စားသောက်နေကြစဉ် သားရိုင်းများက ချောင်းမြောင်းခုန်အုပ်ကာ ယင်းတို့၏ အသွေးအသားကို စားသောက်ကြသည်။ ထိုအဖြစ်ကို လူက မြင်တွေ့ခဲ့သည်။ ဆောင်းဥတု ရောက်သည့်အခါ အသီးအနှံများ၊ အပင်များ နည်းပါးလာသည်ကို တွေ့ရသည်။ ထိုအခါ လူသည် အမဲလိုက်၍ ရသည့် သားစိမ်းများကိုသာ စားသောက်နေခဲ့ရသည်။

ဂူရှေ့က မြေကွက်လပ်တွင် ထိုင်ကာ ကျောက်တုံးတစ်ခုကို ခုတ်ထစ် ထွင်းထုနေသော လူ၏ ပုံသဏ္ဌာန်ကို ကျွန်တော်တို့ စိတ်ကူးကြည့်နိုင်သည်။ ထိုအခါ ကျောက်တုံးကို လက်နက်ဖြစ်လာအောင် ပြုလုပ်ရာ၌ လူ၏ စိုးရိမ် မှု ကြီးမားနေပုံအဖြစ်ကို ကျွန်တော်တို့ တွေ့နိုင်မည်ဖြစ်သည်။ ကျောက်တုံးကို လက်နက်ဖြစ်အောင် ပြုလုပ်ရာ၌ မချွန်ထက်ခဲ့သော် အမဲလိုက်ရာတွင် အမဲ ကောင်၏ အသားကို စူးဝင်အောင် ထိုးဖောက်နိုင်မည် မဟုတ်။ ထိုအခါ အမဲသေမည် မဟုတ်။ အမဲမသေလျှင် သူ့တွင် အစာမရတော့ဘဲ ငတ်မွတ်ရန် အကြောင်းသာရှိတော့သည်။ ထို့ကြောင့် သူသည် လက်နက်ကို ချွန်ထက် အောင် စိုးရိမ်တကြီး ထုထွင်းနေရခြင်းဖြစ်သည်။ ထို့ပြင် မီးခတ်ကျောက်တုံး အကြမ်းစားသည်လည်း အမဲကောင်ကို ပစ်ခတ်ရာ၌ အလွန်အသုံးဝင်သည် ကို တွေ့လာသည်။ ထိုလူသည် ပစ်ခတ်၍ရသည့် အမဲကောင်ကို ဖျက်ရန် ရဲတင်းတစ်ခု လိုလာသည်ကို စဉ်းစားမိပြန်သည်။ ထို့ကြောင့် သူသည် ကျောက်တုံးများကို ထုဆစ်ကာ ရဲတင်းများ လုပ်ပြန်သည်။ ရှေးအကျဆုံး လက်နက်များကို ပစ်လယ်ခရုခွံများ၊ ယောက်သွားခွံများနှင့်အတူ ကျွန်တော် တို့ တွေ့ရသည်။ ပင်လယ်ကောင်များဖြစ်သည့် ခရုကမာကောင်၊ ယောက် သွားကောင်တို့ထဲမှ ငါးကိုသာရွေး၍ ပစ်ခတ်သတ်ဖြတ်သည်။ ထိုအခါတွင် ထိုကျောက်လွှာလက်နက်ကို အသုံးပြုခဲ့ဟန် တူသည်။

သားစိမ်း ငါးစိမ်းသည် စား၍ မကောင်း။ သားစိမ်း ငါးစိမ်းကို မီးတွင် ဖုတ်ကင်သည့်အခါ အရသာပို၍ ရှိလာကြောင်း လူသည် ရုတ်တရက် တွေ့ရှိလာဟန်တူသည်။ တစ်နေ့သောအခါတွင် ပတ္တမြားရောင် တောက်နေသည့် မီးကျီးရဲရဲထဲသို့ ဝက်ငယ်ကလေးတစ်ကောင် ကျသွားသည်ဟု ဒဏ္ဍာရီတစ်ခုက ဆိုလေသည်။ ထိုဝက်ငယ်ကလေးကို မီးကျီးရဲရဲထဲမှ ဆွဲထုတ်လိုက်သည့်အခါ အနံ့တသင်းသင်းထွက်နေသည်။ စားလိုက်ရလျှင် အလွန်အရသာရှိလိမ့်မည် ထင်ကာ ထိုလူသည် နှုတ်ခမ်းပါးနားကို လျက်လေသည်။ ထိုအခိုက် အခြား ဂူအောင်းလူတစ်ယောက်က ဝက်ကင်ကလေးကို လုယူသွားလေသည်။ ဤနည်းဖြင့် လူသည် ဟင်းလျာသစ်တစ်ခုကို တွေ့ရှိလာခဲ့သည်။ နောက်အခန်းများတွင် မီးကို ရှာဖွေတွေ့ရှိပုံ ကျွန်တော်တို့ တွေ့ကြရမည်။ သို့ရာတွင် ရှေးဟောင်းလူသည် မိမိအသက်ရှင်နေရေးအတွက် အားထုတ်ကြိုးပမ်းရာ၌ မီးကိုတွေ့ရှိခြင်းသည် အရေးကြီးသော ခြေလှမ်းသစ်တစ်ခု ဖြစ်သည်ကိုကား မှတ်တမ်းတင်ရပေမည်။

သစ်သီးများကို ရှာဖွေပြီးသည့်အခါ ယင်းတို့အနက် အခွံမာသော အသီး၊ ဝက်သစ်ချသီး၊ သစ်စေ့ စသည်တို့ကို ကာလအတော်ကြာသည်အထိ သိမ်းဆည်းထားနိုင်ကြောင်းကို ကျောက်သစ်ခေတ်လူတို့ တွေ့ရှိခဲ့သည်။ ဤသည်မှာလည်း အသုံးဝင်သော ရှာဖွေတွေ့ရှိချက် တစ်ရပ်ပင်ဖြစ်သည်။ သို့ဖြစ်ရာ သစ်သီးများမရှိသည့် ဆောင်းဥတုတွင်ဖြစ်စေ၊ အမဲမရသည့်အခါတွင်ဖြစ်စေ စားသောက်နိုင်ရန် အစားအစာများကို စုဆောင်းသိမ်းဆည်းတတ်စပြုလာသည်။

သို့ရာတွင် ကျောက်ခေတ်အား တော်လှန်လိုက်သည့် အသစ်ရှာဖွေတွေ့ရှိချက်ကြီးတစ်ခုကို လူသည်ကြုံတွေ့ရပြန်သည်။ ယင်းမှာ မြေကြီးထဲတွင် မြှုပ်ထားသော သစ်စေ့များမှ အပင်သစ်များ ပေါက်လာခြင်းပင် ဖြစ်သည်။ ထိုအချိန်က လူသေလျှင် လူနှင့်အတူ သစ်စေ့များကို အလောင်းအနီးတွင် မြှုပ်နှံသော အလေ့အထ တစ်ခု ရှိခဲ့သည်။ ထိုသစ်စေ့မှ အပင်သစ်များ အညှောင့်ထွက်လာသည်။ သို့ဖြစ်ရာ အစားအစာ ရှာဖွေသည့်အဆင့်မှ အစားအစာ သိုလှောင်သိမ်းဆည်းသည့်အဆင့်၊ ထိုမှတစ်ဖန် အစားအစာ စိုက်ပျိုးသောအဆင့်သို့ ကူးပြောင်းလာခဲ့သည်။

ဤရှာဖွေတွေ့ရှိချက်များသည် နှစ်ပေါင်းထောင်ပေါင်းများစွာ အားထုတ်ကြိုးစားရာမှ အောင်မြင်လာခြင်းဖြစ်သည်ဟု ကျွန်တော်တို့ နားလည်ထားရမည်။ ထို့ပြင် အလုပ်လုပ်ခြင်းမှာ ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်လေရာ အစားအစာ စိုက်ပျိုးခြင်း၊ သို့မဟုတ် လယ်ယာစိုက်ပျိုးခြင်းသည် ကမ္ဘာ့ပထမဆုံး ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပေသည်။ အစားအစာအတွက် အသီးအနှံကို စိုက်ပျိုးပြီးသည့်နောက် လူသည် သူ့ဘဝအဆင်ပြေရေးအတွက် အခြားအရာများ လိုအပ်လာပြန်သည်။ ထို့ကြောင့် လူသည် ယဉ်ကျေးသည်ဟု ယူဆရသည့်အရာများကို တီထွင်ဖန်တီးစ ပြုလာသည်။ ကျွန်တော်တို့၏ ဘိုးဘေး ဘီဘင်များ ဖြစ်ကြသော လူရိုင်းအနွယ်တို့၏ 'ယဉ်ကျေးမှု'သည် ကျွန်တော်တို့၏ ယခုမျက်မှောက်ခေတ် ယဉ်ကျေးမှုနှင့် မတူနိုင်။ သို့ရာတွင် သူတို့၏ ယဉ်ကျေးမှုသည်လည်း သူတို့ခေတ်ကာလ 'ယဉ်ကျေးမှုတစ်မျိုး'ပင် ဖြစ်ပေသည်။

အစားအစာကို မစိုက်ပျိုးနိုင်မီကမူ လူသည် တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာကာ အစာရှာဖွေစုဆောင်းခဲ့သည်။ အမဲ သား ငါး



ပစ်ခတ် စားသောက်ခဲ့သည်။ သို့သော် မြေကြီးတွင် အစေ့စိုက်လျှင် အပင်ပေါက်လာသည်ကို တွေ့ရသောအခါ လူသည် တစ်နေရာတည်း ဓားမဦးချနေထိုင်ရန် စဉ်းစားလာသည်။ ထို့ကြောင့် စပါးနှံကို စိုက်ပျိုးနိုင်ခဲ့သူ လူသည် တဲအိမ်ကလေးများ အစုဖွဲ့ကာ နေထိုင်လာကြသည်။ ထို့နောက် သူတို့သည် နို့ထွက်သည့် တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူခဲ့ပြန်သည်။ တဲအစုကလေးများ ဖွဲ့ကာ နေထိုင်ခြင်းဖြင့် ရွာများဖြစ်လာသည်။ ထိုအချိန်တွင်

မှာဖွဲ့ကာနေမှလည်း သားရဲတိရစ္ဆာန်များ၏ အန္တရာယ်နှင့် ရန်သူများ၏ တိုက်ခိုက်ခြင်း အန္တရာယ်တို့မှ လွတ်ကင်းနိုင်မည်ဖြစ်သည်။ ထို့ပြင် တစ်နေရာတည်း မပြောင်းမရွှေ့ဘဲ နေထိုင်ခြင်းသည် လှည့်လည်သွားလာနေထိုင်ခြင်းထက် ပိုမိုကောင်းမွန်သည်ကိုလည်း သိလာသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်း အချိန်ခန့်က ဆိုလျှင် ကျွန်တော်တို့ ကမ္ဘာမြေတွင် အေးရန်အလုံခြုံဆုံး၊ မြေဩဇာအကောင်းဆုံး ဒေသများဟူ၍ ရှိခဲ့သည်။ ယင်းတို့မှာ မြစ်ကြီးငါးသွယ်ဖြစ်သော နိုင်းမြစ်ဝှမ်းဒေသ၊ ယူဖရေတီမြစ်ဝှမ်းဒေသ၊ တိုက်ဂရစ် မြစ်ဝှမ်းဒေသ၊ ဟိုဝှမ်ဟိုမြစ်ဝှမ်းဒေသ၊ အိန္ဒုမြစ်ဝှမ်းဒေသတို့ ဖြစ်သည်ဟု ယူဆရပေသည်။

၄

ကမ္ဘာမြေ၏ ထိုဒေသတို့တွင် ရာသီဥတုသည် နွေးထွေးသည်။ စိုစွတ်သည်။ ထိုအချိန်တွင် ဥရောပတိုက် နေရာများများ၌ ရေခဲများ ဖုံးလွှမ်းနေခဲ့သည်။ နိုင်းမြစ်ဝှမ်းဒေသများတွင် လူသည် အစားအစာအတွက် အနံ့ပင်များကို စိုက်ပျိုးနေချိန်၌ ပြင်သစ်ပြည်က ဂူအောင်းလူတို့မှာ ရိန်းဒီးယားခေါ် နို့စားသတ္တဝါများ၊ မြင်းရိုင်းများကို ပစ်ခတ် စားသောက်နေကြဆဲ ရှိသေးသည်။ ထိုမြစ်ဝှမ်းဒေသများတွင် ရေလည်းပေါသည်။ နုန်းတင်မြေနုဖြစ်၍ မြေဩဇာလည်း ကောင်းသည်။ ထို့ပြင် ကျူးကျော်တိုက်ခိုက်ခံရခြင်းများနှင့်လည်း ကင်းသည်။ ထို့ကြောင့် ထိုဒေသတွင် လူတို့သည် နှစ်ပေါင်း ရာပေါင်းများစွာပင် ထွန်ယက်စားသောက်နေထိုင်ကြကာ အတွေ့အကြုံသစ်များ အသိဉာဏ်သစ်များကို ရှာဖွေသင်ကြားကြလေသည်။

ဥပမာဆိုလျှင် နိုင်းမြစ်ဝှမ်းဒေသတွင် မိုးကြီးသည်းထန်စွာရွာသွန်းပြီးနောက် နိုင်းမြစ်ရေလျှံကာ ရေကျသွားသည့်အခါ ကောက်ပင်များ သန်စွမ်းစွာပေါက်ကြသည်။ ထိုအခါ သူတို့သည် ရေမြောင်းများ တူးကာ မြေနေရာများသို့ ရေရောက်အောင် သယ်ယူကြသည်။ ထိုရေမြောင်းများသည်



ပထမဆုံး တူးမြောင်းများဖြစ်ကြသည်။ အစားအစာ စိုက်ပျိုးသည့် ဇာတ်လမ်းတွင် ဤဆည်မြောင်း ရေသွင်းစနစ်သည် အလွန် တိုးတက်လာသည့် ခြေလှမ်းပင် ဖြစ်သည်။

မုယောစပါးသည် လူတို့စိုက်ပျိုးကြသည့် ပထမဆုံးသီးနှံဖြစ်သည်ဟု အဆိုရှိသည်။ သို့ရာတွင် အရှေ့တိုင်းဒေသ အများအပြား၌ ဂျုံစပါးကိုလည်း စိုက်ပျိုးကြသည်။ အီဂျစ်ပြည်က လူများသည် လွန်ခဲ့သည့် နှစ်ပေါင်း ခြောက်ထောင်ကပင် မည်သို့ ဂျုံစပါး စိုက်ပျိုးရမည်ကို သိခဲ့ကြသည် ဆိုသည့် အချက်မှာ ထင်ရှားသည်။ အီဂျစ်ဘုရင်များ၏သင်္ချိုင်းများ၌ ကြိတ်ဆုံတွင် ဂျုံကြိတ်နေသည့်လူရုပ်ပုံများ၊



ဦးချိုကား နွားမကြီးများကို နို့ညှစ်နေသည့် လူရုပ်ပုံများ၊ လယ်မြေ တူးဆွနေသည့် လယ်သမားရုပ်ပုံများ၊ ထယ်ထိုးနေသည့် လယ်သမားရုပ်ပုံများကို တွေ့ရသည်။

အစားအစာအတွက် သီးနှံစိုက်ပျိုးလာသောအခါ လူသည် လက်ကိုင်ရဲတင်းများ၊ ခြစ်များ၊ မြေတူးဆွသည့် တုတ်များကို စွန့်ပစ်လာကြသည်။ ထိုနောက် တူးရွှင်ငန်းပြားကို အသုံးပြုလာသည်။ တူးရွှင်ငန်းပြားသည် ပထမဆုံး တီထွင်သော လယ်ယာအသုံးအဆောင် ဖြစ်သည်။ ရှေးအကျဆုံး အီဂျစ်တူးရွှင်းပြားသည် ယခု ကျွန်တော်တို့ အသုံးပြုနေကြသော တူးရွှင်းငန်းပြားနှင့် အတူတူပင် ဖြစ်သည်။ သို့သော် ယင်းမှာ သံအစား မီးခတ်ကျောက်ဖြင့် ပြုလုပ်ထားသည်။

သစ်စေ့ကိုစိုက်ပျိုးရန် တူးရွှင်ငန်းပြား၏အကူအညီဖြင့် ထယ်ကြောင်းနက်နက်များ တူးရသည်။ ထိုအလုပ်သည် ပင်ပန်းလှသည်။ အထူးသဖြင့် လယ်မြေကျယ်ဝန်းသည့်အခါ ပို၍ ပင်ပန်းသည်။ ထို့ကြောင့် လူသည် ထယ်ကြောင်း တူးဖော်ရန် အခြားနည်းလမ်းများကို ရှာဖွေပြန်သည်။ ဦးစွာပထမ


သစ်တုံးကြီးတစ်တုံးကို အဖျားတစ်ဖက်၌ ချွန်အောင်လုပ်သည်။ ထိုနောက် မြေတွင် စိုက်ကာဆွဲသည်။ မြေကြီးက မာကျောသည့်အခါ ထိုကိရိယာသည်



အသုံးမဝင် ဖြစ်လာသည်။ ထို့ကြောင့် ယင်းသစ်တုံးချွန်ကို အပေါ်ဘက်တွင် လက်ကိုင်တပ်ကာ လူတစ်ယောက်ကို လက်ကိုင်မှမြေတွင် ဖိထားစေပြီးလျှင် ရှေ့က လူတစ်ယောက်က ဆွဲသည်။ ယင်းမှာ ပထမဆုံးထယ် ဖြစ်သည်။ ဤသို့ ထယ်ကို တီထွင်ခြင်းသည် လူ့သမိုင်းတွင် တီထွင်ခြင်းကြီးများအနက် အရေးပါသော တီထွင်ချက်တစ်ခုဖြစ်သည်။ လူသည် အခြားအရာဝတ္ထုများ မရှိဘဲ အသက်ရှင်နေနိုင်ငြားလည်း အစားမရှိဘဲ အသက်ရှင် မနေနိုင်။ ထို့ကြောင့်ပင် ဤတီထွင်ချက်သည် လူ့သမိုင်းတွင် အရေးပါသော တီထွင်ချက် ဖြစ်လာသည်။

ထယ်ကို ခေတ်အဆက်ဆက်တွင် တိုးတက်ကောင်းမွန်လာအောင် ကြံစည်ကြသည်။ ထို့ပြင် လူသည် အခြား လယ်ယာကိရိယာများကိုလည်း တီထွင်ပြန်သည်။ ယင်းတို့မှာ ကောက်သိမ်းရန်အတွက် ချိတ်များ၊ ကောက်နယ်ရန်အတွက် ကောက်ရိုက်တုတ်များဖြစ်သည်။ သူတို့၏ လယ်ယာလုပ်ငန်းတွင် တိရစ္ဆာန်များ၏ အကူအညီကိုလည်း အသုံးပြုကြသည်။ အီဂျစ်ပြည်တွင် နွားများကိုလည်းကောင်း၊ တရုတ်ပြည်တွင် မြည်းများကိုလည်းကောင်း၊

တိုက်ဂရစ် မြစ်ဝှမ်းဒေသနှင့် ယူဖရေတိ မြစ်ဝှမ်းဒေသတို့တွင် ကုလားအုတ်များကိုလည်းကောင်း၊ အိန္ဒုမြစ်ဝှမ်းဒေသတွင် နွားသိုးများကိုလည်းကောင်း၊ ဆူမေးရီးယားဒေသတွင် မြင်းများကိုလည်းကောင်း လယ်ယာလုပ်ငန်း၌ အသုံးပြုကြသည်။



ထိုလူများ၊ အထူးသဖြင့် အီဂျစ်ပြည်နှင့် မြေထဲပင်လယ်ဒေသရှိ ကျွန်းများမှလူများသည် ဆိတ်နှင့်သိုးများကို အစာအတွက် လည်းကောင်း၊ အဝတ်အထည်ရက်လုပ်ရန် သိုးမွေးအတွက် လည်းကောင်း မွေးမြူကြသည်။ ထို့ပြင် သူတို့သည် ပိုလျှံသောအစာများကို အခြားဒေသများသို့ ပို့ကြသည်။ သို့ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကို အခြေခံလျက် ကုန်စည် ရောင်းဝယ်ဖောက်ကားခြင်း၊ ကုန်သွယ်ခြင်း၊ ကုန်စည်များကို ချိန်တွယ်ရန် အချိန်အတွယ် အတိုင်းအတာများကို တီထွင်ခြင်း၊ အိမ်များ၊ နန်းတော်များ၊ ဘုရား ပုထိုးများ ဆောက်လုပ်ခြင်း၊ အဝတ်အထည်များ ရက်လုပ်ခြင်း၊ လက်ဝတ်လက်စား ဘယက်တန်ဆာများပြုလုပ်ခြင်း၊ ကျောက်အိုး၊ သစ်သားအိုး၊ ကြေးညိုအိုး၊ သံအိုးများ ပြုလုပ်ခြင်းတို့ ဖြစ်ပေါ်လာရပေသည်။ မိုဟင်ဂျိုဒါရိုမြို့နှင့် ဟာရပ္ပမြို့တို့တွင် ကြီးကျယ် ခမ်းနားလှသော ရှေးမြို့ဟောင်းကြီးများ၏ အမှတ်အသား အကြွင်းအကျန်တို့ကို



ကျွန်တော်တို့ တွေ့ရသည်။ ထို့ပြင် ကျွန်တော်တို့ ရှေးဟောင်းအာရှတိုက်တွင်လည်း ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုတစ်ရပ် ရှိခဲ့သည်ကို တွေ့ရသေးသည်။ အိန္ဒုမြစ် ဝှမ်းဒေသက လူတို့သည် အစောဦးစွာကပင် ယဉ်ကျေးတိုးတက်ခဲ့ကြသည်။ သူတို့သာမက တရုတ်ပြည် အနှံ့အပြားတွင် နေထိုင်ခဲ့ကြသော လူတို့သည်လည်း သူတို့နည်းတူပင် ယဉ်ကျေးတိုးတက်ခဲ့ကြသည်။


ဒေသတိုင်းတွင် လယ်ယာအသုံးအဆောင် လက်နက်ကိရိယာကောင်းများ ပြုလုပ်နိုင်သဖြင့် လယ်ယာလုပ်ငန်း တိုးတက်လာခဲ့ရခြင်း ဖြစ်သည်။

ရှေးဦးစွာ ကောက်နှံကို လက်ဖြင့်သာ ဆွတ်ခူးရိတ်သိမ်းခဲ့သည်။ ထိုနောက် မီးခတ်ကျောက်ကို အစိတ်စိတ် ထုထွင်းပြုလုပ်ထားသည့် ကျောက်တံစဉ်ဖြင့် ရိတ်သိမ်းသည်။ ရိတ်သိမ်းပြီး အသီးအနှံကို ပထမတွင် သစ်ရွက်ကိုင်ထားသော ခြင်းကြီးများ၌ သိမ်းဆည်းသည်။ ထိုနောက် ရွှံ့စေးဖြင့် ပြုလုပ်ထားသော အိုးစရည်းကြီးများတွင် သိမ်းဆည်းသည်။

ဤပစ္စည်းများ ပြုလုပ်ရာတွင် မိန်းမများ၏ တီထွင်ချက်များလည်း အများအပြား ပါဝင်တန်ရာသည်။ ယောကျ်ားများက အမဲလိုက်နေစဉ် မိန်းမများက ကောက်နှံကို အမှုန့်ဖြစ်အောင် ကြိတ်နေရသည်။ အစတွင် ဂျုံမှုန့်ကြိတ်ရာ၌ ကျောက်ပြားတစ်ခုပေါ်တွင် ကျောက်လိုမ့်တုံးတစ်ခုဖြင့်သာ ကြိတ်သည်။ ထိုနောက် သူတို့သည် ကြိတ်ဆုံများကို အသုံးပြုလာကြသည်။

အိမ်တွင် မွေးမြူထားသည့် တိရစ္ဆာန်များမှ နို့ညှစ်ခြင်းအလုပ်ကိုလည်း ကမ္ဘာ့နေရာ အနှံ့အပြားတွင် မိန်းမများကသာ လုပ်ကိုင်ကြသည်။ သို့ရာတွင် ကျွဲနွားများကို စားကျက်မြက်ခင်းပြင်များ၌ ထိန်းကျောင်းခြင်း အလုပ်ကိုမူ ယောကျ်ားများသာ လုပ်ကိုင်ကြသည်။ ကောက်ပဲသီးနှံကို စိုက်ပျိုးသူများသာမက နွားကျောင်းသား၊ သိုးကျောင်းသားတို့သည်လည်း အစားအစာဖြစ်မြောက်အောင် လုပ်ဆောင်ကြသူတို့တွင် အရေးကြီးသော သူများဖြစ်လာသည်။ ကျွဲနွားဦးရေ အကောင်မည်မျှ ရှိသည်ဆိုသည်မှာလည်း ချမ်းသာကြွယ်ဝခြင်း တစ်မျိုးဖြစ်လေရာ လူတို့သည် မိမိတို့ ပိုင်ဆိုင်သော ကျွဲနွားတိရစ္ဆာန်များကို ခံတပ်များ ဆောက်လုပ်၍ အကာအကွယ်ပြုကြသည်။ ခံတပ်များ ပတ်လည်တွင် ရေမြောင်းများ၊ ကျုံးများ တူးကြသည်။

ထိုအချိန်မှာပင် လူသည် ရာသီဥတုများကို မှတ်သားကာ ရာသီအလိုက် ကောက်ပဲသီးနှံကို စိုက်ပျိုးရန် အရေးကြီးကြောင်း သိရှိလာကြသည်။ ဥပမာဆိုလျှင် မိုးကုန်သော ဆောင်းဦးပေါက်ရာသီ၌ လယ်မြေကို ထွန်ကြသည်။ မြေစိုင်ခဲများကို သစ်သားငန်းပြားများ၏ အကူအညီဖြင့် ရိုက်နှက်ခြေမွသည်။ ထိုနောက် လယ်ကွက်ပေါ်တွင် တိရစ္ဆာန်များကို မောင်းနှင်စေသည်။ တိရစ္ဆာန်တို့၏ ခြေဖြင့် နင်းဆွခြင်းဖြင့် သစ်စေ့များကို မြေကြီးထဲသို့ ဝင်သွားစေသည်။ ကောက်ပင်ပေါက်၍ ကြီးထွားရင့်မှည့်လာလျှင် ရိတ်သိမ်းကာ ကောက်နယ်တလင်းသို့ ယူဆောင် လာသည်။ တလင်း၌ ကောက်နယ်ပြီးလျှင် ကောက်သီး



ကောက်နှံများကို မိန်းမသားများက ကောက်ရိုးဖန်များ၊ သစ်သားဖန်းများတွင် ထည့်ကာ လေတွင် စပါးလှေ့ကြသည်။ ထိုအခါ လေနှင့်အတူ စပါးခွံဖွဲကြမ်းများ ပါသွားပြီးလျှင် ကောက်သီး သန့်သန့်သာ ကျန်ရစ်ခဲ့သည်။

နိုင်းမြစ်ရေ စီးဆင်းသည့်အတိုင်း ဆိုလျှင် အီဂျစ်သားတို့၌ ရာသီသုံးခုကို ကြုံရသည်။ ယင်းတို့မှာ နိုင်းမြစ်ရေလျှံသည့်ရာသီ၊ အေးသော ဆောင်းရာသီ၊ ပူသောနွေရာသီတို့ ဖြစ်သည်။ ထို့ပြင် ဒေသတိုင်းမှာကဲ့သို့ပင် အီဂျစ်ပြည်၌လည်း နှစ် လ အပိုင်းအခြားသည် လဆန်းသည်မှစ၍ နောက်တစ်ကြိမ် လသစ်ဆန်းသည်အထိ ဖြစ်သည်။ တစ်လတွင် သုံးပတ်ရှိ၍ တစ်ပတ်သည် ဆယ်ရက်ရှည်သည်။ ရက်သုံးဆယ်စီ ရှိသော ဆယ့်နှစ်လကို ပေါင်းလျှင် ရက်ပေါင်း ၃၆၀ ရှိသော တစ်နှစ်ဖြစ်လာသည်။ ယင်းတွင် အားလပ်သည့် ပွဲနေ့ပွဲရက် ငါးရက် ထည့်ပေါင်းလိုက်သည်။ ထိုအခါ ၃၆၅ ရက်ဖြစ်လာသည်။ နောက်ပိုင်းတွင် နှစ်ကို 'နေ'နှင့် ပိုင်းခြား ရေတွက်သည့်နည်းကို တွေ့လာသည်။ ယနေ့ထက်တိုင် ကျွန်တော်တို့သည် ထို နေပြက္ခဒိန်ကို အနည်းငယ် ပြောင်းလဲပြင်ဆင်ကာ အသုံးပြုနေကြသည်။

## ၅



အီဂျစ်ပြည်သား တို့သည် အစားအစာ ထုတ်လုပ်သည့် အတတ်တွင် များစွာ တိုးတက်လာသည်။ ထို့ကြောင့် သူတို့သည် တစ်နေ့တခြား ချမ်းသာသည်ထက် ချမ်းသာ

လာကြသည်။ သူတို့ထဲတွင် အချမ်းသာဆုံးနှင့် အားအရှိဆုံး သူသည် ဘုရင်ဖြစ်လာသည်။ သို့မဟုတ် သူတို့ အခေါ်အဝေါ်အားဖြင့် ဖာရိုး ဖြစ်လာသည်။ အီဂျစ်ပြည်သားတို့သည် မင်ဖစ်မြို့နှင့် သီဗီးမြို့တို့ကဲ့သို့ လှပသော မြို့ကြီးများကို တည်ဆောက်ကြသည်။


နိုင်းမြစ်ဝှမ်းဒေသတွင် နေထိုင်ကြသော လူဆင်းရဲတို့မှာမူ ချမ်းသာသူတို့လောက် ကံမကောင်းကြပေ။ များစွာသော ထိုလူဆင်းရဲတို့မှာ ကျေးကျွန်များ ဖြစ်လာကြသည်။ သို့ငြားလည်း အမဲလိုက် ရှာဖွေစားသောက်နေကြရသည့် လူရိုင်းတို့နှင့် ယှဉ်သော် ကျေးကျွန်တို့၏ အခြေအနေမှာ မဆိုးရွားလှသေးပေ။ အမဲလိုက် ရှာဖွေစားသောက်နေကြရသူတို့မှာ အစားအစာရှားပါးသဖြင့် အမြဲပင် သေဘေးနှင့်နီးလှသည်။ ထို့ပြင် အချို့သော အီဂျစ်မြေရှင်ကြီးများသည် ဆင်းရဲသောလယ်သမားများအပေါ် စိတ်ကောင်းထားကြသည်။ ပုံစံဆိုသော် သူတိုအထဲမှ မင်းသားတစ်ပါးသည် ခရစ်မပေါ်မီ ဆယ့်ကိုးရာစုခန့်တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်ကို တွေ့ရသည်။

"မည်သည့် အလုပ်သမားကိုမျှလည်း ငါ မဖမ်းဆီးခဲ့ပါ။ မည်သည့် နွားကျောင်းသားကိုမျှလည်း ငါ့တိုင်းပြည်မှ နှင်ထုတ်ခြင်း မပြုခဲ့ပါ။ မည်သည့် အလုပ်သမား အကြီးအကဲ တစ်ယောက်ထံမှလည်း သူ့အလုပ်သမားများကို ခေါ်ယူ၍ ငါ့အတွက် မစေခိုင်းခဲ့ပါ။ ငါအုပ်စိုးစဉ် ကာလတွင် ဆင်းရဲသူဟူ၍ မရှိ။ ငတ်မွတ်ခေါင်းပါးသည့် ဒုဗ္ဘိက္ခန္တရကပ် ကျရောက်သည့်အခါ ငါ့နယ်ပယ်တွင် တောင်ဘက်နယ်နိမိတ်အစွန်မှသည် မြောက်ဘက်နယ်နိမိတ်အစွန်အထိ မြေအားလုံးကို ထွန်ယက်စိုက်ပျိုးစေခဲ့ပါသည်။ ဤသို့လျှင် ငါ့နယ်ပယ်တွင် နေထိုင်သူ အပေါင်းကို အသက်ရှင်စေခဲ့ပါသည်။ သူတို့အားလုံး တစ်ယောက်မျှ မငတ်ရအောင် အစားအစာ ပေးခဲ့ပါသည်။ မုဆိုးမကိုတည်း ဖြစ်စေ၊ လင်ရှိမယားကဲ့သို့ ပေးကမ်းစွန့်ကြဲပါသည်။ ထို့ပြင် ငါသည် အကြီးအငယ် မျက်နှာမရွေးခဲ့ပါ။"

အီဂျစ်ပြည်သားတို့သည် ကောက်ပဲသီးနှံအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးတို့ကို အခြေပြု၍ တီတွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ သူတို့သည် မုယောစပါးကို စိုက်ပျိုးကာ ယင်းမှ ဘီယာလုပ်ငန်းကို သိနားလည်ခဲ့ကြသည်။ သူတို့သည် စပျစ်ပင်များကို စိုက်ပျိုးကာ စပျစ်သီးမှ ဝိုင်အရက်

လုပ်ကြသည်။ သူတို့၏ အစားအစာတွင် စွန်ပလွံသီး၊ သဖန်းသီးတို့ တိုးပွားလာသည်။ ထိုနောက် ပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးကြသည်။ ထို့ပြင် ဆလတ်ရွက်ကိုလည်း စိုက်ပျိုးခဲ့သည်။ သူတို့သည် ငန်းများ၊ ဝမ်းဘဲများကိုလည်း မွေးမြူကြသည်။ ငန်းကင်သည် သူတို့ အနှစ်သက်ဆုံး အစာတစ်ခု ဖြစ်သည်။ သူတို့သည် ရက်ထည် ပိတ်ထည်တို့အတွက် ဘီသွာလျှော်ပင်၊ ပိုက်ဆံလျှော်ပင်များကို စိုက်ပျိုးခဲ့သည်။ ထို့ပြင် စက္ကူကျူပင်ကို စိုက်ပျိုးကာ ယင်းမှ ဖယောင်းတိုင်နှင့် စက္ကူတို့ အပါအဝင် ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။

ဤသို့ဖြင့် အီဂျစ်သားတို့သည် လူ့ယဉ်ကျေးမှုတွင် ပထမဆုံး အတတ်ပညာတို့ကို တီထွင် ဖန်တီးခဲ့ကြသည်။ လက်နက်ကိရိယာ ပြုလုပ်ရာ၌ ကျောက်တုံးအစား သတ္တုကို အသုံးပြုလာတတ်သည့်အခါ သူတို့သည် ရောမ ကျောက်တုံးကြီးများကို အပိုင်းပိုင်း ဖြတ်လျက် အလွန်လှပသော အဆောက်အအုံများကို တည်ဆောက်ခဲ့ကြပြန်သည်။ အီဂျစ်ဘုရင်များ၏ ထင်ရှားကျော်ကြားလှသည့် ပိရမစ် သင်္ချိုင်းကြီးများသည် ကမ္ဘာ့အံ့ချီးဖွယ် ခုနစ်ပါးတွင် တစ်ပါး အပါအဝင် ဖြစ်လေသည်။ ပိရမစ်သင်္ချိုင်းများကို ဆောက်လုပ်ရန် လူပေါင်း ထောင်ပေါင်းများစွာ လုပ်ကိုင်ရသည်။ ထို့ပြင် ယင်းတို့ကို တည်ဆောက်ရန်လည်း နှစ်ပေါင်းများစွာ အချိန်ကြာလေသည်။ ရောမ ပိရမစ်သင်္ချိုင်းကြီးတစ်ခုကို လူတစ်သိန်းလုပ်အားဖြင့် အနှစ်နှစ်ဆယ်နီးပါး တည်



ဆောက်ရသည်။ ကျေးကျွန်များသည် အိမ်ငယ်လေးတစ်လုံးလောက်ကြီးသည့် ကျောက်တုံးကြီးများကို ပိရမစ်သင်္ချိုင်းဆောက်လုပ်မည့် နေရာသို့ ရောက်အောင် သဲကန္တာရများကို ဖြတ်လျက် မိုင်ပေါင်းများစွာ သယ်ယူရသည်။ ထိုနောက် ကျောက်တုံးကြီးများကို ပိရမစ်သင်္ချိုင်းတွင် နေထားတကျရှိအောင် တွန်းရဆွဲရပြန်သည်။ ပိရမစ်သင်္ချိုင်းကြီးတစ်ခု အနီးတွင် ရောမခြသေ့ကျောက်ရုပ်ကြီး

တစ်ခုရှိသည်။ ခြင်္သေ့၏ကိုယ်တွင် လူခေါင်းတပ်ထားသည်။ ယင်းကို မနုဿသီဟ ဟု ခေါ်ကြသည်။ ယင်းတို့အပြင် ဘုရားပုထိုးတို့၌ နိုင်းမြစ်ဝှမ်းဒေသသားတို့ ဆောက်လုပ်သော မိုးထိနီးပါး ကျောက်ရုပ်ကြီးများ အပါအဝင် တည်ဆောက် ခြင်း မှန်သမျှတို့သည် အီဂျစ်ယဉ်ကျေးမှု၏ ကြီးစွာသော ဂုဏ်ကျက်သရေပင် ဖြစ်ပေသည်။ ဤဆောက်လုပ်ခြင်း မှန်သမျှသည် နိုင်းမြစ်ဝှမ်းဒေသ၏ သြဇာ မြေဆီက ကောက်ပဲသီးနှံဖွံ့ဖြိုးအောင် ထောက်ကူသည့်အတွက် ဘုရားသခင် အား ကျေးဇူးတုံ့ပြန်ခြင်း ဖြစ်ပေသည်။

၆

ကောက်ပဲသီးနှံ ဖွံ့ဖြိုးကြွယ်ဝသည့် အပေါ်တွင် အခြေတည်၍ ယဉ်ကျေးမှု ကြီး တစ်ရပ် တည်ဆောက်သော အခြား ရှေးခေတ်လူမျိုး တစ်မျိုးလည်း ရှိသေးသည်။ ယင်းမှာ ရဟူဒီလူမျိုးပင် ဖြစ်သည်။

ရဟူဒီတို့သည် ရှေးဦးစွာ ဘေဘီလုံမြို့၏ မြောက်ဘက် ယူဖရေတိ မြစ်နှင့် တိုက်ဂရစ်မြစ် နှစ်ခုအကြားတွင် နေထိုင်ကြသည်။ ထိုမြစ်နှစ်သွယ် ၏ အကြားရှိ မြေသည် သြဇာထက်သန်သည်။ ထိုနေရာမှာပင် ရှေးဟောင်း လူ့အနွယ်တို့သည် ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းခုတ်ထွင်ကာ မြေကြီးကို ကျောက်လက်နက်ဖြင့် တူးဆွလျက် ကောက်ပဲသီးနှံများ စိုက်ပျိုးခဲ့ကြသည်။ ထိုနောက် သူတို့သည် ရွာများတည်ဆောက်ကာ နေထိုင်ကြသည်။ သူတို့ကို ဘုရင်များက အုပ်ချုပ်သည်။ ဘုရင်တို့သည် ဥပဒေများကို ပြုလုပ်ကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း လေးထောင်ကျော်ခန့်က လုပ်ခဲ့သော ဥပဒေများကို ဖော်ပြသည့် စာရင်းတစ်ခုကို မကြာသေးမီက တွေ့ရှိခဲ့သည်။

ခရစ်မပေါ်မီ နှစ်ပေါင်း နှစ်ထောင်ခန့်က အဗရာဟမ်ဟု ခေါ်သော ပုဂ္ဂိုလ်တစ်ဦးသည် ရဟူဒီများကို ခေါင်းဆောင်ကာ နယ်သစ်ရှာ ထွက်ခဲ့သည်။ သူတို့သည် အီဂျစ်ပြည်သို့ သွားကြသည်။ အီဂျစ်ပြည်တွင် သူတို့အထဲမှ ယောရှေဆိုသူ တစ်ယောက်သည် အကြီးအကဲ ခေါင်းဆောင်တစ်ယောက် ဖြစ်လာသည်။ နောက်ပိုင်းတွင် ဖာရိုးဘုရင်များသည် ရဟူဒီများကို ဖိနှိပ်လေ သည်။ ထို့ကြောင့် ခရစ်မပေါ်မီ ၁၃၂၀ ခန့်တွင် မိုးဇက်ဆိုသူသည် ရဟူဒီများကို ခေါင်းဆောင်ကာ အီဂျစ်မြေမှ ပင်လယ်နီကို ဖြတ်ကျော်လျက် ကိုနန်မြေဟု ခေါ်သော 'သာယာဝပြောသည့်ဒေသ'သို့ ခေါ်ဆောင်ခဲ့သည်။ ဘုန်းတန်ခိုး

ကြီးမားသော ရဟူဒီဘုရင်ကြီး ဒါဝိတ်(ဒေးဗစ်)သည် ခရစ်မပေါ်မီ အနှစ်တစ်ထောင်ခန့်တွင် ဂျေရုဆလမ်မြို့ကို သူ၏ မင်းနေပြည်အဖြစ် ပြုလုပ်ခဲ့သည်။

၇

နိုင်းမြစ်ဝှမ်းဒေသ လက်နက်နိုင်ငံများနှင့် ယူဖရေတီ မြစ်ဝှမ်းဒေသ၊ တိုက်ဂရစ်မြစ်ဝှမ်းဒေသ လက်နက်နိုင်ငံ များစွာတို့အကြား စစ်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်။ ထိုနောက် ကမ္ဘာ့အခြေအနေသည်လည်း ပြောင်းလဲလာခဲ့ပြန်သည်။ လူမျိုးသစ်များလည်း ပေါ်ထွန်းလာသည်။ လူမျိုးသစ်များသည် တန်ခိုးကြီးမား၍လည်း လာကြသည်။ ယင်းတို့အနက် ပါရှင်းလူမျိုးတို့သည် တန်ခိုးအကြီးဆုံး ဖြစ်လာသည်။ သူတို့သည် ဘေဘီလုံမြို့နှင့် အီဂျစ်ပြည် တစ်စိတ်တစ်ဒေသကို အောင်မြင် သိမ်းပိုက်ပြီးနောက် အိန္ဒိယပြည်နယ်နိမိတ်အထိ နယ်မြေတိုးချဲ့လိုက်ကြသည်။

အစားအစာ ထုတ်လုပ်ခြင်းဇာတ်ကြောင်းတွင် ပါရှင်းလူမျိုးတို့၏ တီထွင်ဖြည့်စွက်မှုဟူ၍ များများစားစား မပါရှိခဲ့။ သို့ရာတွင် သူတို့၏ အင်ပိုင်ယာ နိုင်ငံအတွင်း လမ်းများကို တိုးချဲ့ဖောက်လုပ်ကြသည်။ ထိုကြောင့် လူတို့သည် တစ်ဦးနှင့်တစ်ဦး ပိုမိုသိနားလည်လာကြသည်။ ထိုလမ်းများကြောင့် သစ်ပင်များသည် တစ်နေရာမှ အခြားတစ်နေရာသို့ ကူးလူးသွားလာကြသည်။ ဥပမာဆိုလျှင် အာဖကန်နစ်စတန်ပြည်တွင် ပေါက်သော ကြက်သွန်နှင့် သလဲပင်တို့သည် အနောက်နိုင်ငံများသို့ ထိုလမ်းများမှ တစ်ဆင့်ရောက်သွားသည်။ ထို့ပြင် အိန္ဒိယပြည်တွင် ပထမဆုံးတွေ့ရသော ကြက်သည်လည်း ဥရောပတိုက်သို့ ကူးသန်းသွားလေသည်။

၈

တရုတ်ပြည်၏ ယဉ်ကျေးမှုသည်လည်း အီဂျစ်ပြည်၏ ယဉ်ကျေးမှုကဲ့သို့ပင် ရှည်ကြာလှပေပြီ။

သို့ရာတွင် တရုတ်ပြည်၏ မြေသြဇာသည် မာကျောကြမ်းတမ်းလှသည်။ ယင်းမြေ၌ အသီးအနှံ သီးပွင့်ရန် များစွာ အချိန်ရှည်ကြာသည်။ ဟိုဝှမ်ဟိုမြစ်နှင့် မြစ်ဝါမြစ်တို့သည်လည်း မကြာခဏ ရေလျှံကာ တရုတ်ပြည်ကြီးကို ရေလွှမ်းမိုးစေသည်။ တရုတ်ပြည်ကြီး၏ အခြားနေရာ အနံ့အပြား

တို့တွင်လည်း မကြာခဏ သရောကြီးများ ခိုင်းတတ်သည်။ သူ့အိမ်မှ အဝေးသို့ ရောက်နေသော တရုတ်ကဗျာဆရာတစ်ယောက်သည် ခရစ်မပေါ်မီ ၁၁၂ ၁ တွင် အောက်ပါ ကဗျာတစ်ပုဒ်ကို ရေးစပ်ခဲ့သည်။

မိုးလယ်တိမ်ခိုး
တိမ်ဖြူမိုးစဉ်
တောင်ရိုးပိတ်သန်း
ဖီလာ တန်းခဲ့။
လမ်းတာကကြမ်း
လူလည်း ပန်းခဲ့။
ခရီးကဝေး
လူလည်း ဖေးခဲ့။
မြစ်ချောင်းတန့်တီး
ရေလောင်းဆီးခဲ့။
ထိုခဏလျှင်
ငါစိတ်တွင်ဖင့်
သခင့်ကိုတည်
အသက်ရှည်ကြောင်း
ဆုပန်တောင်း၏။ ။

သို့ရာတွင် အံ့ဖွယ်သရဲတို့ကို စွမ်းဆောင်ခဲ့သည့် လူသည် ဤတောင်စဉ် ခုနစ်ခရိုင် မြစ်ချောင်းလျှိုမြောင်တို့ ဖီလာဆီးတားနေသည့် မြေအပြင်မှာပင် ရေးလွန်လေပြီးသောအခါကပင်က ထူးဆန်းအံ့ဩဖွယ် အလုပ်များကို ပြုလုပ်ခဲ့လေသည်။ မြစ်ရေလျှံ၍ ရေလွှမ်းမိုးသည့်အခါ တာတမံများ၊ ဆည်များ၊ တူးမြောင်းများ၊ ရေလှောင်ကန်များ တည်ဆောက်ကာ မြစ်ရေကို ထိန်းချုပ်ခဲ့သည်။ စိုစွတ်နေသော မြစ်ဝကျွန်းပေါ် ဒေသများတွင် ရေနုတ်တူးမြောင်းဖောက်၍ ရေကို ထုတ်ယူခဲ့သည်။ ခြောက်သွေ့သော မြေများတွင် ရေသွယ်တူးမြောင်းများ ဖောက်လုပ်ခဲ့သည်။ တောင်စောင်းများတွင် အထစ်များ ပြုလုပ်ကာ ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်းများစွာကဆိုလျှင် တရုတ်ပြည်တွင် လယ်မြေဌာနတစ်ခု ရှိခဲ့သည်။ ထိုဌာနကို ပြည်သူ့လုပ်ငန်းများ စီမံခန့်ခွဲ

သည့် ဝန်ကြီးတစ်ယောက်က အုပ်ချုပ်သည်။ ထိုပုဂ္ဂိုလ်က လူများကို မည်သည့် မြေမျိုးတွင် မည်သည့်သီးနှံ စိုက်ပျိုးသင့်သည်၊ လယ်ယာသုံး လက်နက်ကိရိယာတို့ကို မည်သို့ ထိန်းသိမ်းသင့်သည်၊ မြေဩဇာကို မည်သို့ အသုံးပြုရမည် စသဖြင့် အကြံပေးခဲ့သည်။ တရုတ်တို့သည် ကျွဲချေး၊ နွားချေး၊ ငါးပုပ်၊ မီးဖိုချောင် အညစ်အကြေး အပုပ်အစပ်တို့မှ မြေဩဇာကောင်းများ ထုတ်ယူခဲ့သည်။ ဤနည်းအားဖြင့် သူတို့သည် လယ်မြေကို မြေဩဇာထက်သန်အောင် လုပ်ခဲ့သည်။ ထိုလယ်မြေ တစ်ခုတည်းကပင် တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး ရအောင် စိုက်ပျိုးနိုင်ခဲ့သည်။ သူတို့သည် ဆန်စပါးကိုသာမက သစ်သီးပင်များကိုပါ အထူးမြေဩဇာ ကျွေးကာ စိုက်ပျိုးခဲ့ကြသည်။

မိမိတို့၏ လယ်မြေမှ ကောက်နှံစပါး များများစားစား ထွက်ပြီဖြစ်ရကား တရုတ်တို့သည် အနုပညာဘက်တွင် ပြုစုပျိုးထောင်ကြပြန်သည်။ သူတို့၏ အတတ်ပညာများတွင် တူနှင့် အစာစားသည့် အတတ်သည်လည်း အလွန်အရေးကြီးသော အနုပညာပင်ဖြစ်သည်။ ထို့အတူ လှပသော စာလုံးများ ရေးခြင်း၊ ကြေးညိုဖြင့် အရုပ်သွင်းခတ်သည့် ပန်းတဉ်းအတတ်၊ ဆင်စွယ်ပန်းပုအတတ်၊ ပန်းချီရေးဆွဲခြင်းအတတ်၊ ပန်းပုထွင်းထုခြင်းအတတ်၊ ကောင်းသော အမူအကျင့်တို့ အကြောင်းကို ဆွေးနွေးနှီးနှောခြင်း အတတ်တို့သည်လည်း တရုတ်တို့၏ အရေးကြီးသော အနုပညာများ ဖြစ်ကြလေသည်။

## ၉

အိန္ဒိယပြည်တွင်လည်း လူတို့သည် ရှေးကာလ စောစီးစွာကပင် ကောက်ပဲသီးနှံ အများအပြားထွက်အောင် စိုက်ပျိုးနိုင်ခဲ့ကြသည်။ အိန္ဒိယပြည်တွင် မူလအခြေစိုက်သောကျောက်သစ်ခေတ်လူများနှင့်မူလဒြာဗိဒိယန်များသည်အိန္ဒုမြစ်ဝှမ်းဒေသတွင် ထွန်ယက်စိုက်ပျိုး နေထိုင်ခဲ့ကြသည်။ ထိုအချိန်တွင် ခြေသလုံးအိမ်တိုင်လှည့်လည် သွားလာနေကြသော အာရိယန်လူမျိုးတို့ အိန္ဒိယပြည်သို့ မဝင်ရောက်ကြသေးပေ။ ကောက်ပဲသီးနှံ စိုက်ပျိုးရာ၌သာ မဖွံ့ဖြိုးခဲ့လျှင် မိုဟင်ချိုဒါရိုမြို့၊ ဟာရပ္ပမြို့ စသော မြို့ကြီးများကို လှပစွာ တည်ဆောက်နိုင်လိမ့်မည် မဟုတ်။ ထို့အတူ ရွှေလည်ဝတ်တန်ဆာများ၊ လှပသော အိုးများ၊ တံဆိပ်များ၊ ကစားစရာများကိုလည်း ပြုလုပ်နိုင်လိမ့်မည် မဟုတ်။

အိန္ဒုမြစ်ဝှမ်းဒေသ ယဉ်ကျေးမှုသည် ခရစ်မပေါ်မီ ၂၅၀၀ ခန့်က စ

ခဲ့သည်။ သို့ရာတွင် ထိုအချိန်ကပင် အိန္ဒိယပြည် မြောက်ပိုင်းနှင့် မြစ်ကြီးနှစ်သွယ်ဖြစ်သော ယမုနာမြစ်နှင့် တိုက်ဂရစ်မြစ်အကြားရှိ ဒေသတို့သည် ကုန်သွယ်ခြင်း ပြုခဲ့ကြဟန်တူသည်။ ရာသီဥတု ပြောင်းလဲသွားသောကြောင့် ဖြစ်စေ၊ ကုန်သွယ်မှု တိမ်ကောသွားသောကြောင့်ဖြစ်စေ၊ အခြားမတော်တဆ အဖြစ်အပျက်တစ်ခုကြောင့်ဖြစ်စေ ခရစ်မပေါ်မီ ၁၇၀၀ သို့မဟုတ် ၁၄၀၀ တွင် ထိုယဉ်ကျေးမှုသည် ရုတ်တရက် ရပ်တန့် ဆုံးပါးသွားခဲ့သည်။

အိန္ဒိယပြည်၏ ရှေးဟောင်းသမိုင်း နောက်တစ်ဆင့်သည် အာရိယန်လူမျိုးတို့ ဝင်ရောက်ကျူးကျော်သည့် ခရစ်မပေါ်မီ ၁၅၀၀ ခန့်တွင် အစပျိုးခဲ့သည်။ ခြေသလုံးအိမ်တိုင် လှည့်လည်နေထိုင်ကြသူ အာရိယန်တို့သည် ဒြာဗိဒိယန်တို့ကို အောင်နိုင်လိုက်သည်။ ဒြာဗိဒိယန်တို့ထံမှ ကောက်ပဲသီးနှံစိုက်ပျိုးသည့်အတတ်ကို တတ်ကျွမ်းခဲ့သည်။ အာရိယန်တို့သည် မြင်းစီးသမားကောင်းများ ဖြစ်ကြသည်။ သူတို့သည် မည်ကဲ့သို့ ကျွဲနွားများ မွေးမြူရမည်ကို ကောင်းစွာ နားလည်သည်။ ထို့ပြင် သိုးများ၊ ဆိတ်များကိုလည်း ထိန်းကျောင်းတတ်သည်။ သို့ရာတွင် သူတို့သည် အိန္ဒိယပြည်သို့ ရောက်မှသာလျှင် လယ်ယာစိုက်ပျိုးရေးကို ကောင်းစွာ နားလည်ကြခြင်းဖြစ်သည်။ သူတို့သည် အမဲသားစားသူများ ဖြစ်ကြသည်။ ထို့ပြင် အခြားအသားများကိုလည်း စားကြသည်။ သို့ရာတွင် အိန္ဒုမြစ်ဝှမ်းဒေသနှင့် ဂင်္ဂါမြစ်ဝှမ်းဒေသတို့၏ ဖွံ့ဖြိုးကြွယ်ဝသော ကောက်ပဲ သီးနှံကိုသာလျှင် သူတို့ များစွာ တန်ဖိုးထားကြလေသည်။

ကောက်ပဲသီးနှံ စိုက်ပျိုးနိုင်သော ဒေသတစ်ဝိုက်တွင် အာရိယန်နှင့် ဒြာဗိဒိယန်တို့သည် အစစအရာရာ လိုလေသေးမရှိအောင် ပေါများသော ကျေးရွာများကို မိမိတို့ဘာသာ တည်ဆောက်ကြသည်။ သူတို့လောကသည် အလွန် သာယာကြည်နူးဖွယ်ကောင်းလေသည်။ ထိုရွာများတွင် နေထိုင်ကြသော လယ်သမားတို့သည် ဂျုံစပါး၊ မုယောစပါး၊ ပြောင်း၊ ပြောင်းဖူးများကို စိုက်ပျိုးကြသည်။ အိုးထိန်းသည်များက အစားအစာ သိုလှောင်ရန်အတွက် မြေအိုးများ ပြုလုပ်သည်။ ရက်ကန်းသည်တို့က ဗိုင်းငင်ကာ အဝတ်အထည်များ ရက်လုပ်သည်။ ကျောင်းဆရာများက ကလေးများကို စာသင်ပေးသည်။ ပန်းပဲဆရာများက ကျွဲနွားများကို သံခွာရိုက်ပေးသည်။ ထိုသူအားလုံးကို သူတို့က အစာရေစာ ထောက်ပံ့ပေးကမ်းလေသည်။ ထို့ပြင် ကောက်ပဲသီးနှံ ဖွံ့ဖြိုးရေး အတွက် နတ်ဘုရားထံ ဆုတောင်းရွတ်ဖတ်ပေးသည့် ဘုန်းကြီးများကိုလည်း

သူတို့က ထောက်ပံ့ပေးလေ့ရှိသည်။ ထိုကျေးရွာများသည် မည်သူ့ကိုမျှ မမှီခိုရဘဲ အစစအရာရာ ပြည့်စုံသော ကျေးရွာသမ္မတအဖွဲ့ကလေးများ ဖြစ်ကြသည်။ ထိုရွာများ၌ မည်သူတစ်ဦးတစ်ယောက်ကမျှ မြေယာများကို မပိုင်ဆိုင်ကြ။ သို့ရာတွင် လူတိုင်း၌ မိမိနှင့် မိမိအိမ်သားတို့ စားသုံးလိုသလောက် မြေယာကို ထွန်ယက်စိုက်ပျိုးပိုင်ခွင့် ရှိသည်။ ထို့ပြင် ဘုံစားကျက် မြက်ခင်းများ၌လည်း ကျွဲနွားများကို ကျောင်းပိုင်ခွင့် ရှိသည်။ အကြီးအကဲ သို့မဟုတ် ရှင်ဘုရင်သည် အခွန်တော် ကောက်ခံသည်။ အခွန်တော်သည် ကုန်ပစ္စည်းတို့ပင် ဖြစ်သည်။ အခွန်တော်ကောက်ခံရန် ဘုရင်က သူ၏ကိုယ်စားလှယ်ကို စေလွှတ်၍ တောင်းခံပိုင်ခွင့်ရှိသည်။ အခွန်တော် ပေးရသည့်အတွက် ဘုရင်သည် လမ်းပန်းခရီးကို ကြည့်ရှု စောင့်ကြပ်ပေးသည်။ သူ၏ ပိုင်နက်ရှိ ကျေးရွာများကို စောင့်ရှောက်ရန် စစ်တပ်တစ်ခုလည်း ထားရှိပေးသည်။

အိန္ဒိယပြည်တွင် ဤရှေးဟောင်း ကျေးရွာအဖွဲ့ တည်ဆောက်ပုံစနစ်သည် ခရစ်နှစ် ဆယ့်ရှစ်ရာစုတိုင်အောင် တည်တံ့ခဲ့သည်။ ထိုနောက်တွင်ကား ဗြိတိသျှတို့က အိန္ဒိယပြည်ကို အောင်နိုင်သိမ်းပိုက်လေသည်။ ကျေးရွာသမ္မတအဖွဲ့စနစ်တွင် ကောင်းကျိုးများရှိသည်။ ယင်းမှာ ဘုရင်တစ်ပါး နတ်ရွာစံ၍ နောက်ဘုရင်တစ်ပါး တက်သော်လည်း ထိုကျေးရွာသမ္မတစနစ်သည် တည်တံ့နေသည်။ ဘုရင်မည်မျှ ပြောင်းလဲစေကာမူ သူတို့၏စနစ်သည် ဆက်လက်တည်တံ့နေသည်။ သူတို့၏ကျေးရွာများကို ဝင်ရောက်တိုက်ခိုက်သူတို့က ရက်စက်ကြမ်းကြုတ်လျှင် ရွာသားများသည် သူတို့၏ ကျွဲနွားတိရစ္ဆာန်များကို ယူဆောင်ကာ အခြားရေကြည်ရာ မြက်နုရာ ဒေသသစ်များသို့ ပြောင်းရွှေ့လျက် ကျေးရွာ သမ္မတအဖွဲ့သစ်ကလေးများ ထပ်မံဖွဲ့စည်းတည်ထောင်ကာ နေထိုင်ကြသည်။ ထိုအချိန်တွင် ရွှေ့ပြောင်းနေထိုင်ရန် နေရာကလည်း အလွန်ကျယ်ဝန်းသည်။ အိန္ဒိယပြည်ကို ရှေးအခါက ဗာရတ်ပြည်ဟု ခေါ်စမှတ်ပြုကြသည်။ ထိုဒေသတွင် နွားနို့နှင့် ပျားရည်သည် အစဉ်ပေါများနေသောကြောင့်တည်း။

အိန္ဒိယတိုင်းတွင် မြေဆီဩဇာသည် အလွန်ထက်သန်သည်။ ကောက်ပဲသီးနှံ ဆန်ရေစပါးကလည်း ပေါများသည်။ ရွှေငွေကျောက်သံ ပတ္တမြားလည်း အလွန်ပေါကြွယ်သည်။ အမွှေးနံ့သာ ဆီဦးထောပတ်တို့သည်လည်း အလွန်ပေါများသည်။ ဤသတင်းစကားများသည် နိုင်ငံခြားသားတို့၏ စိတ်ကို နှိုးဆွပေးခဲ့သည်။ ထို့ကြောင့်ပင် အိန္ဒိယပြည်သည် မကြာခဏ အကျူးကျော်

ခံခဲ့ရသည်။ အထူးသဖြင့် အနောက်မြောက် နယ်ခြားတောင်ကြားလမ်း ဒေသများတွင် မကြာခဏ ကျူးကျော်ခြင်းခံရသည်။ ဥရောပတိုင်းသား ကျူး ကျော်သူများ မလာရောက်မီ ရှေးလွန်လေပြီးသော အခါကပင် အိန္ဒိယပြည်ကို ဂရိများ၊ ပါရှင်းများ၊ ဆစ်သီယန်များ၊ ဟန်များ၊ ပထန်များ၊ မွန်ဂိုများနှင့် အခြားလူမျိုးများ ဝင်ရောက် ကျူးကျော်ခဲ့ကြသည်။ ထို့ကြောင့် သူတို့ခေတ်တွင် ဖျက်စီးခြင်းဘေးနှင့် ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့ ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။



အိန္ဒိယပြည်ကို နိုင်ငံ ခြားသားမင်းများ အုပ်စိုး သည့်အခါ ရေတွင်း ရေကန်များ၊ ဆည်မြောင်း ဘာတမ်များ၊ လမ်းပန်း အဆက်အသွယ်များနှင့် အခြား ပြည်သူ့ လုပ် ငန်းများကို စောင့်ရှောက် ခြင်း မပြုတော့ဘဲ လျစ်လျူရှု ထားခဲ့ကြ သည်။

သို့ငြားလည်း စပါး ဆန်ရေ ပေါကြွယ် ခြင်းတွင် အခြေစိုက် ကာ အိန္ဒိယပြည်သည် ကမ္ဘာတွင် အဆင့် အတန်းအမြင့်ဆုံး ယဉ် ကျေးမှုကြီးတစ်ခုကို တည်ဆောက်နိုင်ခဲ့သည်။ ကမ္ဘာတွင် ရှေးအကျဆုံး ပေစာအချို့ကို ဤဒေသတွင် ရေးသားခဲ့သည်။ ရိဂဗေဒ ကဗျာဆရာတို့၏ ရဲရင့် တည်ကြည်ခြင်းသည် 'ဖန်ဆင်းခြင်း ဓမ္မ သီချင်း' ထက် များစွာ သာလွန်ခဲ့သည်။ အခြား ဗေဒကျမ်းများနှင့် ဥပနိသျှဟု ခေါ်သော ရှေးကျသည့် စာပေများတွင် အိန္ဒိယပညာရှိများ၏ နက်နဲသော ဉာဏ်ပညာတို့ ထွန်းတောက်ခဲ့ကြသည်။ ဗုဒ္ဓဂေါတမသည် မေတ္တာတရားနှင့် ကရုဏာတရားကို အိန္ဒိယတောင်ပိုင်းတွင် ပထမဆုံး ဟောကြားခဲ့သည်။ ထိုအချိန်တွင် သစ်ပင်များ၊ တိရစ္ဆာန်များ၊ လူများကို သနားကြင်နာစိတ် ထားရန်ကိုလည်း ဖိနက သင်ကြားခဲ့သည်။ ရာမယနနှင့် မဟာဘာရတ ဇာတ်တော်ကြီးများတွင် အချစ်၊ လောဘ၊ မောဟ၊ ဒေါသ၊ သနားကရုဏာတို့ အကြောင်းကို လူ့စိတ်နှလုံး ထိခိုက်လှုပ်ရှားမှုမှရသော အသိဖြင့် ရေးသားခဲ့ကြ သည်။ ကာလီဒါသ၊ ဟာရျှ၊ ဘာန၊ သုဒြက ဇာတ်ဝတ္ထုများသည်လည်းကောင်း၊ အဇန္တလိုဏ်ဂူ ဆေးရေးပန်းချီကားများသည်လည်းကောင်း လူတို့၏ အကြီးမား ဆုံး အောင်မြင်မှုများဖြစ်ကြပေသည်။ အိန္ဒိယ ရှေးဟောင်းအနွယ်တို့သည်

ကျောက်တုံးများကို အလွန်လှပအောင် ထုထွင်းခဲ့ကြသည်။ အချို့လူများသာ ထိုကဲ့သို့ ထွင်းထုတတ်သည်။ ရှေးဟောင်း ကောက်သိမ်းအကမှသည် အလွန် သိမ်မွေ့သော ဘာရတနတ်တယမ် အကအထိ အပါအဝင်ဖြစ်သော အိန္ဒိယ အကပညာသည် စည်းဝါးညီညွတ်သော အသက်ဝင်လှုပ်ရှားမှုကို အမြင့်မားဆုံး အထိ တင်ပြဖော်ကျူးနိုင်ခဲ့သည်။

## ၁၀

သို့ရာတွင် အိန္ဒိယပြည်သည် ကံဆိုးမိုးမှောင် ကျခဲ့ရသည်။ ဗြိတိသျှတို့က အိန္ဒိယပြည်ကို သိမ်းပိုက်လိုက်သည့်အခါ နိုင်ငံခြားသား အုပ်စိုးမှု အောက်သို့ ရောက်ခဲ့ရသည်။ ထို့ပြင် မြေယာစနစ်တွင်လည်း အပြောင်းအလဲကြီး ပြောင်းလဲ စေခဲ့သည်။

ရှေးဟောင်းအိန္ဒိယပြည်တွင် မည်သူတစ်ဦးတစ်ယောက်မျှ လယ်ယာ ကို မပိုင်ဆိုင်ကြ။ သို့ရာတွင် လယ်ယာနှင့် ပတ်သက်၍ အခွင့်အရေးအချို့ ကား ရှိသည်။ ဗြိတိသျှတို့ အုပ်စိုးသည့်အခါ လယ်မြေပိုင်ဆိုင်ခွင့် အယူအဆကို သွတ်သွင်းလာသည်။ အင်္ဂလန်ပြည်တွင်လည်း လယ်ယာစိုက်ပျိုးရေးစနစ်သည် အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။ ပထမဦးစွာ လယ်မြေကို ဘုရင်ကပိုင်ဆိုင် သည်။ ဘုရင့်ထံမှတစ်ဆင့် မှူးမတ် သေနာပတိတို့ထံသို့ ပိုင်ဆိုင်ခွင့် ကူးပြောင်း သွားသည်။ ထိုမှတစ်ဆင့် ချမ်းသာသော လယ်သမားများထံသို့ ပိုင်ဆိုင်ခွင့် ကူးပြောင်းသွားသည်။ လယ်မြေပိုင်ဆိုင်သူတို့သည် လယ်ပိုင်ရှင်ကလေးများ၊ လယ်ယာအလုပ်သမားများထံမှ ရနိုင်သမျှတို့ကို ဖျစ်ညှစ်ယူကြသည်။ ဗြိတိသျှ တို့ အုပ်စိုးသည့် အိန္ဒိယပြည်တွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်လာခဲ့သည်။ လော့ကွန်ဝေါလစ် တင်သွင်းသော ဥပဒေအရ ပထမဆုံး ဘင်္ဂလားနယ်၊ ထိုနောက် အခြားနယ်များတွင် မြေပိုင်ရှင် လူတန်းစား တစ်ရပ်ကို ဖန်တီးခဲ့ သည်။ မြေပိုင်ရှင်တို့သည် ဗြိတိသျှအစိုးရကို အခွန်တော် အနည်းငယ်မျှသာ ပေးဆောင်ရသည်။ သို့ရာတွင် သူတို့မြေ၌ ထွန်ယက်လုပ်ကိုင်သည့် ဆင်းရဲသော လယ်သမားများနှင့် သူရင်း ငှားများထံမှ သူတို့ကြိုက်သလောက် အခွန်အတုတ် များကို တောင်းယူကြသည်။

ဤစနစ်ကြောင့် လယ်သမား ကလေးများမှာ ဆင်းရဲသည်ထက် ဆင်းရဲလာကြသည်။ လယ်သမား အများအပြားမှာ လယ်မြေကို စွန့်ပစ်ကာ

မြို့ကြီးများသို့ အလုပ်ရှာထွက်ကြရသည်။ ဗြိတိသျှတို့ဖွင့်လှစ်သော စက်ရုံကြီးများတွင် လယ်သမားလူထွက် အားလုံး အလုပ်မရနိုင်ကြရကား သန်းပေါင်း များစွာတို့မှာ အလုပ်လက်မဲ့ဖြစ်ကာ ငတ်မွတ်ခေါင်းပါးကြရသည်။ အခွန်အတုတ်အဖြစ် ငွေကိုသာ ယူသည်။ လယ်သမားကလေးများကို ဘာမျှတိုးတက်အောင် လုပ်ကိုင်မပေး။ ထို့ကြောင့် လယ်သမားကလေးများမှာ ငတ်မွတ်ကြရသည်။ အချို့ကား လယ်မြေလုပ်ငန်းကို စွန့်ခွာကြသည်။ ဤသည်မှာ ဗြိတိသျှတို့ ဖန်တီးသောစနစ်က ဆိုးသောကြောင့်ပင်ဖြစ်သည်။ ထို့ပြင် လယ်ယာလုပ်ငန်းတွင် လယ်ယာများ၌ ရေလုံလောက်စွာမရခဲ့။ ထို့ကြောင့် မကြာခဏ ငတ်မွတ်ခြင်းဘေး ဆိုက်ကြသည်။ ဤအဖြစ်ဆိုးသည် အိန္ဒိယလယ်သမားများ ယနေ့ထက်တိုင် ခံစားနေရသော အဖြစ်ဆိုးဖြစ်လေသည်။

နိုင်ငံခြားသား အုပ်စိုးမှုက အိန္ဒိယပြည်ကြီးကို ပျက်စီးစေခဲ့သည်။ အိန္ဒိယပြည်သားတို့ ကိုယ်တိုင်ကလည်း အားနည်းသဖြင့် အနိုင်ခံရခြင်း ဖြစ်သည်။ ဧကရာဇ်ဘုရင်ကြီးများ၊ မဟာရာဇာကြီးများကလည်း ပြည်သူနှင့်ဆိုင်သည့် ပြည်သူ့လုပ်ငန်းများဖြစ်သော ရေမြောင်း ဆည်မြောင်းဖောက်လုပ်ခြင်း၊ ရေတွင်းရေကန် တူးဖော်ခြင်း၊ လမ်းပန်းဖောက်လုပ်ခြင်းလုပ်ငန်းတို့ကိုလျစ်လျူရှုထားခဲ့သည်။ ထိုအချိန်မှာပင် အိန္ဒိယပြည်ကို အကူအညီများ မပေးသည့် ဗြိတိသျှတို့သည် သူတို့ အနောက်နိုင်ငံများတွင် တီထွင်သည့် စက်များကို အိန္ဒိယပြည်သို့ ယူဆောင်လာကြပြန်သည်။

၁၁

အိန္ဒိယပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့် နောက်တွင်မှ ဆန်ရေစပါးကျွန်းသစ် ရေနံ စသည့် သယံဇာတပေါကြွယ်သော မြန်မာပြည်ကို နိုင်ငံခြားသား ဗြိတိသျှတို့သည် မျက်စိကျလာခြင်း ဖြစ်သည်။ ဗြိတိသျှကုန်သည်တို့သည် ကုန်ရိုင်းပေါသည့် မြန်မာပြည်ကို ခြေဦးလှည့်ကြကုန်သည်။

မြန်မာပြည်သည် ထိုအချိန်အထိ ကမ္ဘာနှင့် မဆက်ဆံသေးဘဲ တစ်ကိုယ်ထီးတည်း နေခဲ့သည်။ အနောက်တွင် စက်မှုလုပ်ငန်း ထွန်းကားနေပြီဖြစ်ကြောင်းလည်း မြန်မာပြည်သည် ပဒေသရာဇ်မြေယာစနစ်ဘဝတွင် တင်းတိမ်ဆောင့်ရဲနေခဲ့သည်။

အီဂျစ်ပြည်သားတို့သည် နိုင်းမြစ်ဝှမ်းကို အခြေပြုကာ ယဉ်ကျေးမှု တစ်ခေတ်ကို ထူထောင်ခဲ့ကြသည်။ အိန္ဒိယတိုင်းသားတို့သည်လည်း အိန္ဒု မြစ်ဝှမ်းကိုမှီကာ ယဉ်ကျေးမှုခေတ်တစ်ခေတ်ကို ထူထောင်ခဲ့ကြသည်။ ထိုနည်း အတူပင် ကျွန်တော်တို့ မြန်မာလူမျိုးတို့သည်လည်း လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ခန့်က ဇော်ဂျီ၊ ပန်းလောင်တို့ ဖြန့်ယှက်စီးဆင်းရာ လယ်တွင်း ဆယ့်တစ်ခရိုင်ခေါ် မြစ်သာဆယ့်တစ်ခရိုင် ဒေသကို မှီ၍ ပုဂံယဉ်ကျေးမှု ခေတ်တစ်ခေတ်ကို တည်ဆောက်ခဲ့ကြသည်။ မြစ်သာ ဆယ့်တစ်ခရိုင်သည် ပုဂံသားတို့၏ မြန်မာ့စပါးကျီ ဖြစ်ခဲ့သည်။

မြန်မာ့အနွယ်များဖြစ်သော မူလမြန်မာတို့သည် ရေကြည်ရာ မြက် နုရာ ဒေသသို့ မရောက်လာကြမီက ဂိုဘီသဲကန္တာရနှင့် တိဗက်ပြည်အကြား တရုတ်ပြည် အနောက်မြောက်ပိုင်း ကန်စုဒေသတွင် နေထိုင်ကြသည်ဟု သမိုင်း သုတေသီတို့က အဆိုအမိန့် ပြုကြပါသည်။ ထိုကာလသည် ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ က ဖြစ်သည်။ သူတို့သည် နီယိုလစ်သစ်ယဉ်ကျေးမှုခေါ် သော ကျောက်သစ်ခေတ် ယဉ်ကျေးမှုတွင် အိုးလုပ်ခြင်းအတတ်၌ ပြိုင်ဘက် ကင်းသည့် သူများ ဖြစ်သည်ဟု ရှေးဟောင်းပညာရှင်တို့က မှတ်ချက်ချကြ ပါသည်။

မြန်မာအဖြစ် ကျောက်ဆည်လွင်ပြင်ဒေသသို့ ယင်းတို့ဆင်းသက်လာ သည့် အချိန်ကား ခရစ်ပေါ်ပြီး သက္ကရာဇ် ၅၀၀ ဟု ခန့်မှန်းနိုင်ပါသည်။ မြန်မာ့အနွယ်တို့သည် ကျောက်ဆည်လွင်သို့ မဆင်းမီ ဧရာဝတီနှင့် သံလွင် အကြား ယူနန်ဒေသ၌ ကာလအတန်ကြာသည်အထိ နေထိုင်ခဲ့ကြသေးသည်။ ထိုအချိန်တွင် သူတို့သည် နန်ချိုရှမ်းတို့၏ လက်အောက်ခံဖြစ်ခဲ့သည်။ နန်ချို တို့က သူတို့အား စစ်တိုက်ခြင်း အတတ်ပညာကို သင်ကြားပေးလိုက်သည်။ နန်ချိုတို့အောက်၌ ကျပ်ကျပ်တည်းတည်း နေထိုင်ခဲ့ရသဖြင့် မူလ မြန်မာတို့ သည် တူသားပေသားရလာခဲ့ရသည်ဟု တစ်နည်းအားဖြင့်လည်း ဆိုသင့်လေ သည်။ ထိုကာလမှာပင် မူလမြန်မာတို့သည် ကောက်ပဲသီးနှံ စိုက်ပျိုးခြင်း အတတ်ကို ရခဲ့သည်ဟုဆိုနိုင်သည်။ သူတို့၏ ဘိုးဘွားဘီဘင်တို့ကား မူလ ဒေသ ကန်စုတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ခန့် ကတည်းက ဆန် စပါးစိုက်ပျိုးခြင်းအတတ်ကို တတ်သိနားလည်ခဲ့ကြသည်။ သို့ရာတွင် လွတ်လပ်ခြင်းကို ချစ်မြတ်နိုးကြသူများဖြစ်သဖြင့် မူလရိုးရင်းစွဲ ယဉ်ကျေးမှု

ထို အဆုံးရှုံးခံကာ နန်ချိုရှမ်းတို့အောက်မှ ထွက်ပြေးလာခဲ့သူများ ဖြစ်လေရာ၊ နှစ်ပေါင်း ၂၀၀၀ ကာလအတွင်း စိုက်ပျိုးခြင်းအတတ်ကို မေ့လျော့စွန့်လွှတ်ခဲ့ရသည်။ ကျောက်ဆည်လွင်သို့ ရောက်သော် ရှိရင်းစွဲ မွန်တို့ထံမှ ဆန်စပါးစိုက်ပျိုးခြင်း အတတ်ကို ထပ်မံ နည်းခံသည့်အခါ ဘိုးဘွားဘီဘင်တို့ လက်ထက်က အလေ့အလာဟောင်းသည် ပြန်လည်ထွန်းကားလာခဲ့ရခြင်း ဖြစ်လေသည်။

မြန်မာတို့သည် ထိုကျောက်ဆည်ဒေသကို အခြေစိုက်ကာ ယဉ်ကျေးမှုတစ်ခေတ်ကို ထူထောင်ကြလေသည်။ နိုင်းမြစ်ဝှမ်းဒေသတွင် ဆန်ရေစပါးပေါ်ကြွယ်သည့်အခါ အီဂျစ်လယ်သမားတို့သည် အုပ်စိုးသူတို့အတွက် ပိရမစ်သင်္ချိုင်းကြီးများ တည်ဆောက်ပေးခဲ့သည်။ အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုသည် မိုဟင်ဂျိုဒါရိုနှင့် ဟာရပ္ပကဲ့သို့သော အလွန်လှပသည့် မြို့ကြီးများကို တည်ဆောက်ပေးခဲ့သည်။ ထို့အတူ မြစ်သာဆယ့်တစ်ခရိုင်ကို အခြေပြုသော ပုဂံယဉ်ကျေးမှုသည်လည်း အလွန်လှပသည့် အာနန္ဒာ၊ အလွန်ထည်ဝါကာ အထုအထည်ကြီးသည့် ရွှေစည်းခုံ စသော စေတီပုထိုးတို့ကို တည်ဆောက်ပေးခဲ့ပါသည်။ ပုဂံဒေသတွင် လက်ညှိုးထိုးမလွဲ ဘုရားစေတီပုထိုးများ တွေ့နိုင်ပါသည်။ 'လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း'ဟုပင် ဆိုရိုးရှိခဲ့သည်။ ယင်းအဆိုအရဆိုလျှင် ပုဂံဘုရားပေါင်း ၄၄၄၆၇၂၂ ဆူရှိသည်ဟု ဆိုရပါမည်။ ဤမျှများပြားလှသည့် ဘုရားများကို တည်နိုင်သည်မှာ ပုဂံခေတ်၌ ဆန်ရေစပါး ပေါကြွယ်သောကြောင့် ဖြစ်ပေသည်။

မြန်မာတို့သည် ဆန်စပါးကို အရေးထားသော လူမျိုးဖြစ်ပါသည်။ ဆန်စပါးသည် တိုင်းခြေပြည်မြစ်ဖြစ်သည် မဟုတ်ပါလား။ ပုဂံ ကောင်းစားစဉ်က ဒီသာပါမောက်ဘွဲ့တော်ရှိ ရဟန်းတစ်ပါးသည် ခန်းမင်းကြီး၏ နေပြည်တော်သို့ တမန်အဖြစ် သွားကာ စကားစစ်ထိုးဖူးသည်။ ရဟန်းတော်က "ဤစစ်သည် သူ့ရဲအလုံး စပါးရှိပါမှ တည်ကြည်အံ့။ စပါးကား ပြည်ညည်းစိမ် အမြစ်မဟုတ်လော"ဟု အမိန့်ရှိဖူးလေသည်။

ပုဂံခေတ်မြန်မာတို့သည် ဆန်စပါးအပြင် အခြားအစားအစာအဖြစ် လူး၊ ဆပ်၊ ပြောင်း တို့ကိုလည်း စိုက်ပျိုးကြသည်ဟု ကျောက်စာများအရ သိရပါသည်။ ထိုခေတ်သည် သာယာဝပြောသောခေတ် ဖြစ်ပါသည်။ ပုဂံခေတ်လည်တွင် လည်းကောင်း၊ ကျောက်ဆည်လွင်ပြင် ဒေသတွင်လည်းကောင်း

ဥယျာဉ်တို့သည် အစဉ် စိမ်းလန်းစိုပြည်နေပါသည်။ ထိုဥယျာဉ်များမှ ငှက်ပျောပင်၊ ကွမ်းသီးပင်၊ သံပရာပင်၊ ရှောက်ပင်၊ အုန်းပင်၊ သလဲပင်တို့ ဝေဝေဆာဆာ သီးပွင့်ကြသည်။ ထို့ပြင် သခွတ်၊ သစ်ဆိမ့်၊ သရက်၊ သဖန်း၊ မန်ကျည်းတို့လည်း ဝေဆာသီးပွင့်ကြပါသည်။ ထန်းလျက် သည် ပုဂံခေတ်က အစားအစာ တစ်ခုဖြစ်ပါသည်။ တစ်ဖန် ထိုခေတ်ကပင် ရက်တက်၊ ထောပေး၊ ထောပတ်တို့ ပြုလုပ်ခဲ့သည်ကို ထောက်သော် ကျွဲနွား ပေါများကြောင်း သိသာနိုင်ပါသည်။ ကြက်၊ ဘဲ၊ ပုစွန်တို့ကား ပုဂံခေတ် မြန်မာတို့၏ ဟင်းလျာများ ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့ အလွန်ခံတွင်းတွေ့သည့် ငါးပိကို ပုဂံသားတို့ စားသုံးခဲ့ကြောင်း ကျောက်စာတို့၌ တွေ့ရပါသည်။

ပုဂံခေတ် ယာတွင် ပဲ၊ ပဲကြီး၊ ပဲလွမ်း၊ ကုလားပဲ၊ ရွှေဖရုံ၊ သခွား၊ သခွားမွေး၊ ခရမ်းတို့ စိုက်ပျိုးခဲ့ကြပါသည်။ ယနေ့ လယ်တွင်းဆယ့်တစ်ခရိုင် ဒေသဖြစ်သည့် တူးမြောင်းများ ဖြန့်ယှက်စီးဆင်းနေသော ကျောက်ဆည်ခရိုင်သို့သွား၍ လည်ပတ်မည်ဆိုလျှင် စိမ်းလန်းသာယာသော ပတ်ဝန်းကျင်၏ အရသာကို ခံစားနိုင်ပါလိမ့်မည်။ ပုဂံ ကောင်းစားစဉ်ကလည်း ထို့အတူပင် သာယာပါလိမ့်မည်။ အကြောင်းမှာ အခါတစ်ပါးတွင် မိဖုရား ဖွားစောသည် ကျော်စွာမင်းကြီးအား "အရှင့်ဘေးလောင်းတော် အနော်ရထာမင်းစော တည်တော်မူသော လယ်တွင်း ဆယ့်တစ်ရွာသည်ကား ပဲကူးမြေနှင့်အတူ ပျော်ဖွယ်ရှိလှ၏။ ကြွတော်မူ၍ ရှုတော်မူပါလော၊ ပျက်ခရွေ သာလျောင်း ဘုရားရှင်တို့ကိုလည်း ဖူးမြင်တော်မူပါလော"ဟူ၍ နားတော်လျှောက်ဖူးသောကြောင့် ဖြစ်လေသည်။

ထိုခေတ်တွင် လယ်မြေပိုင်ဆိုင်ခွင့် လွတ်လပ်ပါသည်။ လူဦးရေကလည်း ယခုလောက် မများပြားသေးရကား လယ်မြေသည် ပေါချင်တိုင်း ပေါပါသည်။ မထွန်ယက်ရသည့် တောရိုင်းမြေ အများအပြားပင် ရှိပါသည်။ မြန်မာဘုရင်တို့သည် ရေမြေ ခပ်သိမ်းကို အစိုးရသူဖြစ်ရကား မင်းပိုင်သည့် လယ်မြေလည်း အများအပြား ရှိပါသည်။ မင်းသည် လယ်မြေကို ကျွန်နှင့်တကွ ဘုရားသို့ လှူသည်။ ရဟန်းများသို့လည်း လှူသည်။ ပုဂံခေတ်တွင် တောကျောင်းပျော် ရဟန်းအချို့သည် လယ်မြေပိုင်သူများ ဖြစ်ခဲ့သည်။ မင်းနှင့်ရဟန်း လယ်မြေအဝေအခြမ်း မတည့်သဖြင့် အချင်းဖြစ်ပွားခဲ့ရသည်တို့ ကျောက်စာများတွင် အထောက်အထား တွေ့ရပါသည်။ ရဟန်းတို့သည်


ငွေဖြင့်ဝယ်၍ပင် မြေယာပိုင်နက်ကို တိုးချဲ့ခဲ့ကြပါသည်။ ရဟန်းနှင့်လူ မြေအရောင်းအဝယ်များလည်း ရှိခဲ့ပါသည်။ မင်းမြေရှိသလို ပုဂ္ဂလိကပိုင် မြေယာစနစ်လည်း ထိုစဉ်ကပင် တည်ရှိခဲ့ပါသည်။ ဤသို့ဖြင့် မြေယာပိုင်ဆိုင်ခွင့်သည် အင်္ဂလိပ်တို့ မြန်မာပြည်ကို သိမ်းပိုက်သည်အထိ ပုဂ္ဂလိကမြေ၊ မင်းမြေ၊ သာသနာမြေဟူ၍ ထူးခြားစွာ အပြောင်းအလဲမရှိဘဲ တည့်တံ့ခဲ့ပါသည်။

## ၁၂

အင်္ဂလန်ပြည်တွင်လည်း လယ်ယာလုပ်ငန်း၌ ပြောင်းလဲမှုကြီးများကို ကြုံခဲ့ရသည်။ တစ်ချိန်ကဆိုလျှင် အင်္ဂလိပ် လယ်သမားတို့သည် လယ်ကွင်းပြင်ကြီးများတွင် ထွန်ယက်စိုက်ပျိုးကြသည်။ လယ်ကွင်းပြင်ကြီးများမှ မိမိတို့ ကြိုက်နှစ်သက်သော လယ်ကွက်ကလေး တစ်ခု၌ ထွန်ယက်၍ အခြား လယ်ကွက်တို့ကို အလဟဿဖြစ်စေသည်။ အင်္ဂလန်ပြည်ကို နော်မန်လူမျိုးတို့ အောင်နိုင်လိုက်ပြီး နောက်ပိုင်းခေတ်တွင်ကား လယ်သမားများသည် ကျဉ်းမြောင်းသည့် မြေကွက်ကလေးများတွင်လည်းကောင်း၊ မြေရှင်မှူးမတ်ကြီးများ၏ လယ်မြေများတွင်လည်းကောင်း အလုပ်လုပ်ကြရသည်။ မြေရှင် မှူးမတ်ကြီးများသည် လယ်မြေအားလုံးလိုလိုပင် ပိုင်ဆိုင်သည်။ မြေရှင်မှူးမတ်ကြီးများက သူ့လယ်သမား လုပ်သားများ၏အလုပ်ကို ကြည့်ရှုစောင့်ရှောက်ရန် စားရေးကြီးတစ်ယောက် ငှားရမ်းထားသည်။ လယ်သမားတို့မှာ မိမိတို့ပိုင် မြေတွင်ထက် မှူးမတ်ကြီးများပိုင် မြေတွင် ပို၍ အလုပ်လုပ်ကြရသည်။ ဆယ့်လေးရာစုနှစ်တွင် အင်္ဂလန်ပြည်၌ ကပ်ဆိုးမိုးမှောင်ဟု ခေါ်သော ပလိပ် ကပ်ရောဂါဆိုးကြီး ကျရောက်သည်။ ထိုအခါ လူဦးရေ သုံးပုံတစ်ပုံ သေကျေ ပျက်စီးသည်။ လယ်ယာရှိ ကောက်ပဲသီးနှံတို့ကို မည်သူမျှ ဂရုမစိုက်အား။ လယ်မြေတို့မှာ သုသာန်တစပြင်ကဲ့သို့ ခြောက်သွေ့နေသည်။ ထိုအခါ မြေရှင်ကြီးများသည် လယ်မြေများကို သိုးစားကျက်များ ပြုလုပ်လိုက်သည်။ ထိုအချိန်တွင် သိုးမွေးဈေး အလွန်ကောင်းနေသည်။ ထို့ကြောင့် မြေရှင်များသည် လယ်မြေများကို တစ်ခုပြီးတစ်ခု ကာရံကာ ဝင်းခြံခတ်လိုက်ပြီးနောက် သိုးစာကျက်အဖြစ် ပြောင်းလဲပစ်လိုက်သည်။ မြေရှင်ကြီးများ၏ လောဘသည် အတောမသတ်နိုင် ရှိခဲ့သည်။ သူတို့သည် အများနှင့်ဆိုင်သည့် ဘုံလယ်မြေများကိုပါ ဝင်းခြံခတ်သည်။ ဆင်းရဲသော လယ်သမားတို့မှာ သူတို့၏ ကျွဲနွားတိရစ္ဆာန်တို့ကို ကျောင်းရန် စားကျက်လက်မဲ့ ဖြစ်ကြရသည်။



ဆယ်ရှစ် ရာစု နှစ်များတွင် လူတို့သည် အစားအစာ ပိုမို စိုက်ပျိုးရန် စိတ်ကူး ရလာကြသည်။ ထိုအချိန်တွင် အလွန် အသုံး ဝင်သော တီထွင်မှုတစ်ခု အောင်မြင်ခဲ့သည်။ ယင်းမှာ ကောက်စေ့များစိုက်သည့် ကောက်စိုက်စက်ပင် ဖြစ်သည်။ ဤစက်ကြောင့် ကောက်စေ့များကို ဖြောင့်တန်းသည့် ထယ်ကြောင်းများတွင် မလေမလွင့်ဘဲ စိုက်ပျိုးနိုင်သည်။ ယခင်ကမူ လက်ဖြင့် ပက်ကြဲကာ စိုက်ပျိုးရသည်။ ကောက်ပင်များသည် အတန်းလိုက် အစီအရီ ပေါက်လာသည်။ ထိုအခါ ပေါင်းပင်များကို ထယ်ကြောင်းများအကြားတွင် တူးဆွခြင်းဖြင့် သုတ်သင်ရန် လွယ်ကူလာသည်။ ဤသို့ဖြင့် လယ်ယာလုပ်ငန်းသစ်များ ပေါ်ထွန်းလာသည်။ ဥပင်များဖြစ်သည့် မုန်လာဥဝါမျိုးနှင့် ကျွဲနွားစာ ကောက်ရိုးမြက်ပင်များ၊ တိရစ္ဆာန်စား တောပဲ ပင်များကို စိုက်ပျိုးနိုင်ခဲ့သည်။ ဤအပင်များသည် ကျွဲနွားများအတွက် ဆောင်းတွင်းစာများ ဖြစ်ကြသည်။ ဤသို့ဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်ကောင်ရေ များစွာ ပိုင်ဆိုင်ခြင်းတည်းဟူသော စီးပွားချမ်းသာသည် တိုးတက်လာခဲ့သည်။



ထိုအချိန်တွင် ရေနွေးငွေ့ဖြင့်မောင်းနှင်သော စက်သစ်များကို တီထွင်ခဲ့သည်။ ထို့ကြောင့် မြို့သစ်များ ပေါ်ထွန်းလာသည်။ ယခင်က လက်ဖြင့် မိုင်းငင်ကာ လက်ရက်ကန်းဖြင့် အထည်ရက်လုပ်ခဲ့သည်။ ရေနွေးငွေ့စက်များ ပေါ်လာသည့်အခါ အထည်ကို စက်ဖြင့်ရက်လုပ်လေသည်။ မြို့သစ်များ ပေါ်လာသဖြင့် တောရွာနေလယ်သမား အလုပ်လက်မဲ့တို့မှာ အလုပ်ကိုယ်စီ ပြန်၍ ရကြပြန်သည်။

အမဲသားနှင့် ကောက်ပဲသီးနှံတို့ကို မြို့သစ်များက များစွာ နှုတ်သိမ်းသည်။ ထို့ကြောင့် လယ်ယာလုပ်ငန်းသည် ပြန်လည်ထွန်းကားလာခဲ့သည်။

ထိုအခါ ရှေးက လယ်ကွင်းကျယ်ကြီးများကို ဝင်းခြံခတ်သည့် အလေ့သစ်တစ်မျိုး ပေါ်လာပြန်သည်။ မြေပိုင်ရှင်များနှင့် ချမ်းသာသော လယ်သမားများသည် သူတို့အလိုရှိသမျှ ထွန်ယက်စိုက်ပျိုးနိုင်ရန် မြေယာများကို ခြံခတ်ကြပြန်သည်။ ဆင်းရဲသော လယ်သမားကလေးများတွင် ခြံခတ်ရန် ပိုက်ဆံမရှိ။ စက်သစ်နှင့် လက်နက်ကိရိယာသစ် ဝယ်ရန်လည်း ပိုက်ဆံမရှိ။ ထို့ကြောင့် အိမ်နီးချင်း လယ်ယာများတွင် ဝင်၍ အခစားလုပ်ကြရသည်။ သို့မဟုတ်လျှင်ကား စက်မှုမြို့သစ်များသို့ ထွက်သွားကြရသည်။ ထိုခေတ်သည် လယ်တဲရှင်လေးများအဖို့ ခေတ်ဆိုးခေတ်ကျပ်ကြီးပင် ဖြစ်လေသည်။ အစာရေစာ ငတ်မွတ်ခြင်းများနှင့်အတူ မကျေနပ်မှုများ အထွတ်အထိပ်သို့ ရောက်နေသောအချိန် ဖြစ်သည်။ သို့ရာတွင် 'လယ်ယာသစ်' လုပ်ငန်းသည် ကွင်းကျယ်ကြီးများတွင် စိုက်ပျိုးလုပ်ကိုင်သည့် စနစ်ကို အနိုင်ရလိုက်သည်။ အကြောင်းမှာ အုပ်ချုပ်သူပါလီမန်က မြေရှင်ကြီးများဘက်က ထောက်ခံသောကြောင့်တည်း။


မည်သို့ပင် ဖြစ်စေ 'လယ်ယာသစ်'ကြောင့် စိုက်ပျိုးရေးတွင် တိုးတက်မှုများ ရရှိလာခဲ့သည်။ စိုက်ပျိုးရေးတွင် အသုံးပြုနိုင်သည့် စက်သစ်များကို တီထွင်နိုင်သည်သာမက သီးထွက်ကောင်းမည့် မြေဩဇာသစ် အမျိုးမျိုးကိုလည်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။ သိပ္ပံနည်းဖြင့် ပြုလုပ်ထားသော မြေဩဇာကို ဓာတ်မြေဩဇာဟု ခေါ်သည်။ ထို့ပြင် တောင်အမေရိကတိုက်မှလည်း ဂွာနိုဟုခေါ်သော ငှက်ဩဇာကို ယူဆောင်လာပြန်သည်။ အခြားအသုံးဝင်သော ဓာတ်မြေဩဇာတစ်ခုမှာ အမ်မိုးနီးယားဓာတ်ဆားဖြစ်သည်။ ယင်းကို ကျောက်မီးသွေးဓာတ်ငွေ့၏ ဘေးထွက်ပစ္စည်းတစ်ခုမှ ပြုလုပ်သည်။ ထိုအချိန်တွင် ဆီမီးခွက်အစား ကျောက်မီးသွေးဓာတ်ငွေ့ကို မီးထွန်းရန် အသုံးပြုကြသည်။

သိပ္ပံပညာရှင်များသည် သစ်ပင်နှင့်ပတ်သက်သော လေ့လာစူးစမ်းမှုများကိုလည်း ပြုလုပ်ကြသည်။ သစ်ပင်မည်သို့ အစာစားသည်။ လေ၊ မြေကြီးနှင့် ရေတို့မှ မည်ကဲ့သို့ အာဟာရဓာတ် ရယူသည်တို့ကို လေ့လာသည်။ ဤနည်းအားဖြင့် ရေသွင်း ဆည်ယူသည့်အခါ တိုးတက်မှုများ ပြုလုပ်နိုင်ခဲ့သည်။

စက်မှုလုပ်ငန်းသည် ဆက်လက် တိုးတက်လျက်ရှိသည်။ ဆယ့်ရှစ်ရာစုတွင် ကောက်နယ်စက်တစ်ခုကို တီထွင်ခဲ့သည်။ ဆယ့်ကိုးရာစုတွင် ကားယင်းကို အများအပြားသုံးစွဲနေကြပြီ။ ယခင်ကမူ ရှေးဟောင်းနည်းအတိုင်း လက်ကိုင်ပါသော ကောက်ရိတ်တုတ်ကိုသာ အသုံးပြုခဲ့ကြသည်။ ဤကောက်နယ် စက်သစ်ကို ရေအားဖြင့်လည်းကောင်း၊ လေအားဖြင့်လည်းကောင်း၊ မြင်းအားဖြင့်လည်းကောင်း၊ တွင်ခုံစက်အားဖြင့်လည်းကောင်း၊ ရေနွေးငွေ့အားဖြင့် လည်းကောင်း မောင်းနှင်လေသည်။ ဆယ့်ကိုးရာစုတွင်ကား ရေနွေးငွေ့အားဖြင့် မောင်းနှင်သော ထွန်ထယ်များကို တီထွင်အသုံးပြုကြသည်။ ထို့ပြင် ရေနွေးငွေ့အားကို မြက်ရိတ်ရာတွင်ဖြစ်စေ၊ ကောက်ရိတ်ရာတွင် ဖြစ်စေ အသုံးပြုကြသည်။



နှစ်ဆယ်ရာစုတွင်မူ ဓာတ်ဆီဖြင့် မောင်းနှင်သောလယ်ထွန်စက်များ ပေါ်လာသည်။ ဤစက်များသည် လယ်သမားများအဖို့ များစွာ အသုံးဝင်လေသည်။ ယင်းတို့ကို အထူးသဖြင့် လယ်ကွင်းကြီးများ ထွန်ယက်စိုက်ပျိုးရာ၌ အသုံးပြုကြသည်။ အမေရိကန်ပြည် လယ်ယာများတွင်လည်းကောင်း၊ လယ်သမားများ စုပေါင်း၍ အများဆိုင် ဘုံလယ်မြေများ ထွန်းယက်စိုက်ပျိုးသည့် ဆိုဗီယက် စုပေါင်းလယ်ယာများတွင် လည်းကောင်း ဤစက်မျိုးကို အသုံးပြုသည်။



လယ်ထွန်စက်သည် ထွန်ထယ်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ အားလုံးကို အသုံးပြုနိုင်သည်။ ထိုစက်သည် ကောက်နယ်စက်ကိုလည်း မောင်းနှင်နိုင်သည်။ ဆွဲငင်နိုင်သည်။ သစ်မြစ်များကိုလည်းဆွဲနုတ်နိုင်သည်။ ထို့အပြင် အခြားကိစ္စ အများအပြားကိုလည်း ပြုလုပ်နိုင်သည်။ ထိုစက်သည် အချိန်ကုန်သက်သာစေသည်။ ဥပမာ နွားတစ်ရှဉ်း တစ်နေကုန် ထွန်လျှင် လယ်တစ်ကေသာ ပြီးစီးနိုင်သည်ကို လယ်ထွန်စက်က ငါးကေကျော်ကျော် ခြောက်ကေနီးပါး ပြီးစီးအောင် ထွန်ယက်နိုင်သည်။ ထို့ပြင် ဤစက်သည် လယ်ကေနှစ်ဆယ်ကို နံနက်မိုးသောက်မှ ညနေ နေဝင်အတွင်း ရိတ်နိုင်သည်။ တစ်နေ့တာအတွင်း လယ်သမားနှစ်စုံတွဲ ပြုလုပ်သည့် လယ်ရိတ်၊ ကောက်ရိုးစဉ်း၊ စပါးနယ်၊ စပါးကြိတ် စသည့် အလုပ်တို့ကို ထိုစက်က ပြီးစီးအောင် လုပ်နိုင်သည်။ အခြားစက်များလည်း ရှိသေးသည်။ ယင်းတို့မှာ ကောက်ရိတ်စက်၊ ကောက်ရိုးစည်းသည့်စက်၊ ထွန်ထယ်စက်အမျိုးမျိုး၊ ပျိုးကြဲ စက်၊ မြေသြဇာကျွေးသည့်စက် စသည်တို့ ဖြစ်ကြသည်။ ယင်းတို့ကို လယ်ထွန်စက်ဖြင့် မောင်းနှင် ဆွဲငင်နိုင်သည်။ ထို့ပြင် ယခုအခါ အလွန်ဆန်းပြားသည့် နွားနို့ညှစ်စက်၊ ထောပတ်လုပ်သည့်စက်၊ နွားနို့ ပုလင်းသွင်းသည့် စက်တို့ပင် ပေါ်လာလေပြီ။

ဤစက်များကိုကား ကမ္ဘာက ဝယ်ယူသုံးစွဲနိုင်ပါသည်။ သို့ရာတွင် ဤစက်များကို လယ်သမားများ အသုံးပြုနိုင်ရန် သူတို့တွင် လယ်ပိုင်မြေပိုင် ရှိမှ ဖြစ်မည်။ ထို့ကြောင့် လယ်မြေပြုပြင်ရေးသည် အလိုအပ်ဆုံး ကိစ္စတစ်ခု ဖြစ်လာသည်။

ယခုအခါ ကမ္ဘာ့နေရာ အနှံ့အပြားတွင် သိပ္ပံပညာရှင်ကြီးများသည် မိုးရေရှားပါးသည့်ဒေသ၊ မိုးခေါင်ရေရှားဒေသတို့၌ ရေရရှိရေးအတွက် ဆည်ကြီးများ၊ ရေလှောင်ကန်ကြီးများ၊ လယ်ယာစီမံကိန်းကြီးများ ပြုလုပ်ရေးဆွဲစီမံကြပါသည်။

ကျွန်တော်တို့ တိုင်းပြည်တွင် အစားအစာ လုံလောက်အောင် စိုက်ပျိုးရေးသည်လည်း အရေးကြီးသော ကိစ္စတစ်ခုပင်ဖြစ်သည်။ အစာရေစာဖူလုံမှုတွင် အခြေခံ၍ ကျွန်တော်တို့၏ အနာဂတ် ယဉ်ကျေးမှုကို တည်ဆောက်ရမည်ဖြစ်သည်။ နှစ်စဉ်လိုအပ်သည့် အစားအစာကို မစိုက်ပျိုးနိုင်သမျှကာလပတ်လုံး ကျွန်တော်တို့သည် ယဉ်ကျေးမှုအတုအယောင်ကိုသာ တည်ဆောက်နိုင်မည်ဖြစ်သည်။ အကြောင်းမှာ ရှေးပညာရှိတစ်ဦးက "လယ်ယာထွန်ယက်စိုက်ပျိုးမှုလုပ်ငန်း စတင်ပြီဆိုလျှင် အခြား အနုပညာများသည်လည်း နောက်က ကပ်၍ လိုက်ပါကြသည်"ဟု တစ်ခါက ပြောခဲ့ဖူးသောကြောင့်တည်း။ အမှန်စင်စစ် လယ်သမားတို့သည် လူ့ယဉ်ကျေးမှုကြီးကို အုတ်မြစ်ချ တည်ဆောက်ခဲ့သူ ကျေးဇူးရှင်များ ဖြစ်ပေသတည်း။

## အခန်း ၄

## အရေးကြီးသော မီးပွား

၁

ဆောင်းရာသီ ညများတွင် ကျွန်တော်တို့သည် မီးလင်းဖိုနံဘေးတွင် ထိုင်ကာ မီးလှုံခဲ့ကြဖူးသည်။ ထိုအခါကား ကလေးဘဝ အရွယ်ပင် ဖြစ်သည်။ မီးလှုံရင်း ကျွန်တော်တို့မိခင်သည် 'ငမိုးရိပ်ဇာတ် ပုံတိုပတ်စ'တို့ကို ရေလွှတ် ကရား တတွတ်တွတ် ပြောလေသည်။ မိခင် ပြောသော 'ပုံပြင်'များပြင် "ရှေးရှေး တုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုသတဲ့"ဟူ၍ အစချီသော ပုံတိုပတ်စသည် လည်းကောင်း၊ "ရှေးရှေးတုန်းက ရွှေယုန်နဲ့ ရွှေကျား သက်ငယ်ရိတ်သွားကြသတဲ့" အစချီသော ပုံတိုပတ်စသည် လည်းကောင်း အကြိမ်ကြိမ်ထပ်ခဲ့ပြီ။ ထို့ပြင် မိခင်၏ 'ရှေးစကား'တွင် နေနတ်သားအကြောင်း၊ လ နတ်သမီးအကြောင်း၊ ကျားစဉ်းလဲအကြောင်း၊ ခွေးအ,အကြောင်း၊ ထောင့် တစ်ည ပသီပုံပြင်မှ ကော်ဇော်ပျံကြီးများအကြောင်း၊ ထို့ပြင် အာလာဒင်နှင့် ထူးဆန်းသော မီးခွက်အကြောင်းတို့ ပါလေသည်။ သို့ရာတွင် သူပြောသည့် ပုံ၌ မီးအကြောင်းကား မပါရှိပေ။

ထိုအကြောင်းကို သူပြောပြနိုင်ဟန်မတူ။ အကြောင်းမှာ မီးစတင် ဖြစ်ပေါ်လာပုံသည် ရှေးနှစ်ပေါင်း ထောင်ပေါင်းများစွာက အစချီ၍ ပြောရမည့် ဒဏ္ဍာရီစကား ဖြစ်သောကြောင့်တည်း။ အမှန်စင်စစ် ထိုအကြောင်းကို သူလည်း သိမည် မထင်။ သို့ဖြစ်ရာ မီးအကြောင်း ပုံဝတ္ထုကို ယခု စတင်ကြစို့။

ဟိုးရှေးရှေး လွန်လေပြီးသောအခါက အမွေးအမှင် ထူထပ်သောလူ သည် ဂူတွင်းအောင်းသည့် သတ္တဝါတစ်ဦးသာဖြစ်သည်။ အချို့ဒေသများတွင်

လူသည် သစ်ခေါင်းကြီးများ၌ အိမ်လုပ်၍ နေသည်။ လူသည် မိမိ ပတ်ဝန်းကျင်ကို ကောင်းစွာ သတိမမူမိသေး။



ထို့ကြောင့် ပတ်ဝန်းကျင်သဘောကို မသိရကား ကြောက်လန့်စိုးရိမ်ခြင်း ကြီးစွာဖြင့် ရပ်တည်နေခဲ့ကြသည်။ သဘာဝကိုလည်း မလေ့ကျက်မိသေး။ မိုး လေ ပြင်းထန်၍ လျှပ်ပြက်သောအခါတွင် လည်းကောင်း၊ မိုးချုန်းသောအခါတွင် လည်းကောင်း၊ မုန်တိုင်းထန်သောအခါတွင် လည်းကောင်း လူသည် အသက်ဘေးလုံခြုံရာ ဂူတွင်းသို့ ပြေးဝင် ခိုအောင်းနေတတ်လေသည်။ ထိုကာလတွင် လူသည် အနီးဝန်းကျင်ရှိ သစ်တောကြီးများအတွင်း လှည့်လည်ကာ အစာရှာဖွေ စားသောက်နေသည်။ ထိုလူသည် တိရစ္ဆာန်နှင့် မည်သို့မျှ မကွာခြားလှပေ။ ထိုလူတွင် ကျောက်တုံးလက်နက်၊ ကျောက်ခဲလက်နက် များသာ ရှိသည်။ အမဲသားကောင်ကို ပစ်ခတ်စားသောက်သည်။ အမဲ ရရှိလာခဲ့လျှင် အသားစိမ်းကိုဖွဲ့၍ သွေးစိမ်းရှင်ရှင် စီးနေသောအသားကို ကိုက်ဝါးစားသောက်သည်။ လက်သည်းများဖြင့် ကုတ်ဖွဲ့ဆုတ်ဖြဲသည်။ သူ၏ အံသွားမာကြီးများသည် များစွာ အသုံးဝင်လှသည်။ အသားကိုကင်ရန်၊ ချက်ရန် နားမလည်သေး။ အကြောင်းမှာ မီးကိုအသုံးပြုရန် မသိသေးသောကြောင့်တည်း။

ဘာကြောင့် မီး၏ အသုံးဝင်ပုံကို မသိရသနည်း။ အကြောင်းကား ဤသို့ ဖြစ်လေသည်။

ယခင်အခန်းများတွင် ပြဆိုပြီးခဲ့သည့်အတိုင်း ကျွန်တော်တို့ နေထိုင်သော ဤကမ္ဘာမြေသည် နေကမ္ဘာမှ လွင့်စဉ်ပွဲ့ကျလာသော မီးလုံးကြီးတစ်ခုမျှ

... ဖြစ်သည်။ နေကမ္ဘာမှ ပဲ့ကျလာပြီးနောက် ထိုမီးလုံးကြီးသည် အာကာ ...တွင်း နှစ်ပေါင်းသန်းပေါင်းများစွာ ကြာသည်အထိ လည်ပတ်လှည့်လည် ...သည်။ ကာလအတန်ကြာသည့်အခါ ထိုမီးလုံးကြီးသည် အေးစွေးလာပြီး ... ယခု ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေဖြစ်လာသည်။ ယင်းမီးလုံးကြီး ... ရေနှင့် အခြားဒြပ်စင်များသည် ယခုရှိနေသည့်အတိုင်း ကနဦးကတည်း ...င် ရှိနေခဲ့သည်ဟု ဆိုလေသည်။ မီးလုံးကြီးသည် ကျွန်တော်တို့၏ ကမ္ဘာ ... ဖြစ်လာသည်။ ယင်း၏ အပေါ်ယံမြေလွှာသည် ရေခဲခေတ်များစွာအတွင်း ... နေခဲ့သည်။ သို့ရာတွင် ကမ္ဘာမြေ၏ အလယ်ဗဟိုဌာနကား မီးတောင်၏ ...ချော်ရည်၊ ချော်မြုပ်ကဲ့သို့ပင် ပူလောင်လျက် ရှိနေသည်ဟု ဆိုကြသည်။ ...ချော်ရည်၊ ချော်မြုပ်ကဲ့သို့ ပူသောမီးသည် ကမ္ဘာ၏အလယ်ဗဟိုဌာ ကိန်းဝပ် ...နေခဲ့ရာ ယင်းကို ဂူအောင်းလူများ မသိခြင်းမှာ အဆိုး မဆိုသာပေ။

၂

...၏ ပုံဝတ္ထုက သည်အတိုင်းဆက်၍ ဆိုပြန်သည်။

ထိုနောက် တစ်နေ့သောအချိန်တွင် လျှပ်ပြက်မိုးချုန်းသဖြင့် သစ်တော ...စ်ခုသည် မီးသင့်လောင်လေသည်။

ထိုအခါ သစ်ရွက်ကို မီးလောင်သဖြင့် မြည်သံသည် လည်းကောင်း၊ ...စ်သားများ ကွဲအက်သံသည် လည်းကောင်း အနီးပတ်ဝန်းကျင်ကို ခြောက် ...န့်လေသည်။ ဂူအောင်းလူသည် ထိုအသံဗလံများကို ကြားရလေသည်။ ...ဂူမှထွက်၍ ကြည့်သည့်အခါ မီးသင့်နေသော သစ်တောကို မြင်ရသည်။ သူ၏စိတ်ထဲတွင် လျှာနီနီရဲရဲရှိသော သတ္တဝါကြီးတစ်ခုသည် ဆံပင်နက်နက် ...များကို လေထဲတွင်ဖြန့်ကြဲလျက် သစ်ပင်အုပ်ကြီးများကို ကျော်ကာ လွှားကာ အပြေးလာနေသည်။ သူ၏လမ်းကြောင်းတွင် တွေ့ရသမျှတို့ကိုလည်း ဝါးမျို နေသည်ဟု ထင်မိသည်။ ယင်းကား အမျိုးအမည်မသိသော ရန်သူကြီးတစ် ကောင်ပင်တည်းဟုထင်သည်။ ထိုကြောင့် ဂူအောင်းလူသည် အခြားအပေါင်း အဖော်များထံသို့ အပြေးအလွှားသွားကာ ရန်သူသတ္တဝါကြီးတစ်ခုအကြောင်း ကို သတင်းပေးလေသည်။

ထိုအခါ ဂူအောင်းလူများသည် သူတို့တွင် ပိုင်ဆိုင်လေသမျှ ကျောက် လက်နက်၊ ကျောက်ရဲတင်းများကို ကိုင်ဆောင်ကာ ရန်သူကို ချေမှုန်းရန်

ထွက်လာကြသည်။ သို့ရာတွင် ထိုအချိန်၌ သစ်တောကြီး တစ်ခုလုံးသည် တဟုန်းဟုန်း တောက်လောင်နေပြီးလျှင် သစ်ရွက်မီးဝါးသံ၊ သစ်သားအက်ကွဲသံတို့ ဆူညံလျက် ရှိနေသည်။

ထိုအခိုက် ဂူအောင်းလူ တစ်ယောက်သည် လက်ကိုင်ထားသော ကျောက်တင်းပုတ်ဖြင့် အနီးရှိ သစ်ကိုင်းတစ်ခုကို လွှဲ၍ ရိုက်လိုက်သည်။ မီးလောင်နေသော သစ်ကိုင်းသည် မြေသို့ကျလာသည်။ ထိုအခါ ဂူအောင်းလူများသည် မီးသင့်နေသည့် သစ်ကိုင်းကို ချုပ်နှောင်ကာ ဂူတွင်းဆီသို့ အောင်မြင်စွာ ဆွဲယူသွားကြသည်။ သူတို့သည် ရန်သူတစ်ဦးကို အောင်ပွဲရလိုက်သဖြင့် ပီတိဖြစ်နေကြသည်။ ထိုရန်သူ မီးသင့်သစ်ကိုင်းကို ဂူလွတ်တစ်ခုထဲတွင် ထည့်ကာ အပြင်ဘက်က ကျောက်တုံးတစ်ခုဖြင့် ဂူဝကို ပိတ်ဆို့ ထားလိုက်သည်။ ထိုရန်သူ ဘယ်ကိုများ ထွက်ပြေးနိုင်ဦးမည်နည်း။

နောက်တစ်နေ့နံနက်တွင် ဂူဝ၌ဆို့ထားသော ကျောက်တုံးကို ဖယ်ရှား၍ စောင့်ကြည့်ကြသောအခါ ရန်သူကြီးမီးသည် သေနေသည်ကို တွေ့ရလေသည်။ တဖြည်းဖြည်း မီးသေနေသည်ကို ကျောက်ဂူဝမှ တစ်ညလုံး ချမ်းချမ်းအေးအေးဖြင့် စောင့်ကြည့်နေကြရသည်။

ထိုနောက် သူတို့သည် ဂူထဲသို့ ရင်တမမဖြင့် ဝင်၍ သွားကြသည်။ သစ်ကိုင်းကြီးတွင် စွဲနေသောမီးကား သေသွားပြီ။ သစ်ကိုင်းနေရာတွင် ပြာများဖုံးနေသည်ကိုသာ တွေ့ရသည်။ ထိုပြာများမှာမူ နွေးထွေးလျက် ရှိလေသည်။

ဂူပြင်ဘက်တွင် ချမ်းချမ်းစီးစီး အံသွား တကြိတ်ကြိတ်ဖြင့် စောင့်နေခဲ့ကြရသော ဂူအောင်းလူတို့သည် ဂူထဲ၌ နွေးထွေးသော အငွေ့ကို ခံစားကြရသည်။ ထို့ကြောင့် သူတို့သည် ပြာပူပုံနံဘေးတွင် ထိုင်ကာ၊ လဲလျောင်းကာ အပန်းဖြေကြရင်း သူတို့၏ ရန်သူတော်ကြီးတစ်ကောင် ဇီဝိန်ချုပ်သွားသည်ကို အံ့သြတွေးတောနေကြလေသည်။ ရန်သူတော်ကြီးက နွေးထွေးသောအငွေ့ကို ပေးစွမ်းနိုင်သည့် အဖြစ်ကိုလည်း သိမြင်လာကြသည်။

ထိုအခါ ဂူအောင်းလူတို့သည် တောထဲသို့ ပြေးဝင်ကာ မီးသင့်နေသော သစ်ကိုင်းများကို ဂူထဲသို့ဆွဲယူလာကြပြန်သည်။ ချစ်ချစ်တောက်လျက် ဒေါသခက်ထန်လျက်ရှိသော ရန်သူသည် ယခုအခါ သူတို့၏မိတ်ဆွေ ဖြစ်လာသည်။ ထို့ကြောင့် ဂူအောင်း လူတို့သည် ရန်သူတော် မီးပုံကြီးကို ပတ်လည်ဝိုင်းကာ ပျော်မြူး က ခုန်ကြသည်။

သို့သော်လည်း ဤမီး မည်သို့ ဖြစ်ပေါ်လာသည်ကိုမူ သူတို့ မသိကြသေး။ သို့နှင့် မိုးရွာသွန်း၍ မီးသေသွားသောအခါ ဂူအောင်းလူတို့သည် နှမြောသော မိတ်ဆွေသစ်နှင့် ကွေကွင်းကြရပြန်လေသည်။

## ၂

ကာလအတန်ကြာပြီးနောက် တစ်ခုသောအချိန်တွင် မမျှော်လင့်သော အဖြစ်တစ်ခုကို ဂူအောင်းလူတို့သည် ကြုံတွေ့ရပြန်သည်။ ဂူအောင်းလူသည် သားငါး ရှာဖွေရန် ကျောက်လက်နက်တစ်ခုကို ထုထွင်းနေသည်။ ထိုသို့ ထုထွင်းရိုက်ခတ်စဉ် ကျောက်တုံးမှ မီးပွားများ လွင့်စဉ်လာသည်ကို တအံ့ တဩ တွေ့ရသည်။ ထိုအခါ ဂူအောင်းလူသည် ထိုအံ့ဩဖွယ် သရဲအဖြစ်ကို ပြရန် သူ၏ အပေါင်းအဖော်များထံ ပြေးသွားခေါ်ငင်သည်။ အခြား ဂူအောင်းလူများက ထိုအဖြစ်ကို မြင်လျှင် မီးပွားများ ထွက်လာအောင် သတိကြီးစွာဖြင့် ရိုက်ခတ်ကြည့်ကြသည်။ ထိုအတွေ့အကြုံမှသည် အသိအမြင်တစ်ခုကို ရရှိလာခဲ့လေသည်။ ကျောက်တုံးအချင်းချင်း ရိုက်ခတ်ပွတ်တိုက်သည့်အခါ မီးပွင့်သည်။ ထိုမီးပွင့် မီးပွားကြောင့် သစ်ရွက်ခြောက်များ၊ သွေ့ယောင်းသော သစ်ပင်များ မီးသင့်သည်။ ဤသို့ဖြင့် ကာလအတန်ကြာ အိပ်ပျော်နေခဲ့သော သူတို့၏ မိတ်ဆွေဟောင်းကြီး မီးသည် ပြန်လည် နိုးကြားလာလေပြီ။ ထို့ကြောင့် ဂူအောင်းလူတို့သည် အလွန်အမင်း ပျော်ရွှင်သွားကြပြန်သည်။

ဤသည်မှာ မီးကို စတင်တွေ့သိကြပုံပင်တည်း။ ရာစုနှစ်ပေါင်းများစွာပင် လူတို့သည် မီးခတ်ကျောက်နှစ်ခုကို ရိုက်ခတ်ပွတ်တိုက်ခြင်းဖြင့် မီးကို ရရှိခဲ့ကြသည်။ အလွန်မာကျောသည့် ကျောက်တုံးထဲတွင် သွယ်ပျောင်းသည့် အလျှံနီနီရဲရဲပိုင်ရှင် မီးကိန်းအောင်းနေနိုင်သည်မှာ အံ့ဩစရာ မဟုတ်လား။ မည်သို့ပင်ဖြစ်စေ ဤအတွေ့အကြုံသစ်ကို ရာဇဝင်မပေါ်မီ ကာလအတန်ကြာကပင် အီဂျစ်ပြည်၊ ဘာဘီလုံ၊ တရုတ်ပြည်၊ အိန္ဒိယပြည်တို့တွင် နေထိုင်ခဲ့ကြသော ရှေးဟောင်းလူတို့သည် တွေ့ရှိခဲ့ကြပြီး ဖြစ်သည်ဟု ယူဆနိုင်လေသည်။

ထိုနောက်တွင်ကား မီးခတ်ပုံးတစ်ခုကို တီထွင်ခဲ့ကြသည်။ ယင်းကို လောင်စာသေတ္တာ သို့မဟုတ် မီးစာသေတ္တာဟု ခေါ်ကြသည်။ ယင်းတွင် မီးခတ်ကျောက်တစ်ခု၊ သံမဏိချောင်း ငယ်ငယ်တစ်ခု၊ လျှော် သို့မဟုတ်

ဂွမ်းဖတ် အနည်းငယ်တို့ ပါရှိလေသည်။ သံမဏိဖြင့် ကျောက်ကို ခတ်လိုက်လျှင် မီးပွား မီးပွင့်များ ထွက်လာသည်။ မီးပွားကို ဂွမ်းဖတ်ဖြင့် ကူးယူလိုက်သောအခါ မီးတောက်မီးလျှံ ရလာသည်။ ဤသို့ဖြင့် မီးကို အလွယ်တကူ မွှေးယူနိုင်လေသည်။

လောင်စာသေတ္တာကို ခရီးဝေးသို့ သယ်ယူရန် ကရိကထများလှသည်။ သို့ဖြစ်ရာ မီးခြစ်ကို တီထွင်ပြန်သည်။ ထင်းရှူးသားကို အချောင်းအတံကလေးများဖြစ်အောင် စိတ်ပိုင်းပြီးနောက် ဖယောင်းရည်တွင် စိမ်သည်။ သို့မှသာ ကောင်းစွာ မီးတောက်လောင်နိုင်မည်။ ဖယောင်းရည် ခြောက်လျှင် ကော်ရည်နှင့် မီးစုန်းဓာတ် (ဖော့စဖရပ်)တို့၏ ဒြပ်နှောတွင် အဖျားကလေးများကို စိမ်လိုက်ပြန်သည်။ ယင်းဒြပ်နှောတွင် ဖော့စဖရပ်သည် အရေးကြီးသော ဒြပ်စင်တစ်ခုဖြစ်သည်။ ဖော့စဖရပ်ကြောင့် အလွယ်တကူ မီးတောက်လောင်စေခြင်း ဖြစ်သည်။ ယင်းမီးခြစ်ဆံများ သွေ့ခြောက်လျှင် မီးခြစ်ပုံးများထဲသို့ ထည့်သည်။ ဤလုပ်ငန်းအားလုံးကို လူက မလုပ်ရ။ စက်ကသာ လုပ်ပေးသွားသည်။ ဤသည်မှာ ခေတ်အမီဆုံး မီးခြစ်လုပ်ငန်းပင် ဖြစ်လေသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် မီးကို အင်္ကျီအိတ်ကပ်ထဲတွင် သယ်ဆောင်နိုင်လေပြီ။


## ၄

လူတို့သည် မီးကို အထက်ပါအတိုင်း စတင် တွေ့ရှိသည်ဟု ယူဆကြသည်။ ထိုနောက် မီးကို အမျိုးမျိုးအဖုံဖုံ ယဉ်ပါးအောင် ပြုလုပ်ကြပြန်သည်။ လူတို့နေ့စဉ် စားသောက်နေရေးတွင် မီးအသုံးဝင်လာအောင် ကြံဆကြပြန်သည်။

ဂူအောင်းလူတို့သည် မီးကိုစတင်တွေ့ရသည့်အခါက နွေးထွေးအောင် အနွေးဓာတ်ပေးသည့် မိတ်ဆွေ၊ ထို့ပြင် အသားငါးတို့ကို ကျက်အောင်ကင်နိုင်သည့် မိတ်ဆွေအဖြစ်သာ သိကြသည်။ ဂူအောင်းလူတို့သည်လည်း ကျွန်တော်တို့ ကဲ့သို့ပင် မည်းမှောင်သောညအခါ၌ အိပ်စက်လဲလျောင်း၍ အလင်းရောင်ရှိသော နေ့အခါ၌ လှည့်လည် သွားလာနေကြသူများ ဖြစ်ကြသည်။

ထို့နောက်တွင် အတွေ့အကြုံသစ်တစ်ခုကို အမှတ်မထင် ရလာခဲ့ကြသည်။ ယင်းမှာ သူတို့ စားသောက်သော အမဲသားငါး၏အဆီသည် မီးတောက်လောင်ခြင်းကို အားပေးကူညီနိုင်သည် ဆိုသည့် အတွေ့သစ်ပင် ဖြစ်သည်။ ထို့ကြောင့် အမဲဆီကို ထွင်းထားသော ကျောက်ခွက်၌ထည့်ကာ သိုးမွှေးချည်

ပင်နှစ်ပင်ကို ရစ်၍ မီးစာအဖြစ် အသုံးပြုပြီးလျှင် အလင်းရောင်ရရှိရန် ထွန်းညှိလောက်လောင်စေသည်။ ထိုပစ္စည်းသည် လူတို့၏ ပထမဆုံး မီးအိမ် ကလေးဖြစ်လေသည်။ ယင်းကို ကမ္ဘာအရပ်ရပ်တွင် ယခုထက်တိုင် မီးခွက် အဖြစ် အသုံးပြုနေကြဆဲပင် ဖြစ်သည်။ ကျွန်တော်တို့ အာရှ တိုင်းပြည်များတွင် မီးခွက်ကို တစ်မျိုးတစ်ဖုံ ဖန်တီးတီထွင်ခဲ့ကြသည်။ အိန္ဒိယ ပြည်တွင် အိုးထိန်းသည်တို့က ဆီမီးခွက်ကလေးများကို တီထွင် ပြုလုပ်ပေးခဲ့သည်။ မီးခွက်တွင် ချည်စာ တစ်ပင်နှစ်ပင်ရစ်ကာ မီးစာအဖြစ် အသုံးပြုသည်။ ဤဆီမီးခွက်ကို ဒေဝါလီ မီးထွန်း ပွဲညများ၌ ထွန်းညှိကြလေသည်။ ကျွန်တော်တို့ မြန်မာပြည်တွင် ကား သီတင်းကျွတ်၊ တန်ဆောင်မုန်း မီးပွဲသဘင်များ၌ ဤ ဆီမီးခွက်များဖြင့်ပင် ဆီမီး ပူဇော်ကြလေသည်။



အိန္ဒိယ ရှေးဟောင်း ကျမ်းများဖြစ်သော ဗေဒကျမ်း များတွင် ရှေးအနွယ်တို့သည် အဂ္ဂနိဟုခေါ်သော မီးနတ်ကို ကိုးကွယ်ကြသည်ဟု အဆိုအမိန့် ရှိခဲ့ဖူးသည်။ သူတို့၏ ဓလေ့ထုံးစံတွင် မီးနတ်ပူဇော်သည့် ဓလေ့ထုံးစံသည် အရေးကြီးဆုံးဖြစ်လေသည်။ ဘုန်းကြီး၊ ပုဏ္ဏားတို့သည် မီးပုံဘေးတွင်ထိုင်ကာ ပရိတ်တရားများကို ရွတ် ဖတ်ကြသည်။ ရွတ်ဖတ်ရင်း မီးပုံတွင်ဆီမီးကို လောင်းထည့်ကြသည်။ မီးအလျှံ၊ မီးအညွန့်သည် တရှိန်ရှိန် တက်လာသည်။ ဆုတောင်း ရွတ်ဖတ်သရဇ္ဈာယ် ပြုသည့်အခါတိုင်း ဆီမီးလောင်းထည့်ရရိုး ထုံးစံရှိခဲ့သည်။

အိန္ဒိယပြည်တွင် အိမ်ထောင်စုတိုင်းတို့သည် မီးလင်းဖိုများကို အခန်း အလယ်တွင် ဖိုလေ့ရှိကြသည်။ ပထမဆုံး မီးလင်းဖိုများမှာ မြေကြီးအတွင်း တူးထားသော ကျင်းငယ်ကလေးများသာ ဖြစ်သည်။ အချို့ကား ကျောက်ခွက် များကို အသုံးပြုကြသည်။ မီးလင်းဖိုတွင် မီးစာ ထင်းအဖြစ် စန္ဒကူးသား များကို လောင်စာ ထည့်ကြသည်။ သို့ဖြစ်ရာတွင် မွှေးကြိုင်သောအနံ့ကို ရှူရှိုက်ကြရသဖြင့် မီးခိုးမှိုင်းကို အမှုမထားကြတော့ပေ။ ထို့ကြောင့် မီးခိုး ခေါင်းတိုင်များ အသုံးမပြုခြင်း ဖြစ်လေသည်။ အခြားရှေးကျသော တိုင်းပြည် များတွင်လည်း ကျောက်ခွက်တွင် မီးစာထည့်၍ လောင်စေသော မီးလင်းဖိုကို

အသုံးပြုကြသည်။ သို့ရာတွင် သူတို့အိမ်များ၌ မီးခိုးထွက်ရန် ကောင်းကင်ပေါက်များကို အမိုး၌ ဖောက်လုပ်ထားလေသည်။ ယင်းသည် ရှေးအကျဆုံး မီးခိုးထုတ်ပေါက်ပင် ဖြစ်သည်။ နောင်အခါ နှစ်ပေါင်း အတော်ကြာမှ အုတ်ဖြင့် ဆောက်သော မီးခိုးထုတ် ခေါင်းတိုင်များကို အစားထိုးကြလေသည်။

ဂူအောင်းလူသည် အမဲဆီကို ခွက်တွင် ထည့်ကာ မီးခွက်အဖြစ် ထွန်းညှိ အသုံးချတတ်လာသည်။ သည့်နောက်တွင်ကား လူသည် အတန်ငယ် ယဉ်ကျေးလာပြီဖြစ်ရာ၊ ဆီမီးခွက်ထဲက အမဲဆီကို ခဲအောင်ပြုလုပ်၍ ဖယောင်းတိုင်အဖြစ် အသုံးပြုရန် ကြံဆလာသည်။ ဤသို့အကြံရသည်မှာလည်း အတွေ့အကြုံကြောင့်ပင် ဖြစ်သည်။ ဆောင်းရာသီတွင် ခွက်ထဲရှိ အမဲဆီတို့သည် ခဲကြသည်။ ထို့ဆီမီးခွက်ကို သွားလေရာရာသို့ အလွယ်တကူ သယ်ဆောင်သွားနိုင်သည်ကို တွေ့ရသည်။ ထိုအတွေ့အကြုံအရ ဖယောင်းတိုင်အဖြစ် ဖန်တီးလာနိုင်ခြင်း ဖြစ်ဟန်တူသည်။

ထို့ကြောင့် ပထမဆုံးပေါ်လာသည့် ဖယောင်းတိုင်များကို ဆီတွင်နှစ်ထားသဖြင့် 'ဆီနှစ်'ဟူ၍ အလွယ်တကူ ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

ကာလ ကြာညောင်းလာသည်နှင့် အမျှ တိုးတက်ကောင်းမွန်သော ဖယောင်းတိုင်များကို ပြုလုပ်လာနိုင်ခဲ့သည်။ ထို့ပြင် ဖယောင်းတိုင် အများအပြားကို တစုတဝေးတည်း ထွန်းညှိခြင်းသည်လည်း ဓလေ့ထုံးစံတစ်ခု ဖြစ်လာလေသည်။ တစ်တိုင်ဆီမီး၊ တစ်တိုင် ဖယောင်းမီးသည် အမြင်ပသာဒတွင် အရှိုးခံမျှသာဖြစ်သည်။ စုပေါင်းစုဝေး ထွန်းညှိလိုက်လျှင် မျက်စိပသာဒတွင်



အတင့်အတယ် ဖြစ်စေသည်။ ကြည်နူးမှုကို ပေးစွမ်းသည်။ ယခုအခါ ကမ္ဘာ အရပ်ရပ်တွင် လူတို့သည် ဖယောင်းပဒေသာ သို့မဟုတ် မီးပဒေသာများကို အမြတ်တနိုးထွန်းညှိကြလေသည်။



ဖယောင်းတိုင် မီးသည် အလင်းရောင်ကို ပေးသည်ကား မှန်ပါ၏။ သို့ရာတွင် လေတိုက် လျှင်ငြိမ်း၍ ဆီမီးမကြာခဏ ကုန်ခန်းသည့် အခက်အခဲတို့ ရှိသည်။ ထိုကြောင့် ကြာရှည်မခံ။

'လိုလျှင်ကြံဆ နည်းလမ်း ရသည်'ဟူ၍ ဆိုရိုးရှိသည့်အတိုင်း ပညာဉာဏ် ကြီးမားသူတို့သည် အလင်းရောင် ဖြစ်စေမည့် အခြား နည်းလမ်းများကို ရှာဖွေကြပြန် သည်။ အလွန်လှပသည့် အလင်း ရောင်ကို ပေးသော အရာသည် ကား အခြားမဟုတ်၊ ဓာတ်ငွေ့ပင် ဖြစ်သည်။ ထိုဓာတ်ငွေ့ကို ရှာဖွေ တွေ့ရှိသူထက် ဉာဏ်ပညာ ကြီး မားသော သူသည် အဘယ်မှာ ရှိ အံ့နည်း။



ဓာတ်ငွေ့ကို ကျောက်မီး သွေးမှ ရနိုင်ကြောင်းကား အများ အသိပင် ဖြစ်သည်။ ပညာရှိ တစ်ယောက်သည် ကျောက်မီးသွေး အနည်း ငယ်ကို 'ရီတော့'ဟုခေါ်သော ပေါင်းအိုးတွင် ထည့်ကာ အပူပေးသည်။ ထိုအခါ ပေါင်းအိုးထိပ်၌ အလွန်လှပသော မီးတောက် မီးလျှံတစ်ခု ထွက် လာသည်။

ဤသည်မှာ ပထမဆုံး ထွန်းညှိသော ဓာတ်ငွေ့မီးပင် ဖြစ်လေသည်။ ကျောက်မီးသွေး ဖြစ်လာပုံကို သိပါသလား။

ကျောက်မီးသွေး၏ ဇာတိသည် အရိုးဆုံး၊ အလွယ်ဆုံးသဘောကို ဆောင်သည်။ သို့သော် နားလည်ရန်ကား ခက်ဟန်ရှိလေသည်။ လွန်ခဲ့သော နှစ်ပေါင်း သန်းပေါင်းများစွာက ကျွန်တော်တို့ ယခုနေထိုင်ရာ ကမ္ဘာမြေသည် သစ်တောကြီးများ အတိသာ ဖုံးလွှမ်းနေခဲ့ရာ ဒေသဖြစ်သည်။ ထိုသစ်ပင်၊ သစ်တောကြီးများအနက် အချို့သည် မြေတွင်မြုပ်သွားကြပြီးလျှင် အခြား အရာဝတ္ထုများဖြင့် ရောစပ်သွားကြသည်။ ယင်းတို့မှာ အချိန်ကာလ အတော် အတန်ကြာသည်အထိပင် မြေတွင် ကျစ်လျစ်သိပ်သည်းစွာ အဖိခံနေကြရသည်။ သို့နှင့် ကာလကြာညောင်းသော် ယင်းတို့သည် ကမ္ဘာမြေအပေါ်ယံ၏အောက်တွင် မာကျောသော ကျောက်တုံးအနက်များ ဖြစ်သွားကြသည်။ ဤသည်ပင် ကျောက်မီးသွေး ဖြစ်သည်။

ကျောက်မီးသွေးကို ပထမဆုံး ရှာဖွေတွေ့ရှိခြင်းသည်လည်း ရုတ်တရက် ရှောင်တခင် ဖြစ်ဟန်တူသည်။ ထိုနောက် တွင်ကား ကျောက်မီးသွေးကို ရရန် လူတို့သည်မြေတွင် တပင်တပန်း တူးဖော်ကြရသည်။ ယခုထက်တိုင် ကျောက်မီးသွေး တူးဖော်ခြင်း အလုပ်သည် ခက်ခဲရှုပ်ထွေးသောအလုပ် ဖြစ်သည်။ ဦးစွာပထမ ကျောက်မီးသွေးရှိမည့် နေရာတွင် တွင်းနက်နက် တစ်ခုကို တူးရသည်။



ယင်းကို 'ကျောက်မီး သွေးတွင်းမကြီး' ဟုခေါ်သည်။ ယင်းမှ လူများ ဆင်းရ

ရာပြည့်စာအုပ်တိုက်



တက်ရသည်။ ယင်းတွင်ဓာတ်လှေကား နှင့် သဏ္ဍာန်တူသော လှေကား တစ်ခု ရှိသည်။ ကျောက်မီးသွေး တွင်းတူး သမားတို့သည် ဤလှေကားဖြင့် ဆင်း တက်ကြရသည်။ ဤနေရာတွင် စက် သီးနှစ်ခု တပ်ဆင်ထားသည်။ တစ်ခု က အလုပ်သမားများ အဆင်းအတက် ကို ထိန်းချုပ်ပေးပြီးလျှင် ကျန်တစ်ခုက ကျောက်မီးသွေးကို မြေပေါ်သို့ တင်ပို့ရန် ထိန်းချုပ်သည်။

ကျောက်မီးသွေးတွင်းထဲသို့ ဆင်းသည့်အခါ မီးတောက်လောင်စေသည့် ပစ္စည်းများ ပါမသွားရန် ဂရုစိုက်ရသည်။ မီးခြစ်ဆံ၊ မီးခြစ်ဘူးတို့ မယူရ။ အကြောင်းမှာ ကမ္ဘာမြေ အတွင်းပိုင်းတွင် ကျောက်မီးသွေးသည် ဓာတ်ငွေ့တစ်မျိုးကို ဖြစ်ပေါ်စေသည်။ ထိုဓာတ်ငွေ့သည် မီးလောင်စေသည့် အရာဝတ္ထုတစ်ခုခုနှင့် တွေ့ထိသည့်အခါ ပေါက်ကွဲမှုကြီးများ ဖြစ်တတ်သော ကြောင့်တည်း။ ထို့ကြောင့် တွင်းတူးသမားများသည် လျှပ်စစ်မီးအိမ်များကိုသာ ယူဆောင်သွားရသည်။ ထိုလျှပ်စစ်မီးအိမ်၏ အလင်းရောင်တွင် ပုဆိန်၊ ရဲတင်းများ အကူအညီဖြင့် ကျောက်မီးသွေးကို တူးဖော်ရသည်။ ဤအလုပ်သည် အသက်ဘေးအန္တရာယ်ကြီးသော အလုပ်ဖြစ်သည်။ တစ်ခါတစ်ရံ မြေပြို၍ ကျောက်မီးသွေးတွင်း ပိတ်ခြင်း၊ ပိတ်ခြင်းမျိုး ကြုံရတတ်သည်။


ကျောက်မီးသွေး အများအစားတူးဖော်၍ ရပြီဆိုလျှင် လှည်းကလေးများ ပေါ်တွင် တင်ကာ 'တွင်းမကြီး'သို့ ရောက်အောင်ပို့ရသည်။ ပြီးလျှင် မြေကြီးပေါ်သို့ စက်သီးဖြင့် ဆွဲ၍တင်ရသည်။ တစ်နေ့တာအလုပ် ပြီးမှသာ တွင်းတူးသမားတို့သည် မီးသွေး အလိမ်းလိမ်းပေကျံလျက် မြေပြင်သို့ တက်ခဲ့ရသည်။ ထိုအခါတွင်မှ အလင်းရောင်ကို မြင်ရကာ လေကောင်းလေသန့်ကို ရှူရှိုက်ရသည်။ ကျောက်မီးသွေးမှ ကျောက်မီးသွေး ဓာတ်ငွေ့ကို အပူပေးခြင်းဖြင့် ထုတ်ယူသည်။ ယင်းဓာတ်ငွေ့သည် အရောင်အဆင်း မရှိရကား လူတို့ မျက်စိဖြင့် မမြင်နိုင်။ သို့ရာတွင် အနံ့အသက်ကိုကား လူတိုင်း သိကြသည်။ ထိုဓာတ်ငွေ့ကို စည်ကြီးများဖြင့် လှောင်ထားလေသည်။

အခြားလူသုံးပစ္စည်း တစ်ခုကိုလည်း ကျောက်မီးသွေးမှ ထုတ်ယူနိုင်သေးသည်။ ယင်းမှာ မီးသင်းကျောက်မီးသွေးပင် ဖြစ်သည်။ ဆောင်းအခါ အိမ်တိုင်းတွင် အနွေးဓာတ်ရရန် မီးလင်းဖိုၡ လောင်စာအဖြစ် အသုံးပြုကြသည်။ ဓာတ်ငွေ့ကိုကား အိမ်တွင် အသုံးပြုရန် ပိုက်လုံးများဖြင့် သွယ်ယူသည်။ ဤဓာတ်ငွေ့ဖြင့် အလင်းရောင်ကို ရစေသည်။ နွေးထွေးစေသည်။ တစ်ဖန် ဓာတ်ငွေ့မီးဖိုများတွင် တပ်ဆင်လိုက်လျှင် ထမင်းဟင်းကိုပင် အလွယ်တကူ ချက်ပြုတ်နိုင်ပြန်သည်။

၆

ကျွန်တော်တို့ လူသားများအဖို့ကား ဓာတ်ငွေ့သည် အံ့ဖွယ်သရဲ အထူးအဆန်း အရာတစ်ခု ဖြစ်နေသည်။ နှစ်ဆယ်ရာစု အဦးပိုင်းအထိ လူတို့အဖို့ ဓာတ်ငွေ့၏ အာနိသင်ကို အံ့သြမကုန် ရှိနေသေးသည်။ သို့ရာတွင် လျှပ်စစ်ဓာတ်ကို ရှာဖွေတွေ့ရှိလာသော အခါတွင်မူ ဓာတ်ငွေ့ဆိုသည်မှာ ခေတ်နောက်ပြေးနေသော အရာဝတ္ထုဖြစ်သွားသည်။ လျှပ်စစ်မီးသည် အသုံးပြုရာ၌ လွယ်ကူသည်။ ခလုတ်ကိုနှိပ်လိုက်ရုံဖြင့် အလင်းရောင်ရသည်။ ထို့ပြင် အနွေးငွေ့အတွက်လည်း ယင်းကို အသုံးပြုနိုင်သည်။ ယင်းမှရသည့် အနွေးငွေ့သည် ပို၍ နွေးထွေးဟန်ရှိသည်။ အသုံးပြုရာ၌လည်း ကရိကထ မရှိလှ။ သန့်ရှင်းသည်။ မြန်ဆန်သည်။ သို့ရာတွင် ဤမျှသာ မကသေး။ သည်ထက်ပို၍ အံ့ဖွယ်သရဲတို့ကိုပင် လျှပ်စစ်ဓာတ်က ပြုလုပ်နိုင်စွမ်းရှိသည်။ လျှပ်စစ်ဓာတ်ကြောင့် ရထားများသည် သံလမ်းပေါ်တွင် ပြေးသွားနိုင်သည်။ ကျွန်တော်တို့ ခေါင်းပေါ်က ပန်ကာများ လည်နိုင်သည်။ ရေခဲသေတ္တာတွင် ရေများခဲနိုင်သည်။ ပုံနှိပ်စက်များသည်လည်း လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်ကြသည်။ စက်ကိရိယာများ ပြုလုပ်သည့် စက်ရုံများကိုလည်း ဓာတ်အားပေးစွမ်းနိုင်သည်။ ပိတ်ကားပေါ်တွင် အရုပ်များ လှုပ်ရှားကာ စကားပြောနိုင်သည့် ရုပ်ရှင်သည်လည်း လျှပ်စစ်ဓာတ်ကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို ရှာဖွေတွေ့ရှိခြင်းသည် လူ့လောက တစ်ခုလုံးကို ကြီးမားစွာ အကျိုးဖြစ်ထွန်းစေသည်။

လျှပ်စစ်ဓာတ်အားတွင် တည်ရှိနေသော မီးကို မည်ကဲ့သို့ ရှာဖွေတွေ့ရှိသနည်း။



ထိုဓာတ်လမ်းသည် ရှေးဟောင်း ဂရိပြည်တွင် စတင်ခဲ့သည်ဟု ဆိုကြသည်။ ဂရိလူမျိုးတို့သည် ဉာဏ်ပညာ ကြီးမားကြသူများဖြစ်သည်။ ပယင်း တုံးနှစ်ခုကို ပွတ်ထားလျှင် ပူနွေးလာသည်။ ထိုနောက် အရာဝတ္ထု အသေးအမွှား ကလေးများကို ဆွဲငင်နိုင်သောသတ္တိထူး ရှိလာသည်။ ဤအချက်ကို ရှေးဟောင်း ဂရိလူမျိုးတို့ မှတ်သားမိကြသည်။ ထို့ပြင် ပူနွေးနေသော ပယင်းတုံး နှစ်ခုကို သတ္တုတစ်ခုနှင့် နီးကပ်စွာ ထားလိုက်လျှင် မီးပွင့်များ ထွက်လာသည်ကိုလည်းတွေ့ ရှိခဲ့ကြသည်။ ပယင်းတုံးကို ဂရိလူမျိုးတို့၏ ဘာသာစကားတွင် အီလက်ထရွန် ဟု ခေါ်ကြသည်။

နှစ်ပေါင်း ရာပေါင်းများစွာ အထိပင် ထိုပယင်းတုံး၏ သတ္တိထူးသည် လူများကို ထူးဆန်း အံ့သြစေခဲ့သည်။ ဆယ့်ရှစ်ရာစုနှစ်တွင်ကား ဗင်ဂျမင် ဖရင်ကလင် ဆိုသူသည် ထိုအချက်ကို များစွာ စိတ်ဝင်စားလာကာ စမ်းသပ်မှုများ ပြုလုပ်လေသည်။ နောက်ဆုံးတွင် မိုးတိမ်နှင့် လေတံခွန်တို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အားကို ထုတ်ဖော်နိုင်ခဲ့လေသည်။ မြင့်မားသော အဆောက်အအုံကြီးများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားရန် အကြံပေးသူမှာ ဖရင်ကလင်ပင် ဖြစ်လေသည်။ အဆောက်အအုံ၏ အမိုးထိပ်၌ သတ္တုချောင်းတစ်ခုကို တပ်ဆင်ပြီးနောက်၊ ယင်း၏အဆုံးကို နံရံမှ အောက်သို့ သက်ဆင်းစေ၍

မြေတွင် မြှုပ်ထားစေသည်။ မိုးသက်မုန်တိုင်း ကျသောအခါ မိုးတိမ်များမှ တစ်ဆင့် လျှပ်ပြက်ထွက်လာသော လျှပ်စစ်ဓာတ်သည် မိုးကြိုးလွှဲဆီသို့ သက်ဆင်းလာသည်။ မိုးကြိုးလွှဲသည် ဓာတ်လိုက်သတ္တုချောင်းတစ်ခုဖြစ်ရာ လျှပ်စစ်အားကို မြေကြီးထဲသို့ တစ်ဆင့်ပို့ပေးလိုက်သည်။ ဤသို့ဖြင့် အဆောက်အအုံကို မိုးကြိုးပစ်ခြင်းမှ အကာအကွယ် ပေးနိုင်သည်။

လျှပ်စစ်ဓာတ် ဖြစ်ပေါ်ပုံနည်းလမ်းတစ်ခုကို အီတလီပြည် ပါဗီယာ တက္ကသိုလ်မှ ပါမောက္ခ ဗော်လတာ ဆိုသူကလည်း တွေ့ရှိခဲ့သည်။ သူ တွေ့ရှိသောနည်းမှာ ဓာတ်ခွဲခန်းတွင် ဖားကို ခွဲစိတ်ရာမှ သိရှိရခြင်း ဖြစ်သည်။ ဖားကို ခွဲစိတ်ရာတွင် အသုံးပြုသော ဓားနှင့် ဖားသေကို တင်ထားသည့် ကြေးပြားတို့ တွေ့ထိခြင်းအားဖြင့် လျှပ်စစ်ဓာတ် ဖြစ်ပေါ်နိုင်သည်။ ဤနည်းမှာ သတ္တုနှစ်ခု တွေ့ထိခြင်းကြောင့် လျှပ်စစ်ဓာတ် ဖြစ်ပေါ်လာသည့်နည်း ဖြစ်သည်။ ဤတွင် ဖားသေ၏ ခြေထောက် နာဗ်ကြောသည် လျှပ်စစ်ဓာတ် အလွယ်တကူ စီးသွားနိုင်သော ဒြပ်တစ်ခုဖြစ်ကြောင်းကိုလည်း သိလာရသည်။ ပါမောက္ခ ဗော်လတာသည် သူ၏ ဓာတ်ခွဲခန်းတွင် စမ်းသပ်မှုပေါင်းများစွာကို ပြုလုပ်ခဲ့သည်။ သူ၏အတွေ့အကြုံအရ လျှပ်စစ်ဓာတ် ဖြစ်ပေါ်ရန်အတွက် သွပ်သတ္တုနှင့် ကြေးနီသတ္တုတို့သည် တွဲဖက်ညီသည့် သတ္တုချောင်းနှစ်ခု ဖြစ်ကြောင်းကိုလည်း သိနားလည်ခဲ့သည်။ သူသည် ဓာတ်ခွဲခန်းတွင် သွပ်၊ ကြေးနီပြား၊ ကတ်ထူပြားတို့ ပေါင်းစပ်ထားသော ကပ်ပြားများကို ပြုလုပ်သည်။ ကတ်ပြားထူကို ဆားရည်ထဲတွင် နှစ်ပြီးမှ ပြန်၍ ဆယ်ယူသည်။ ထိုနောက် ကြေးနီးပြားကို အောက်ဆုံးတွင် ထားလျက် အလယ်ကသွပ်ပြား၊ အပေါ်ဆုံးက ကတ်ထူပြားထားကာ ယင်းကဲ့သို့သော သုံးခုတွဲမျိုး အထပ်ပေါင်း များစွာကို ထပ်စေသည်။ ထို့နောက် ကြေးနီးပြားနှင့် သွပ်ပြားကို နန်းကြိုးဖြင့် ဆက်သွယ်လိုက်ခြင်းအားဖြင့် လျှပ်စစ်မီးပွားဖြစ်သော လျှပ်စစ်ဓာတ်ကို ရရှိလာသည်။ ဤသည်မှာ ယခု ကျွန်တော်တို့ အသုံးပြုလျက်ရှိသော ဘက်ထရီဓာတ်အိုး၏ အလွယ်ကူဆုံး၊ အရှင်းဆုံး တည်ဆောက်ပုံ ဖြစ်ပေသည်။

လျှပ်စစ်ဓာတ်ဖြစ်ပေါ်လာရခြင်းကို 'စည်း' တစ်ခု ထုတ်ယူနိုင်သည်။ ယင်းမှာ အရာဝတ္ထုတိုင်း၌ မတူညီသော ဓာတ်နှစ်ခုရှိသည်။ ထိုနှစ်ခုသည် အင်အားချင်းလည်း ပြိုင်နေသည်။ ယင်းတို့မှာ လျှပ်စစ် အဖိုဓာတ်နှင့် အမဓာတ်တို့ပင် ဖြစ်လေသည်။ အဖိုဓာတ်နှင့် အမဓာတ်တို့ကို နီးနီးကပ်ကပ်မထား

ဘဲ ဝေးဝေးခွာထားလျှင်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် အဖိုနှင့် အမတို့၏ သဘောသည် တစ်ဦးနှင့်တစ်ဦး မခွာစတမ်း ပူးကပ်တတ်သည့် သဘောရှိ ကောား အလွန်အားကြီးသည့် စွမ်းအင်တစ်ခုခုကို သုံးကာ ဖွတ်အတင်းခွာ ထားလျှင် ဖြစ်နိုင်သည်။ ထိုအခါ အဖိုနှင့် အမတို့သည် တစ်ဦးနှင့်တစ်ဦး နီးကပ်ရန် ဖွတ်အတင်း ရုန်းကန်တတ်လေသည်။ ဤသည်ကို အခွင့်ကောင်း ယူ၍ ကျွန်တော်တို့သည် လျှပ်စစ်ဓာတ်ဖိုနှင့် လျှပ်စစ်ဓာတ်မကို ခပ်ခွာခွာ ထားကာ ယင်းတို့ နီးစပ် ပူးကပ်ရန် အားထုတ်သည့် ကြိုးပမ်းချက်ကို ကျွန်တော်တို့ အကျိုးဖြစ်ထွန်းရေးအတွက် အသုံးချနိုင်ခဲ့သည်။

၇

အင်္ဂလန်ပြည်သား မိုက်ကယ်ဖာရဒေးသည် အသိရခက်သည်တို့ကို သိလွယ် အောင် ရှာဖွေ စူးစမ်းရာ၌ သူမတူအောင် စွမ်းသူတစ်ဦး ဖြစ်သည်။ သူသည် လျှပ်စစ်ဓာတ်နှင့်ပတ်သက်သည့် နိယာမ အမျိုးမျိုးကို တွေ့ခဲ့သည်။

မိုက်ကယ်ဖာရဒေးသည် ပန်းပဲဆရာတစ်ဦး၏ သားဖြစ်သည်။ အရွယ် ရောက်လျှင် စာအုပ်ချုပ်ဆိုင်တစ်ခု၌ အလုပ်လုပ်သည်။ ထိုစာအုပ်ချုပ်ဆိုင် တွင် စာအုပ်များများရှိသည်။ ယင်းတို့ကို မိုက်ကယ်ဖာရဒေး ဖတ်ခွင့်ရခဲ့သည်။ စာအုပ်တို့ကို ဖတ်ဖန်များလာသည့်အခါ သိချင်၊ နားလည်ချင်သော မချင့် မရဲ စိတ်ကလေးများ၊ စူးစမ်းချင်သော စိတ်ကလေးများ ဝင်စားလာသည်။

ကာလ အတန်ကြာသောအခါ သူသည် သိပ္ပံပညာတွင် များစွာ ဝါသနာထုံ၍ လာသည်နှင့် လန်ဒန်မြို့ရှိ တော်ဝင်သိပ္ပံအသင်းကြီး၌ စာပေ သင်ကြားပို့ချနေသော ဆာဟန်ဖရီထံသို့ ချဉ်းကပ်သည်။ ဆာဟန်ဖရီ ပို့ချ သော သင်တန်းများတွင် တက်ရောက်လေ့လာသည်။ သို့နှင့် ကာလညောင်း လာသည့်အခါ ဖာရဒေးသည် တော်ဝင်သိပ္ပံအသင်းကြီးတွင် လက်ထောက် အကြီးအကဲ ရာထူးကို ဆက်ခံရသည်။ များမကြာမီ ကာလအတွင်းမှာပင် သူသည် ထိုအသင်းကြီး၏ အကြီးအကဲ ဖြစ်လာလေသည်။

ဖာရဒေးသည် ဓာတုဗေဒနှင့် ရူပဗေဒတို့တွင် နိယာမအသစ် အသစ် တို့ကို ဖြည့်စွက်ပေးခဲ့သည်။

လျှပ်စစ်ဓာတ်သည် နန်းကြိုးတစ်လျှောက်တွင် စီးဆင်းသည်။ သို့ရာ တွင် နန်းကြိုးချင်း အဆက်အသွယ် မရှိဘဲနှင့်လည်း နန်းကြိုးတစ်ခုမှ ဒုတိယ

နန်းကြိုးတစ်ခုသို့ လျှပ်စစ်ဓာတ် အလွယ်တကူ စီးဆင်းနိုင်သည်။ ဤသို့ လျှပ်စစ်ဓာတ်စီးဆင်းသည့်နည်းကို လျှပ်စစ်ဓာတ်ကူးခြင်းဟု ခေါ်သည်။ ဤ စမ်းသပ်ချက်ကို ဖာရဒေး အောင်မြင်စွာ တင်ပြနိုင်ခဲ့သဖြင့် ထင်ရှားကျော်ကြား လာသည်။ ဤအချက်ကို ၁၈၃၁ ခုနှစ်တွင် ဖာရဒေး ရှာဖွေတွေ့ရှိခဲ့သည်။

ဤနိယာမသည် ကျွန်တော်တို့ ယခုနေ့စဉ် တွေ့မြင်နေရသည့် ဒိုင်နမို ၏ သော့ချက်ပင်ဖြစ်သည်။ ယခုအခါ ဒိုင်နမိုစက်၏ စွမ်းအားကြောင့် ကျွန် တော်တို့ နေထိုင်သည့် အိမ်များတွင် လျှပ်စစ်ဓာတ်မီးအလင်းရောင်ကို ရစေ သည်။ ဓာတ်ရထားများ၊ မီးရထားများကို ဒိုင်နမိုစွမ်းအားဖြင့်ပင် မောင်းနှင် နိုင်ခဲ့သည်။ ထို့ပြင် စက်ရုံကြီးများတွင် စက်များကိုလည်း လည်ပတ်စေနိုင်ခဲ့ သည်။ ထို့အတူ မော်တာစက်လည်ခြင်း၊ ကြေးနန်းရိုက်ခြင်း၊ တယ်လီဖုန်း ဖြင့် စကားပြောနိုင်ခြင်းတို့သည်လည်း ဤနိယာမတွင် အခြေခံကြလေသည်။

ထိုနောက် ဆားပျော်ရည်များတွင် လျှပ်စစ်ဓာတ် အလွယ်တကူ ကူးသန်းနိုင်သည့် အဖြစ်ကိုလည်း ဖာရဒေး ရှာဖွေတွေ့ရှိခဲ့သည်။ ဤ တွေ့ ရှိချက်ကြောင့် ရွှေရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်း စသည့် အတတ်ပညာတို့ ထွန်းကားလာရသည်။ ကမ္ဘာဦးလူသားတို့ ပထမဆုံး တွေ့ရှိသည့် တောမီးမှ သည် လျှပ်စစ်မီးပွင့်အထိ တိုးတက်ဖြစ်ပေါ်လာခဲ့သည်မှာ မိုက်ကယ်ဖာရဒေး ၏ ရှာဖွေတွေ့ရှိချက်များကြောင့်ဟု ပြောလျှင် အလွန်အကြူးဆိုရာရောက်မည် မဟုတ်ပါ။

ဤတွင် ကျွန်တော်တို့သည် လျှပ်စစ်ဓာတ်၏ လက်တွေ့အသုံးဝင်ပုံ ကို အမြဲ နှလုံးသွင်းဆင်ခြင်တတ်ရန် အရေးကြီးပေသည်။ အကြောင်းမှာ ဤကဲ့သို့ စူးစမ်းရှာဖွေမှုများ၊ တီထွင်မှုများ ပြုလုပ်ခဲ့ရသည့် အကြောင်းရင်း ကို ဆင်ခြင်မည်ဆိုလျှင် လူသည် မိမိနေထိုင်ရေးတွင် အဆင့်အတန်း မြင့်မား တိုးတက်လာစေရန်လည်းကောင်း၊ လူတို့ တီထွင်သည့် အရာခပ်သိမ်းတို့ကို ကောင်းစွာ အသုံးပြုခံစားနိုင်ရန် လည်းကောင်း ကြီးမားသည့်ရည်ရွယ်ချက် ထားရှိခဲ့သည်ဆိုသည့် အချက်ကို တွေ့ရပေလိမ့်မည်။

စက်ရုံတွင် လူသုံးပစ္စည်း အမြောက်အမြား ထုတ်လုပ်နိုင်ရန်အတွက် စက်ကို လည်ပတ်စေရန် မော်တာစက်က အကူအညီ ပေးခဲ့သည်။ ဤမော်တာ စက်၏စွမ်းပကားကြောင့်ပင် ကျွန်တော်တို့သည် ခရီးဝေးတွင်နေသော မိတ်ဆွေ သူငယ်ချင်းများကို တယ်လီဖုန်းဖြင့် စကားပြောနိုင်ခဲ့သည်။ ယခုအခါ

အင်္ဂလန်ပြည်၊ အမေရိကန်ပြည်အထိပင် စကားပြောနိုင်ပြီ။ လျှပ်စစ်ဓာတ်ကိုသာ မတွေ့ရှိခဲ့လျှင် ဤကိရိယာများ ပြီးမြောက်နိုင်မည် မဟုတ်။

နောက်တစ်မျိုးရှိသေးသည်။ ယင်းမှာ ရေဒီယိုဖြစ်သည်။ ရေဒီယိုသည် ကြိုးမဲ့ တယ်လီဖုန်းပင် ဖြစ်သည်။ အသံလွှင့်ရုံတစ်ခုမှနေ၍ ကမ္ဘာအရပ်ရပ်သို့ သတင်းများ ပို့နိုင်သည်။ လွှင့်နိုင်သည်။ ဂီတတီးဝိုင်းတစ်ခုကလည်း သီချင်းဆို အသံလွှင့်နိုင်သည်။ ထို့ပြင် ရေဒီယို အကူအညီကြောင့် ကျွန်တော်တို့သည် လေမုန်တိုင်းများ ကျရောက်မည်ကို ကြိုတင်သိနိုင်သည်။ ယင်း၏ အကျိုးအာနိသင်မှာ ပင်လယ်တွင်း သွားလာနေကြသော လေ့၊ သင်္ဘောတို့သည် ကျရောက်မည့် အန္တရာယ်ကို ကြိုတင်ရှောင်ရှား ကာကွယ်နိုင်ခြင်းပင် ဖြစ်သေသည်။

သည့်ထက် အံ့မခန်းသည့်ကိရိယာတို့ ရှိသေးသည်။ ယခုအခါ တစ်နာရီအတွင်း ပေါင်မုန့်ချပ်ရေပေါင်း ၂၉၀၀၀ ကို လှီးနိုင်သည့် လျှပ်စစ်ပေါင်မုန့်လှီးစက်များပင် ပေါ်လာပြီ။ အနောက်နိုင်ငံတို့တွင်ကား လျှပ်စစ်ဓာတ်ဖြင့် ကိရိယာအဝဝကို ပြုလုပ်သော စားသောက်ဆိုင်များပင် ပေါ်နေပြီ။ ဆိုင်ထဲသို့ ဝင်လာသည့် လူတစ်ယောက်သည် မိမိ ကြိုက်နှစ်သက်ရာ အစားအစာကို ရွေးချယ်ပြီးနောက် အတွက်ကျတန်ဖိုးကို အပေါက်တစ်ခုထဲ ထည့်လိုက်လျှင် အပေါက်ကလေးတစ်ခု အလိုအလျောက် ပွင့်လာကာ လိုသည့် အာဟာရများ ထွက်လာလိမ့်မည်။ စားသောက်မည့် သူသည် အလွယ်တကူ ယူငင်ကာ တစ်နေရာတွင် ထိုင်၍ စားနိုင်သည်။ စားသောက်ပြီးလျှင် ပေရေနေသော ပန်းကန်ပြားကို လျှပ်စစ်ဓာတ်အား အကူအညီဖြင့် ဖြည်းညင်းစွာ လည်ပတ်နေသည့် သားရေပတ်ပြားကြီးပေါ်တွင် တင်ပေးလိုက်နိုင်သည်။ သားရေပတ်ပြားကပန်းကန်ကို သယ်ဆောင်ကာ ဆေးကြောသည့်နေရာသို့ ပို့ပေးလိမ့်မည်။ ထိုနေရာတွင် ပန်းကန်ပြားကို စက်က ဆေးပေးကာ၊ စက် အကူအညီဖြင့်ပင် သွေ့ခြောက်စေလိမ့်မည်။ ဤကား လျှပ်စစ်ဓာတ်ကြောင့် ရရှိသည့် အကျိုးအာနိသင်များ ပေတည်း။

လယ်ယာကိရိယာတွင် လျှပ်စစ်ဓာတ်အား အကူအညီဖြင့် ထွန်ယက်နိုင်သည် အထိပင် တိုးတက်လာပေပြီ။ ထို့ပြင် နွားနို့ညှစ်သည့် စက်လည်း ပေါ်လာပြီ။

လူ၏ခန္ဓာကိုယ်အတွင်း၌ မည်သို့ ဖောက်ပြန်ချွတ်ယွင်းနေသည်ကို

လျှပ်စစ်ဓာတ်စွမ်းအားဖြင့် သိနိုင်သည်။ ယင်းမှာ အိတ်စရေးဓာတ်ပုံရိုက်ခြင်းပင် ဖြစ်သည်။ ထိုနောက် လျှပ်စစ်မီးပူ၊ လျှပ်စစ်ပေါင်မုန့်ကင်စက်၊ အိမ်ခန်းများကို အနွေးဓာတ်ပေးသည့်စက်၊ အအေးဓာတ်ပေးသည့် စက်များကို လည်း ပြုလုပ်နိုင်ခဲ့ပြီ။

ကမ္ဘာအရပ်ရပ်တွင် မီးရထားကို လျှပ်စစ်ဓာတ်အားဖြင့် ခုတ်မောင်းနေကြပြီဖြစ်သောကြောင့် မီးခိုးတလူလူ၊ ရေနွေးငွေ့ တရှဲရှဲ အော်မြည်နေသည့် မီးထိုး မီးရထားစက်ခေါင်းများပင် အသုံးမဝင် ဖြစ်လာရသည်။ ထို့ပြင် ကမ္ဘာအရပ်ရပ်ရှိ မြို့ကြီးများတွင် မြေအောက်ဥမင်လိုဏ်ခေါင်း မီးရထားများ ပေါ်ထွန်းနေပြီးလျှင် ဥမင်လိုဏ်ခေါင်းသို့ ဓာတ်လှေကားဖြင့်ပင် ဆင်းနိုင်ပြီ။

ဤ ထူးဆန်းဖွယ်ရာတို့သည် အမှန်စင်စစ် အဏုမြူစွမ်းအားနှင့် နှိုင်းစာသော် ကလေးကစားဖွယ်မျှသာ ဖြစ်နေလေသည်။



အဏုမြူဗုံး၏ စွမ်းအားကို ကျွန်တော်တို့ ကြားဖူးကြပြီ ဖြစ်သည် မဟုတ်လား။ အဏုမြူဗုံးသည် မြို့ကြီးတစ်မြို့ကို တစ်မုဟုတ်ချင်း ပျက်စီးဆောင်ကျွမ်းစေနိုင်သည်။ ဒုတိယကမ္ဘာစစ် အတွင်းက ဂျပန်ပြည် ဟီရိုရှီးမားမြို့နှင့် နာဂါဆကီမြို့နှစ်မြို့ပေါ်သို့ အဏုမြူဗုံးများ ကြဲချခဲ့သည်။ ခြောက်မိုင်ပတ်လည် ဒေသအတွင်း ရှိရှိသမျှ တိုက်တာအိမ်ခြံတို့ကို ဖျက်ဆီးနိုင်ခဲ့သည်။ ယခုအခါ မသမာသောသူများသည် အဏုမြူဗုံးကိုပြလျက် ခြိမ်းခြောက်နေသည်။ သူတို့ ဩဇာ မလိုက်သူများ၊ သူတို့ခိုင်းတိုင်း မလုပ်သူများကို အဏုမြူဗုံးဖြင့် ခြောက်လှန့်လျက် ရှိသည်။

သို့ရာတွင် အဏုမြူ၏ အဖျက်စွမ်းအားသာ မဟုတ်ဘဲ အပြုစွမ်းအားကိုပါ ကျွန်တော်တို့ ကောင်းစွာ သိနားလည်မည်ဆိုလျှင် ကမ္ဘာသူကမ္ဘာသားတို့၏ အကျိုးစီးပွားကို များစွာ အထောက်အပံ့ပြုနိုင်ပေလိမ့်မည်။ ငတ်မွတ်ခေါင်းပါးခြင်းကပ်၊ အနာရောဂါ ထူပြောခြင်းကပ်တို့ကို အဏုမြူစွမ်းအားဖြင့် တိုက်ဖျက်နိုင်ပေလိမ့်မည်။

အဏုမြူစွမ်းအားကို ရှာဖွေတွေ့ရှိပုံမှာ တကယ်ဆိုလျှင် ထူးဆန်းအံ့ဩဖွယ်ကိစ္စတစ်ခုဖြစ်သည်။ ကိမ်းဘရစ်တက္ကသိုလ်က သိပ္ပံပညာရှင်တစ်ဦးဖြစ်သော လောရှုသာဖို့သည် အဏုမြူသဘောတရားကို စတင်လေ့လာသူတစ်ဦးဖြစ်သည်။ ဓာတုဗေဒ အလိုအရ ဆိုသော် ကျွန်တော်တို့နေထိုင်သည့် ဤကမ္ဘာမြေတွင် ဒြပ်ပေါင်းဒြပ်စင်တို့သည်သာလျှင် အရေးအကြီးဆုံးပစ္စည်းဝတ္ထုများဖြစ်ကြသည်။ ယင်းတို့ကို အမျိုးမျိုး ဓာတ်ခွဲနိုင်ပြန်သည်။ ထိုအခါ အသေးငယ်ဆုံး အမှုန်အဖြစ် အဏုမြူကို ရရှိနိုင်သည်။ အဏုမြူထက် သေးငယ်သည့် အရာဝတ္ထု(ဝါ)ဒြပ်ကား မရှိနိုင်။ ဤသည်မှာ အဏုမြူသဘောတရား တိုးပွားမဖွံ့ဖြိုးမီက လူတို့ နားလည်ထားကြသည့် အသိသာလျှင်ဖြစ်သည်။ ထိုအငယ်ဆုံး ဆိုသည့် အဏုမြူကို ခွဲခြမ်း၍ မရနိုင်ဘူးလား။ ဤကိစ္စသည် လော့ရှုသာဖို့ ကြံစည်ကြိုးစားသော ကိစ္စပင် ဖြစ်သည်။

ယခု နှစ်ဆယ်ရာစု၏ အဦးဆုံးနှစ်ပိုင်းများတွင် သူသည် အဏုမြူကို ခွဲရန် ကြံစည်ခဲ့သည်။ အဏုမြူကို ခွဲခြမ်းရာ၌ သိပ္ပံပညာရှင်တွင် ရည်ရွယ်ချက်ကြီးမားစွာရှိသည်။ ယင်းမှာ အသေးငယ်ဆုံး ဒြပ်အမှုန်ဖြစ်သည့် အဏုမြူကို ခွဲခြမ်းနိုင်ပြီဆိုလျှင် အလွန်တရာ ထက်မြက်သည့် စွမ်းအင်ကို ရနိုင်လိမ့်မည်ဟု သိပ္ပံပညာရှင်တို့ ယုံကြည်ကြခြင်းပင်ဖြစ်ပေသည်။ အံ့ဖွယ်သရဲပင် မဟုတ်

ပါလား။ အဏုမြူကို ခွဲခြမ်းရာမှရသည့် စွမ်းအင်သည် အခြားနည်းလမ်းများဖြင့် ရှာဖွေရရှိသည့် စွမ်းအင်ထက် အရာအဆ အသိန်းအသန်းသာသည်ကို သိပ္ပံပညာရှင်တို့ တွက်ချက်၍ သိရှိခဲ့ရသည်။ တကယ်တမ်းပြောကြဆိုလျှင် အဏုမြူသဘောတရားသည် အလွန်ရှုပ်ထွေးနက်နဲသည့် သဘောတရားတစ်ခု ဖြစ်ပေသည်။ ထို့ပြင် ခက်ခဲသည့် ကိစ္စတစ်ရပ်လည်း ဖြစ်ပေသည်။ သို့သော် တစ်ခုပြောနိုင်သည်ကား ရှိ၏။ ယင်းမှာ လူ၏ ကြံရည်ဖန်ရည်တည်းဟူသော စွမ်းရည်သည် လောကတွင်ရှိနေသည့် ဆန်းကြယ်သော အရာတို့ထက် ပို၍ အံ့ဖွယ်သရဲဖြစ်စရာ ကောင်းသည်ဟူသော အချက်ပင်တည်း။ လူသည် မိမိအပါအဝင် လူ့လောက သာယာဝပြောရေးအတွက် သဘာဝစွမ်းအားမှန်သမျှကို ချုပ်ကိုင်ထိန်းကျောင်းရန် ကြိုးစားသည်။ ဤသို့ ကြိုးစားရာတွင်လည်း တစ်ချိန်ထက်တစ်ချိန် ပို၍ အောင်မြင်လာခဲ့သည်။ လူတို့၏ နေ့စဉ်စားဝတ်နေရေး ပြဿနာအဝဝကို တိုးတက်ဖွံ့ဖြိုးအောင် စီမံ ဖန်တီးလာနိုင်ခဲ့သည်။ ယခုလည်း လူ့လောကတွင် အကြီးဆုံး မောင်းနှင်ရေးအားဟု တစ်နည်းအားဖြင့် ခေါ်ဆိုနိုင်သည်ဖြစ်သည့် အဏုမြူစွမ်းအားကို ပုလင်းလွတ်ကလေး တစ်လုံးထဲတွင် ထည့်ကာ အလိုရှိသလို အသုံးပြုနိုင်ရန် ကြိုးစားခဲ့သည်။ ထိုအခါ အောင်မြင်မှု ရခဲ့ခြင်းပင် ဖြစ်ပေသည်။

အဏုမြူစွမ်းအားကို ကျွန်တော်တို့အကျိုးရှိစွာ အသုံးပြုနိုင်သည်။ လူ့လောက အသက်ဆက်ရေးအတွက်လည်း အဘက်ဘက်က အသုံးပြုနိုင်သည်။ အတိုတောင်းဆုံး အချိန်အတွင်း အများဆုံး ကောက်ပဲသီးနှံ ထွက်အောင်ကိုလည်း အဏုမြူစွမ်းအားဖြင့် ပြုလုပ်နိုင်သည်။ သင်္ဘော၊ လေယာဉ်ပျံတို့ကို အမြန်ဆုံးစံနှုန်းဖြင့် ပျံသန်းနိုင်အောင်လည်း အဏုမြူစွမ်းအားဖြင့် ပြုလုပ်နိုင်သည်။ 'တောင်ကြီးလျှင် ဖဝါးအောက်'ဟု တင်စားရိုး ရှိကြသည်အတိုင်းပင် မြင့်မားပါသည်၊ ကြီးမားပါသည်ဆိုသော တောင်ကြီးများကိုလည်း ဤအဏုမြူစွမ်းအားဖြင့် ဖြိုဖျက်နိုင်သည်။ ဖြောင့်ဖြောင့်တန်းတန်း စီးဆင်းနေသည့် မြစ်ကြီးများကိုဖြစ်စေ၊ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသည့် မြစ်ကြီးများကိုဖြစ်စေ အဏုမြူစွမ်းအားဖြင့် လမ်းကြောင်း ပြောင်းသွားအောင်လည်း ပြုလုပ်နိုင်သည်။ အဆုံးစွန်စကား ပြောရမည်ဆိုလျှင် အဏုမြူစွမ်းအားကြောင့် ကျွန်တော်တို့၏ တစ်နေ့တာအလုပ်ချိန်များပင် လျော့လာနိုင်ပေသည်။ ထိုသို့ 'တစ်နေ့တာအလုပ်ချိန်'လျော့လာမည်ဆိုလျှင် စာဖတ်ရန် အချိန်ပို၍ရလာမည်၊

စားရန် အချိန်ပို၍ ရလာမည်၊ တွေးတောစဉ်းစားရန် အချိန်ပို၍ ရလာမည်။ လူ့ဘဝ တစ်သက်တာတွင် ပို၍ တန်ဖိုးရှိရှိ အသက်ရှင်နေထိုင် နိုင်လာမည်။

ဤသို့ဆိုလျှင် အဏုမြူ၏စွမ်းအားအကြောင်းကို စလုံးရေးစက ပြန်၍ ကောက်ကြစို့။ အဏုမြူစွမ်းအားသည် ယနေ့ ကျွန်တော်တို့ နောက်ဆုံးသိရသည့် ထက်မြက်သော စွမ်းအားတစ်ခုဖြစ်သည်။ ဤအထိ တိုးတက်လာရာတွင် အစဦး စွမ်းအားပေး ပစ္စည်းသည် ဘယ်အရာနည်း။ ယင်းမှာ ရှေးဟောင်းလူတို့ ပထမဦးဆုံးတွေ့ရှိသည့် မီးပွင့်မီးပွားကလေးပင်ဖြစ်သည်။ မီးပွားတစ်ခုကစခဲ့သည်မှာ ယနေ့ အဏုမြူစွမ်းအားအထိ တိုးတက်လာခဲ့ပြီ။ သို့ဖြစ်ရာ အချို့သော ပညာရှင်တို့က လူ့လောက၏ ပဓာန အသက်ဆက်အားသည် ထို'မီးပွား'ပင် ဖြစ်သည်ဟု တွေးထင်ယူဆကြသည်။

အိုင်းရစ်လူမျိုး စာရေးဆရာကြီး၊ ကမ္ဘာကျော် ခွသမားကြီး ဂျော့ဘားနဒ်ရှောက ဆိုလျှင် အရာရာကို 'ပဓာန အသက်ဆက်အားဖြင့်'သာ တိုင်းတာနှိုင်းဆ၍ အဆိုအမိန့်ပြုသည်။ ပြင်သစ်ပညာရှိ ဗတ်ဂဆန်ကလည်း ထိုနည်းအတိုင်းပင် ယူဆခဲ့သည်။ ဤသဘောအယူတွင် အနှစ်သာရအားဖြင့် မျှော်လင့်ချက် ကြီးကြီးမားမားထားသည် ဆိုခြင်းကို တွေ့ရသည်။ သို့ဖြစ်လျှင် ယနေ့လူ့လောကကို ကျွန်တော်တို့ ပြန်လည်ကြည့်မြင် သုံးသပ်ကြပြီဆိုလျှင် ကျွန်တော်တို့ မှီတင်းနေထိုင်သည့် ကမ္ဘာမြေချည်းသက်သက်ကိုသာ ကြည့်မြင်၍ မပြည့်စုံ။ ကမ္ဘာမြေနှင့်ဆက်နေသော နေစကြဝဠာလောက တစ်ခုလုံးကိုပါ ကြည့်မြင်သုံးသပ်ရမည်။ ထိုအခါ ဤနေစကြဝဠာကြီးတွင် လူဆိုသော သတ္တဝါ လှုပ်ရှားနေထိုင် ပြုမူလုပ်ကိုင်ပုံတို့ကိုပါ သုံးသပ်ရမည်။ လူတို့ ပြုမူနေထိုင် လှုပ်ရှားနေခြင်းကို အားပေးထောက်ပံ့သမှု ပြုသည့် ပဓာန အသက်ဆက်အားက လူကို ဘယ်သို့ ဘယ်ပုံ ဖန်တီးပေးနေသနည်း ဟူသော အရေးကိစ္စသည် ကျွန်တော်တို့ ထည့်သွင်းစဉ်းစားထိုက်သည့် အချက်တစ်ခု ဖြစ်သည်ဟု ထင်မြင်မိသည်။ တစ်ဖန် ဤနည်းအတိုင်းသာ ကြည့်မြင်ဆင်ခြင်မည်ဆိုပါက လူသည် ယခုထက် ပို၍ ဉာဏ်အမြော်အမြင် ကြီးမားရန် လိုအပ်လာပြီ။ သည်ထက် ပို၍ အားကြီးလာရန် လိုအပ်လာပြီ ဟူ၍လည်း သဘောပေါက်လာနိုင်သည်။ သို့မှသာ ယနေ့တိုင် လူတို့ မချုပ်ထိန်းနိုင်သေးသော သဘာဝ၏ အခြားစွမ်းအားများကို လူက ဘယ်သို့ ချုပ်ကိုင် ထိန်းကျောင်းနိုင်မည်ကို သိမြင်လာမည် ဖြစ်ပေသတည်း။

## အခန်း ၅

## ပင်နီ ပင်ဖြူနှင့် ရက်ကန်းသည်

၁

"လူ၏ တိုးတက်မှုသည် အမယ်ဘုတ် သူ့ချည်ခင်မှ တစ်စတစ်မျှင်စီ ရှင်းလင်း လာသလို ရှုပ်ရာမှရှင်း၊ နိမ့်ရာမှ မြင့်လာသည်"ဟု ပညာရှိတစ်ယောက်က ပြောဖူးသည်။

လူဆိုသည့် သတ္တဝါသည် တလှုပ်လှုပ် တရွရွ လုပ်ကိုင်နေသည်။ အစားအစာ စိုက်ပျိုးသည်။ အသုံးအဆောင်များ လုပ်သည်။ နေထိုင်ရန် အဆောက်အအုံကို ဆောက်လုပ်သည်။ ဤသို့ လုပ်ကိုင်ကြရာတွင် လူသည် မိမိအတွက် သက်သာရာ ကြံစည် ဖန်တီးကြခြင်းသာ ဖြစ်သည်။ ဤသည်မှာ အံ့ဩစရာ မရှိ။ ထူးလည်း ထူးဆန်းသည် မဟုတ်ဟု ဆိုချင်သည်။ လူသည် မိမိ လူအဖြစ်ကို မိမိဘာသာ ကြည်နူးနေသော သတ္တဝါမျှသာ ဖြစ်သည်။ တစ်နည်းဆိုလျှင် လူသည် မိမိကိုယ်မိမိချစ်သော သတ္တဝါတစ်ယောက်မျှသာ ဖြစ်သည်။ ကမ္ဘာဦးက လူရိုင်းတို့သည်လည်း ယနေ့ရှိနေကြသော လူယဉ်ကျေးတို့ကဲ့သို့ပင် စားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်ခဲ့ကြသည်။ ထိုအခါ ယင်းလူရိုင်းသည် စိုက်ရပျိုးရ ရှာရဖွေရ ဆောက်လုပ်ရသည့်အတွက် စိတ်ဆင်းရဲခြင်း မဖြစ်ရ။ ထို့အတွက် ပို၍ပင် ကြည်နူးပျော်ရွှင်လာသည်ဟု မှတ်ယူအပ်သည်။ ထိုလူရိုင်းတို့သည် စားစရာ အစာရှာဖွေကြသည်။ နွေးထွေးရန် မီးကိုတောမှ ကူးယူ ဖန်တီးကြသည်။ ကိုယ်ခန္ဓာကို ကာကွယ်ရန် အထည်အဝတ်ရက်လုပ်ကြသည်။ သို့သော် လူတို့၏ ပြုမူလုပ်ကိုင်ခြင်းတွင် ထူးခြားသည့်

အချက်တစ်ခုကား ရှိသည်။ ယင်းမှာ လူသည် မိမိနေထိုင်ရန် အဆောက်အအုံ ဆောက်လုပ်သည်ဖြစ်စေ၊ မိမိဝတ်ဆင်ရန် အထည်အဝတ် ရက်လုပ်သည်ဖြစ်စေ ဘစ်ခါထက် တစ်ခါ ပို၍ လှပတင့်တယ်လာအောင် အချိန်ရှိသမျှ မနားမနေ ခွန်အားစိုက်ထုတ် ကြိုးပမ်းကြသည်ဆိုသည့် အချက်ပင် ဖြစ်လေသည်။ သို့သော် လူတို့ဖန်တီးခဲ့သည့် အရာဝတ္ထုတို့တွင် အဆင်တန်ဆာအားဖြင့် အရုပ်ဆိုး အကျည်းတန်သည်တို့ ပါရှိခဲ့သည့် အခါလည်း ပါရှိသည်။ ထိုအခါမျိုးမှာ ယင်းတို့ကို ဖန်တီးသည့် လူဆိုသည့် သတ္တဝါတွင် အမှောင့်ပယောဂ ဝင်၍ ပူးခိုက် (ဝါ) အားအင်ကုန်ခန်း နွမ်းနယ်ခိုက်နှင့် ကြုံကြိုက်သောအခါမျိုး ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့၏ ဘေးဘိုးဘီဘင်များ ဖြစ်ကြသည့် ရှေးဦးလူ့အနွယ်တို့သည် သဘာဝ၏ဒဏ်ကို ကြံ့ကြံ့ခံရန် ကြိုးစားအားထုတ်သည့် အချိန်မျိုး ကြုံခဲ့ရဟန်တူသည်။ သဘာဝက မိုးကြီးသည်းထန်စွာ ရွာစေသည်။ အသည်းခိုက်အောင် အေးသောလေအေးများ တိုက်ခတ်စေသည်။ ထိုအခါ လူသည် နေရေး ထိုင်ရေး ခက်ခဲလာဟန်တူသည်။ မိုးရွာလျှင် သို့မဟုတ်အေးလျှင် မြေကျင်း ထဲသို့ ဝင်ရောက် ခိုလှုံခဲ့သည်။ သို့တည်းမဟုတ် တောင်စောင်းရှိ ဂူများထဲသို့ ပြေးဝင်ခိုလှုံခဲ့သည်။ သို့မဟုတ် သူတို့ကိုယ်ကိုသစ်ရွက်များဖြင့်လည်း



ကောင်း၊ သားရေများဖြင့် လည်းကောင်း ကာဆီးခဲ့သည်။ ထို့ပြင် ကမ္ဘာဦး လူရိုင်းတို့၏ ကိုယ်ခန္ဓာ၌ ထူထဲသော အမွေးအမှင်သည် ကာလအတန်ကြာ အထိ ရှိနေခဲ့ဟန်တူသည်။ ထို့ကြောင့် တော်ရုံတန်ရုံ အအေးဒဏ်ကို ခံနိုင် ရည် ရှိကြဟန်တူသည်။ သို့ရာတွင် ရာသီဥတု ပြောင်းလဲလာသည်နှင့်အမျှ လူ၏ ကိုယ်ခန္ဓာသည်လည်း ပြောင်းလဲလာရသည်။ နဂိုကရှိခဲ့သည့် အမွေး အမှင်တို့သည် ထူရာမှ ပါးလာခဲ့ဟန်တူသည်။ ထိုအခါမျိုး ရောက်လျှင် လူသည် ခိုလှုံနားနေရန် နေအိမ် သို့မဟုတ် အဆောက်အအုံ တစ်ခုခု လိုလာ ပေလိမ့်မည်။ အချိန်မရွေး ရာသီဥတု ဖောက်ပြန်၍ အေးလာပြီဆိုလျှင် လူသည် မိမိသွားလေရာ အရပ်တိုင်းသို့ တောင်စောင်းက ဂူကြီးကို သယ်ယူသွားနိုင် မည် မဟုတ်။ ထိုအခါ အအေးဒဏ်ကိုကာရန် နွေးထွေးသည့် ခိုလှုံအိမ်တစ်ခု လိုလာလိမ့်မည်။ အခြားတစ်နည်း တစ်လမ်းအားဖြင့် ခိုလှုံအိမ် ဖန်တီးရမည်။ ဤနည်းဖြင့် လူတို့ ဝတ်ဆင်သော သစ်ရွက်အဝတ်၊ သားရေအဝတ်၊ ရက် ထည်အဝတ်တို့ ပေါ်လာရသည်ဟု ဆိုရမည်။ လူတို့ ဝတ်ဆင်သည့် အဝတ် အထည်သည် တစ်နည်းအားဖြင့် လူတို့ကို ရာသီဥတုဒဏ်မှ ကာကွယ်ပေး သည့် ခိုလှုံအိမ်အဖြစ် မယူဆနိုင်ပေဘူးလား။ ဤသဘောကို ကျွန်တော်တို့ တစ်ခါမျှ ဆင်ခြင်မကြည့်ကြဘူးလား။ မည်သို့ပင် ဖြစ်စေ အဝတ်အထည် တို့သည် လူတို့၏ ခိုလှုံအိမ်များအဖြစ် စတင်ဖြစ်ပေါ် လာရသည်ဟု ခိုင်ခိုင် မာမာ ဆိုချင်သည်။ လူ၏ လုံးတီးပလာကျင်းနေသော ကိုယ်ခန္ဓာကို ဖုံးလွှမ်းရန် အဝတ်အထည်တို့ ပေါ်လာရသည်ဟုဆိုလျှင် မိုက်မဲရာရောက်ပေမည်။ အင် မတန် ပူပြင်းသည့် ရာသီဥတုမျိုးတွင် အဝတ်အထည်ကို လုံးတီးကိုယ်၌ အဘယ်သူလျှင် လွှမ်းချင်ပါအံ့နည်း။ ထို့ပြင် ခိုက်ခိုက်တုန်အောင် အေးသည့် အခါ အဝတ်အထည် မဖုံးလျှင် ထိုသူသည် သေတွင်းကျမည် အမှန်သာတည်း။

ရှေးအခါကဆိုလျှင် လူတို့သည် အိုးအိမ်ဆောက်လုပ်ရာ၌ လည်း ကောင်း၊ အဝတ်အထည် ပြုလုပ်ရာ၌လည်းကောင်း ပျော့ပျောင်းသော သစ်ကိုင်း သစ်ခက်များကို ပထမဆုံး အသုံးပြုကြသည်။

ထိုပျော့ပျောင်းသည့် သစ်ကိုင်း သစ်ရွက်တို့တွင် ရှည်မျောမျော မြက် ရိုင်းပင်တို့သည် လူတို့အသုံးပြုသည့် သစ်ခက်များ ဖြစ်ကြလိမ့်မည်။ ယင်း မြက်ရိုင်းတို့အပြင် ထုရိုက်ရန် လွယ်ကူသည့် ပျော့ပျောင်းသော သစ်ခေါက် တို့ကိုလည်း အဝတ်အထည်အဖြစ် အသုံးပြုကြပေလိမ့်မည်။ ဤသည်မှာ

လူတို့ အသုံးပြုသည့် ပထမဆုံး ချည်မျှင်ကြမ်း ဖြစ်ပေလိမ့်မည်။ ထို သစ်ခေါက်ကိုပင် ငါးများရန် ငါးမျှားတံကြိုးအဖြစ်လည်း အသုံးပြုကြဟန် တူသည်။ ထို့ပြင် မြက်ရိုင်းပင်တို့ကိုလည်း ကြိုးအဖြစ် အသုံးပြုရန် ကျစ်ကြ ဟန် တူသည်။




ထိုနောက်တွင်မူ ကမ္ဘာဦးမိန်းမသားတို့သည် မြက်ရိုင်းပင်များကို တောင်းများ၊ ခြင်းများအဖြစ် ရက်လုပ်ကြပေလိမ့်မည်။ ထို လုပ်ငန်းကား ယနေ့ ကျွန်တော်တို့ မြင်တွေ့နေသည့် ခြင်း၊ တောင်း ရက်လုပ်ခြင်းတို့နှင့် ခြားနားခြင်းမရှိလှပေ။

မြက်ရိုင်းပင်၊ သစ်ပင်၏အခေါက် စသည်တို့ကို ခြင်းတောင်း ရက်လုပ်ခြင်းမှသည် ကာလ အတန်ကြာသော် ရှေးဟောင်းလူ့အနွယ်တို့သည် အစာတ်ပညာဘက်တွင် တီထွင်ဖန်တီးမှုများ တစ်ခုပြီးတစ်ခု စမ်းသပ်လုပ်ကိုင်ခဲ့သည်။ ခြင်းတောင်း ရက်သည့် မြက်ရိုင်းကို ကြမ်းတမ်းသည့် အဝတ်စတစ်ခုဖြစ်အောင် ရက်၍ ကြည့်သည်။ ယနေ့ မဒါဂတ်စကား ကျွန်းသူကျွန်းသားများ ဝတ်ဆင်ထားသည့် အထည်အဝတ်မျိုးသည် မြက်ရိုင်းပင်တို့မှ ရက်လုပ်ထားသည့် အဝတ်မျိုးပင် ဖြစ်သည်။ ထိုမှတစ်ဆင့် ချောမွေ့သည့်အမျှင်၊ ခိုင်ခံ့သည့်အမျှင်တို့ကို လူတို့ ရှာကြံကြပြန်သည်။ ထိုအခါ မြက်ရိုင်းထက် ပိုမိုချောမွေ့ခိုင်ခံ့သည့် လျှော်ပင်ကို လူတို့ တွေ့လာဟန်တူသည်။ ယခုကာလတွင် ထိုလျှော်ကို ဘီသွားလျှော်ဟူ၍ လည်းကောင်း၊ ပိုက်ဆံလျှော်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။ ထိုအခါ တွင်ကား လူတို့သည် ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးသည့်အခါ ဂျုံ၊ စပါး၊ ပြောင်းနှံတို့နှင့်အတူ လျှော်ပင်ကိုပါ စိုက်ပျိုးကြလေသည်။


ရှေးယခင်က ချည်မျှင်တစ်ခု ဖြစ်လာရန် သစ်ခေါက်ကို လည်းကောင်း၊

မြက်ရိုင်းကို လည်းကောင်း မြေတွင် ပွတ်တိုက်ခြေမွရသည်။ ထိုနောက် ချည်မျှင်ဖြစ်အောင် မိုင်းငင့်သည့်အတတ်၊ ချည်ငင်သည့် အတတ်သည်လည်း ပေါ်ပေါက်လာလေသည်။ ဤသို့ ချည်ငင် မိုင်းငင်နိုင်ရန် စိုက်ပျိုးထားသည့် လျှော်ကိုလည်း တစ်နည်းတစ်ဖုံ ပြုပြင်ပေးရသည်။ လျှော်ပင် ရင့်လာပြီဆိုလျှင် မြေမှနုတ်ကာ အပင်များကို စည်းနှောင်ပြီးနောက် ရေတွင် စိမ်ထားရသည်။ ရက်အတန်ကြာလျှင် လျှော်ပင်တို့သည် ပျော့ပျောင်းလာကာ ပွထလာသည်။ ထိုအခြေအနေတွင် အပင်၏ အချွဲအကျိတို့သည် ရေတွင် ပျော်ဝင်ကျန်နေရစ်ခဲ့ကာ လျှော်မျှင်များသည် တသီးတခြားဖြစ်၍လာသည်။ ထိုအခါ လျှော်စည်းကို လက်ဖြင့် ရိုက်ပုတ် ထုနှက်ရလေသည်။ ထိုမှသာ အမျှင်နှင့် အသား တခြားစီကွဲလာမည်။ ယင်းသည့်နောက် ချည်မျှင်တို့ကိုငင်ရန် သီးခြားခွဲထုတ်ရယူနိုင်သည်။ လျှော်ပင်မှ လျှော်မျှင် ထုတ်ယူသည့် ဤလုပ်ကိုင်နည်းသည် ရှေးကျလှပြီဖြစ်သောနည်း ဖြစ်သည်။ သို့သော် ယနေ့တိုင် ဤနည်းကို အသုံးပြုနေဆဲပင်ဖြစ်သည်။ ယနေ့ကား စက်မှုခေတ် ဖြစ်သည်။ သို့ဖြစ်ရာ လျှော်မျှင်တို့ကို ခွေးထုတ်သည့် လုပ်ငန်းတွင် လူ၏လက်အစား စက်ကို အသုံးပြုချင်လျှင် အသုံးပြုနိုင်သည်။ သို့သော် လျှော်ပင်ကို ရေပုပ်စိမ်သည့်နည်းသည်ကား သမားရိုးကျနည်းပင် ဖြစ်၏။



ချည်ငင်ခြင်းအတတ် (ဝါ) မိုင်းငင့်ခြင်းအတတ်သည် ရှေးခေတ်ကဆိုလျှင် အလွန်လွယ်ကူသော အတတ်ပညာတစ်ခု ဖြစ်သည်။ ဦးစွာ ပထမ လျှော်မျှင်များကို တုတ်တစ်ချောင်းတွင် ရစ်ပတ်သည်။ ယင်းမှာ တစ်နည်းအားဖြင့် မိုင်းငင့်သည့် တုတ်တံပင် ဖြစ်သည်။

ချည်ငင်မည့်သူ (ဝါ) မိုင်းငင့်မည့်သူသည် ထိုတုတ်တံကို လက်ဝဲဘက် လက်မောင်း အကြားတွင် ညှပ်ထားရသည်။ တုတ်တံ၏ အစွန်းတစ်ဖက်သည် ရှေ့သို့ အနည်းငယ် ပြူထွက်နေသည်။ ထိုတုတ်တံမှ လျှော်မျှင်




အချို့ကို ဆွဲထုတ်ကာ ရစ်ရ လိမ်ရသည်။ ဤသို့ ရစ်လိမ်သည့်အခါ လက်ယာဘက်တွင် ရှိနေသည့် ချည်ဝင် သို့မဟုတ် ဝင်ရိုးသည် အရေးကြီးသည့် ကိရိယာတစ်ခု ဖြစ်လာသည်။ ဤဝင်ရိုးကို မဏ္ဍိုင်ပြုကာ ဝဲဘက်ချည်မျှင်များကို လည်နေသော ဝင်ရိုးတွင် တင်၍ ကျစ်ခြင်းပင်ဖြစ်သည်။ လက်ယာဘက်လက်က ဝင်ရိုး၌ လည်အောင် လှည့်ပေးရသည်။ ဤနည်းဖြင့် လျှော်မျှင်သည် ခိုင်သော မာသော ကျစ်သော ချည်မျှင်ဖြစ်လာသည်။

အထည်ရက်မည့်သူ၏ လက်ထဲတွင် ချည်ပင်အချို့ရှိနေသည်။ ရက်သူသည် ဦးစွာပထမ အတိုင်ချည်ပင်များကို တစ်ကြိမ်တွင် တစ်ပင်ဖြစ်စေ၊ နှစ်ပင်ဖြစ်စေယူကာ သူ့လက်ထဲက အဖောက်ချည်ပင်များကို ဟိုဘက် သည်ဘက် အပြန်အလှန်သွင်းပေးသည်။ နှောင်းခေတ်တွင်မူ လူက လက်ဖြင့်ကိုင်ကာ သွင်းမပေးတော့ဘဲ လွန်းကို အသုံးပြုလာကြသည်။ လွန်းကို အမဲရိုးဖြင့် လည်းကောင်း၊ သစ်သားဖြင့်လည်းကောင်း ပြုလုပ်သည်။ လွန်းကလေးသည် အတိုင်ချည်များအကြားတွင် ဝဲမှယာ၊ ယာမှဝဲသို့ ခေါက်တုံ့ခေါက်ပြန် ပြေးသွားသည်။ ကျွန်တော်တို့ မြန်မာစကားထာ ဝှက်ကြရာတွင် "ကျူပင်ကြို ကျူပင်ကြား လောင်းကလေးနှင့်သွား" ဟူသည်မှာ လွန်းကလေး အတိုင်ချည် အကြားတွင် ပြေးသွားနေသည်ကို ဆိုလိုရင်းပင် ဖြစ်သည်။

ရှေးခေတ်က အသုံးပြုသော ချည်ငင်သည့်ရစ်များကို ရှာဖွေတွေ့ရှိကြသည်။ အချို့ရစ်များတွင် ချည်ပင်စကလေးများကိုပါ တွေ့ရသည်။ ကျွန်တော်တို့ အရှေ့တိုင်းပြည်များတွင်ကား တောရွာများ၌ ချည်ငင်ခြင်းအတတ် (ဝါ) ဗိုင်းငင်ခြင်းအတတ်သည် ယနေ့တိုင် မတိမ်မမြုပ်သေးဘဲ ထွန်းကားနေသေးသည်။ ကမ္ဘာအရပ်ရပ်ရှိ မဖွံ့ဖြိုးသည့် ဒေသများတွင်လည်း ဤရှေးဟောင်းချည်ငင်ခြင်းအတတ်သည် ယခုတိုင် မတိမ်ကောသေးပေ။

ချည်ငင်ခြင်းအတတ် စတင် ထွန်းကားသည့်ခေတ်၌ မိန်းမသားများနှင့်

ကလေးသူငယ်များသည် ရက်ကန်းစင်က ရက်လုပ်ပြီး အဝတ်ကို ပထမဆုံး ဝတ်ဆင်သည့်သူများ ဖြစ်ဟန်တူသည်။ ထိုအချိန်တွင် ယောက်ျားများမှာ သားရေအဝတ်ကိုသာ ဝတ်ဆင်ကြဟန် တူသည်။



လျှော်ကို လက်တင်ဘာသာတွင် လိုင်နမ်ဟု ခေါ်သည်။ လျှော်ပင်က ဖြစ်သည့် အဝတ်စကို အင်္ဂလိပ်တို့က လီနင်စဟု ခေါ်ကြသည်။ ယင်းမှာ လက်တင်စကား လိုင်နင်မှ ရွေ့လျော ဆင်းသက်လာခြင်းပင် ဖြစ်သည်။

J

လီနင်စကို ရက်လုပ်နိုင်သည့် နောက်ပိုင်းတွင် အရောင်ဆိုးသော ချည်မျှင်များကို အသုံးပြုခဲ့ကြသည်။ ဤသို့ အရောင်ဆိုးခြင်းအတတ်ကို ခေတ်ဦးကပင် သိနားလည်နေပြီဟု ယူဆနိုင်စရာရှိသည်။ အရောင်များစွာအနက် ခေတ်ဦးလူတို့ အစောဆုံးတွေ့သည့် အရောင်သုံးမျိုးမှာ အပြာ၊ အနီနှင့် အဝါတို့ ဖြစ်ကြသည်။

အရောင်ဆိုးသည့် ဆေးတို့ကို သစ်ပင်များမှ ရသည်။ ဥရောပတိုက်တွင် အပြာရောင်ဆိုးဆေးကို ဝုဟု ခေါ်သော မဲပင်တစ်မျိုးမှရသည်။ အရှေ့တိုင်းတွင်ကား အပြာရောင်ကို မဲရိုင်းပင်မှရသည်။ ထို့ပြင် လေဒီဗက်စထရောပင်မှလည်း အနီရောင် ဆိုးဆေးကိုရသည်။ တစ်ဖန် မြေထဲပင်လယ်ဒေသတွင် ဆူးဝက်သစ်ချပင်တစ်မျိုး၌ တွေ့ရသည့် အင်းဆက်ပိုးကောင်းတို့မှလည်း အနီရောင် ဆိုးဆေးကိုရသည်။ 'တိုင်ယာ'ဒေသအနီးတွင်တွေ့ရသည့် ယောက်သွားတစ်မျိုးမှလည်း အနီနှင့် ခရမ်းရောင် စပ်ထားသည့် ဆိုးဆေးတစ်မျိုးကို ရနိုင်သေးသည်။ တစ်ဖန် အဝါရောင် ဆိုးဆေးကို သစ်ခေါက်များမှ လည်း

မျိုးငြိမ်းစာအုပ်တိုက်

ကောင်း၊ နံ့နွင်းပင်မှလည်းကောင်း ထုတ်ယူနိုင်ပြန်သည်။ ဤအရောင်များကို ဆိုးကာ စပ်ယှက်ခြင်းအားဖြင့် အရောင် အနုအရင့်ကိုလည်း ဖန်တီးနိုင်ခဲ့သည်။

အရောင်ဆိုးနိုင်သည့် ချည်ပင်များ ပေါ်လာသည့်အခါ အဝတ်အထည်တို့တွင် အဆင်များ၊ အကွက်များ ရက်ဖော်လာကြသည်။ ရှေးအကျဆုံး အဆင်သည် အပြောက်အစက်၊ အစင်း၊ ပဆစ်ကွက်ဆင်တို့ ဖြစ်ကြသည်။ ယင်းတို့မှာ အလွန်ရိုးသော အဆင်များ ဖြစ်ကြသည်။

အီဂျစ်ယဉ်ကျေးမှုထွန်းကားသည့်ခေတ်၊ ဘေဘီလုံယဉ်ကျေးမှု ထွန်းကားသည့်ခေတ်၊ အိန္ဒိယယဉ်ကျေးမှု ထွန်းကားသည့် ခေတ်တို့တွင် ရက်ကန်းသည်တို့သည် ချည်ထည်တွင် ရွှေကြိုး ငွေကြိုး အပြောက်အမွမ်းတို့ကို ရက်လုပ်ခဲ့ကြသည်။ ယင်းတို့၏ သဘော်ထည်တို့မှာ အလွန်ပင် ဆန်းကြယ်လေသည်။ ထို့ပြင် ရွှေခြည်ငွေခြည်ထိုးခြင်း အတတ်သာမက အဖောင်းအကြွဖြင့် အဆင်ဖော်ခြင်း အတတ်သည်လည်း ထိုခေတ်များ၌ ထွန်းလာခဲ့သည်။ ရှေးဟောင်းခေတ်တစ်လျှောက်လုံးတွင် တရုတ်တို့၏ ပိုးထည်လုပ်ငန်းသည်လည်း အလွန်ကျော်ကြားလေသည်။ တရုတ်ပိုးထည်ကို ရက်လုပ်သည့် ရက်ကန်းသည်တို့သည် အိန္ဒိယပြည်သို့ပင် သွားလာကာ ပိုးကုန်ကူးကြသည်။

၃

တရုတ်ပိုးထည် ထွန်းကားသည့်ခေတ်၌ ပါရှင် ဘုန်းတော်ကြီးနှစ်ပါးသည် ပိုးစာကောင်များကို ခေါင်းပိတ် ဝါးလုံးတစ်ခုတွင် ဝှက်ကာ ကွန်စတန်တီနိုပိုမြို့သို့ သယ်ဆောင်ခဲ့သည်။ ယင်းပိုးစာကောင်၏ ဥများကို ဖောက်စေလျှင် ပိုးလောင်းကလေးများ ပေါက်လာသည်။ ပိုးလောင်း (ဝါ) ပိုးတုံးလုံးကလေးများသည် ပိုးအိမ်ဖွဲ့ကာ ပိုးဇမျှင်များကို ရက်လုပ်ကြသည်။ ထိုအခါတွင်မှ ဥရောပတိုက်သားတို့သည် ပိုးထည်ရက်လုပ်ခြင်းအတတ်ကို ဦးစွာ သိနားလည်ခဲ့ကြသည်။

ဥရောပတိုက်တွင် တန်ခိုးကြီးသော ဧကရာဇ်ဘုရင်များသည် ပိုးထည်ရက်သည့် ရက်ကန်းသည်များကို အထူး အလေးပေးကာ သူတို့၏ နန်းတော်များ၌ ကျွေးမွေးပြုစုထားသည်။ ရက်ကန်းသည်များကလည်း ဘုရင်၏ ကြီးကျယ်ခမ်းနားပုံ၊ တန်ခိုးတေဇာ ကြီးမားပုံတို့ကို အဝတ်အထည်များတွင် ရက်လုပ်ဖော်ကျူးကြသည်။ သူတို့ရက်လုပ်သည့် ပိုးစများတွင် ဧကရာဇ်မင်း

မြတ် တောကစားထွက်ပုံ၊ မြင်းတော်စီးပုံ၊ ညီလာခံဝင်ပုံ စသည်တို့ကို ရက်လုပ်သည်။ ဤနည်းဖြင့် အဝတ်စတွင် ပုံဖော် ရက်လုပ်သည့် အတတ်သည် ဥရောပတိုက်တွင် ပျံ့နှံ့ခဲ့ရသည်။ ဆယ့်နှစ်ရာစုခေတ်တွင် ပြင်သစ်ကမ်းခြေ အနီးရှိ ဖလန်းဒါးဒေသသည် အထည်တွင် အပြောက်အမွမ်းဖော်ခြင်း၊ တန်ဆာဆင်ခြင်း၌ ကျော်ကြားထင်ရှားခဲ့သည်။ ထို့ပြင် ပုံဖော်ခြင်း အတတ်၌လည်း ကျွမ်းကျင်သူများဟု ကျော်ကြားခဲ့လေသည်။

အိန္ဒိယပြည်တွင်ကား အစောဆုံးတွေ့ရသော ဆေးရေးပန်းချီများတွင် အလွန်နူးညံ့ ပါးလွှာသော ဒိုတီများ ရေးခြယ်ထားသည်ကို တွေ့ရသည်။ ရွှေချည်ထိုး ငွေချည်ထိုး ရက်ထည်များကိုလည်း စောစီးစွာကပင် ရက်လုပ်ခဲ့ကြသည်။ ရှေးဟောင်း အိန္ဒိယပြည်၏ ကျေးရွာသမ္မတအဖွဲ့ကလေးများတွင် ရက်ကန်းသည်များမှာ အရေးပါသော လူတန်းစားတစ်ရပ် ဖြစ်ခဲ့လေသည်။

များသောအားဖြင့် ရှေးဦးခေတ်ကာလကပင် ကမ္ဘာအရပ်ရပ်တွင် ချည်မျှင်ဖြစ်အောင် လက်ဖြင့်ငင်ရာမှ ရစ်ဖြင့်ငင်ခြင်းက အစားထိုးနေရာယူခဲ့သည်။

ဝါဂွမ်းရသော ဝါသီးပင်ကိုလည်း အီဂျစ်ပြည်၊ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့တွင် စိုက်ပျိုးခဲ့လေသည်။ ရာစုခေတ် စောစောကပင် ဝါချည်ကို လိုင်နင်ချည် (ဝါ) လျှော်ချည်နှင့်အတူ တွဲဖက်အသုံးပြုခဲ့ကြသည်။ သို့ရာတွင် အနောက်တိုင်း၌ကား ဆယ့်ခုနစ်ရာစုအထိ ဝါနှင့် လိုင်နင်လျှော်ကို ရောဖက်၍ လည်းကောင်း၊ လိုင်နင်လျှော်နှင့် သိုးမွေးကို ရောဖက်၍ လည်းကောင်း ချည်အဖြစ် အသုံးပြုခဲ့သည်။

၄

မြန်မာတို့သည် ပင်နီကို အကြောင်းပြုကာ မျိုးချစ်စိတ် ထက်သန်ခဲ့ရလေသည်။ ဝံသာနုခေတ်တွင် အင်္ဂလန်ပြည်ဖြစ် 'ပိုင်သား'အင်္ကျီသည် ခေတ်တိမ်ခဲ့ကာ ပင်နီချောနဲ့ ယောထဘီတို့သည် ခေတ်စားလာခဲ့လေသည်။ ပင်နီအင်္ကျီသည် ထိုခေတ်တွင် 'တို့ဗမာသခင်'တို့၏ အဆောင်ပစ္စည်းတစ်ခု ဖြစ်ခဲ့သည်။ ဤပင်နီအင်္ကျီ၏ အရင်းအမြစ်ကို စူးစမ်းကြစို့။

ပုဂံခေတ်တွင် မြန်မာတို့သည် ရက်ကန်းရက်လုပ်ခြင်း အတတ်ကို ကောင်းစွာတတ်ကျွမ်းနေကြပြီ။ ရက်ကန်းသည်တို့ကို 'ယန်သည်'ဟု ခေါ်ကြသည်။ ပုဂံခေတ်ဦး၌ လက်ပံပင်မှရသော လဲနှင့် လျှော်တို့ကို အဝတ်အတွက်

ရက်လုပ်ကြပုံတူသည်။ နှောင်းပုဂံခေတ်တွင်မူ ဝါချည်ဖြင့် ရက်လုပ်ကြဟန် တူသည်။ အကြောင်းမှာ ကျောက်စာများ၌ ဝါ ဟူသော ဝေါဟာရကို နောက်ပိုင်းတွင်မှ တွေ့ရသောကြောင့် ဖြစ်သည်။

မြန်မာပြည်သို့ ဝါ ဘယ်ကရောက်လာသနည်းဟူသော မေးခွန်းကို ဖြေသည့် အဖြေများ ရှိခဲ့သည်။ သို့ရာတွင် ယင်းတို့မှာ ဒဏ္ဍာရီနှင့်သာ ဆိုင်သော ရှေးစကားများဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ ယင်းရှေးစကားကို ဆိုသူတို့မှာ သမိုင်းဆရာတို့ပင်ဖြစ်သည်။ သမိုင်းဆရာအချို့၏ ပြောစကားများကို မည်သူကမျှ ဝေဖန်စောကြော မပြုကြသေး။ ထိုပုံပြင်၊ ထိုရှေးစကားသည်လည်း 'ဗြဟ္မာကြီးလေးဦးကစ၍ မြန်မာလူမျိုး ဖြစ်လာသည်' ဟူသော ဒဏ္ဍာရီတွင် အကျုံးဝင်သွားလေသည်။

ရှမ်းလူမျိုးတို့ကမူ ရှေးဦးစွာ ဗြဟ္မာကြီးရှစ်ဦးတို့သည် လူ့ပြည်သို့ ဆင်းလာကြသည်ဟုဆိုသည်။ ထိုဗြဟ္မာကြီးရှစ်ဦးမှာ ယောကျ်ားလေးယောက်၊ မိန်းမလေးယောက်ဖြစ်သည်။ မြေဆီမြေလွှာကို စားကြသဖြင့် ယင်းတို့သည် လူဖြစ်သွားကြသည်။ ထိုကြောင့် ဗြဟ္မာပြည်သို့ မပြန်နိုင်ဘဲ မြန်မာပြည်တွင် အခြေစိုက်ကာ နေထိုင်စားသောက်ကြသည်။ သူတို့မှ မြန်မာများ ပေါက်ဖွားလာသည်။ သူတို့၏အနွယ် မြန်မာများကိုလည်း ဝါစိုက်ပျိုးခြင်းအတတ်နှင့် ဒိုင်းငင့်ခြင်းအတတ်၊ ရက်ကန်းရက်ခြင်း အတတ်တို့ကို သင်ကြားပေးခဲ့သည် ဟု ဆိုလေသည်။

ထိုဒဏ္ဍာရီတွင်ပင် တစ်စုံတစ်ခုကို အခိုင်အမာ ဆိုသေးသည်။ ယင်းမှာ ဗြဟ္မာကြီးတို့ ဆင်းလာရာတွင် လူ့ပြည်နှင့် နီးလာသောအခါ 'စောမဟာ' မည်သော ဗြဟ္မာကြီးသည် ဝါပင် စိုက်ပျိုးခြင်းအတတ်၊ မိုင်းငင့်ခြင်း၊ ရက်ကန်းရက်ခြင်း အတတ်တို့ကို မြန်မာပြည်သို့ တရုတ်ပြည်မှ ယူဆောင်လာလေသည်ဟု ဆိုပြန်သည်။ ဤဒဏ္ဍာရီအရဆိုလျှင် ဝါစိုက်ပျိုးခြင်းကို တရုတ်ပြည်မှ ရသည်ဟု ယူရပေမည်။

အချို့ကမူ ဝါစိုက်ပျိုးခြင်းကို အိန္ဒိယပြည်မှ ရသည်ဟု ယူဆကြသည်။ ကိုးရာစုတွင် တရုတ်ပြည်မှ ပြန်လာသော ပသီခရီးသည်နှစ်ဦးက တရုတ်တို့သည် ပသီတို့ကဲ့သို့ပင် ချည်ထည်ကို ဝတ်ဆင်ကြသည်ဟု အခိုင်အမာ ဆိုသည်။ ချည်ထည်ရက်လုပ်ခြင်း အတတ်သည် အိန္ဒိယပြည်မှ ပါရှင်းပြည်သို့ ကူးစက်ပျံ့နှံ့သွားသည်ဟုလည်း ဆိုကြသည်။ သို့ဖြစ်ရာ မြန်မာပြည်သို့

လည်း အိန္ဒိယမှ ထိုအတတ်ပညာကူးသန်းလာသည်ဟု ယူဆနိုင်ရန် အကြောင်းများ ရှိသည်။ သို့ရာတွင် ဝါကို အရှေ့မှ ရသလား၊ အနောက်မှ ရသလားဟူ၍ကား တိတိကျကျ မပြောနိုင်။

သမိုင်းစကားအရဆိုလျှင် မြန်မာတို့သည် ပုဂံခေတ်ကပင် ရက်ကန်းရက်ခြင်း အတတ်ကို တတ်ကျွမ်းနေပြီဟု ဆိုနိုင်သည်။ အနော်ရထာမင်းစော လက်ထက်တွင် ရက်ကန်းသည်မရွှေဥကို ရွှေဖျဉ်းနတ်၏ စီးတော်ကျားက ရက်ကန်းစင်မှ ချီယူသွားသည်ဟုဆိုသည်။ ထိုမရွှေဥကား ယခု ကျွန်တော်တို့ တောင်တော်သခင်မဟု အသိအမှတ်ပြုထားသော မယ်ဥပင် ဖြစ်လေသည်။

ထို့ပြင် သမိုင်းဆရာအချို့က ပုဂံခေတ်မတိုင်မီက ရှိနေသော ပျူလူမျိုးနှင့် ပျူးလူမျိုးတို့သည် ရက်ကန်းလုပ်ရာ၌ ဝါဂွမ်း ဝါချည်တို့ကို အသုံးပြုနေပြီဖြစ်ကြောင်း အဆိုပြုကြပြန်သည်။ ထို့ကြောင့် ဝါသည် အိန္ဒိယမှ ရောက်လာခြင်းမဟုတ်။ မြန်မာပြည်တွင်ပင် ပေါက်ရောက်သော အပင်ဖြစ်သည်ဟု ဆိုကြသည်။

ခိုင်မာသော သမိုင်းအထောက်အထားကား ကျောက်စာများပင် ဖြစ်သည်။ ကျောက်စာတို့၌ 'ဝဝ်၊ ဝ်၊ ဝကွဲ၊ ဝါ၊ ဝက်ကွဲ၊ ဝါကွမ်'ဟူ၍ တွေ့ရသည်။ အစောဆုံး သက္ကရာဇ်မှာ ၆၂၄ ဖြစ်၍ 'ဝါကွမ်'ဟူသော ဝေါဟာရပါ သက္ကရာဇ်မှာ ၇၂၅ ဖြစ်သည်။ သို့ဖြစ်ရာ သက္ကရာဇ် ၆၂၄ နှင့် ၇၂၅ အကြားတွင် ဝါကို မြန်မာတို့ အသုံးပြုနေပြီဖြစ်ကြောင်း အကြမ်းအားဖြင့် အခိုင်အမာ ဆိုနိုင်သည်။

ပုဂံခေတ် လွန်သော် အင်းဝခေတ်တွင် မိန်းမတို့၏ နေ့စဉ်ပြုဖွယ်ကိစ္စတို့၌ 'ဖိုင်းမှု ဝါမှု'လည်း တစ်ခုအပါအဝင် ဖြစ်သည်။

'ဖိုင်းမှု ဝါမှု၊ ညီစေတုသို့၊ ဖန်ပြု မျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ၊ မဆိတ်မည်း၊ ချည်(ခြည်)ဝင့်သံလည်း၊ တရံမပြတ်၊ ချားရဟတ်နှင့်၊ ချည်(ခြည်)သွတ်မချာ၊ ချည်(ခြည်)စာယူထ၊ မအားကြတည့်၊ ချည်(ခြည်)ချ ချည်(ခြည်)ရှယ်၊ လုပ်ဘွယ်မပျက်၊ လက်ရက်ယဉ်ခုံ၊ သုံးပါးစုံလျက်၊ ပြောတုံ များစွာ၊ ပြောက်ထိုးမှာလည်း၊ အဝါအရွှေ၊ ပြာခြေဖြူနီ၊ ဤကား ဤနှင့်၊ ဤသို့တင့်ဟု၊ ခြယ်သင့်ရာရာ၊ ပညာသော်ထုတ်၊ စီရင်နှုတ်ဖြင့်၊ တမုတ်နယ်နှ၊ ပန်းဆိုးမှုကာ၊ စသည် ကျစ်လျစ်"

ဟူ၍ အင်းဝခေတ် အမျိုးသမီးတို့၏ ရက်ကန်းလုပ်ငန်းအကြောင်းကို ဒို့ကဗျာတို့၌ တွေ့ရသည်။

ချည်ထည်လုပ်ငန်းတွင် မဲရိုင်းပင်ကို ဆိုးဆေးအဖြစ် အသုံးပြုကြသည်။ သနောင်း၊ မန်ကျည်း၊ ဟင်းနုနွယ်တို့မှ အပြာရောင်ဆိုးဆေးကို ဖော်စပ်သည်။ ချိပ်သီတင်းစေ့တို့မှ အနီရောင်၊ တောင်တလည်းမှ အဝါရောင် စသည်တို့ကို ဖော်စပ်သည်။

ဤသို့ဖြင့် မန္တလေးခေတ်အထိ အဆင့်ဆင့် တိုးတက်လာခဲ့ရာ မန္တလေးခေတ်တွင် အမရပူရ ပိုးထည်လုပ်ငန်းသည် အစွမ်းကုန် ဖွံ့ဖြိုးလာသည်။ ပလာပုဆိုး၊ ပလာထဘီ အဆင်ပေါင်း ၃၇ မျိုး ရှိ၍ အချိတ်ပုဆိုး၊ အချိတ်ထဘီ အဆင်ပေါင်း အမျိုး ၃၀ ရှိသည်။

အချိတ်မျိုး ၃၀ မှာ...

မြို့ရေ့ကြီး။
မြို့ရေ့ကွဲ။
ဝဏ္ဏာ။
ကြက်မီး။
ကြိုးကြီး။
စိန်နဘန်း။
သုံးစင်းပန်းဝက်။
စိန်တိုင်ဆင်။
အတွင်းဆင်။
ကုလားပန်း။
စိန်တခက် မြတခက်။
နှစ်ပွင့်ခိုင်။
လိပ်ပြာဆင်။
ရဲချိပ်။
ကျေးတစ်ရာ။
စားတိုးဆင်။
ကြာဖူးကြာခိုင်။
ရွှေတစ်ဆုပ် ငွေတစ်ဆုပ်။

ရာပြည့်စာအုပ်တိုက်

ရှစ်ပွင့်ဆိုင်ကြိုးကြီး။
ခုနစ်အိမ်ဆင်။
ကြိုးကြီးထိပ်ခေါင်တင်။
ရဲစင်းပန်းဝတ်။
သုံးစင်းနဝဒတ်။
ဆောင်တော်ကူးဆင်။
ဒင်္ဂါးပန်း။
ဖယောင်းပန်း။
ကွဲချိုကိုက်။
တောင်ထိပ်ပန်း။
ဗီလာချိပ်။
ကိုက်ချိပ် တို့ပင် ဖြစ်သည်။

သို့ရာတွင် ပုဂံခေတ်မှသည် မန္တလေးခေတ်အထိ ရက်ကန်းစင်များ၌ ရက်ကန်းသည်တို့၏ သီချင်းသံသည် အခါမလပ် ဆူညံခဲ့သည်။ ရက်ကန်းသည်တို့၏ ကျွန်းဖိုသား လက်ခတ်သံသည်လည်း တစ်သောင်းခရီးတိုင် ကြားခဲ့ပဲ့တင်ထပ်ခဲ့သည်။

ဝါခင်းစောင့်သည့် တောင်သူမကလေးသည် ဝါခင်းစောင့်နတ် ဘိုးအောင်ကျော်ကို တိုင်တည်ကာ–

'ရွှေဖလေး၊ ဖြူဖြူစင်စင်၊ ရွှေလက်တောက်နှင့်ငင်၊ မြနဘန်ဒီ၊ ရှင်ဘန်ဒီ၊ စော်ကြီဝင်တဲ့ နတ်ကယ်လေး၊ တိမ်းပေတော့၊ ယိမ်းပေတော့။ ။ တောင်ခြေရင်း၊ ဝါခင်းစောင့်တဲ့ ဘိုးအောင်ကျော်၊ မိုးခေါ်လို့ ပေး၊ ခေါ်လို့ပေး မိုးထိုး၊ မိုးထိုး'ဟူ၍ မိုးခေါ်ခဲ့သည်။

ထိုအချိန်တွင် ရက်ကန်းသည်မကလေးကလည်း–

'ရွှေလရယ်သာ
ဖျင်းကိုခါလို့၊ ဖျာကိုခင်း
ယာကိုချစ်လို့၊ ရစ်ကိုချာ
ဗင်ကိုငိုင်းလို့၊ မိုင်းကိုငင်
သဝင်ရုံးလို့၊ သုံးဝင်ရ
ရောင်ကိုထစ်လို့၊ ရစ်ကိုထောင်

ရောင်ရွှေရစ်ကယ်၊ ရစ်ရွှေရောင်
မာမလောင်တဲ့၊ မောင်မလာ
ပျို့ရွှေနဖူးစာ၊ မောင့်ရွှေနဖူးစာ'

ဟု သီဆိုကာ ရည်းစားသည်ကို မျှော်ရင်း တေးဖွဲ့နေခဲ့သည်။


ဤရက်ကန်းသည် သီချင်းသံတို့သည် ကျွန်တော်တို့ မြန်မာ့မြေ တစ်ခွင် အစဉ်ပျံ့ဝဲနေခဲ့ပါသည်။ ရက်ကန်းခတ်သံနှင့် သီချင်းသံသည် စည်းဝါး မိလှပါသည်။ စက်မှုခေတ် ရောက်လာသည့် အခါတွင်ကား ဤသီချင်းသံ တို့ကို စက်သံက ဝါးမျိုလိုက်ပါသည်။ သို့သော် တစ်နည်းအားဖြင့် ရက်ကန်း လုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာသဖြင့် ကျေနပ်နှစ်သိမ့်ရပေတော့သည်။

## ၅

အင်္ဂလန်ပြည် မန်ချက်စတာမြို့နှင့် လန်ကာရှိုင်းယား နယ်တို့တွင် စက် ရက်ကန်းစင်များ တည်ထောင်ကာ ရှေးဦးဆုံး ချည်စက်လုပ်ငန်းကို ပျိုးထောင် ခဲ့သည်။ ယင်းတို့တွင် အသုံးပြုရန် ကုန်ကြမ်းဖြစ်သောဝါကို အိန္ဒိယပြည်နှင့် အခြား အရှေ့အာရှတိုင်းပြည်များမှ မှာယူတင်သွင်းခဲ့သည်။ ထိုချည်စက်များမှ ရက်လုပ်သည့် အထည်အဝတ်တို့သည် အိန္ဒိယပြည်ဖြစ် လက်ရက်ကန်းစင် များမှ ရက်လုပ်သည့် အထည်အဝတ်တို့၏ပုံစံ၊ အဆင်အသွေးကို အတုယူခဲ့ သည်။ ပထမတွင် အိန္ဒိယပြည်က ချည်ထည်နှင့် ပိတ်ချောထည်များကို အင်္ဂလန်ပြည်သို့ တင်သွင်းသဖြင့် အင်္ဂလိပ်သိုးမွေးလုပ်ငန်းသည် များစွာ ထိခိုက်နစ်နာခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် အိန္ဒိယပြည်ကသွင်းသည့် ချည်ထည်များကို အကောက်အခွန် တိုး၍ကောက်လေသည်။ သို့မှသာ သူတို့ ၏ သိုးမွေးလုပ်ငန်း မထိခိုက် မနစ်နာမည် ဖြစ်သည်။ နောက်ပိုင်းတွင်ကား အင်္ဂလိပ်တို့သည် ကုန်ကြမ်းဖြစ်သော ဝါဂွမ်းကို အိန္ဒိယပြည်မှ မှာယူတင် သွင်းကာ သူတို့၏ ချည်စက်များတွင် ချည်ထည်ရက်လုပ်ပြီးလျှင် ကုန်ချော ဖြစ်သော အထည်အဝတ်ကို အိန္ဒိယပြည်သို့ တင်ပို့ရောင်းချသည်။ ဤသို့ ဖြင့် အိန္ဒိယပြည်တွင် လက်မှုပညာသည်တို့ များစွာ ပျက်စီးဆုံးပါးရသည်။ သန်းပေါင်းများစွာသော ရက်ကန်းသည်တို့မှာ အသက်မွေးလုပ်ငန်း ပျက် သဖြင့် ငတ်မွတ်ခေါင်းပါးပြီးလျှင် သေကျေပျက်စီးရသည်။

ဝါဂွမ်းကို ဝါပင်မှသီးသည့် ဝါသီးမှ ရသည်။ ဝါပင်၏ ဝါပွင့်သည်

များစွာလုပသည်။ ယင်းသည် လူ့လောကကို အကျိုးပြုခဲ့သည်။ လူ့လောကကို သာယာစေခဲ့သည်။ ပျော်ရွှင်စေခဲ့သည်။ သို့ရာတွင် ယင်းမှ ချည်ဖြစ်အောင် လုပ်သူ၊ ထိုမှတစ်ဖန် အထည်ဖြစ်အောင် လုပ်သူတို့ကိုကား များစွာ ဒုက္ခရောက်စေခဲ့သည်။



ဝါဂွမ်းလက် တစ်ဆုပ်ကို ယူ၍ ကြည့်လျှင် မာကျောသည့် ဝါစေ့များကို တွေ့ရမည် ဖြစ်သည်။ ချည်ငင်ရန် မိုင်းတောင့် မပြုလုပ်မီ ဝါစေ့များကို တစ်စေ့စီ ကောက်ယူဖယ်ရှား ရသည်။ ထိုအလုပ်ကို တစ်ချိန်က လူ၏လက်ဖြင့်သာ လုပ်ခဲ့သည်။ များစွာ လက်ဝင်သည့်အလုပ် ဖြစ်သည်။ ဝါစေ့ကောက်ခြင်းသည် လက်ဝင်သည့်အပြင် ပင်ပန်းသည့်အလုပ်လည်း ဖြစ်သည်။ သို့ရာတွင် ဤအလုပ်ကို ထမင်းငတ် သေမှာစိုးသည့် အဆင်းရဲဆုံးလူများသာ လုပ်ကြသည်။ ဤလုပ်ငန်းတွင် နီဂရိုးလူမျိုး အများဆုံး ပါဝင်လုပ်ကိုင်ကြသည်။

ထို့နောက် အမြော်အမြင်ရှိသော ပုဂ္ဂိုလ်တစ်ဦးက ထိုအလုပ်ကို ပြုလုပ်ရန် စက်တစ်ခု တီထွင်လိုက်သည်။ ယင်းကို ဝါစေ့ကောက်စက်ဟု ခေါ်သည်။ ထိုစက်တွင် သံမဏိလက်ချောင်းများ တပ်ဆင်ထားသဖြင့် ဝါစေ့ကို လျင်မြန်စွာ ကောက်ယူနိုင်သည်။

ဝါစေ့များကို အလဟဿ မဖြစ်စေရ။ ယင်းတို့ကို ကြိတ်လျှင် ဆီရနိုင်သည်။ ထို့ပြင် ဝါစေ့ကြိတ်ဖတ်ကိုလည်း နှမ်းဖတ်ကဲ့သို့ ဝါစေ့ဖတ်ဖြစ်အောင်လုပ်ကာ ကျွဲ နွား တိရစ္ဆာန်များကို ကျွေးမွေးနိုင်သည်။

ဝါဂွမ်းကို ဂွမ်းထုပ်ကြီးများအဖြစ် ဖိသိပ်၍ အထုပ်ဖြစ်အောင် လုပ်ကာ စက်ရုံများသို့ ပို့သည်။ စက်ရုံတွင် ဝါဂွမ်းကို စင်ကြယ်အောင် ဘီးများဖြင့် ဖြီးသည်။ အထုံးအထွေးကင်းအောင် ရှင်းလင်းသည်။ ထို့နောက် ယင်းကို ဆွဲငင်ရစ်ပတ် ကျစ်နှောင်ကာ ချည်ပင်များဖြစ်အောင် ပြုလုပ်သည်။ ဤသို့ ပြုလုပ်ခြင်းကို ချည်ငင်သည်၊ မိုင်းငင့်သည်၊ မိုင်းဝင့်သည်ဟု ခေါ်ကြသည်။ ငင်ပြီး ချည်များကို ရက်လုပ်ရန် စက်ခန်းသို့ ပို့လိုက်သည်။ ရက်ကန်းစက်များမှာ အင်မတန်ကြီးမားသော စက်ကြီးများ ဖြစ်ကြသည်။ ထိုစက်များတွင် ချည်ထည်ပိတ်စ ဖြစ်လာအောင် ရက်လုပ်လေသည်။ စက်များလုပ်သည့် အလုပ်သဘောမှာ အောက်ပါအတိုင်း ဖြစ်သည်။ အတိုင်ချည်များကို အရှည်လိုက် (ဝါ) အလျားလိုက်တန်း၍ အဖောက်ချည်မျှင်က အတိုင်ချည်များအကြား ဝင်ချည်ထွက်ချည် ရှေ့တိုးနောက်ပြန် အဖန်ဖန်သွားသည်။ တစ်မိနစ်တွင် အကြိမ်တစ်ရာ ဝင်ချည်ထွက်ချည် လုပ်သည်။ 'ကျူပင်ကြိုကျူပင်ကြား လောင်းကလေးနှင့်သွား' ဟူသော ကျွန်တော်တို့ မြန်မာစကားထာမှာ ဤရက်ကန်းရက်ခြင်းကို ရည်ရွယ်ခြင်းပင်ဖြစ်သည်။ ဤသို့ အတိုင်အဖောက် ညီညီ ရက်လုပ်ရာမှ အဆင်ပုံစံ ဖော်စရာရှိပြီဆိုလျှင် အခြားအရောင်အသွေးရှိသည့် အဖောက်ချည်ဖြင့်ဖော်သည်။ သို့သော် တစ်ခါတစ်ရံ ရက်လုပ်ပြီး ပိတ်စကို အဆင်အသွေး ရိုက်နှိပ်သည့် ပုံနှိပ်စက်ကြီးဖြင့် ရိုက်နှိပ်ကာဖော်သည်။ ယင်းစက်သည် စာပုံနှိပ်စက်နှင့် တသဘောတည်းပင် ဖြစ်သည်။

၆

ဤလုပ်ငန်းသည် အရိုးခံလုပ်ငန်းဟု ထင်စရာ ရှိသည်။ လွယ်ကူသည့် လုပ်ငန်းဟူ၍လည်း ထင်စရာရှိသည်။ သို့ရာတွင် တစ်ခါက ဤချည်စက်လုပ်ငန်းကြောင့် အင်္ဂလန်ပြည်နှင့် ဥရောပတိုက်ရှိ ချည်စက်များတွင် အလုပ်လုပ်ကြသည့် အလုပ်သမားများမှာ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံကြရသည်။ အဖိနှိပ် ခံကြရသည်။ ဦးစွာပထမ အသက်လေးနှစ်နှင့် ရှစ်နှစ်အကြားရှိ ကလေးသူငယ်တို့သည် ရက်ဖောက်တံတွင် ချည်ရစ်သည့်အလုပ်ကို လုပ်ကြရသည်။ အခကြေးငွေမှာ တစ်နေ့လျှင် ကြေးပိုက်ဆံတစ်ပြားသာ ဖြစ်သည်။ ထို့နောက် ရှစ်နှစ်နှင့် ဆယ့်နှစ်နှစ်အကြားရှိ ကလေးသူငယ်တို့သည် တစ်နေ့လျှင် လုပ်ခနှစ်ပြားမှ လေးပြားအထိဖြင့် ချည်ငင်သည့် စက်များတွင် အလုပ်လုပ်ကြရ

သည်။ အသက်ဆယ့်သုံးနှစ် အရွယ်ရှိ လူငယ်တို့ကား ရက်ကန်းစက်တွင် အလုပ်လုပ်ကြရကာ တစ်နေ့လျှင် ရှစ်ပြားရလေသည်။ ယခုအခါတွင် စက်ရုံများ၏ အခြေအနေမှာ တိုးတက်ကောင်းမွန်လာပြီဟု ဆိုရပေမည်။ အကြောင်းမှာ ကလေးသူငယ်တို့ကို အလုပ်မလုပ်စေရသောကြောင့်တည်း။ သို့ပြားလည်း ချည်စက်အလုပ်သမားတို့၏ လုပ်ခကြေးငွေမှာ လွန်စွာမှ နည်းလှသေးသည်။ စားသုံးကုန်ဈေးနှုန်းများကား အမြဲတက်နေလေသည်။

ယနေ့ အင်္ဂလန်ပြည်တွင် စက်ရုံအလုပ်သမားများ၏ အခြေအနေမှာ များစွာတိုးတက်နေပြီဟု ဆိုရမည်။ အရှေ့တိုင်းပြည်များတွင်မူ စက်ရုံအလုပ်သမားတို့၏ ဘဝမှာ အင်္ဂလန်ပြည်တွင် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က အခြေအနေအတိုင်းပင် ဆိုးရွားလျက် ရှိနေသေးသည်။ စက်ရုံများတွင် အလင်းရောင် မရှိ။ အသက်ရှူပေါက် မရှိ။ လူများ ပြည့်ညပ်နေသည်။ ကျန်းမာရေးနှင့် မညီညွတ်။ ပြတင်းများကိုလည်း မဖွင့်ဘဲ ပိတ်ထားသည်။ ယောကျ်ားအလုပ်သမားများနှင့် မိန်းမအလုပ်သမားတို့မှာ ရောထွေးယှက်တင်ဖြစ်ကာ နာရီပေါင်း များစွာ ကြာသည်အထိ အလုပ်လုပ်ကြရသည်။ နောက်ဆုံးပေါ် ခေတ်မီစက်ကိရိယာများကိုလည်း အသုံးမပြုနိုင်။ နောက်ဆုံးပေါ် ခေတ်မီစက်များကိုလည်း ရရန်ခဲယဉ်းသည်။ အကြောင်းမှာ စက်လုပ်သည့် သံမဏိကို စစ်ပစ္စည်းများဖြစ်သည့် သေနတ်၊ အမြောက်များ ထုတ်လုပ်ရာတွင် အသုံးပြုနေရသောကြောင့်တည်း။ သို့ဖြစ်ရာ ဤကမ္ဘာမြေတွင် ငြိမ်းချမ်းရေးကို မတည်ဆောက် နိုင်သေးသမျှ ကာလပတ်လုံး စက်ရုံ အလုပ်သမားများမှာ ထိခိုက်နစ်နာနေမည် ဖြစ်ပေသတည်း။

၇

သို့ဖြစ်လျှင် အထည်ရက်လုပ်သူ ရက်ကန်းသည်တို့၏အခြေအနေများ တိုးတက်ကောင်းမွန်လာအောင် ဘယ်မျှ ခရီးဆက်ကြရဦးမည်ကို ကျွန်တော်တို့ သဘောပေါက်နိုင်ပြီ။

ထို့ပြင် ကျွန်တော်တို့သည် အဝတ်အထည် ဝတ်ဆင်ရေးနှင့် ပတ်သက်၍ ပိုမို အမြော်အမြင်ရှိရန်လည်း လိုအပ်လာပြီဟု ထင်မိသည်။ ဦးစွာပထမ ကျွန်တော်တို့နေထိုင်သည့် အရပ်ဒေသ၏ ရာသီဥတုနှင့် ကိုက်ညီသော

အဝတ်အထည်များကို ဝတ်ဆင်ရမည်။ ကျွန်တော်တို့၏ ဘိုးဘေးဘီဘင် အဆက်အနွယ်တို့သည် ကျွန်တော်တို့လောက် ထူထူထဲထဲ မဝတ်ဆင်ကြ။ အကြောင်းမှာ လူ၏ခန္ဓာကိုယ်အတွက် လေနှင့် နေရောင်ခြည်သည် အရေးကြီးသည်ဟု သူတို့ ထင်မှတ်သောကြောင့်ဖြစ်ပေသည်။ အိန္ဒိယပြည် အဝင်အပါ အင်္ဂလိပ် ကိုလိုနီနိုင်ငံများတွင် အုပ်စိုးသူ အင်္ဂလိပ်က အဝတ်အထည် ဝတ်ဆင်ရေးနှင့် ပတ်သက်၍ အမိန့်များပင် ထုတ်ပြန်ခဲ့ဖူးသည်။ ယင်းမှာ စာရေးစာချီတို့သည် နက်တိုင်ခေါ် လည်စီးများ၊ ကုတ်အင်္ကျီများ၊ ဘောင်းဘီရှည်များ ဝတ်ဆင်ရန်ပင် ဖြစ်သည်။ ဤတွင် အနောက်တိုင်း အယူအဆသည် အနည်းငယ် တင်းကျပ်သည်ဟု ထင်သည်။ ခရစ်ယာန် အယူအဆကလည်း ခန္ဓာကိုယ်တွင် ပလာကျင်းနေသည်ကို မနှစ်သက်။ အဝတ်အထည် ဖုံးလွှမ်းလိုသည်။ အိန္ဒိယတိုင်ရင်းသားတို့ ဒိုတီကလေးကိုသာ ဝတ်ဆင်သည်ကို မြင်ရလျှင် ရိုင်းစိုင်းသည်၊ မယဉ်ကျေးဟု ယူဆကြသည်။ ပူအိုက်သောရာသီ၊ ပူအိုက်သောဒေသတွင် ကုတ်အင်္ကျီကြီးများ၊ ဘောင်းဘီရှည်ကြီးများ၊ ဘွတ်ဖိနပ်ကြီးများ ဝတ်ဆင်ခြင်းသည် တစ်နည်းအားဖြင့် မိုက်မဲသည့်ကိစ္စပင်ဖြစ်သည်။ အရှေ့တိုင်း၏သမိုင်းကို လေ့လာမည်ဆိုလျှင် ယောကျ်ားများသည် ပါးလွှာသော ဝတ်ရုံများ ဝတ်ဆင်သည်ကိုသာ တွေ့ရလိမ့်မည်ဖြစ်သည်။ မိန်းမသားများသည်လည်း ထိုနည်းတူပင် ပါးလွှာပေါ့ပါးသော အဝတ်များကိုသာ ဝတ်ဆင်ကြသည်။ စကော့တလန်ပြည်တွင် ယောကျ်ားတို့သည် ဂါဝန်သင်တိုင်းများကို ရစ်ပတ်ဝတ်ဆင်ကြသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်ပန်းချီဆရာ ဂီးက "ဂါဝန်သင်တိုင်းသည် မိန်းမများသာဝတ်ဆင်သော အဆင်တန်ဆာ မဟုတ်။ ထို့အတူ ဘောင်းဘီသည်လည်း ယောကျ်ားများသာ ဝတ်ဆင်သော အဆင်တန်ဆာ မဟုတ်"ဟု ဆိုခဲ့သည်။ အမှန်စင်စစ် အဝတ်အထည်၏ ဇာတ်ကြောင်းကိုသာ စဉ်းစားကြည့်မည်ဆိုပါက ပလာကျင်းနေသော လူသည်လည်းကောင်း၊ ခန္ဓာကိုယ်ကို တစ်ပိုင်းတစ်စသာ လွှမ်းထားသော လူသည်လည်းကောင်း ကျွန်တော်တို့ မျက်စိအမြင်တွင် ကြည့်ရှုတင့်တယ်မည် ဖြစ်ပေသတည်း။

# အခန်း ၆

## စိတ်ပန်းဖြေစရာ အကာ၊ ဂီတ၊ ဇာတ်သဘင်

### ၁

အင်္ဂလိပ် စာရေးဆရာကြီး အိတ်ဂျီဝဲသည် တစ်ခါက 'အချိန်စက်' မည်သော စာတစ်အုပ်ကို ရေးခဲ့ဖူးသည်။ ထိုစာအုပ်တွင် ပါသော အယူအဆ အရဆိုလျှင် ကျွန်တော်တို့သည် မော်တော်ကားပေါ်တွင် ထိုင်၍ လိုက်သကဲ့သို့ ထို'အချိန်စက်'ပေါ်တွင် ထိုင်၍ လိုက်နိုင်သည်။ ထိုနောက် အချိန်စက်၏ ဂီယာကို သွင်းလိုက်မည်။ ထိုအခါ အချိန်စက်က ကျွန်တော်တို့ကို လွန်ခဲ့သော နှစ်ပေါင်း ထောင်သောင်းများစွာ ကြာသည့် သမိုင်းမတိုင်မီ ခေတ်သို့ ခေါ်ဆောင်သွားလိမ့်မည်။ လွန်ခဲ့သည့် အခန်းများတွင် ဤနည်းအတိုင်း ကျွန်တော်တို့သည် အချိန်စက်ဖြင့် ခေတ်နောက်ပြန်ခဲ့ကြပြီ။

ယခုလည်း ထိုနည်းအတိုင်း နောက်ကြောင်း ပြန်ကြမည် ဆိုလျှင် ကျွန်တော်တို့သည် တောအုပ်တစ်ခု၏ အလယ်သို့ ရောက်သွားပေလိမ့်မည်။ ထိုအခါ တောအုပ်အလယ်တွင် အမွေးအမှင်ထူထပ်သည့် ကျွန်တော်တို့၏ အနွယ်များ မီးပုံတစ်ခုကို ပတ်ချာလည်ကာ ခြေလှမ်းမှန်မှန်ဖြင့် ပြေးလွှားနေသည်ကို တွေ့ရလိမ့်မည်။ ဤသို့ ပတ်ချာလှည့်ရင်း ညည်းညူအော်မြည်ကာ ခြေချသံကို မှတ်သားကြသည်။ သူတို့သည် ထိုအချိန်တိုင်အောင်ပင် စကားလုံး ပီပီသသ မပြောနိုင်သေး။ သီချင်းလည်း မဆိုတတ်သေး။

သို့ဖြစ်လျှင် သူတို့ ဘာလုပ်ကြသနည်းဟု မေးစရာရှိသည်။

သူတို့သည် ဂါထာမန္တရားကို မန်းမှုတ်နေကြခြင်း ဖြစ်သည်။ သူတို့၏ ဝန်းကျင်ရှိ အရာဝတ္ထုအားလုံးကို တိုင်တည်ကာ ရွတ်ဖတ်နေကြသည်။



ဤသို့ ပတ်ချာလှည့် ပြေးလွှားကာ အော်မြည်ရွတ်ဖတ်ခဲ့လျှင် သူတို့ဝန်းကျင်ရှိ သားရိုင်းများနှင့် လေ ရေ နေ မီးတို့သည် သူတို့ကို ကြောက်ရွံ့လာလိမ့်မည်ဟု ယုံကြည်ကြသည်။ ညအခါ မှောင်ထဲတွင် လမ်းလျှောက်လျှင် ကျွန်တော်တို့သည် အကြောက်ပြေစေရန် လေချွန်ကြသည် မဟုတ်လား။ သူတို့လည်း ထိုနည်းအတူပင် ပြုမူလုပ်ကိုင်ခြင်း ဖြစ်ဟန်တူသည်။

ဤ ကျွန်တော်တို့၏ ရှေးအကျဆုံး အနွယ်များသည် သားငါးရှာဖွေစားသောက်သည့် မုဆိုးများသာ ဖြစ်လေသည်။ သားရိုင်းကို အစာအလို့ငှာ သတ်ဖြတ်ရခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် သားရိုင်းတိရစ္ဆာန်တို့က သူတို့ကို သတ်ဖြတ်ပေလိမ့်မည်။ တစ်ချိန်ကဆိုလျှင် အမဲလိုက်ရာတွင် သူတို့သည် လက်နှင့် ပါးစပ်က သွားများကိုသာ အသုံးချခဲ့ကြသည်။ ထို့နောက် ရဲတင်းများနှင့် အခြားလက်နက်ကိရိယာများကို လုပ်ကိုင်လာကြသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် သူတို့သည် လျှို့ဝှက်သော လက်နက်တစ်မျိုးကို တီထွင်ခဲ့ဟန် တူသည်။ ယင်းမှာ သူတို့ လိုက်လံသတ်ဖြတ်မည့် အမဲကောင်၏

သားရေများ၊ အမွေးအမှင်များကို ဝတ်ဆင်ခြင်းပင်ဖြစ်သည်။ ဤသို့ ဝတ်ဆင်ခြင်းဖြင့် သူတို့သည် အင်အားကြီးမားလာသည်ဟု ယူဆကြဟန် တူသည်။ တစ်ကြောင်းမှာလည်း တစ်စုံတစ်ခုကို တုပလျှင် ယင်းတစ်စုံတစ်ခုကို လွှမ်းမိုးအောင်မြင်နိုင်သည့် သတ္တိထူး ရလာသည်ဟု ထင်မှတ်ကြခြင်းပင်ဖြစ်သည်။

ထို့ကြောင့် သူတို့သည် အမဲလိုက်မထွက်မီ သဏ္ဍာန်လုပ် သရုပ်နှင့်တူအောင် အမဲလိုက်ခန်းကို ဇာတ်တိုက်ခြင်းတစ်မျိုး ကျင်းပလေသည်။ အချို့က အမဲလိုက်မုဆိုး နေရာတွင် ကပြသည်။ အချို့က အမဲကောင်ဟန်ဆောင်ကာ ကပြသည်။ ဤသို့ ကြိုတင်ဇာတ်တိုက်ရာတွင် အမဲလိုက်သူတို့ကသာ အမြဲ အနိုင်ရလေသည်။

တကယ့်သားကောင် အစစ်သည် ဤနည်းဖြင့် ဓာတ်ရိုက် မန်းမှုတ်ခြင်းကြောင့် အနည်းငယ်မျှ ထိခိုက်မည်မဟုတ်။ သို့ရာတွင် ကျွန်တော်တို့၏ အနွယ်ဖြစ်သော အမွေးအမှင်ထူထဲသည့် လူကား များစွာ နှစ်ထောင်းအားရရှိလေသည်။ တကယ်အမဲလိုက်ရာတွင် သားရိုင်းတိရစ္ဆာန်ကို ဖမ်းဆီး သတ်ဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်စ ပြုလာသည်။ ယုံကြည်ခြင်းသည် စစ်ပွဲတစ်ဝက် နိုင်သည် မဟုတ်လား။

ကာလအတန်ကြာသောအခါ ဤသို့အမဲလိုက် ဇာတ်တိုက်ခြင်းသည် အလေ့အထတစ်ခု ဖြစ်လာသည်။ အမဲလိုက်ခန်း ကျင်းပသည့်အခါ အမူအရာ၊ လှုပ်ရှားပုံ၊ အသံအော်ဟစ် မြည်ကြွေးပုံတို့သည် သရုပ် တူလာလေသည်။ သရုပ်တူလာသည်၊ သရုပ်ဖော်ကောင်းလာသည် ဆိုရငြားလည်း တကယ့်အမဲလိုက်ပုံနှင့် ထပ်တူထပ်မျှ တစ်သဝေမတိမ်းတူအောင် ကပြကြသည် မဟုတ်။ တကယ်အမဲလိုက်ပုံနှင့် တူနိုင်သမျှတူအောင် သူတို့နည်းနှင့်သူတို့ တီတွင်ဖန်တီး ကပြခြင်းသာ ဖြစ်သည်။

ဤသို့ ဂါထာမန္တရား ရွတ်ဖတ်ခြင်း၊ တုပခြင်း စသည်တို့သည် နှောင်းခေတ်များတိုင်အောင် တည်တံ့ကျန်ရစ်ခဲ့သည်။ တစ်ဖန် ထိုလူရိုင်းတို့သည် တစ်စုံတစ်ခု ပြုလုပ်ဆောင်ရွက်ရန် ရှိလာလျှင် ပွဲမဝင်ခင် ပြင်ကကျင်းပ ဆိုသကဲ့သို့ ဇာတ်တိုက်ခြင်း လုပ်လေ့လုပ်ထရှိလာကြသည်။ နှောင်းသော် အလေ့အထ ဖြစ်လာသည်။ ဥပမာဆိုလျှင် လယ်ယာ၌ ကောက်စေ့ကို စိုက်ပျိုးမည် ဆိုပါစို့။ ထိုအခါ ပြေးလွှားခုန်ပေါက်လျက် လည်းကောင်း၊ ကခုန်မြူးထူးလျက်လည်းကောင်း ဂါထာမန္တရား ရွတ်ဖတ်ကြသည်။ သူတို့

ရွတ်ဖတ်သည်တွင် ကောက်ပင်အောင်ဖို့ မိုးရွာစေရန် မိုးခေါ်ခြင်း၊ ကောက်ပင် ပေါက်လာစေရန် နေပူခိုင်းခြင်းတို့ ပါဝင်လေသည်။ သူတို့စိတ်ထဲတွင် သူတို့ ဝန်းကျင်ရှိ အရာရာသည် သူတို့အသက်ရှင်နေသကဲ့သို့ပင် အသက်ရှင်နေကြသည်ဟု ထင်မြင်ယုံကြည်နေကြဟန်တူသည်။ အရာရာတိုင်းတွင်လည်း ဝိညာဉ်တစ်ခုခု တွယ်ကပ်နေသည်ဟု ထင်ကြသည်။ အိန္ဒိယ ရှေးဟောင်းကျမ်းစာဖြစ်သော ဗေဒကျမ်းစာများတွင် အိန္ဒြဟုခေါ်သော မိုးကြိုးနတ်မင်း၊ သူရိယဟု ခေါ်သော နေနတ်သား၊ ရုဒြဟုခေါ်သော မုန်တိုင်းနတ်မင်းတို့ ရှိကြောင်း တွေ့ရသည်။ မြစ်၊ သစ်ပင်၊ တောင်၊ တိရစ္ဆာန် စသည်တို့တွင်လည်း မြစ်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ တောင်စောင့်နတ် စသည်တို့ ရှိသည်ဟု ဆိုလေသည်။ ဤနည်းအတိုင်းပင် ကျွန်တော်တို့သည် ပုံပြင်များတွင် နတ်သမီး နတ်သားများအကြောင်း၊ အနန္တတန်ခိုးတော်ရှင်များအကြောင်း၊ မကောင်းဆိုးဝါး နတ်ဆိုးများ မာရ်နတ်များအကြောင်း၊ တစ္ဆေသရဲတို့အကြောင်းကို ပြောဆိုကြလေသည်။

အမှန်စင်စစ် ဂါထာမန္တရား ရွတ်ဆိုခြင်းသည် အက၊ ဂီတ၊ ဇာတ်သဘင်၊ ကဗျာ၊ သီချင်း၊ ပန်းချီ၊ ပန်းပု စသော အနုပညာအားလုံး၏ အစဦး မြစ်ဖျားခံရာ ဖြစ်ပေသည်။

ယင်းတို့အနက် ကခုန်ခြင်းသည် အနုပညာအားလုံး၏ မိခင်ဖြစ်လေသည်။

၂

ကနဦးတွင် လူသည် ဂါထာမန္တရား ရွတ်ဖတ်ရင်း မီးပုံကိုလှည့်ကာ ခုန်ပေါက်ပြေးလွှားသည်။ ယင်းမှာ အဦးဆုံး ကခုန်ခြင်းပင် ဖြစ်သည်။ ယခုအခါ အနောက်တိုင်းတွင် ခြေဖျားကလေးများ ထောက်လျက် သွယ်ပျောင်းညွတ်ကွေး၍ ကရသည့် ဘဲလေးအက အထိပင် တိုးတက်နေပေပြီ။ သို့သော် အစဦးဆုံး ခုန်ပေါက်ပြေးလွှားခြင်းမှသည် ဘဲလေးအကအထိ အကပုံသဏ္ဌာန်တို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာပုံကိုကား အတိအကျ ခြေရာကောက်နိုင်ရန် ခဲယဉ်းသည်။ သို့ရာတွင် ရိုင်းစိုင်းသော လူရိုင်းအုပ်စုတို့၏ အကများကိုကား ကျွန်တော်တို့ သေချာစွာ သိနားလည်သည်။ ယင်းလူရိုင်းတို့မှာ ကျွန်တော်တို့၏ ရှေးဟောင်း လူ့အနွယ်များ အသက်မွေး နေထိုင်သကဲ့သို့

ပင် နေထိုင်လျက် ရှိကြသည်။ သို့ဖြစ်ရာ ကခုန်ခြင်း အနုပညာ ဖွံ့ဖြိုးတိုးတက်လာပုံကို အတိုင်းအတာ တစ်ခုအထိ ကျွန်တော်တို့ သိနိုင်သည်။

အချိန်ကာလ အတော်ကြာသည်အထိပင် အကအနုပညာသည် အမဲလိုက် ဓာတ်တိုက်ခြင်းအဖြစ်လည်းကောင်း၊ ကောက်သီးကောက်နှံ ဖွံ့ဖြိုး



အောင်မြင်ရန် စိတ်ဆန္ဒကို ဖော်ပြသည့် အလွန်အကျူး အမူအရာအဖြစ်လည်းကောင်း ကျင်လည်နေသေးဟန်တူသည်။ ထိုမှတစ်ဖန် ဟိုးရှေးရှေးအခါက လူရိုင်းတို့သည် ကခုန်ပျော်ပါးရာတွင် နေရာဆုံသမျှ အချိုးကျအကွက်များ၊ ပုံသဏ္ဌာန်များ ဖော်သွားသည်ကိုလည်း ရှာဖွေတွေ့ရသည်။ ကခုန်ရာတွင် အကွက်ဖော်ခြင်း၊ အတန်းပြောင်းခြင်း၊ အတန်းဖော်ခြင်းတို့သည် ညီညွတ်လှပသည်။ သူတို့၏ အစီအစဉ်သည် စနစ်ကျသည်။ ဤသို့ ကခုန်ရာတွင် ပါးစပ်က ဟစ်ကြွေးခြင်း၊ ညည်းညူခြင်း၊ အော်မြည်ခြင်းတို့သည် ထပ်ပြန်တလဲလဲ ပြုဖန်များလတ်သော် သီချင်းများ ဖြစ်လာသည်။ ဤနည်းဖြင့် သီဆိုခြင်း ဂီတသည် အစပျိုးခဲ့လေသည်။ အိန္ဒိယ တိုင်းရင်းသားတို့သည် အလွန်သိမ်မွေ့သည့် ရှေးဟောင်းအကများကို ကပြနိုင်သည်။ ယင်းတို့မှာ ဘာရာတနတ်တယမ်နှင့် ကသာကလီတို့ ဖြစ်ကြသည်။ ဤအကများတွင်

ကခုန်ကွက်တို့ကို လိုက်၍ သီချင်းသီကျူးပုံကို အံ့သြဖွယ်တွေ့နိုင်သည်။ ထို့ပြင် မျက်နှာပေး ဟန်အမူအရာ၊ ခြေလက်လှုပ်ရှားပုံ စသည်တို့သည် ရှုပ်ထွေးသလောက် နူးညံ့သိမ်မွေ့ပျော့ပျောင်းကာ အနက်အဓိပ္ပာယ် ဆောင်သည်ကို တွေ့နိုင်သည်။ ကချေသည်တို့၏ လက်ချောင်းကလေးများသည် ကြာယပ်၊ ကြာဖတ်၊ ကြာချပ်တို့မှ ကြာပန်းအဖြစ် ပွင့်လာသကဲ့သို့ နူးညံ့ပျော့ပျောင်းစွာ ပွင့်အာလာသည်။ ထို့ပြင် ကချေသည်တို့၏ မျက်လုံးအစုံစုံတို့သည်လည်းခံစားနေရသောအချစ်၊ အမုန်း၊ မနာလိုဝန်တိုမှု အားလုံးတို့၏ အတွင်းသန္တာန်ကို ဖော်ပြနိုင်သည်။ သို့ဖြစ်လျှင် အကနှင့်



ဂီတသည် တွဲဖက်ကာ ဖွံ့ဖြိုးလာသည်ဟု ဆိုနိုင်ပေသည်။

ကောက်သီးကောက်နှံ စိုက်ပျိုးသူများ၊ ရိတ်သိမ်းသူများ၊ စပါးထမ်းသူများ၊ ထင်းခုတ်သူများတို့သည် ခွန်အားစိုက်ထုတ်ရသဖြင့် ပင်ပန်းနွမ်းနယ်ရှိကြသည်။ သို့ဖြစ်ရာ သူတို့၏ လိုအင်ဆန္ဒတို့သည် တုပဓာတ်တိုက်ခြင်းနှင့် တစ်နည်းတစ်ဖုံ ဆက်သွယ်လာသည်ဟု ယူဆစရာအကြောင်းများ ရှိလာသည်။ ဂေါင်း၊ ဆန်း၊ သား၊ နာဂ တို့၏ လူမျိုးစု အကများသည်လည်း ထိုလူမျိုးစုတို့၏ နေထိုင်မှုဘဝကို စည်းဝါးညီညွတ်သော လှုပ်ရှားမှုဖြင့် ပီပီသသ ဖော်ပြထားခြင်းဖြစ်သည်။

သို့ရာတွင် တုပဓာတ်တိုက်ခြင်းသည် လူ့ဘဝကို အတုခိုးရုံသာမဟုတ်ဘဲ စိတ်ကူးယဉ်ခြင်းဖြင့် လူ့ဘဝကို ပျော်ရွှင်လန်းဆန်းအောင် ဖန်တီးပေးသည်။ ရှေးဟောင်း ကဗျာသည်လည်း ဤနည်းအတိုင်းပင် ဖြစ်ပေသည်။ စိတ်ကူးယဉ်ခြင်းတွင် ချုပ်တည်းထားရသည့် ခံစားရခြင်း ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ အောင်မြင်ခြင်း၊ မျှော်လင့်ခြင်း၊ ကြောက်ရွံ့ခြင်း စသည်တို့ ပေါင်းစပ်ပါဝင်နေသည်။ အထူးသဖြင့် ကချေသည်တို့သည် အများစုပေါင်းကာ တညီတညွတ်တည်း၊ တစ်သဘောတည်း ဟန်ပန် အမူအရာတစ်ခုကို

ထုတ်ဖော်ကြသည့်အခါ ဖုံသံ၊ စည်သံ၊ ခရာသံတို့ကို ကြားရလျှင် သူတို့၏ စိတ်လှုပ်ရှားမှုနှင့် သူတို့၏ လိုအင်ဆန္ဒတို့သည် အသက်ဝင်လာလေသည်။ သို့ဖြစ်ရာ အက၏ စိတ်ကူးယဉ်သောအပိုင်းသည် လူ့ဘဝနှင့် ကွာလှမ်းနေသည် မဟုတ်။ လူ့ဘဝနှင့် မဆက်မစပ် မဟုတ်။ များစွာ ဆက်စပ်နေသည်။ ယောက်ျားတို့ ကပြသည်ကို ကြည့်ပါ။ သူတို့သည် အခြားအကကို မကခုန်။ အမဲလိုက်ပုံ၊ မြေယာကို ထွန်ယက်ပုံတို့ကိုသာ ကခုန်ကြသည်။

အက၏ အနှစ်သာရသည် ကိုယ်အင်္ဂါလှုပ်ရှားမှုသာလျှင် ဖြစ်သော်လည်း တိုင်းပြည်တိုင်းတွင် သူ့ဟန်နှင့်သူ ကွဲပြားခြားနားစွာ ဖွံ့ဖြိုးလာခဲ့သည်။ တိုင်းပြည်တစ်ပြည် ဒေသတစ်ခု၏ ရာသီဥတု၊ ကောက်ပင်စိုက်ပျိုးရာတွင် အသုံးပြုသော လက်နက်ကိရိယာ၊ ဝတ်စားဆင်ယင်သည့် အဝတ်အထည်၊ သီချင်းတို့၏ ဘာသာစကား စသည် အားလုံးကို အခြေပြုကာ သူတို့ဘဝကို သရုပ်ဖော်သည့် ပင်ကိုဟန်ပန်အမူအရာတို့ အဆင့်ဆင့် ဖွံ့ဖြိုးပေါ်ထွန်းလာသည်။ ဥပမာဆိုလျှင် အိန္ဒိယလူမျိုးစုတစ်စုဖြစ်သော ပဟာရီတို့၏ အကတွင် ကောက်စိုက်ကောက်ရိတ်ဟန် အမူအရာတို့သည် ရိုးရိုးနေထိုင်မှုဘဝကို ပီပီသသ ဖော်ပြသည့် ဟန်ပန်အမူအရာပင် ဖြစ်သည်။ အခြားအကများမှာမူ သွယ်ဝိုက်သောနည်းဖြင့် သဏ္ဍာန်လုပ်ကြလေသည်။ ဆန်းသားအကတွင် ယောက်ျားနှင့် မိန်းမတို့သည် တစ်ဦးစီသို့တစ်ဦး နီးကပ်အောင်တိုးလာပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် ပွေ့ဖက်တော့မယောင် သဏ္ဍာန်လုပ်ကြသည်။ သို့ငြားလည်း လူမျိုးစု အကတိုင်းလိုလို၌ပင် ဂါထာမန္တရားရွတ်ဖတ်ခြင်း၊ ကျိန်ဆိုခြင်းတို့ကို တွေ့နိုင်သေးသည်။ သူတို့သည် ကခုန်ရာတွင် မြေဝသုန်ကို ခြေဖြင့်ပေါက်ကာ သူတို့၏ အမိန့်ကို နာခံခိုင်းလေသည်။

၃

ရှေးဟောင်း လူ့အဖွဲ့အစည်းတို့ ကျေးရွာကြီးများတွင် လည်းကောင်း၊ မြို့ကြီးများတွင်လည်းကောင်း အခြေစိုက် နေထိုင်ကြသည့်အခါ သူတို့၏ အကဟန်အမူအရာသည်လည်း ပြောင်းလဲလာခဲ့သည်။ ရှေးဆန်သော ကဟန်သည် ယခုတိုင် တည်တံ့ ကျန်ရှိနေသေးသော်လည်း ယင်းတို့တွင် ပိုမိုရှုပ်ထွေးသော အနက်အဓိပ္ပာယ်များ ပါရှိလာသည်။ ရှေးဟောင်း အိန္ဒိယ ယဉ်ကျေးမှုသမိုင်းတွင် သိဝဘုရား၏ စိတ်အားတက်ကြွဟန်သည်လည်းကောင်း၊ ကချေသည်တို့

၏ အရှင်နာတရာဇ၏ ကဟန်သည်လည်းကောင်း များစွာအနက်အဓိပ္ပာယ် ဆောင်လေသည်။ ပညာရှိတို့၏ အယူအရ ဆိုသော် လူသည် ယခုဘဝတွင် မွေးဖွားလာပြီး နောက်တစ်ဖန် နောက် တစ်ဘဝတွင် ပြန်လည်မွေးဖွားပြန်သည်ဟူ၏။ ဤသို့လျှင် လူ့ဘဝ၏ အစဉ်သည် 'တရှိက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်များသို့' လည်နေသည်မှာ အနန္တတန်ခိုးတော်ရှင်၏ အကစကြဝဠာ သဘောအတိုင်းပင် ဖြစ်ပေသည်။ အမှန်စင်စစ် ဤကမ္ဘာကြီးတစ်ခုလုံးသည် ဘုရားရှင်တော်ကြီးတစ်ဆူ က နေသည်နှင့် တူသည်ဟူ၍ပင် ပညာရှိတို့ တင်စားဆိုရိုးပြုကြလေသည်။



သိဝဘုရား ကနေသည့်ပုံကို ကြည့်မည်ဆိုလျှင် သူ့အကြောင်းကို ဖော်ပြသည့် အောက်ပါ သီချင်းသဘော ထင်ရှားလာလိမ့်မည်။

"အရှင်ဘုရား၊ အရှင်ဘုရား စည်တော်ကို ကိုင်ထားတော်မူသည့် အရှင်ဘုရား၏ လက်တော်သည် ကောင်းကင်ဘုံကို လည်းကောင်း၊ ဤကမ္ဘာမြေကို လည်းကောင်း၊ အခြားကမ္ဘာများကို လည်းကောင်း၊ မရေမတွက်နိုင်အောင် များပြားလှသည့် သက်ရှိ ဝိညာဉ်တို့ကို လည်းကောင်း ဖန်ဆင်းတော်မူသည်၊ ဖန်တီးတော်မူသည် မဟုတ်တုံလော။ အရှင်ဘုရား၏ မြှောက်ချီနေသော လက်တော်သည်

အရှင်ဘုရား ဖန်ဆင်းခဲ့သည့် သက်ရှိနှင့်သက်မဲ့အားလုံးကို ကာကွယ်သည် မဟုတ်တုံလော။ ဤကမ္ဘာအလုံးသည် မီးကိုကိုင်ထားသော အရှင်၏လက်တော်က ဖန်ဆင်းခဲ့ခြင်းဖြစ်ပါသည်။ မြေတွင် ချထားသော အရှင့်ခြေတော်တစ်ဖက်သည် သံသရာဝဋ်ဆင်းရဲမှ အလွတ်ရုန်းနေကြသော သတ္တဝါတို့၏ ခိုလှုံရာဖြစ်ပါသည်။ မြေမှ ကြွချီထားသော အရှင့်ခြေတော် တစ်ဖက်သည် အရှင့်ထံပါး ခိုလှုံလာကြသူတို့အား ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပါသည်။ ဤငါးပါးသော အရှင်၏ လှုပ်ရှားဟန်တို့သည်ပင် အရှင်၏ ကောင်းသောလှုပ်ရှားခြင်းများဖြစ်ပါသတည်း။”

၄

နောင်အခါ ကျေးရွာများအဖြစ် စုပေါင်း နေထိုင်ကြမည့် အစုအဝေးတို့သည် ဘုရားကျောင်းကန်များ၌ ဘုရားရှင်တော်ကို ပူဇော်ကန်တော့သည့် အကများကို ကပြကြသည်။ ထိုမှတစ်ဆင့် ဆုတောင်းပတ္ထနာအဖြစ် ကဗျာ လင်္ကာများ ရွတ်ဆိုခြင်း၊ ဇာတ်နိပါတ်များ ပုံဝတ္ထုများ ပြောဟောခြင်း အဆင့်သို့ ရောက်လာသည်။ ယင်းတို့အနက် ပုံဝတ္ထုပြောခြင်း အလေ့အထ၌ ဇာတ် သဘင်ကပြခြင်းသို့ ကူးပြောင်းလာဟန်တူသည်။ အလွန်ထင်ရှား ကျော်ကြားသည့် အိန္ဒိယ ဇာတ်သဘင်နှစ်ခုမှာ ရာမယနနှင့် မဟာဘာရတတို့ ဖြစ်ကြသည်။ ယင်းဇာတ်တော်ကြီး နှစ်ခုစလုံးကို ဦးစွာပထမ ရဟန်းတော်များက ကဗျာလင်္ကာအဖြစ် ရွတ်ဆိုကြပြီးလျှင် ကချေသည်တို့က ဟန်အမူအရာတို့ကို သရုပ်ဆောင် ကပြကြခြင်းဖြစ်သည်။ အိန္ဒိယပြည် ဘင်္ဂလားနယ်တွင် ကီရတန်ဟူသော ဇာတ်သဘင် ယခုတိုင် ထွန်းကားနေသည်ကို ကြည့်ခြင်းအားဖြင့် အိန္ဒိယပြည် ဒေသအနှံ့အပြားတွင် ယင်းကဲ့သို့သော ရှေးဟောင်းအက ဇာတ်များ ထွန်းကားကြောင်း သိနိုင်သည်။

သို့ရာတွင် ခရစ်ပေါ်ပြီး နှစ်ပေါင်း နှစ်ရာ သုံးရာခန့်တွင် အလွန်သိမ်မွေ့နက်နဲသော အကအနုပညာ တစ်ရပ်သည် လည်းကောင်း၊ ရေးသားဖတ်ရှုရသော ဇာတ်ဝတ္ထုသည်လည်းကောင်း ပေါ်ထွန်းလာလေသည်။ အိန္ဒိယပြည်တွင်မူ ဂုတ္တဘုရင်များ ကောင်းစားသော ရွှေလက်ထက်တော်၌ ထိုအနုပညာတို့သည် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်လာလေသည်။ ခရစ်တော်ပေါ်ပြီး

နောက် ငါးရာစုခေတ်တွင် ပြဇာတ်များ၊ အကသဘင်များ လွန်စွာ ထွန်းကား လာခဲ့သည်။ လူတို့၏ စိတ်လှုပ်ရှားမှုများ၊ ရှုပ်ထွေးထွေပြားသော ဟန်အမူ အရာများ စသည်တို့ကို နက်နဲသိမ်မွေ့စွာ ဖော်ပြကြသည်။ ယင်းတို့အနက် ဘာရာတ နာတရ သျှတြသည် ထင်ရှားကျော်ကြားလေသည်။ ဤဇာတ် သဘင်များကို ကြည့်လျှင် အိန္ဒိယပြည်တွင် အကနှင့် ဇာတ်သဘင် အနုပညာ တို့သည် ဘာရာတဇာတ်တော်ကြီး မရေးသားမီ လွန်ခဲ့သည့် နှစ်ပေါင်းတစ် ထောင်ကျော်ကပင် ထွန်းကားခဲ့ကြောင်း သိသာနိုင်သည်။

ထိုအတောအတွင်း အိန္ဒိယပြည်မြောက်ပိုင်းကို နိုင်ငံခြားသားတို့က ဝင်ရောက် တိုက်ခိုက်ကြသည်။ ထို့ကြောင့် အနုပညာအချို့သည် တိမ်ကော ပပျောက်သွားရသည်။ အနုပညာအစဉ်အလာတို့သည်လည်း အဆက်ပြတ်သွား ခဲ့ရသည်။ အိန္ဒိယပြည်တောင်ပိုင်း တန်ဂျိုကဲ့သို့သော ဒေသတို့တွင်မူ ရှေးက ဘုရားဂူကျောင်းတို့တွင် ကချေသည်တို့ကပြသည့် ကဟန်အတိုင်း မပျက်မစီး ကျန်ရစ်ခဲ့သည်ကို တွေ့ရသည်။ ဤ ဘာရာတ နာတယမ် သဘင်ကို ကြည့်၍ ရှေးဟောင်း အကသဘင်၏ အနုပညာ အတိမ်အနက်ကို သိနိုင်သည်။ အိန္ဒိယ အကသဘင်၏ သိမ်မွေ့လှသည့် အလှအပ သဘောကိုလည်း တွေ့နိုင်သည်။ ယနေ့ထက်တိုင် တိမ်ကောခြင်းမရှိသေးသည့် အနုပညာတစ်ခုမှာ မလဘာ ဇာတ်သဘင်ပင်ဖြစ်သည်။ မလဘာ သဘင်တွင် လှပသိမ်မွေ့သည့် ကသာ ကလီအကကို တွေ့နိုင်သည်။ ယင်းသည် ဇာတ်နိပါတ်ကို အကဖြင့် ဖော်ကျူး ထားခြင်းပင်ဖြစ်သည်။ လူတို့၏ စိတ်လှုပ်ရှားမှုများဖြစ်သည့် အချစ် အမုန်း၊ ဝမ်းနည်း ဝမ်းသာ၊ မနာလိုဝန်တိုမှု စသည်တို့ကို ဖော်ကျူးထားသည်။

အိန္ဒိယ အက အနုပညာသည် ဂျာဗားနှင့် ဘာလီကျွန်းတို့တွင် ယနေ့တိုင် ထွန်းကားလျက် ရှိလေသည်။ ဂျာဗားနှင့် ဘာလီတို့သို့ သွားရောက် နေထိုင်ကြသော ဟိန္ဒူလူမျိုးတို့က ခေတ်အခြေအနေ၊ ဒေသအခြေအနေတို့နှင့် လိုက်လျောညီညွတ်အောင် ဖန်တီးကာ အကသဘင်ကို အမွေဆက်ခံကြလေ သည်။

## ၅

တရုတ်ပြည်တွင်လည်း အက၊ ဇာတ်သဘင်၊ ဂီတတို့သည် အိန္ဒိယပြည် ကဲ့သို့ပင် ဖွံ့ဖြိုးလာခဲ့သည်။ တရုတ်တို့၏ ရှေးဟောင်းအကသည် အရိုးခံပင်

ဖြစ်သည်။ ထိုမှတစ်ဆင့် ပို၍ နက်နဲသော ကဟန်တို့ ဖွံ့ဖြိုးလာသည်။ တရုတ်အက၏ နည်းစနစ်သည် ရုပ်ထွေးလေရကား အဆင့်ဆင့် ပညာပေးရာတွင် ခက်ခဲသည်ကို တွေ့ရသည်။ ထို့ကြောင့် ဇာတ်သဘင်ဖြင့် အသက်မွေးမှု ပြုသော အိမ်ထောင်စုတို့တွင်သာ အကပညာသည် မိဘက သားကို တစ်ဆင့် ပညာအမွေ ပေးခြင်းဖြင့် မတိမ်ကောဘဲ ကျန်ရစ်ခဲ့သည်။ ဇာတ်ဝတ္ထုနှင့် အကသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေခဲ့သည်။ ယင်းတို့တွင် သီချင်းသည်လည်း ဇာတ်သဘင်၏ အရေးကြီးသော အပိုင်းဖြစ်လေသည်။ ထို့ကြောင့် ယခုအခါ ယင်းတို့ပေါင်းစပ်သော သဘင်မျိုးကို 'အော်ပရာ'ဟု ခေါ်စမှတ်ပြုကြလေသည်။ 'ပီကင်းအော်ပရာ'သည် နာမည် ကျော်ကြားလေသည်။

အရှေ့တိုင်းတွင် ယဉ်ကျေးမှုဓလေ့ထုံးစံသည်လည်းကောင်း၊ ကိုးကွယ်သည့် ဘာသာ အယူဝါဒသည်လည်းကောင်း ရာစုခေတ်ပေါင်းများစွာ ဖြတ်သန်းခဲ့သည့်တိုင် အပြောင်းအလဲ နည်းလေသည်။ သို့ဖြစ်ရာ ရှေးဟောင်း အနုပညာ အမွေအနှစ်တို့သည် ယခုတိုင် ဆက်လက် တည်တံ့လျက်ရှိလေသည်။

သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာခန့်တွင်ကား အနောက်တိုင်းသားတို့၏ ဝင်ရောက် ထိုးဖောက်မှုကြောင့် ရိုးရာဓလေ့ထုံးစံတို့သည် အနည်းငယ် အဆက်ပြတ်ကာ တန့်သွားခဲ့သည်။

## ၆

မြန်မာ အက သဘင် ပညာသည် ယခုအခါ ခေတ်သစ်တို့ တက်လှမ်းရန် အားယူလျက် ရှိသည်။ ယနေ့ ကျွန်တော်တို့ တွေ့မြင် ကြည့်ရှုနေရသည့် အကပညာသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀၀ ခန့်က ဆင်းသက်ခဲ့သည့် ပညာဖြစ်သည်ဟု ယူဆကြသည်။ မျက်မှောက် အကသဘင်၏ မြစ်ဖျားခံရာသည် ပုဂံခေတ် အကသဘင်ပင် ဖြစ်သည်ဟု ပညာရှင်တို့ ဆိုကြသည်။ မြန်မာအကပညာ၏ မြစ်ဖျားခံရာတွင် စုပေါင်းစီးဝင်သော မြစ်လက်တက်တို့သည် ဗုဒ္ဓဘာသာ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မင်းခမ်းမင်းနား၊ နတ်ပူဇော်ပသခြင်းတို့ ဖြစ်လေသည်။

ဗုဒ္ဓဘာသာ အယူဝါဒ ပုဂံပြည်သို့ ရောက်လာသည်မှ စ၍ ကဆုန်ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ် ဆီမီးထွန်းညှိသည့်ပွဲတော်၊ တန်ဆောင်တိုင် ပွဲတော်တို့ ဆင်းယင်ကျင်းပသည်။ နောင်သော် ထိုပွဲတော်တို့မှ ဆက်၍

ဆယ့်နှစ်ရာသီ ပွဲတော်များအထိ တစ်နှစ်ကာလပတ်လုံး ပွဲသဘင် ဆင်ယင်ကြသည်။

မြန်မာ့စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပင် ဖြစ်သည်။ ယင်းကို အမှီပြုလျက် ကောက်သိမ်းပွဲတော်များ ကျင်းပကြသည်။ ရှေးဘိုနယ်တွင် ယခုတိုင် ကောက်စိုက်သမတို့သည် ဗုံကြီးကို တီးမှုတ်လျက် ကောက်စိုက်ကြသည်။ ကောက်စိုက်သမတို့၏ ဗုံကြီးသံသည် မြန်မာ့ရိုးရာ ဂီတသဘင် ဖြစ်လာသည်။



မြန်မာမင်းတို့၏ မင်းခမ်းမင်းနားသည်လည်း သီဆို တီးမှုတ်ခြင်းကို တစ်နည်းတစ်ဖုံ အားပေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာမရောက်မီ နတ်ကိုးကွယ်မှုသည် ထွန်းကားခဲ့သည်။ နတ်ကိုးကွယ်မှုမှသည် နတ်ပူဇော်ပသခြင်းတို့၌ အကအခုန် အတီး အမှုတ်တို့ဖြင့် ဆင်ယင်ကြသည်။ ဤသည်တို့မှာ မြန်မာအက သဘင်၏ အခြေစိုက်ရာ အကြောင်းအချက်တို့ပင် ဖြစ်လေသည်။

မြန်မာ အကသဘင်သည် ပုဂံမကောင်းစားမီကပင် မြန်မာ့မြေ၌ ထွန်းကားခဲ့သည်။ ယင်းမှာ ပျူတို့၏ အကသဘင်ပင် ဖြစ်သည်။ ထို့ပြင် မွန်တို့၏ ဒေသ၌လည်း ထိုပညာသည် အသင့်အတင့် ထွန်းကားနေပြီဟု ယူဆနိုင်သည်။ ထိုမှတစ်ဖန် သထုံ၊ ပဲခူးတို့နှင့် ဆက်သွယ်လျက်ရှိသော အိန္ဒိယ တိုင်းရင်းသားတို့ကလည်း သူတို့၏ အက သဘင်ပညာ တစ်စိတ်တစ်ဒေသကို ယူဆောင်လာသည်ဟု အချို့ပညာရှင်များက ယူဆကြသည်။

ရှစ်ရာစုခေတ်တွင် ပျူယဉ်ကျေးမှု အဖွဲ့တစ်ဖွဲ့သည် တရုတ်မင်း၏

နေပြည်တော်သို့ ရောက်ခဲ့ကြောင်း တရုတ်မှတ်တမ်းတို့၌ တွေ့ရသည်။ ထိုမှတ်တမ်းများအရ ပျူလူမျိုးတို့ တီးမှုတ် သီဆိုပုံတို့သည် အဆင့်အတန်း မြင့်ကြောင်း သိရှိရသည်။ ပျူတို့သည် တရုတ်နန်းတော်၌ ယိမ်းသဘောမျိုး နှစ်ယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ စသည်ဖြင့် ကပြကြသည်။ သီချင်း မျိုးလည်း စုံလှသည်ဟု မှတ်တမ်းတို့က ဆိုသည်။

ထိုမှတစ်ဖန် ပုဂံခေတ်တွင်ကား ပညာသည်ပေါင်းစုံ စုဝေးမိချိန်ဖြစ် ၍ ပျူတို့ထက် ပိုမိုအဆင့်အတန်းမြင့်သော အကသဘင်ပညာ တည်တံ့နေပြီ ဖြစ်သည်ဟု ယူဆသင့်သည်။ ကျန်စစ်သားမင်းကြီးလက်ထက် နန်းတည် ကျောက်စာတစ်ခု ရေးထိုးခဲ့သည်။ ထိုကျောက်စာအရ နန်းတည်အခမ်းအနား ၌ မွန်အကအဆို၊ ပျူအကအဆိုတို့ ကပြသီဆိုကြသည်ဟု သိရသည်။ ပုဂံ ကျောက်စာများတွင် စည်သည်၊ ခွက်ခွင်သည်၊ ပသာသည် စသော ဝေါဟာရ တို့ကို တွေ့ရသည်။ ကူနီဘုရားကျောက်စာတွင် 'ပဥ္စင်္ဂတုရိ မည်သော စည်ညွှင်း ဖြင့် နိဝ်ထသော စည်စိမ်ကိုဝ်ရကာ၊ စည်ကြီပန်တျပြုသော စည်သည်ကား ငါ သူ ဓာ' စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

ထို့ပြင် ပုဂံအာနန္ဒာဘုရားတွင် တွေ့ရသော ဗုဒ္ဓဝင် ပန်းတမော့တစ်ခု ၌ အသိမ်အမွေ့ ကခုန်နေဟန် အမူအရာတို့ကို တွေ့နိုင်သည်။ ပုထိုးသားများ ဘုရား နံရံပန်းချီတွင် ကခုန်နေပုံကိုလည်း တွေ့ရသည်။

ထို့နောက် အင်းဝခေတ်တွင် ပျို့ရတုလင်္ကာတို့ ထွန်းကားလာသည်။ ပျို့ရတုလင်္ကာတို့သည် တစ်နည်းအားဖြင့် ဂီတနှင့် ဆက်စပ်နီးနွှယ်နေသည်။ ပျို့ရတုတို့ကို ရွတ်ဖတ်သီဆိုသည့်အခါ အသံကာရန်တို့သည် ပြေပြစ်ညီညွတ် မှ နားထောင်၍ ကောင်းသည်။ ဤသည်ပင်လျှင် ဂီတသဘောမကင်းသည့် အချက် ဖြစ်သည်။ အင်းဝခေတ်တွင် စောင်းငြင်း စည်းဆုပ်တို့ တီးကြကြောင်း၊ ဗုံ မောင်း ခြေွ နဲ့ တို့ တီးမှုတ်ကြကြောင်း ပျို့ကဗျာများ၌ အထောက်အထား များ တွေ့ရသည်။

ဟံသာဝတီ ဆင်ဖြူရှင်မင်းလက်ထက်တွင်ကား ယိုးဒယား ဂီတပညာ သည်တို့ မြန်မာပြည်သို့ ရောက်လာကြောင်း ရာဇဝင် အထောက်အထားကို့က ဆိုသည်။ သို့ဖြစ်လျှင် ထိုခေတ်တွင် မြန်မာပြည်၌ အကသဘင် ပညာသည် ပေါင်းစုံ၊ အကသဘင်ပညာပေါင်းစုံ စုရုံးမိလေပြီဟု ဆိုသင့်လေသည်။ အက သဘင်မှသည် နန်းတွင်းဇာတ်အထိပင် တိုးတက်လာခဲ့ပြီ။

ဝန်ကြီး ပဒေသရာဇာသည် တျာချင်း၊ နတ်သံအဲချင်း၊ နတ်ယိုင်သံ၊

မဏိကတ် ဇာတ်တို့ကို ရေးခဲ့သည်။ မဏိကတ် ဇာတ်၌ ဇာတ်လမ်းကို လိုက်၍ ကကွက်များ ပါရှိမည် ဖြစ်သည်။

ကုန်းဘောင်ခေတ်တွင်ကား မြန်မာသဘင်ပညာသည် အတော်အသင့် တိုးတက်လာပြီ၊ ပညာလည်း စုံလာပြီဟု ဆိုသင့်သည်။ အီနောင် ရာမ ဇာတ်များပင် ခင်းကျင်းသည်ဟု ဆိုနိုင်သည်။ ယိုးဒယား သဘင်ပညာသည် တို့ကား မြန်မာပြည်သို့ အများအပြား ရောက်လာကြပြီဖြစ်သည်။ သို့ဖြစ်ရာ ယိုးဒယား အကသဘင်မျိုးကိုလည်း မြန်မာတို့ လေ့လာ တတ်ကျွမ်းစပြုပြီဟု ဆိုသင့်လေသည်။ ထိုခေတ်တွင် မြဝတီဝန်ကြီး ဦးစသည် သဘင်ပညာ၊ ဂီတပညာကို များးစွာ ပြုစုပျိုးထောင်ခဲ့သည်။ အီနောင် နန်းတွင်းဇာတ်ကို မြဝတီဦးစ ရေးခဲ့သည်။ ဘကြီးတော် လက်ထက်၌ကား တရုတ်လက်လှို့ ရုပ်သေးကို အတုယူကာ မြန်မာ ကြိုးဆွဲရုပ်သေးကို တီထွင်နိုင်ခဲ့သည်။ ရုပ်သေးကို တီထွင်



သူမှာ ဦးစနှင့် သဘင်ဝန် ဦးသော်တို့ ဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် ဦးစသည် သီချင်းကြီးသီချင်းခံ ပတ်ပျိုးတို့ကို စပ်ဆိုသည်။ ပြင်စည်မင်းသားကြီး သည်လည်း ယိုးဒယားသီချင်းများကို စပ်ဆိုသည်။ တစ်ဖန် လှိုင်ထိပ်ခေါင်တင် မိဖုရားသည် ဘောလယ်သီချင်းကို ရေးဖွဲ့သည်။ ထို့နောက် ရှစ်ဆယ်ပေ တေးထပ်၊ ခွန်းထောက် သဖြန် စသည်တို့ စပ်ဆိုလာကြသည်။

ဤသို့ဖြင့် မြန်မာအကသဘင်သည် ကုန်းဘောင်ခေတ်တွင် အဆင့် အတန်း လွန်စွာမြင့်မားလာခဲ့သည်။ သီပေါမင်း ပါတော်မူပြီးသည့်နောက်တွင် ကား မြေဝိုင်းဇာတ်သဘင်၊ အငြိမ့်သဘင်တို့ ပေါ်လာသည်။ ထိုကမှ ကဇာတ်၊ ထိုးဇာတ်၊ လှည်းဇာတ် စသည်တို့ ပေါ်လာရသည်။ အောင်ဗလ၊ မထွေးလေး၊

ဦးစိန်ကတုံး၊ ဦးဖိုးစိန်တို့ကား ဇာတ်သဘင်ဘက်တွင် ထင်ရှားကျော်ကြားသူများ ဖြစ်ကြသည်။ သို့ရာတွင် အင်္ဂလိပ်နှင့် အဆက်အဆံ များလာသဖြင့် အနောက်တိုင်းဂီတသည် မြန်မာဂီတသို့ ဝင်လာသည်။ ပီပီသသကား မဟုတ်။ အတုအပ အဖြစ်သာ ဝင်လာသည်။

တစ်ဖန် ဂီတသည် မျိုးစိတ်ချစ်ကို လှုံ့ဆော်သည့်ဘက်၌လည်း တစ်နေရာ တစ်ကဏ္ဍ ပါဝင်သေးသည်။ အင်္ဂလိပ်လက်ထက်တွင် မြန်မာဂီတ အနုပညာရှင်တို့သည် ဂီတဖြင့် မျိုးချစ်စိတ်ကို လှုံ့ဆော်သည်။ ရေးဖြစ်ဟောင်းကို သီကျူးကာ ကိုယ့်ထီးကိုယ့်နန်းခေတ်ကို ပြန်လည်အောက်မေ့စေသည်။ မန္တလေးနန်းတော်ကိုပြကာ ဇာတ်မာန်ကို ဂီတဖြင့်နှိုးဆွပေးသည်။ ဗန္ဓုလသီချင်းသည် နယ်ချဲ့ဆန့်ကျင်ရေးကို အတော်အသင့် အထောက်အကူပြုခဲ့သည်။

လွတ်လပ်ရေးခေတ်တွင်ကား ဆိုင်းလွတ် ကရသော ကဗျာလွတ်အကကို တစ်နည်းတစ်ဖုံ တီတွင်လာကြသည်။ သီချင်းဘက်တွင်လည်း လွတ်လပ်ရေး ကြိုးပမ်းမှုကို ဖော်ကျူးသော သီချင်းတို့ကို သီဆိုရေးစပ်လာကြသည်။ ကျွန်တော်တို့သည် ဤပညာဘက်တွင် ရှေ့သို့ တစ်ဆင့်လှမ်းရန် အားယူနေပြီ ဖြစ်သည်။ သို့သော် သရုပ်ဖော်အဆင့်သို့ရောက်ရန် များစွာကြိုးပမ်းရဦးမည် ဖြစ်သည်။ အကပညာအရာတွင် အိန္ဒိယအကပညာ အဆင့်အတန်းကိုမီရန် များစွာ ကြိုးစားရဦးမည်။ သရုပ်ဖော်မှုတွင် အနောက်တိုင်း ဘဲလေးအကမျိုးကိုလည်း ကျွန်တော်တို့ဘက်က တီထွင်သင့်သည်။

၇

အနောက်တိုင်းတွင် တုပဇာတ်တိုက်ခြင်း၊ အနုပညာနှင့် အကအနုပညာသည် ယင်းတို့၏ ကွဲပြားခြားနားသော ပတ်ဝန်းကျင်အရ တစ်မျိုးအားဖြင့် နက်နဲ ရှုပ်ထွေးသော ဇာတ်သဘင်တစ်ခု အဖြစ်သို့ ဖွံ့ဖြိုးလာခဲ့သည်။

ဂရိပြည်တွင် မြို့ကြီးပြကြီးများ ပေါ်ထွန်းလာကာ ကျေးရွာများမှေးမှိန်ကွယ်ပျောက်သွားသဖြင့် လူမှုအဖွဲ့အစည်း၏ ပုံစံသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ ထို့ကြောင့်ပင် ပြဿနာ အမျိုးမျိုး ပေါ်ခဲ့ရသည်။ ထိုပတ်ဝန်းကျင်၊ ထိုအခြေအနေ၊ ထိုလူမှုစနစ်တို့နှင့် ကိုက်ညီရန် ယင်းတို့ကို ရှေ့ဆောင်နိုင်ရန် 'သူရဲကောင်း'ဟူသည့်သဘော ပေါ်လာသည်။ တစ်သီးပုဂ္ဂလ တစ်ဦးဦး

က ရှေ့ဆောင်ရှေ့ရွက်ပြုသည့် သဘောပင် ဖြစ်သည်။ သူရဲကောင်း ဇာတ်လိုက်သည် အသိဉာဏ်ပညာ အသစ်များကိုလည်းကောင်း၊ အစွမ်းအစ အသစ်များကိုလည်းကောင်း အံ့မခန်းအောင် ပြခဲ့သည်။ ယခင်က တောတောင်ရေမြေတို့ကို အစိုးရသော နတ်မင်းများသာလျှင် အရေးကြီးခဲ့သည်။ ယင်းတို့ကို သူရဲကောင်းဇာတ်လိုက်က ဆန့်ကျင် တိုက်ဖျက်လေသည်။ ထိုသူရဲကောင်းသည် ပရိုမီးသီးယပ် ဖြစ်သည်။ သူသည် အစွမ်းအစသစ်များကို ဖန်တီးပြသသည်။ ထိုအခါ တောတောင် ရေမြေတို့ကို အစိုးရသည့် နတ်မင်းများက သူ့ကို ဖမ်းဆီးချုပ်နှောင်သည်။ သူရဲကောင်းက ယင်းတို့ကို ဆန့်ကျင်သည်။ ယင်းတို့နှင့် တိုက်ပွဲဝင်သည်။ တိုက်ပွဲတွင် သူရဲကောင်းကြီးမှာ ဆင်းရဲဒုက္ခတွေ့ရသည်။ အနာဒဏ်ရာ ရသည်။ နောက်ဆုံးတွင် ထိုဒုက္ခ အပေါင်းမှ လွတ်မြောက်သည်အထိ သူသည် ရုန်းကန် တိုက်ခိုက်လေသည်။

ဂရိတို့တွင် သူတို့၏ နတ်မင်းကြီးများနှင့် ဆိုင်သည့် ပုံဝတ္ထုများ၊ အစွဲအလမ်းများ၊ ယုံကြည်ချက်များ အများအပြားရှိသည်။ ထိုနတ်မင်းကြီးတို့မှာ လူ့ဘဝကို ဖန်တီးသော၊ လူတို့၏ ကောင်းကျိုး ဆိုးကျိုးတို့ကို ဖန်တီးသော သဘာဝ၏ အင်အားစုများသာ ဖြစ်ကြသည်။ လူတို့ မမြင်မတွေ့နိုင်သော၊ လူတို့ မသိစွမ်းနိုင်သော ကံကြမ္မာသာလျှင် ဖြစ်သည်။

ဂရိဇာတ်သဘင်တို့တွင် လူတို့ မသိမမြင်နိုင်စွမ်းသော ကံကြမ္မာကိုသာ အသားပေး ဖော်ပြကြသည်။ လူသည် သဘာဝကို အရှုံးပေးရသည်။ သဘာဝ၏မမြင်နိုင်သော စွမ်းအားတို့ကသာ လူ့ဘဝကို ဖန်တီးသည်။ လူကို ခိုင်းစေသည်။ ထိုသဘောကို ဂရိဇာတ်သဘင်တွင် တွေ့ရသည်။ ထိုဇာတ်သဘင်မျိုးတွင် စ၍ကသည်မှ ဆုံးသည်အထိ လူတို့ ဒုက္ခဆင်းရဲ တွေ့ရသည်ကို ကျွန်တော်တို့ ကြည့်ရသည်။ ကြည့်ရင်းပင် ပွဲကြည့်ပရိသတ်မှာ သနားကြင်နာစိတ်များ ဖြစ်ပေါ်လာသည်။ ထို့အတူ ချစ်ခင်ခြင်း၊ မုန်းတီးခြင်းတို့ကိုလည်း ခံစားလာရသည်။ ဂရိတို့သည် အရာရာကို အောင်နိုင်ကြဟန်ရှိသည်။ သို့ရာတွင် လူတို့ မသိမမြင်စွမ်းနိုင်သော ကံကြမ္မာကိုကား မအောင်နိုင်သေး။

ဤသို့ဖြင့် ဂရိတို့၏ ယဉ်ကျေးမှုအနုပညာ အစဉ်အလာ ဓလေ့ထုံးစံတို့သည် အနောက်ဥရောပသို့ ကူးစက်သွားသည်။ နောက်ပိုင်းတွင် ဥရောပဇာတ်သဘင်၌လည်း အဓိကသဘောသာ ပြောင်းသည်ကို တွေ့ရသည်။

ခရစ်ယာန်တို့၏ ဘုရားသခင်သည် လူတို့ကို ကူညီသူ ဖြစ်လာသည်။ မာရ်နတ်သည် မကောင်းမှုကို ပြုလုပ်ရန် သွေးဆောင်သည့် မိတ်ဆွေဆိုး ဖြစ်လာသည်။ ထို့နောက် လူ့ကျင့်ဝတ်နှင့်ဆိုင်သည့် ဇာတ်လမ်းကို အခြေတည်ကာ ဘုရားကျောင်းများ၌ ပြဇာတ်များ ကပြကြသည်။ ယင်းတို့တွင် ပြဆိုခဲ့သော အကောင်းနှင့်အဆိုးတို့ အားပြိုင်ကြသည့်သဘောကို တွေ့နိုင်သည်။

ထိုနောက်တွင် ရီနေဆွန်း ဟုခေါ်သည့် ပြန်လည်ဆန်းသစ်ရေးခေတ်တစ်ခေတ် ထွန်းကားလာသည်။ ထိုခေတ်တွင် လူတို့သည် ပညာအရာဟူသမျှကို စူးစမ်းရှာဖွေကြလေသည်။ ထိုခေတ်တွင် ဇာတ်သဘင်သည် 'ကြမ္မာကောင်' အသစ်တစ်ခုအကြောင်းကို ကပြစပြုလေသည်။ ထိုကြမ္မာကောင်မှာ အခြားမဟုတ်။ လူတို့တွင် ကိန်းအောင်းနေသည့် မကောင်းသော ဉာဉ်ဆိုးပင် ဖြစ်သည်။ ထိုဉာဉ်ဆိုးသည်ပင် လူကို အခြားအခြားသော လူတို့နှင့် ပဋိပက္ခဖြစ်စေရန် စေ့ဆော်သည့် ကြမ္မာဂြိုဟ်ကောင် ဖြစ်လေသည်။ ရှိတ်စပီးယားကို အများသူငါ သိကြပြီး ဖြစ်ပါသည်။ သူသည် ကမ္ဘာကျော် အင်္ဂလိပ်ဇာတ်ဆရာကြီးဖြစ်သည်။ သူရေးသားသော ပြဇာတ်များတွင် လူ့သဘာဝကို နိုက်နိုက်ချွတ်ချွတ် ဖော်ပြလေ့ရှိသည်။ လူနှင့် လူအချင်းချင်း ပဋိပက္ခဖြစ်ကြပုံ၊ အားပြိုင်ကြပုံကို ဖော်ပြလေ့ရှိသည်။

ထို့နောက် စက်ကိရိယာ ပေါ်လာပြီဖြစ်သော စက်မှုခေတ်၌ကား 'ကြမ္မာကောင်'၏ သဘောသည် တစ်မျိုးပြောင်းလဲလာခဲ့သည်။ လူ့လောက၏ဆက်ဆံရေး သဘောသည်လည်း ပြောင်းလဲလာသည်။ လူတို့ တစ်နေ့တာဘဝတွင် အလုပ်အကိုင်ကိစ္စ၊ ရောင်းရေးဝယ်တာကိစ္စ၊ ငွေကြေးရှာဖွေရသည့်ကိစ္စတို့ ဝင်လာသည်။ ထိုအခါ ဇာတ်သဘင်များတွင် ယင်းကိစ္စတို့ကို အလေးပေးကာ ကပြကြလေသည်။ ဇာတ်သဘင်တွင်သာမဟုတ်၊ ကဗျာ၊ လင်္ကာ၊ ဝတ္ထု စသည်တို့တွင်လည်း ထိုကိစ္စတို့ကို အရေးတယူပြု၍ ရေးသားကြသည်။ ၁၆ ရာစုနှင့် ၁၉ ရာစုအတွင်း အလွန်ခမ်းနားကြီးကျယ် အံ့ဖွယ်ကောင်းသည့် ပြဇာတ်ကြီးများ ပေါ်ခဲ့လေသည်။

ဆယ့်လေးရာစုမှ ဆယ့်ခုနစ်ရာစုအထိ ဂီတနှင့် ဇာတ်သဘင်တို့၏ အရသာခံကာ နာပျော် ကြည့်ရှုကြသူများမှာ လူချမ်းသာများ၊ ရှင်ဘုရင်များ၊ နန်းတွင်းသူ နန်းတွင်းသားများသာ ဖြစ်ကြသည်။ ကပြအသုံးတော်ခံသူများမှာ

မှုးရိုးမတ်နွယ်များ သို့မဟုတ် ကချေသည် အဖွဲ့များပင်ဖြစ်သည်။ ထိုအချိန်က ဘဲလေးသဘင် ဆိုသည်မှာ အက၊ သီချင်း၊ စကားပြောတို့ ရောထွေးနေသည့် သဘင်ဖြစ်သည်။ သို့ရာတွင် ဘုရားရှိခိုးကျောင်း၏ ထိန်းကျောင်းမှုအောက်တွင် ဂီတသည် အထူးဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ တိုးတက်လာသည်နှင့်အမျှ နက်နဲသိမ်မွေ့လာသည်။ ယခုအခါတွင် ဆိုလျှင် ဘဲလေးသဘင်ဆိုသည်မှာ ကမ္ဘာ့ယဉ်ကျေးမှုတွင် ထိပ်တန်းကျသော အနုပညာတစ်ခု ဖြစ်နေပြီ။ ဤသည်မှာ ဥရောပတိုက်သားတို့၏ ကျေးဇူးပင် ဖြစ်လေသည်။

ဆယ့်ခုနစ်ရာစုနှင့် ဆယ့်ရှစ်ရာစုတို့တွင် ဘဲလေးသဘင်သည် နိုဗား ဆိုသော ပုဂ္ဂိုလ်တစ်ဦး၏ ဆောင်ရွက်မှုကြောင့် လျင်မြန်သော အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ နိုဗား၏ သဘောထားအရဆိုလျှင် "ဤအနုပညာသည် အကလေးဘဝတွင် ရှိနေသေးသည်မှာ ယင်း၏ အာနိသင်ပိုင်းကို ကန့်သတ်ထားသောကြောင့်သာ ဖြစ်သည်။ မျက်စိပသာဒကို တစ်ခဏအားဖြင့် ဖြေဖျော်သည့် မီးပန်းသဘောမျိုးပင် ဖြစ်သည်။ ဘဲလေးသဘင်သည် အကောင်းဆုံး ပြဇာတ်ကြီးများကို အကဖြင့် ဖော်သည်ကား မှန်ပါသည်။ သို့ရာတွင် ကြည့်သူကို စိတ်အားတက်ကြွစေခြင်း၊ စိတ်ထိခိုက် လှုပ်ရှားစေခြင်း၊ ဆွဲဆောင်စေခြင်း စသည့် အာနိသင်များ ရှိကြောင်း။ ထို့ပြင် လူတစ်ဦးတစ်ယောက်၏ နှလုံးသားအထိ တုန်လှုပ်ထိခိုက်အောင် ဆွဲဆောင်နိုင်သည့် အနုပညာဖြစ်ကြောင်းကိုကား လူတို့ ရိပ်စားမိကြဟန် မတူသေးပါ'ဟု ဆိုခဲ့ဖူးသည်။

ထိုကာလမှစ၍ နှစ်ပေါင်းနှစ်ရာအတွင်း အနုပညာသစ်တစ်ခုသည် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယင်းသည် ကမ္ဘာ့ယဉ်ကျေးမှုစင်မြင့်တွင် အလွန်တင့်တယ်သည့် အနုပညာသဘင်တစ်ခု ဖြစ်လာခဲ့သည်။ အီတလီပြည်၊ ရုရှားပြည်၊ အနောက်ဥရောပ တိုင်းပြည်တို့တွင် အလွန်လှပသိမ်မွေ့သော ကကွက်ကဟန်များကို ပါရမီရှင်တို့က တီထွင်ဖန်တီးကြသည်။ ယခုအခါ ဘဲလေးသဘင်သည် ပို၍ပင် တိုးတက်ဖွံ့ဖြိုးလာလေပြီ။

၈

အရှေ့တိုင်းဖြစ်သော ကျွန်တော်တို့ ပြည်တွင်ကား သဘင်ဘက်ဆိုင်ရာ ထုတ်လုပ်မှု အတတ်ကို အနောက်တိုင်းတို့မှ နည်းနာများ ယူသင့်ပါသည်။ သို့ရာတွင် ကိုယ့်အရိုးအစဉ်ဖြစ်သော အမျိုးသားအမွေအနှစ်တို့ကား ထိန်းသိမ်း

ထားသင့်ပါသည်။ ကျွန်တော်တို့၏ ဘဝသည်လည်း ခေတ်ကြီး တစ်မျိုး တစ်ဖုံ ပြောင်းလာသည်နှင့်အမျှ ပြောင်းလဲလာခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်ရာ ပြောင်းလဲသည့် ဘဝနှင့် ကိုက်ညီသည့် ကကွက်ကဟန်၊ အမူအရာ အသစ် အသစ်တို့ကို တီထွင်ဖန်တီးရမည် ဖြစ်ပါသည်။ သို့မှသာ ကျွန်တော်တို့၏ အနုပညာသည် ကျွန်တော်တို့၏ ဘဝသစ်နှင့် စည်းဝါးညီညွတ်မည် ဖြစ်ပါ သည်။ ထိုအခါ ကျွန်တော်တို့တွင်လည်း အမျိုးသား အနှစ်သာရပါသော ဘဲလေးသဘင်၊ ဂီတသဘင်၊ ပြဇာတ်သဘင် အသစ် အသစ်တို့ ပေါ်ထွန်းလာ ပါလိမ့်မည်။ ဘဲလေးဆရာကြီး နိုဗားရ်၏ အောက်ပါစကားကို မှတ်သားသင့်ပါ သည်။ "အဘက်ဘက်က ပြည့်စုံသော ဘဲလေးသဘင် ဆိုသည်မှာ ဤကမ္ဘာရှိ လူမျိုး ပေါင်းစုံတို့၏ ဓလေ့ထုံးစံများ၊ အလေ့အထများ၊ ဟန်အမူအရာများ၊ စိတ် သဘောထားများကို ဖော်ပြသည့် အသက်ရှင်နေသော ရုပ်ပုံတစ်ခုပင် ဖြစ်သည်။ သို့ဖြစ်ရာ ဖော်ပြသည့် နေရာ၌ အသေးစိတ်နိုင်သမျှ စိတ်၌ အနုမှုန်းနိုင်သမျှ မှုန်းရမည်။ ထို့ပြင် စက္ကူအာရုံမှတစ်ဆင့် လူတို့၏ စိတ်နှလုံး ကို ယူကျုံးဆွဲငင်နိုင်အောင် အသုံးတော် ခံနိုင်ရမည်။"

ဤစကားသည် ဇာတ်သဘင် အနုပညာအားလုံးနှင့် သက်ဆိုင်ပါသည်။

# အခန်း ၇

## အိမ်ဆောက်ခြင်း၊ အရုပ်ဆွဲခြင်း၊ ကျောက်ရုပ်ထုခြင်း၏ ကဗျာ

### ၁

ပြီးခဲ့သည့် ကဏ္ဍတွင်ကဲ့သို့ပင် ကျွန်တော်တို့သည် အချိန်စက်ပေါ်၌တက်၍ လိုက်ကြမည်ဆိုလျှင် ရှေးအကျဆုံး လူ့အနွယ်တို့ နေထိုင်သည့် တောင်စောင်းက ကျောက်ဂူတစ်ခုသို့ ရောက်သွားလိမ့်မည်။ ကျောက်ဂူများမှာ ရှေးနှစ်ပေါင်း ထောင်ပေါင်းများစွာက တည်ရှိခဲ့သည့် သဘာဝက ဆောက်လုပ်ပေးထားသော အိမ်များသာ ဖြစ်ကြသည်။ ထိုကျောက်ဂူထဲတွင် ပစ္စည်းမျိုးစုံကို တွေ့နိုင်သည်။ ကျောက်လက်နက်များ၊ ကျွဲချို နွားချိုများ၊ အရိုးလက်နက်များ။ ထို့ပြင် ကျောက်ဂူအောင်းလူတို့၏ စားကြွင်းများဖြစ်သည့် အရိုးများကို တွေ့နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ကျောက်ဂူနံရံများပေါ်တွင် ရေးဆွဲထားသည့် နွားသိုးရုပ်ပုံ၊ သမင်ရုပ်ပုံ၊ မြင်းရုပ်ပုံ၊ ငှက်အမျိုးမျိုးတို့၏ ရုပ်ပုံများကိုလည်း တွေ့နိုင်ပါသည်။

ဤရုပ်ပုံများ အကြောင်းမှာ အလွန်ထူးအံ့သြဖွယ် ဖြစ်သည်။ အချို့ရုပ်ပုံများတွင် မြားများသည် သားကောင်၏ကိုယ်တွင်းသို့ စူးဝင်နေကြသည်။ သို့ဖြစ်ရာ ကျွန်တော်တို့၏ ရှေးအနွယ်တို့သည် အမဲမလိုက်မီ သားကောင်ကို အသေသတ်ဟန် တူပါသည်။ ဟန်ဆောင်ခြင်းသာ ဖြစ်ပါသည်။ အဦးဆုံးပေါ်သည့် ဂီတ၊ အကနှင့် ဇာတ်သဘင်တို့မှာ အမဲလိုက်ရန် သတ္တိမွေးရာမှ ဖြစ်ပေါ်လာသည်။ ထို့အတူ ရှေးအကျဆုံး တွေ့ရသည့် ဤရုပ်ပုံများ၊ ပန်းချီကားများသည်လည်း အမဲလိုက်ခြင်းနှင့် သက်ဆိုင်နေလေသည်။

ရာပြည့်စာအုပ်တိုက်



အစပထမတွင် အမဲလိုက်ရန်အတွက် သားကောင်ကို သေစေဟန် ရေးဆွဲသည်။ မြားချက်တို့ စူးဝင်နေဟန် ရေးဆွဲသည်။ နောင်သော် ထိုအလေ့အထသည် လုပ်ရင်းကိုင်ရင်း ပျော်စရာကောင်းလာသည်နှင့် ဖန်တီးရေးဆွဲကြဟန် တူသည်။

နောက်ပိုင်းတွင်ကား လုပ်ငန်းသဘောတွင် တာဝန်ခွဲဝေမှုသဘောကိုပါ တွေ့လာရသည်။ အုပ်စုတစ်စုတွင် ခွန်အားကြီးမားသူက အမဲလိုက်ထွက်ရသည်။ ထိုအခါ ကျန်ရစ်သည့်အထဲက နုနယ်သေးကွေးသောသူက ကျွမ်းကျင်ရာ အလုပ်ကို လုပ်ရသည်။

မည်သို့ပင်ဖြစ်စေ ကျောက်ဂူနံရံတို့တွင် ကျွန်တော်တို့ တွေ့ရသည့် အရုပ်ကားများမှာ ထင်ရှားပီသသည်။ အသက်ဝင် လှုပ်ရှားနေကြသည်။ ဂါထာ မန္တရား ရွတ်ဖတ်မန်းမှုတ်နေဟန် ပန်းချီကားမှာ ပို၍ အံ့ဖွယ်သရဲပင်ဖြစ်သည်။ နေမင်းနှင့် မိုးမင်းကို ထိန်းချုပ်ကာ ကောက်ပဲသီးနှံ အောင်မြင်စေခြင်း၊ အမဲလိုက်ရာတွင် သားငါး ပေါများစွာ ရစေခြင်းတို့အတွက် ဖြစ်သည်။ ဤပန်းချီကားက ကျောက်ဂူအောင်း လူတို့၏ စိတ်ဓာတ်ကို တက်ကြွစေကာ အရာရာကို ပြီးမြောက်အောင်မြင်စွာ လုပ်ကိုင်ဖို့ နှိုးဆွပေးဟန်တူပါသည်။ ကျောက်ဂူအောင်း လူတို့သည် လုပ်ငန်းတစ်ခုကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သည့် အဖြစ်မှ စိတ်ကူးစိတ်သန်း ကြွယ်ဝကောင်းမွန်လာသည့် အဖြစ်သို့ တက်လှမ်းလာခဲ့ရဟန်တူသည်။ ဤစိတ်ကူးစိတ်သန်းကြောင့် အရာဝတ္ထုတစ်ခုကို ရေးဆွဲသည့်အခါ ထိုအရာဝတ္ထုနှင့် တူသည်ဆိုသည့် အဆင့်ထက်မြင့်လာသည်ကို တွေ့ရှိလာရသည်။ ရုပ်ပုံကို ကြည့်လျှင် ကြည့်သူ၏ စိတ်နှလုံးကို နှိုးဆွပေးပါသည်။ ခံစားမှုတစ်ခုခုကို ဖြစ်ပေါ်စေပါသည်။ ထိုရုပ်ပုံကားမှ

ဘစ်ဆင့် တစ်စုံတစ်ခုကို စိတ်မျက်စိတွင် ပေါ်လာသည်အထိ ထိခိုက်လှုပ်ရှားစေပါသည်။ ရေးဆွဲထားသည့် မျဉ်းကြောင်း၊ ကောက်ကြောင်းတို့မှာ ထင်ရှားသလွန်းသဖြင့် တက်ကြွလှုပ်ရှားကာ မြူးထူးနေသည်ဟုပင် ထင်ရပါသည်။

သမိုင်းမပေါ်မီခေတ်က တွေ့ရသည့် ဂူများမှာ ဥတ္တပြာဒက်ဂူနှင့် စပိန်ပြည်ရှိ အလတာမရဂူတို့ ဖြစ်ပါသည်။ ယင်းတို့တွင် လည်းကောင်း၊ ထို့ပြင် အခြားဂူတို့တွင်လည်းကောင်း အမဲလိုက်ဟန် ရေးဆွဲထားသော ရုပ်ပုံ



များကို တွေ့ရပါသည်။ အမဲကောင်တို့ ပြေးလွှားနေသည်ကို လိုက်လံဖမ်းဆီးဟန်၊ အမဲကောင်က ခြေဖြင့် ကန်ကျောက်နေဟန်၊ မြားလှံလက်နက်များ အမဲကောင်၏ ကိုယ်တွင်းသို့ စူးဝင်သွားဟန်တို့ ဖြစ်ပါသည်။ ထိုပန်းချီကားတို့၌ ရေးဟောင်းလူ၏ ထူးခြားသည့် စိတ်သန္တာန်သည် ပေါ်လွင်လျက် ရှိပါသည်။ သူ၏ ဇာတိစိတ်သည် ပေါ်လွင်လျက် ရှိပါသည်။

ရုပ်ပုံများ တွေ့ရသည့် အချို့ကျောက်ဂူများမှာ အလွန်မှောင်သည်။ ထို့ကြောင့် ယင်းဂူများတွင် ရေးဆွဲသည့် အရုပ်များ၌ အလွန်တောက်ပသည့် အနီရောင်၊ အဝါရောင် သို့မဟုတ် ညိုမှောင်သော ကွေ့နီရောင်တို့ကို အသုံးပြုကြသည်။ ထိုအရောင်ခြယ် ဆေးတို့ကို ကျောက်တုံး ကျောက်မှုန့်များမှ ပြုလုပ်သည်မှာ ယုံမှားစရာမရှိပါ။ ကျောက်မှုန့်ကို ကျောက်ပြားတစ်ခုပေါ် ကြိတ်ကာ အမဲဆီတစ်ခုခုနှင့် ရောစပ်ထားခြင်း ဖြစ်သည်။ ဆေးခြယ်သည့်

စုတ်တံကိုကား ယခုခေတ်တွင် ပြုလုပ်ကြသည့်အတိုင်း ရှဉ့်မွေးအနုကလေး များဖြင့် ပြုလုပ်သည်။

၂

ရေခဲခေတ်များ ကုန်လွန်သည့်အခါ လူတို့သည် ကျောက်ဂူတို့ကို စွန့်ပစ်၍ အိုးသစ် အိမ်သစ် တည်ဆောက် နေထိုင်ကြလေသည်။ အိုးအိမ် ဆောက်သည့်အခါ မြက်၊ ဝါး၊ သားရေ၊ ရွံ့စေးတို့ကို အသုံးပြုကြသည်။ ထိုအခါ သူတို့ရေးဆွဲသည့် ပန်းချီကားတို့သည်လည်း ပြောင်းလဲလာကြပြန်သည်။ ရှေးအခါက ဆိုလျှင် လူတို့သည် ယခုထက် ပို၍ ပန်းချီဆွဲကြသည်။ အိမ်များ ဆောက်ကြသည်။ သစ်သားရုပ်များ ထုထွင်းကြသည်။ ကျောက်ရုပ်များ ထုထွင်းကြသည်။ သူတို့ အသုံးပြုသည့် ပစ္စည်းမှာ သူတို့ပတ်ဝန်းကျင်တွင်





အလွယ်တကူ ရှာဖွေရနိုင်သည့် ပစ္စည်းများပင် ဖြစ်သည်။ လူတို့သည် မိမိ ဘို့ နေထိုင်ရာ တိုက်တာ အိမ်ခြေတို့တွင် အလှအပတို့ကို တန်ဆာဆင်ကြသည်။ မွမ်းမံခြယ်မှုန်းကြသည်။ အထုအထည် ကြီးမားသော တိုက်တာ အိမ်ခြေတို့ကို တည်ဆောက်ကြသည်။ ဘုရားကျောင်းများ၊ ပုထိုးများ၊ စေတီများ၊ ဓမ္မာရုံကြီးများကို တည်ဆောက်ကြသည်။ ဤနည်းဖြင့် လူ့သမိုင်းတွင် အနုပညာ ထွန်းကားလာသည်ဟု ပြောစမှတ် ပြုကြလေသည်။

လူတို့နေထိုင်ရာ အိုးအိမ်များ မည်ကဲ့သို့ ဆောက်လုပ်ကြသည်ကို ကျွန်တော်တို့ လေ့လာကြစို့။

၃

အိန္ဒိယပြည်တွင် ရှေးဟောင်း လူနေအိမ်ခြေများမှာ ကျောက်ဂူများ၊ မြေတွင်းဂူများ၊ သစ်ခေါင်းများဖြစ်သည်။ ထို့နောက် သစ်ကိုင်းတို့ကို ခုတ်ထွင်ကာ တဲပုံသဏ္ဌာန် အမာထည်ကို ဆောက်သည်။ အကာအရံမှာ သစ်ရွက် သစ်ခက်များပင်ဖြစ်သည်။ သစ်ရွက် သစ်ခက်တို့ ကာရံပြီးနောက် ရွှံ့စေးဖြင့် သရွတ်ကိုင်လိုက်သည်။ ယခုတိုင် ကျေးရွာပေါင်းများစွာတို့၌ ဤတဲအိမ်မျိုးကို ဆောက်လုပ်နေထိုင်ကြဆဲဖြစ်သည်။ ကမ္ဘာ့နေရာအနှံ့အပြားတွင်လည်း ဤတဲမျိုးကို တွေ့နိုင်သည်။ သို့ရာတွင် ရာသီဉတုကို လိုက်၍ ပုံသဏ္ဌာန် ကွာခြားသည်။ အချို့မှာ အဝိုင်းဖြစ်၍၊ အချို့မှာ လေးထောင့်ဖြစ်သည်။ အကြီးဆုံးတဲတွင် ကျေးရွာ၏ အကြီးအကဲ၊ အုပ်စု၏ အကြီးအကဲ နေထိုင်သည်။ သူ့တဲ၏ အတွင်းနံရံတွင် သရွတ် ကိုင်ထားသည်။ ထို့နောက် ဆေးနီဖြစ်စေ၊ ဆေးဝါဖြစ်စေ သုတ်လိုက်သည်။ ယင်းတွင် ဆေးဖြူဖြင့်ဖြစ်စေ၊ ဆေးနီဖြင့်ဖြစ်စေ အဆင်တန်ဆာ ပုံသဏ္ဌာန်များကို ရေးခြယ်သည်။



လူ့သမိုင်းတွင် ဦးစွာ ပထမ လူကို အစာရှာဖွေ စားသောက်သူအဆင့်တွင် တွေ့ရသည်။ ထို့နောက် အစာစိုက်ပျိုးသူအဖြစ် တိုးတက်လာသည်။ ထိုအခါ လူသည် အုပ်စုဖွဲ့၍ ကျေးရွာများ တည်ထောင်ကာ နေထိုင်လာကြသည်။ အစောဆုံး ကျေးရွာများကို

မြစ်ဝှမ်းကြီးများဖြစ်ကြသော နိုင်းမြစ်ဝှမ်းဒေသ၊ ယူဖရေးတီမြစ်ဝှမ်းဒေသ၊ တိုက်ဂရစ် မြစ်ဝှမ်းဒေသ၊ အိန္ဒုမြစ်ဝှမ်းဒေသ၊ ဟိုဝှမ်ဟို မြစ်ဝှမ်းဒေသတို့၌ တွေ့ရသည်။ ထိုဒေသတို့တွင် သစ်တောကြီးများ မရှိ။ ထို့ကြောင့် သစ်သား ပါးရှားသည်။ သို့ရာတွင် ရွှံ့စေးအများအပြား ရှိသည်။ ထို့ကြောင့် ယင်းဒေသ များ၌ နေထိုင်ရန် ရှေးဦး လူတို့ ရွေးချယ်ကြခြင်း ဖြစ်ဟန်တူသည်။

မိုဟင်ဂျိုဒါရိုမြို့နှင့် ဟာရပ္ပမြို့ကြီးတို့တွင် ရွှံ့ကို နံရံတို့၌ သရွတ် အဖြစ် အသုံးပြုသည်ကို တွေ့ရသည်။ ထို့ပြင် အုတ်ဖုတ်ရာ၌လည်း ရွှံ့ကို ပင် အသုံးပြုကြသည်။ ယခု မီဆိုပိုတေးမီးယားဒေသ ဖြစ်၍ ရှေးက ဆူဆာ ဖြစ်သော အရပ်ဒေသတွင် ကျေးရွာတစ်ရွာ၏ စည်းရိုးအဖြစ် ရွှံ့တံတိုင်းများဖြင့် ပြုလုပ်ထားသည်ကို အထင်အရှားတွေ့ရသည်။

မြစ်ကမ်းဘေးတွင် အိုးအိမ်တည်ထောင်ခြင်းသည် ရေလွှမ်းမိုးခြင်း ဘေးအန္တရာယ်ကို ကြောက်ရသည်။ ထို့ကြောင့် မြစ်ကမ်းနံဘေး၌ မနေထိုင် ကြ။ သို့သော် မြစ်ကမ်းပါးက ရွှံ့များကို တူးယူကာ အတုံးများ ပြုလုပ်၍ နေပူတွင် လှန်းခြင်းဖြင့် အုတ်များပြုလုပ်သည့် အတတ်ကို လူတို့ တွေ့သိ နားလည်လာကြသည်။ ဤသည်မှာ ပထမဆုံးအုတ်များ ဖြစ်လေသည်။

ထို့နောက်တွင်ကား အိန္ဒုမြစ်ဝှမ်းဒေသရှိ လူများသည်လည်းကောင်း၊ ဘေဘီလုံမြို့ကို တည်ဆောက်သူများသည်လည်းကောင်း အုတ်ကို မီးဖြင့် ဖုတ်လျှင် ပို၍ကောင်းကြောင်း၊ တာရှည်ခံကြောင်း၊ ရာသီဥတု၏ဒဏ်ကို ခံနိုင်ကြောင်း တွေ့ရှိလာကြသည်။ ထိုအခါ မြေတွင် ကျင်းများတူးကာ အုတ်ဖိုများ ဆောက်လုပ်၍ အုတ်များ ဖုတ်ကြသည်။ မိုဟင်ဂျိုဒါရိုမြို့နှင့် ဘေဘီလုံမြို့တို့တွင် ကြီးမားခမ်းနားသော အဆောက်အအုံကြီးများ၊ အထပ် ပေါင်း များစွာရှိသော အဆောက်အအုံကြီးများကို တွေ့ရသည်။ ယင်းတို့နှင့် နှိုင်းစာလျှင် ရာသီဥတုနှင့် ကိုက်ညီရန် ယခု ကျွန်တော်တို့ ဆောက်လုပ်နေ ထိုင်သည့် တိုက်တာအိမ်ခြေတို့မှာ ထူးကဲ တိုးတက်ကောင်းမွန်လာပြီဟု မဆို နိုင်သေးပါ။ ထိုရှေးဟောင်းလူတို့ ပြုလုပ်ကြသည့် အိုးများ ခွက်များ၊ ရွှံ့ရုပ် သတ္တုရုပ်များမှာ အလွန်လှပသည်ကို တွေ့ရသည်။ အိုးတွင် ရေးခြယ်ထားသည့် ရုပ်ပုံများ၊ သင်္ချိုင်းတွင် ရေးခြယ်ထားသည့် ရုပ်ပုံများကို ကြည့်ခြင်းအားဖြင့် ထိုသူတို့၏ ယဉ်ကျေးမှု အဆင့်အတန်းသည် အလွန်မြင့်မားကြောင်း၊ ထိုသူတို့ တွင် စိတ်ကူးဉာဏ် ထက်မြက်ကြောင်းကို သိနိုင်သည်။

အိန္ဒိယပြည်တွင် တွေ့ရသည့် လူနေအိမ်သည် လည်းကောင်း၊ ဘုရားကျောင်း သည် လည်းကောင်း ထိုကာလက လယ်သမား၏ အိမ်ပုံစံအတိုင်း ဆောက် လုပ်ထားခြင်း ဖြစ်သည်။ ယခုတိုင် တွေ့ရသေးသည့် ဘုရားကျောင်းတစ်ခုတွင် အတွင်းခန်းသည် လေးထောင့်ပုံ ဖြစ်လေသည်။ ယင်းပတ်လည်တွင် လူသွား စင်္ကြံများ ရှိလေသည်။ ထိုဘုရားကျောင်းတို့၌ ကျောက်တုံးကြီးများကို အသုံး ပြုသည်မှာကား ယင်းတို့၏ ကိုယ်ပိုင် ပုံစံပင် ဖြစ်လေသည်။ကျောက် တုံးကြီးအတိုင်း တုံးတိကြီး မထားလိုသဖြင့် ဆောက်လုပ်သူဗိသုကာများသည် အနားများ၊ ထောင့်များ၊ အစွန်းများကို ချောမွေ့အောင် ပြုပြင်ပြီးနောက် ဘုရားကျောင်းနှင့် ဆိုင်သည့် နတ်၊ ဘုရားတို့၏ရုပ်ပုံများကို ထွင်းထုကြခြင်း ဖြစ်သည်။



အီဂျစ်ပြည်၊ ဂရိတ်ပြည်၊ ရောမပြည်၊ တရုတ်ပြည်တို့တွင်လည်း ကြီးမားလှသည့် ဘုရားကျောင်းကြီးများ၊ စေတီပုထိုးကြီးများကို ဤနည်း အတိုင်းပင် ဆောက်လုပ်ခဲ့ကြသည်။

ဂရိတ်ပြည်တွင် ထင်ရှားကျော်ကြားသည့် ဘုရားကျောင်းမှာ ပါသီနွန် ဘုရားကျောင်းပင်ဖြစ်သည်။ ယင်းသည် ဂရိနတ်သမီး အက်သင်းကို အမှတ် တရ တည်ထားကိုးကွယ်သည့် ဘုရားကျောင်း ဖြစ်သည်။ ဂရိတ်ပြည်၏ မြို့တော် အေသင်မှာ ဤနတ်သမီးကို အစွဲပြု၍ မှည့်ခေါ်ခြင်းဖြစ်သည်။ အေသင်မြို့ရှိ တောင်ကုန်းပေါ်က ကြည့်လိုက်မည် ဆိုလျှင် အလွန်တရာ ထုထည်ကြီးမားလှသည့် ကျောက်ရုပ်အပျက်အစီးကြီးများကို တွေ့နိုင်သည်။

ယင်းတို့သည် ဤဘုရားကျောင်းကို မွမ်းမံသည့် ထုထည် အပိုင်းအစများပင် ဖြစ်သည်။ ဤကျောက်ရုပ်ကြီးများကို ကြည့်၍ နောင်းခေတ် ဗိသုကာတို့သည် ဗိသုကာအတတ်တွင် စိတ်ပါလာကြခြင်း ဖြစ်သည်။

ရောမလူမျိုးတို့သည် တစ်ခါက တစ်ကမ္ဘာလုံးလောက်နီးနီး ကြီးကျယ်သည့် ဂရိတ်အင်ပိုင်ယာ နိုင်ငံကြီးကို အောင်နိုင်သိမ်းပိုက်ခဲ့သည်။ သို့ရာတွင် စိတ်ဓာတ်အားဖြင့်ကား ဂရိတို့ကသာ အနိုင်ရခဲ့သည်ဟု ယူသင့်လေသည်။ အကြောင်းမှာ ရောမတို့သည် ဂရိလက်ရာများကိုအတုခိုးကာ ဗိသုကာလက်ရာများ တည်ဆောက်ကြခြင်းကြောင့် ဖြစ်သည်။ ရောမတို့၏ အဆောက်အအုံများသည် ဂရိဗိသုကာလက်ရာထက် ရိုးသည်။ သို့ရာတွင် အထုအထည်ကြီးမားသည်။ ဂရိတို့က ကျောက်ပြားကြီးများနှင့် သစ်သားတန်းကြီးများကို အမိုးအဖြစ် အသုံးပြုသည်။ ရောမတို့က ပေါင်းကူးများအဖြစ် တီထွင်သည်။ ထိုပေါင်းကူးတို့သည် အမြင်အားဖြင့် ရိုးသည်ဟု ထင်ရသည်။ သို့ရာတွင် ကြီးမားလှသည့် ကျောက်တုံးကြီးများဖြင့် အောက်ခံမပါဘဲ ပေါင်းကူးများ တည်ဆောက်ရသည်မှာ အလွန်ခက်ခဲသည့် ကိစ္စတစ်ရပ် ဖြစ်လေသည်။ မိုးကိုမျှော်သည့် ကျောက်တုံးက မျှော်နေသည်။ အောက်သို့စိုက်သည့် ကျောက်တုံးက စိုက်နေသည်။ ယင်းတို့အချင်းချင်း ပရွေ့မယိုင်အောင် ထိန်းထားကြသည်။ အထက်တွင် အလေးအပင်ကြီးကိုလည်း ထမ်းထားရသေးသည်။ ကျွန်တော်တို့၏ ရှေးအနွယ်များသည်လည်း ဗုဒ္ဓရှင်တော်ခေတ်က လိပ်ခုံးကြီးများ ဆောက်လုပ်ခဲ့ကြသေးသည်။ ရောမမြို့ရှိ စိန့်ပီတာဘုရားရှိခိုးကျောင်း၊ လန်ဒန်မြို့ရှိ စိန့်ပေါဘုရားရှိခိုးကျောင်းတို့သည် အံ့ဖွယ်သရဲ တည်ဆောက်မှုကြီးများပင် ဖြစ်သည်။

မိုဟင်ဂျိုဒါရိုရှိ မြို့ကြီးသားတို့သည် လူထုရေချိုးဆိပ်များ တည်ဆောက်ရမှန်း သိခဲ့သည်။ ထို့အတူ ရောမလူမျိုးတို့သည်လည်း မီးဖိုမှလေပူဖြင့် အဆောက်အအုံကြီးများတွင် အပူဓာတ်ပေးခြင်းအတတ်ကို သိနားလည်ခဲ့ကြသည်။ လေပူသည် မြေသားပြွန်များ၊ ကျောက်ပြွန်များက ဖြတ်သန်းသွားသည်။ ရှေးခေတ်က အိန္ဒိယတိုင်းသားတို့သည် ရေကန်ကြီးများ တည်ဆောက်ကာ အိမ်တိုင်းအိမ်တိုင်းရှိ ရေချိုးခန်းများသို့ ရေပေးနိုင်ခဲ့သည်။ ယင်းအတတ်ကို ရောမလူမျိုးတို့လည်း သိနားလည်ခဲ့သည်။

ရှေးအခါက အိမ်များကို မြေတွင်ကပ်လျက် တစ်ထပ်သာ ဆောက်လုပ်ကြသည်။ ယခု တောရွာများတွင် တွေ့ရသည့် အိမ်များအတိုင်းပင် ဖြစ်သည်။ ထို့နောက် လူဦးရေ တိုးပွားလာသည့်အခါ နှစ်ထပ်အိမ်များ ဆောက်လုပ်လာကြသည်။ ယခုအခါတွင်ဆိုလျှင် နယူးယော့မြို့၊ မော်စကိုမြို့ စသည်တို့၌ အထပ်ပေါင်းများစွာရှိသော အဆောက်အအုံတို့ကို ဆောက်လုပ်ကြသည်။ နယူးယော့မြို့ရှိ အင်ပိုင်ယာစတိတ် အဆောက်အအုံသည် အထပ်ပေါင်းတစ်ရာကျော် ရှိလေသည်။ ယင်းတို့ကို မိုးမျှော်တိုက်များဟု ခေါ်ကြသည်။ သို့ဖြစ်ရာ အိမ်တစ်လုံးတည်းတွင် လူပေါင်း အထောင်အသောင်း နေနိုင်သည်။ ထို့အတူ ရှေးအခါက အမြင့်သို့တက်ရန် ဝါးလှေကားကို အသုံးပြုရာမှ သစ်သားလှေကား၊ ကျောက်လှေကား စသည်တို့ ပေါ်လာသည်။ ယခုဆိုလျှင် ကော်ဖေပွဲတွင် လိုက်ပါရသည်နှင့်တူသည့် ဓာတ်လှေကားများပင် ပေါ်နေပြီ။ ဓာတ်လှေကားသည် အနိမ့်မှအမြင့်သို့ မတ်မတ်တက်သည်။ သည့်ထက် ထူးသည်မှာ အက်စတာလေတာ ခေါ်သည့် ဓာတ်လှေကားတစ်မျိုးပင် ဖြစ်သည်။ လှေကားကြီးသည် အထက်သို့ ရွေ့တက်နေသည်။ လူက ရပ်၍ လိုက်နိုင်သည်။ သည့်ထက် မြန်လိုလျှင် ပြေးတက်နိုင်သေးသည်။ ထို့ပြင် ကာလရွေ့လာသည်နှင့် အမျှ အိုးအိမ်တို့၌ အလှအပအဖြစ် တန်ဆာများ ခြယ်ကြ တပ်ကြသည်။ လေဝင်ရန် ပြတင်းများ၊ မီးခိုးထုတ်ရန် ခေါင်းတိုင်များ တပ်ဆင်ကြသည်။ အဆောက်အအုံ ဆောက်လုပ်ရာတွင် ရာသီဥတုနှင့် ကိုက်ညီရန် အရေးကြီးသည်။ ပစ္စည်းကား အခြားကိစ္စဖြစ်သည်။ ဤနေရာတွင် ပါရမီရှင်ဗိသုကာ အကျော် အမော်တို့ ပေါ်ထွက်လာသည်။ ၁၆၆၆ ခုနှစ်တွင် လန်ဒန်မြို့တော်ကို မီးကြီး လောင်သည်။ ထို့နောက် ဗိသုကာကျော်ရင်း ဆိုသူသည် မြို့ပြစီမံကိန်း အတတ်ကို နိုင်နင်းသူပီပီ ယခု လန်ဒန်မြို့တော်ကြီးကို အကွက်ကျကျ တည်ဆောက်ခဲ့လေသည်။

## ၅

အခြား ပါရမီရှင်ကြီးများလည်း ပေါ်ခဲ့သေးသည်။ ယင်းတို့မှာ ဆေးရေးပန်းချီအတတ်တွင် တစ်ဖက်ကမ်းခပ်သူ၊ ကျောက်ရုပ်ထုခြင်းအတတ်တွင် စွမ်းသူ၊ ရွံ့ရုပ်ပုံသွန်းခြင်း အတတ်တွင် ကျော်ကြားသူများဖြစ်သည်။ လီယိုနာဒို ဒါဗင်စီဆိုသော ပုဂ္ဂိုလ်သည် အင်မတန်လှပသော ပန်းချီကားများကို

ရေးဆွဲနိုင်သည်။ လူတို့တွင် ခံစားနေရသည့် အတွင်းစိတ် သန္တာန်ကို အရုပ်တွင် ပေါ်အောင် ဆွဲနိုင်သည်။ ထို့မျှသာမက သူသည် လောကဓာတ်ပညာ အသစ် အသစ်များကိုလည်း တီထွင်သူ ဖြစ်လေသည်။ နောင်အခါ လေယာဉ်ပျံ ဖြစ်လာသည့် မီးပုံးပျံများကို စတင် စိတ်ကူးမိသူသည် လီယိုနာဒိုပင် ဖြစ် သည်။ သူသည် လူသေအလောင်းများကို ခွဲစိတ်ကာ ကြွက်သား တစ်ခုနှင့် အခြားကြွက်သားတစ်ခု ကို မည်သို့ ခြားနားကြောင်းကို လေ့လာခဲ့သည်။ ထို့နောက်ပန်းချီ နှင့်ပန်းပုတွင် ယင်းမှရသည့်အသိ ဖြင့် အသက်ဝင်နေသော လူနှင့် တူရန်မှုန်းလေတော့သည်။ အခြား ပုဂ္ဂိုလ်ကြီးများက သူ့ထံမှ အသိ ဉာဏ်များကို တစ်ဆင့်ခံယူကာ နည်းနာ နိဿယတို့ကို ကျယ်ပြန့် အောင် ကြံစည်ကြသည်။ ဘုရား



ရှိခိုးကျောင်းများတွင် လူစုလူဝေးများကို ဖော်သည့် ရုပ်ပုံများ ရေးဆွဲကြပြန် သည်။ မိုက်ကယ်အန်ဂျလို မည်သော ပန်းပုဆရာကြီးသည် ရောမမြို့တွင် မိုးဇက်၏ ကျောက်ရုပ်ကို ထွင်းခဲ့သည်။ ယင်းမှာ အနုပညာသမိုင်းတွင် မှတ်တိုင်တစ်ခု ဖြစ်လေသည်။

အီတလီပြည်တွင် ရီနေဆွန်းဟုခေါ်သော ပြန်လည်ဆန်းသစ်ရေးခေတ် ၌ ပန်းချီနှင့် ဗိသုကာအတတ်တို့သည် အစွမ်းကုန် ထွန်းကားလေသည်။ ထိုမီးရှူးတန်ဆောင်သည် ဥရောပတိုင်းပြည်များသို့ အလင်းရောင်ပေးပြန်သည်။ အထူးသဖြင့် ပြင်သစ်ပြည်တွင် အနုပညာသည် ပို၍ ထွန်းကားခဲ့သည်။ ပါရီဟု ခေါ်သည့် ပဲရစ်မြို့တော်ကဲ့သို့ လှပသည့်မြို့ကြီးများ တည်ဆောက်ကြ သည်။ ထို့ပြင် ဗာဆေးနန်းတော်သည် လည်းကောင်း၊ ချာတာရှိ ဘုရားကျောင်း သည် လည်းကောင်း အနုပညာအရာတွင် ကျော်ကြားထင်ရှားလေသည်။ ထို့မှတစ်ပါး ပြင်သစ်ပြည်တွင် ပန်းချီနှင့် ပန်းပုအတတ်တို့သည်လည်း ထွန်းကားလာလေသည်။ တစ်ယောက်တစ်မျိုး အမြင်သစ်များဖြင့် အနုပညာကို

ကြွယ်ဝစေခဲ့သည်။ ထိုအတွင်း ဧကရာဇ်များ၊ သူရဲကောင်းကြီးများ၏ စိတ်ကူး စိတ်သန်းကြွယ်ဝမှု၊ ကြီးကျယ်ခမ်းနားမှုတို့ကလည်း အနုပညာရှင်တို့၏ တီထွင် ဖန်တီးမှုကို အားပေးချီးမြှောက်ပြုပြင်သည်။ တစ်ခေတ်ထက်တစ်ခေတ် အနု ပညာသည် လှုပ်ရှားရှန်းကန်နေသော လူသားတို့ကို ပျော်ရွှင်မှုပေးနိုင်ခဲ့သည်။ ယခုထက်တိုင် ပြင်သစ် ပန်းချီဆရာတို့သည် ကမ္ဘာ့ပန်းချီလောကတွင် ဆရာတစ်ဆူဟု ကိုးကွယ်ခြင်းခံရသည့် နေရာတွင် ရပ်တည်နေလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာခန့်အထိ ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း၊ ပန်းဆစ် အတတ်တို့သည် ဗိသုကာအတတ်၏ အစိတ်အပိုင်းအဖြစ် တည်ရှိ ခဲ့ကြသည်။ သို့ရာတွင် အသိဉာဏ်ပညာ ကြီးမားတိုးတက်လာသည်နှင့်အမျှ လူတို့သည် ပညာတစ်ခုတည်းကိုသာ စူးစိုက်လိုက်စားရဖို့ ဖြစ်လာသည်။ ထိုအခါ အတတ်ပညာ၊ အနုပညာ အမျိုးမျိုးတို့သည် သူ့လမ်းနှင့်သူ လမ်းခွဲ ထွက်လာကြသည်။ ဤသို့ လမ်းခွဲထွက်လာခြင်းသည်လည်း တစ်နည်းအား ဖြင့် ဆိုလျှင် ကောင်းသောခွဲထွက်ခြင်းဖြစ်သည်ဟု ဆိုရချိမ့်မည်။ သို့မှသာ အနုပညာရှင်တို့သည် အတွေ့အကြုံ အမျိုးမျိုးကို ရနိုင်လိမ့်မည်။ ထို့ပြင် တစ်ခုတည်း ပို၍ အာရုံစူးစိုက်ကာ ကြိုးစားလုပ်ကိုင်သည့် အခွင့်အလမ်းကို ဤနည်းဖြင့် ရခဲ့သည်။ သိပ္ပံပညာသည် ဤနည်းဖြင့် ပန်းချီလောကကို များစွာ ကူညီခဲ့သည်။ ရူပဗေဒပညာကဆိုလျှင် အရာဝတ္ထုတို့သည် အလင်း ရောင် အမျိုးမျိုးတွင် ပုံသဏ္ဌာန်အမျိုးမျိုးကို ဆောင်ကြသည်ဟု ဆိုသည်။ သို့ဖြစ်ရာ ပန်းချီဆရာတို့သည် အလင်းရောင်ကစားရာသို့လိုက်၍၊ တစ်နည်း ဆိုလျှင် အလင်းအလိုကိုလိုက်၍ ဆေးခြယ်ကြသည်။ ထို့နောက်တွင် ပြင်သစ် ပန်းချီဆရာ ဆီဇိန်းသည် သဘာဝအလင်းကို နောက်ခံပြုကာ အရာဝတ္ထု တို့၏ အထုအထည်သဘော ပါသော ပန်းချီကားတို့ကို ရေးဆွဲလေသည်။

၆

အရှေ့တိုင်းတွင် ဗိသုကာအတတ်နှင့် အခြား အနုပညာတို့ ပေါင်းစပ်မိကြ သည်။


ခရစ်မပေါ်မီ ရာစုခေတ်ပေါင်း များစွာကပင် ဗိသုကာအတတ် ပေါ် ထွန်းလာခဲ့သည်။ ကျောက်ခဲတစ်ခုအပေါ် တစ်ခုဆင့်ခြင်း၊ အုတ်ခဲတစ်ခုအပေါ် တစ်ခုဆင့်ခြင်းသည် ဗိသုကာပညာပင်ဖြစ်သည်။ ယင်းသည် အဆောက်အအုံ

တည်ဆောက်ခြင်း၏ ကဗျာပင်ဖြစ်သည်။ အိန္ဒိယပြည်အနောက်ပိုင်း ကာလ၊ ဗာဇနှင့် ဗက်ဒဆာ ဒေသတို့တွင် ကျောက်ဂူများ၌ ဆေးရေးပန်းချီကားများ၊ ကျောက်ထွင်း ဗိသုကာရုပ်ကြွများကို တွေ့နိုင်သည်။ ယင်းတို့ကို ထုထွင်း ရေးခြယ်သူများမှာ ဗုဒ္ဓဘာသာ ရဟန်းတော်များ ဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့သည် တရားဓမ္မတွင် ပျော်မွေ့သူများပီပီ သူတို့၏ဝန်းကျင်၌ ဆိတ်ငြိမ် အေးချမ်းသည့် သဘာဝကို ဖန်တီး ရယူလိုပေလိမ့်မည်။ သူတို့ရေးခြယ်သည့် ပန်းချီတို့ကို ကြည့်လိုက်လျှင် ရသေ့ ကျောင်းသခ်မ်း၏ ငြိမ်းချမ်းခြင်း အရ သာကို ခံစားနိုင်ပေသည်။

အိန္ဒိယတိုင်းရင်းသားတို့သည် သူတို့နေထိုင်သည့် အိမ်များ၌ နံရံများ တွင် လည်းကောင်း၊ လှေကားခုံတွင်လည်းကောင်း ငှက်ရုပ်များ၊ အခြား အကောင်များ၊ တိရစ္ဆာန်များ၊ နတ်ဘုရားများကို ရေးခြယ်ထားသည်။ မယဉ် ကျေးသည့် ကာလက သားရိုင်းတို့၏ အရုပ်များ ရေးဆွဲကာ ဂါထာမန္တရား မန်းမှုတ်ခြင်းဓလေ့သည် ယနေ့တိုင် ကြွင်းကျန်နေသေးကြောင်း သိနိုင်သည်။ အထောက်အထားမတွေ့စေကာမူ ထိုခေတ်က နန်းတော်ကြီးများ ဘုရားကျောင်း ကန်များ၌ မည်ကဲ့သို့သော ရုပ်ပုံများ ရေးခြယ်မည်ကို မှန်းဆနိုင်သည်။ သို့ရာတွင် အဇန္တာလိုဏ်ဂူ၌ ဆေးရေးပန်းချီအချို့ ကျန်ရစ်ခဲ့သည်။ ယင်းတို့ကို ရေးဆွဲသည့် ပန်းချီဆရာတို့သည် မိမိတို့ဘဝကို မိမိတို့ ဖန်တီး နိုင်သူများ၊ လူ့သဘာဝ လောကသဘာဝကို နှောကျေသူများဖြစ်သည့်ပြင်၊ လူ့သဘာဝကို အရုပ်ကား၌ မည်သို့ ရေးသားဖော်ပြရမည်ကို သိနားလည်သူများ ဖြစ်သည်ဟု ဆိုသင့်လေသည်။ ကျောက်ဂူကို ထွင်းဖောက်ထားသော ဘုရားပုထိုးတို့၌ ဘုရင်များ၊ မိဖုရားများ၊ မင်းညီ မင်းသားများ၊ ကချေသည်များ၊ ရဟန်းသံဃာ များ၏ပုံတို့ကို တွေ့နိုင်သည်။ ထိုပန်းချီကားတို့ကို ကြည့်ခြင်းအားဖြင့် ထိုခေတ် သည် အလွန့်အလွန် ကြွယ်ဝစည်ပင်သည့်ခေတ် ဖြစ်သည့်ဟု ဆိုနိုင်သည်။ သို့ဖြစ်ခြင်းကြောင့် လူတို့၏ နေထိုင်မှုအဆင့်အတန်း မြင့်မားသည်၊ အနုပညာ ဖွံ့ဖြိုးသည်၊ အေးချမ်းသာယာသည် ဟူ၍ ကျွန်တော်တို့ မှန်းဆနိုင်သည်။

ထို့နောက်တွင်ကား နိုင်ငံခြားသားတို့သည် အိန္ဒိယပြည်ကြီးကို ကျူး ကျော် တိုက်ခိုက်ခဲ့သည်။ စစ်မက် ထူပြောလာသည်။ ယင်းခေတ်ဆိုးကြီးများ က အနုပညာလက်ရာ အများအပြားကို ဖျက်ဆီးခဲ့လေသည်။ သို့ရာတွင်

ကျန်ကောင်းသေး၍ ကျန်ရစ်သည့် အနုပညာလက်ရာတို့ကိုကြည့်ကာ အိန္ဒိယတိုင်းရင်းသားတို့၏ အနုပညာအကဲကို ဖြတ်နိုင်သည်။ အိန္ဒိယတိုင်းရင်းသားတို့အဖို့ စပါးဆန်ရေသာ ပေါများခဲ့လျှင်၊ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည့် မင်းကောင်းမင်းမြတ်တို့သာ ထွန်းကားခဲ့လျှင် စိတ်ကူးဉာဏ်ထက်မြက်စွာ အနုပညာကို တီထွင်ကြံဆနိုင်သည်ဟု ဆိုရပေမည်။



အိန္ဒိယ ယဉ်ကျေးမှုအတွက်ဂုဏ်ယူနိုင်သည့်အနုပညာလက်ရာများအများအပြားရှိသည်။ ယင်းတို့မှာ တောင်ပိုင်းဒေသရှိ ဘုရားကျောင်းကန်များ၊ အယ်လိုရာ ဘုရားကျောင်း၊ ကူတပ်မီနာ ဘုရားကျောင်းတို့ရှိ ကျောက်ဆစ်လက်ရာများ၊ မဂိုဘုရင်ကြီးအက်ဂဗာဆောက်လုပ်ခဲ့သော ကျောက်အုတ်နီများဖြင့် ပြီးသည့် ဖာတေပူမြို့တော်၊ ဥဿတမန်သူပန်းချီကားများ၊ ဂျေဟာန်ဂူနန်းတော်မှ ပန်းချီကားများ၊ ဒေလီမြို့တော်ရှိ ဟူမယွန်သချိုင်းတော်၊ အာမက်နဂရရှိ နန်းတော်အဆောင်ဆောင်၊ တပ်ဂျမဟာ သချိုင်းတော်တို့ပင် ဖြစ်သည်။

ဆယ့်ရှစ်ရာစုနှင့် ဆယ့်ကိုးရာစု အဦးပိုင်းတို့တွင်လည်း အိန္ဒိယတိုင်းရင်းသားတို့သည် အလွန်လှပသော နန်းတော်ကြီးများ၊ ပန်းဥယျာဉ်ကြီးများကို တည်ဆောက်ခဲ့သေးသည်။ အရှေ့တိုင်းသားတို့သည် အနုပညာဘက်တွင် အနောက်တိုင်းသားတို့ထက် မညံ့လှ။ အကယ်၍သာ နိုင်ငံချဲ့စနစ်၏ ကွန်ရက်အောက် မရောက်ခဲ့လျှင်၊ နိုင်ငံခြားသား အုပ်ချုပ်မှု၏အောက် မရောက်ခဲ့လျှင် သည့်ထက် အံ့သြဖွယ်ကောင်းသည့် အနုပညာ လက်ရာတို့ကို တည်ဆောက်ဦးမည်မှာ မုချပင် ဖြစ်သည်။

အရှေ့တိုင်း ပန်းချီပညာနှင့် ဗိသုကာပညာတွင် မြန်မာတို့သည်လည်း ဂုဏ်ယူဝင့်ကြွားနိုင်သော အနုပညာ လက်ရာရှင်များ ဖြစ်ကြပါသည်။

လယ်ယာစိုက်ပျိုးခြင်း စတင်ပြီဆိုလျှင် ယဉ်ကျေးမှုလည်း အတူကပ်၍ လိုက်ပါလာသည်ဟု ပညာရှင်တို့ ဆိုရိုးပြုခဲ့ကြသည်။ လယ်ယာမှ ကောက်ပဲသီးနှံတို့ ဖွံ့ဖြိုးလျှင် အားလပ်သောအချိန် ပိုများ၍ လူတို့သည် အနုပညာလက်ရာများကို ဖန်တီးကြသည်။ အုပ်စိုးသူ လူတန်းစားကလည်း အဆောက်အအုံကြီးများ ဆောက်လုပ်သည်။ များသောအားဖြင့် ဘာသာရေး အဆောက်အအုံတို့ကို ဆောက်လုပ်လှူဒါန်းကြသည်။

လယ်ယာစိုက်ပျိုးခြင်းဖြင့် ကြွယ်ဝဖွံ့ဖြိုးလာခဲ့သော မြန်မာလူမျိုးတို့သည် ပုဂံခေတ်တွင် ပန်းချီပန်းပု ဗိသုကာစသော အနုပညာလက်ရာကောင်းတို့ကို တီထွင်ဖန်တီးခဲ့ကြသည်။

ရှေးဦးစွာ ပုဂံမတိုင်မီခေတ်က မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးသော အနုပညာလက်ရာတို့ကို ဖော်ပြချင်ပါသည်။

မြန်မာနိုင်ငံတွင် အစောဆုံး မြို့နန်းတည်ဆောက်ကြသူတို့မှာ ဗိသနိုးမြို့သားတို့ဖြစ်ပါသည်။ ယင်းတို့သည် တစ်ရာစုတွင် ယခု တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ၁၁ မိုင်အကွာ၌ မြို့နန်းတည်ထောင်ပါသည်။ ထိုမြို့ဟောင်းကို များမကြာမီက ရှေးဟောင်း ယဉ်ကျေးမှုဌာနမှ တူးဖော်ခဲ့ပါသည်။ ယင်း၌ တွေ့ရသည့် အိုးများတွင် ကချေသည် အမျိုးသမီးရုပ်၊ သူတော်စင်ရုပ်၊ ငါးနှစ်ကောင်ရုပ်တို့ကို တွေ့ရပါသည်။ အိုးခွက်တို့ကို ကြည့်ရခြင်းအားဖြင့် ယဉ်ကျေးမှု အဆင့်အတန်း အတန်ငယ် မြင့်မားသော လူမျိုးဖြစ်ကြောင်း သိသာနိုင်ပါသည်။

သုံးရာစုခန့်တွင် မြန်မာနိုင်ငံ၌ ပျူလူမျိုးတို့ နေထိုင်ခဲ့ကြသည်ဟု မှတ်ယူနိုင်ပါသည်။ ယခု မှော်ဇာနေရာ၌ သရေခေတ္တရာဟူ၍ မြို့တော်ကို 'ဟရိဝိကြမ'မင်းက တည်ထောင်ပါသည်။ ပျူမြို့တော် သရေခေတ္တရာကား တင့်တယ်သာယာသောမြို့ဟု အဓိပ္ပာယ်ရပါသည်။ ပျူတို့သည် ဘုရားများတည်ကြသည်။ ပျူဘုရားပုံစံတို့သည် နောင်သော် ပုဂံဘုရားပုံစံ၏ မူရင်းပုံစံဖြစ်လာသည်။ ပန်းချီဆေးရေးကား လက်ရာဟူ၍ကား မတွေ့ရပါ။ သို့သော်

အရိုးအိုးများ၌ ကျောက်ရုပ်ကြွများတွေ့ရသည်။ ရုပ်ကြွရုပ်ပြားများမှာ ပုံဖော်နည်းကောင်းလှသည်။ ဂုပတ လက်ရာဆန်သည်ဟု ပါမောက္ခလုစ်က အဆိုအမိန့်ပြုပါသည်။ ဌာပနာတိုက် အဖုံးကျောက်ပြား၌ မြေပေါက်စေတီပုံကို ထီး၊ ကုက္ကား၊ တံခွန်များတွင် ထုထွင်းထားပါသည်။ ပျူတို့၌ ပန်းထိမ် ပန်းတဉ်းဆရာ အကျော်အမော်များ ရှိသည်။ ဘုရားရုပ်တုတော်ငယ်များကို ရွှေ၊ ငွေ၊ ခဲ၊ ကြေး၊ လောဟာတို့ဖြင့် ရုပ်လုံးဖော်သည်။ တစ်ခါတစ်ရံ ခြသေ့်ကို နင်းထားသော နောက်ခံတံကဲနှင့် ရောင်ခြည်တော် စက်ဝိုင်းကိုပင် ဖြတ်ရတပ်ရ လွယ်အောင် လုပ်ကိုင်ထားသည်။ ပျူဒင်္ဂါးတို့၌ကား နေလ သင်္ချာန် ဘာသာရေး အမှတ်တံဆိပ်များကို တွေ့ရသည်။ အဆောက်အအုံ၏ နံရံများ၌ အလှအပသဘောဖြင့် ကပ်ထားသော အုတ်ကြီးများတွင် ပန်းကွက်၊ ခြသေ့်ရုပ်၊ မြင်းရုပ်၊ ဘီလူးရုပ်၊ အပေါက်စောင့်ရုပ်တို့ကို လည်းကောင်း၊ ကျောက်သားတွင် အကွက်အပြောက် အပွင့်အခက်များ ဖော်ထားသော ပလ္လင်များကို လည်းကောင်း တွေ့ရသည်။

ပျူလူမျိုးတို့ အကြောင်းကို တရုတ်မှတ်တမ်းများ၌ အပြည့်အစုံ ဖော်ပြထားပါသည်။ တန်ရာဇဝင်သစ်၌ ပျူတို့အကြောင်းကို အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

'ရွှေပန်းခြယ်သော ဦးထုပ်၊ ပိန်ညင်းငှက်တောင်စိုက်၍ ရတနာကျောက်မျက် စီသော ဦးရစ်တို့ကို ဆောင်းသည်။ ဘုရင့်နန်းတော်၌ ရွှေခေါင်းလောင်း၊ ငွေခေါင်းလောင်းတို့ ရှိသည်။ ရွှေငွေပိုက်ဆံ သုံးသည်။ သံစုံတူရိယာ ၂၂ မျိုး ရှိသည်။ သဘင်သည်တို့သည် ရွှေငွေလက်ကောက် ခြေကျင်းများ ဝတ်သည်။ ရွှေဦးရစ်တင်၍ ရွှေနားတောင်း ပန်သည်။ မကပြမီ အကျိုးအကြောင်း ရှင်းပြရန် တစ်ယောက်က ဦးစွာထွက်လာသည်။ တီးကွက်ဆုံးလျှင် ဦးညွှတ်၍ အားလုံး ရပ်နားကြသည်။'

ဤမျှ ယဉ်ကျေးမှု အဆင့်အတန်းမြင့်သော လူမျိုးဖြစ်လေသည်။

ပျူတို့နောက် ပုဂံသားတို့၏ ပန်းချီလက်ရာနှင့် ဗိသုကာလက်ရာများ အကြောင်းကို ဖော်ပြရလိမ့်မည်။

ဦးစွာပထမ ပုဂံပန်းချီ အကြောင်းကို ပြောရပါလိမ့်မည်။

မြန်မာရှေးဟောင်း ပန်းချီလက်ရာကို ပုဂံခေတ်၌ အစောဆုံး တွေ့ရပါသည်။ ယင်းတို့မှာ ဂူဘုရားတို့တွင် ရေးခြယ်သော ဆေးရေးပန်းချီများပင် ဖြစ်ပါသည်။

ပုဂံသားတို့သည် ဗုဒ္ဓဘာသာကို လက်ခံပြီးသည့်နောက် ကောက်ပဲသီးနှံ ကြွယ်ဝလေရကား ဘုရားပုထိုးတို့ အများအပြား တည်ကြပါသည်။ ယင်းတို့တွင် အဆင်တန်ဆာအဖြစ် ဆေးရေးပန်းချီကားများကို ရေးခြယ်သည်။ များသောအားဖြင့် ပုဂံပန်းချီဆရာတို့သည် ဗုဒ္ဓဖြစ်တော်စဉ် ဇာတ်ဝတ္ထုများကို ရေးသားကြသည်သာ များပါသည်။ (ကျောက်စာ၌ 'ဇာတ်ငါးရာလေ အတင့်အတယ် ရေး၏'ဟု တွေ့ရပါသည်။)

ပုဂံတွင် အပယ်ရတနာ ဘုရားပန်းချီကားများ၊ ပုဂံခေတ်နှောင်းသမ္ဗုလ ဘုရားသုံးဆူ၊ နန္ဒမညာ ပန်းချီကားတို့သည် ထင်ရှားသော ပန်းချီကားများ ဖြစ်ကြပါသည်။

ပုဂံခေတ်ဦး ပန်းချီလက်ရာတို့သည် မဇ္ဈိမဒေသ မဂဓတိုင်း ပါလမင်းများ လက်ထက်၌ ထွန်းကားသော ပါလပန်းချီလက်ရာများက ဆင်းသက်လာသည်ဟု ပညာရှင်တို့က ဆိုကြပါသည်။ ပုဂံပျက်သုဉ်းသောအခါ မဇ္ဈိမဒေသပန်းချီနှင့် အဆက်ပြတ်လေသည်။ ထိုအခါ ပုဂံပန်းချီသည် ပါလအမူအရာကို တစ်စတစ်စ စွန့်လာပါသည်။ အရုပ်တို့၏ အသွင်ပြင်သည် မြန်မာဖြစ်လာပါသည်။ မြန်မာကြိုက်၊ မြန်မာ့အမြင်အတိုင်း ရေးခြယ်စ ပြုလာပါသည်။ ဥပလိသိမ် ပန်းချီကားများသည် မြန်မာအငွေ့အသက် လုံးလုံးလျားလျားသက်ဝင်သော ပန်းချီကားများ ဖြစ်ကြပါသည်။ ပုဂံပန်းချီသည် ထိုအခါမှစ၍ မြန်မာ့ပန်းချီသဘောသို့ သက်ဝင်လေသည်ဟု ယူဆသင့်လေသည်။

ပုဂံပန်းချီ၏ အယူအဆသည် ဓမ္မာရုံ၏ အလိုကို အခြေခံ၍ အရုပ်ရေးသော အယူအဆ ဖြစ်ပါသည်။ ဤတွင် ပန်းချီဆရာ၏ စေတနာသည် အရေးကြီးပါသည်။ ပန်းချီဆရာ၏ စေတနာအလျောက် ပန်းချီဆရာ၏ စိတ်မျက်စိ၌ သိမြင်လာသော သဘောကို ရသပေါ်အောင် သရုပ်ဖော်ခြင်းပင်ဖြစ်ပါသည်။ မိန်းမပျို၏ မျက်လုံးအလှကို မြင်သည့်အတိုင်း ရေးပြခြင်းမဟုတ်ဘဲ တင့်တယ်သည်၊ မြတ်သည်၊ လှသည်ဟု ထင်လာရအောင်တင့်တယ်သည်၊ မြတ်သည်၊ လှသည်ဟု အများက စွဲယူထားသော ပဒုမ္မာကြာဖူးသဘောဖြင့် တင်စား၍ ကြာဖူးသဏ္ဌာန် ရေးပြခြင်းသာ ဖြစ်ပါသည်။ ဤသည်မှာ မြန်မာပန်းချီ၏ အယူအဆ ဖြစ်ပါသည်။


အပယ်ရတနာဘုရားမှ နံရံဆေးရေးပန်းချီမှာ ခေတ်ဦးလက်ရာတွင် အကောင်းဆုံးတစ်ခုဖြစ်သည်ဟု ယူဆကြပါသည်။ ထို့အတူ ပုထိုးသားများ

နံရံတွင်တွေ့ရသော 'နန်းရင်ပြင်၌ သုဒ္ဓေါဒနေ၊ သိဒ္ဓတ္ထနှင့် ဒေဝီလရသေ့ တွေ့ခန်း'တို့သည်လည်း လက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။

ပုဂံနံရံဆေးရေး ပန်းချီတို့သည် အင်္ဂတေအခြောက်တွင် ရေးသည့် နည်းကို အသုံးပြုကြပါသည်။ ကျွေ့၊ ချိတ်၊ ဆေးဒန်း၊ ဆုန်း၊ မြေဖြူ၊ ဟသ်ပဒါးတို့ကို သုံး၍ အနီ၊ အဝါ၊ အဖြူ၊ အမည်းနှင့် ယင်းတို့မှ စပ်၍ ရသော အရောင်များကို အသုံးပြုပါသည်။ ခေတ်ဦးတွင် အရောင်ရင့်များကို သုံး၍၊ ခေတ်နှောင်းတွင် အရောင်လွင်များကို သုံးပါသည်။ လူရုပ်တွင် လက်ဟန်၊ ခြေဟန်၊ ကိုယ်ဟန်တို့ကို ပို၍ ဂရုပြုပါသည်။ စိတ်လှုပ်ရှားပုံကို မျက်နှာတွင် ပေါ်အောင် ရေးနိုင်ပါသည်။

ထိုမှတစ်ဖန် ပုဂံသားတို့သည် ရွှံ့ပြားတွင် ဇာတ်ရုပ်ဖော်၍ စဥ့်သုတ်လျက် ဘုရားပတ်လည်တွင် စီခြယ်သည့် အတတ်ကို တတ်ကြပါသည်။ ထို့ပြင် ရုပ်ကြွများ၊ ကျောက်ရုပ်တုများ၊ ပန်းပုံစံများကိုလည်း နိုင်နင်းစွာ ထုလုပ်တတ်ပါသည်။ ဘုရားအပြင်နံရံ၌ ပန်းနွယ် ပန်းလိပ်များကို ထောင့်ချိုးတွင် ဖော်ခြင်း၊ ခါးပတ် ပန်းခွေခြင်း၊ ဘီလူးပန်းဆွဲလုပ်ခြင်းတို့တွင် အင်္ဂတေပန်းကို နိုင်နိုင်နင်းနင်း အသုံးပြုကြပါသည်။ စလေမြို့ ရှင်ပင်စာကြို ဘုရား၌ တွေ့ရသည့် မျက်နှာကြက်ပန်း၊ မှန်ကူကွက်ပန်း၊ စိန်ထောင်ကွက်ပန်း၊ ခါးပတ်ပန်းတို့မှာ လက်ရာကောင်းများ ဖြစ်ကြပါသည်။

အထူးသဖြင့် ပုဂံသား ရုပ်ထုဆရာတို့သည် ကိုယ်ဟန်အမူအရာ၌ အတွင်းစိတ်သန္တာန်ကို ပီသအောင် ဖော်ရာတွင် သူမတူအောင် ထူးချွန်သူများ ဖြစ်ကြပါသည်။ အာနန္ဒာရှိ မယ်တော်မာယာ သားဖွားခန်းရုပ်ကြွမှာ ရုပ်ကြွ တကာတို့အနက် အကောင်းဆုံးလက်ရာတစ်ခု ဖြစ်ပါသည်။ လုမ္ဗနီအင်ကြင်း တောတွင် အလောင်းတော် ဖွားမြင်ခန်းပင် ဖြစ်ပါသည်။ မယ်တော်မာယာ၏ လက်ယာဘက်လက်သည် အင်ကြင်းကိုင်းကို ကိုင်ထားပါသည်။ အင်ကြင်းကိုင်း သည် ကွေးကာ ညွတ်ကာ ကျနေပါသည်။ လက်ဝဲဘက်လက်က မိထွေးတော် ဂေါတမီ၏ ပခုံးထက်တွင် မှေးတင်ထားပါသည်။ ထိုလက်ကို ဂေါတမီက ဖေးမထားပါသည်။ မာယာသည် မျက်လွှာကို ချထားသည်။ နွမ်းလျဟန်သည် မာယာ၏ မျက်နှာတွင် ပေါ်လွင်နေပါသည်။ ဂေါတမီ၏ မျက်နှာတွင် စိုးရိမ်



ပူပန်သည့် အမူအရာကို တွေ့ရပါသည်။ မာယာ၏ ခါးသည် ယိမ်းနွဲ့နေသည်။ အင်ကြင်းကိုင်းကို ကိုင်ကာ အားပြု ထားရသဖြင့်သာ ခွေကျ မသွားခြင်း ဖြစ်သည့် အမူအရာမှာ ပေါ်လွင် လှပါသည်။ ဤ ရုပ်ကြွတွင် အလောင်းတော် မြတ်သည် မယ်တော်၏ ဝမ်းတိုက် လက်ယာနံဘေးမှ ဖွားမြင်ပုံကို တွေ့နိုင်ပါသည်။ ယင်းမှာ မဟာယာန အယူပင် ဖြစ်ပါသည်။

တစ်ဖန် ပုဂံ ကနုတ်ပန်း၏ သဘောကို အကျဉ်းမျှ ပြောလိုပါသေးသည်။ ရှေးရိုး မြန်မာပန်းချီ အစဉ် အလာအရ ကနုတ်၊ နာရီ၊ ကပိ၊ ဂဇာ ဟူ၍ ပန်းချီလေးမျိုး ရှိသည်ဟု ဆိုပါသည်။ ကနုတ် ဆိုသည်မှာ အကွေးအကောက် အခွေအလိပ် ပန်းပုံ အမျိုးမျိုးပင် ဖြစ်ပါသည်။ ကနုတ်အပြင် ချူးပန်း ဟူသော ဝေါဟာရလည်း မြန်မာတို့၌ ရှိသေးသည်။ ချူးပန်းဆိုသည်မှာ အခွေအဝိုက် အညွန့်အနွယ်ပင် ဖြစ်ပါသည်။ ကနုတ်နှင့် ချူးမှာ မကွဲပြားသယောင်ပင် ရှိလေသည်။ ယခုအခါ ကနုတ်ဟုခေါ်သော လက်ရာမျိုးကို ပုဂံခေတ် ဂူဘုရားများရှိ ပန်းတမော့လက်ရာ၊ ပန်းတော့လက်ရာ၊ ပန်းချီလက်ရာတို့၌ အထင်အရှား တွေ့နိုင်သည်။

ကနုတ်၏ သဘောမှာ အဓိကအားဖြင့် ကြာငုံ၊ ကြာဖူး၊ ကြာပွင့်၊ ကြာသီး၊ ကြာရိုး၊ ကြာစွယ်၊ ကြာရွက်၊ ကြာပွင့်ချပ်၊ ကြာဝတ်ဆံတို့ကို



ကော့၍ ကွေး၍၊ ခွေ၍ လိပ်၍၊ ကောက်၍ လိမ်၍၊ ယိမ်း၍၊ ယိုင်၍၊ ချီ၍ ချ၍၊ တက်၍ ဆင်း၍၊ တွန့်၍ ချွန်၍၊ ဖြန့်၍ ကား၍ နှစ်သက်စဖွယ် အဆန်းတကြယ် ထုခြင်း၊ ထွင်းခြင်း၊ ဆတ်ခြင်း၊ ထိုးခြင်း၊ ပုံသွန်းခြင်း၊ စီခြင်း တို့ပင် ဖြစ်လေသည်။

ကနုတ်ပန်း၏ ဖွားရာ ဇာတိသည် အိန္ဒိယနိုင်ငံ ဖြစ်လေသည်။ ယင်းမှတစ်ဆင့် အာရှ တစ်ခွင်သို့ ဗုဒ္ဓဘာသာနှင့် အတူ ခရီးဖြန့်ခဲ့သည်။ ပုဂံမြို့ဟောင်းရှိ ဂူဘုရားစေတီတို့၌ ကနုတ်ပန်းတို့ကို မြင်နိုင်သည်။ အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဂူကြီး ဘုရားတို့တွင် ပန်းတော့ လက်ရာတို့၌ ကနုတ်ပန်းကို တွေ့နိုင်သည်။ အပယ်ရတနာ၊ ဂူပြောက်ကြီး၊ ဘုရားသုံးဆူတို့၌ ကနုတ်ပန်းကို ပန်းချီလက်ရာတွင် မြင်နိုင်သည်။ ကျောက်ကူဥမင်၌ ပန်းတမော့ပညာကို မြင်နိုင်ပါသည်။

ဤသို့ဖြင့် ပုဂံပန်းချီလက်ရာသည် မန္တလေးခေတ်တိုင်အောင် သီးသီးသန့်သန့် တည်နေခဲ့သည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်စိုးသောအခါ ဥရောပပန်းချီနည်းသည် မြန်မာပန်းချီလောကသို့ ကြိုးကြားကြိုးကြား ဝင်လာပါသည်။ ဥရောပနည်းမှာ ကောက်ကြောင်းပန်းချီ မဟုတ်တော့ဘဲ ရေဆေးဆီဆေးကို အသုံးပြု၍ အချိုးအစား၊ အလုံးအဖန်၊ အဝေးအနီး၊ အလင်းအမှောင်၊ အနုအရင့်တို့ဖြင့် အရုပ်ရေးပြသောနည်းပင် ဖြစ်ပါသည်။ ပန်းချီအယူအဆတွင် မျက်မြင်ရုပါရုံ၏အလိုကို အခြေခံ၍ အရုပ်ရေးသော အယူအဆ ဖြစ်ပါသည်။

ရှေးရိုးမြန်မာပန်းချီသည် မျဉ်းရေးဆေးခြယ်နည်းကို အဓိကထား သည်ဟု ပညာရှင်တို့ ဆိုပါသည်။ ရှေးရိုးမြန်မာပန်းချီတွင် မျက်မြင်ရုပ်ပါရဲ့ အမှန်ကို အထူးအလေးအမြတ် ပြု၍ ရေးခြင်း မပါမရှိ။ စိတ်စေတနာကို အနီးအဝေး ပြနည်းဖြင့် ဖွဲ့နွဲ့ခြင်း မပါမရှိ။ အလင်းအမှောင်နည်းဖြင့် ဖွဲ့နွဲ့ ခြင်း မပါမရှိ။ ဉာဏ်မြင် ရုပ်ပါရုံကို အထူးအလေးအမြတ်ပြု၍ ရေးခြင်းသာ ပါသည်၊ ရှိသည်။ စိတ်စေတနာကို အရုပ်၏ မျက်နှာ အမူအရာဖြင့် ဖွဲ့နွဲ့ခြင်း သာပါသည်၊ ရှိသည်။ အရုပ်၏ ခြေလက်အမူအရာဖြင့် ဖွဲ့နွဲ့ခြင်းသာပါသည်၊ ရှိသည်။ အရုပ်၏ ကိုယ်ဟန်အမူအရာဖြင့် ဖွဲ့နွဲ့ခြင်းသာ ပါသည်၊ ရှိသည် ဟု ဆိုကြပါသည်။

ယခုတစ်ဖန် ပုဂံဗိသုကာပညာ အကြောင်းကို ပြောချင်ပါသည်။

ပုဂံခေတ်တွင် လူနေအိမ်ခြေတို့အကြောင်းကား ကောင်းစွာ မသိရပါ။ ဂူ၊ ဘုရား၊ စေတီ၊ ပုထိုးတို့အကြောင်းကား များစွာ သိရပါသည်။ အကြောင်း မှာ ပုဂံသားတို့သည် ကောက်ပဲသီးနှံ အောင်မြင်လေရကား ဂူ ဘုရားများစွာ တည်ဆောက်ကြသောကြောင့်ပင် ဖြစ်ပါသည်။

ဘုရားတည်လျှင်လည်းကောင်း၊ ကျောင်းဆောက်လျှင်လည်းကောင်း တံတိုင်း အကာအရံကို ဦးစွာပြုပါသည်။ အုတ်တံတိုင်း အဆောက်အအုံများ ပါသည်။ သို့သော် ကျောက်တံတိုင်းလည်း တွေ့ရဖူးပါသည်။ တံတိုင်းကို လေးမျက်နှာပြုပါသည်။ တစ်ခါတစ်ရံ တံတိုင်းမီးကာဟု သုံးစွဲကြပါသည်။ မီးဘေးတားရန် တံတိုင်းပြုသည့် ရည်ရွယ်ချက်တစ်ခု ဖြစ်ဟန်တူပါသည်။ တစ်ခါတစ်ရံ တံတိုင်းနှစ်ထပ် ကာရံကြပါသည်။ အပြင်တံတိုင်းနှင့် အတွင်း တံတိုင်းအကြားတွင် ရဟန်းများနေရန် ကျောင်းများ ဆောက်ပါသည်။ အတွင်း တံတိုင်းထဲ၌ကား ဘုရားစေတီ၊ ပိဋကတ်တိုက်၊ ဓမ္မာရုံနှင့် သိမ်တို့ ရှိတတ် ပါသည်။ အပြင်တံတိုင်းတွင်း၌ကား သီတင်းသည်တို့နားနေရန် တန်ဆောင်း ကို လည်းကောင်း၊ အလှူပေးရန် ဇရပ်ကိုလည်းကောင်း၊ ဝတ္ထုပစ္စည်း သိုလှောင် ရန် ကပ္ပိယကုဋီကို လည်းကောင်း ဆောက်ပါသည်။

ပုဂံသားတို့သည် ဘုရားတည်ရာတွင် ဂူ၊ စေတီ၊ ပုထိုးဟူ၍ သုံးမျိုး သုံးစား တည်ဆောက်ကြပါသည်။

ဂူမှာ လိုဏ်ခေါင်းတစ်မျိုးပင် ဖြစ်ပါသည်။ ပုဂံသားတို့ကမူ ဘုရား ကျောင်း အဖြစ် အုတ်နှင့်ဖွဲ့သော ဘုရားတစ်မျိုးကို ဂူဟု ခေါ်ကြပါသည်။

၁င်ပေါက်တစ်ခုရှိလျှင် တစ်ဝဂူ၊ လေးပေါက်ရှိလျှင် လေးဝဂူ၊ ငါးပေါက် ရှိလျှင် ငါးဝဂူဟု ခေါ်ပါသည်။ တစ်ဝဂူနှင့် လေးဝဂူတို့မှာ ပျူတို့ထံမှရသော နည်းပင် ဖြစ်ပါသည်။ ပျူဘဲဘဲနှင့် ပျူလေးမျက်နှာတို့သည် ထင်ရှားသော ပုံစံများဖြစ်ကြပါသည်။ အာနန္ဒာမှာ လေးဝဂူဘုရားဖြစ်၍ လောကထိပ်ပန်မှာ တစ်ဝဂူဘုရားဖြစ်ပါသည်။ ဆင်ဖြူကျွန်းနယ် ကျပင်းရွာအနီး ငါးမျက်နှာဘုရားမှာ ပုဂံခေတ် လက်ရာပင်ဖြစ်၍ ယင်းမှာ ငါးဝဂူပင် ဖြစ်ပါသည်။ လေးမျက်နှာဂူတွင် ဘဒ္ဒကမ္ဘာ၌ပွင့်ပြီးသော ဘုရားလေးဆူကို ရည်၍ အရပ်တစ်မျက်နှာ၌ ဘုရားတစ်ဆူကျစီ ထားပါသည်။ ငါးမျက်နှာတွင်မူ နောင်ပွင့်မည့် မေတ္တေယျဘုရားကိုပါ ထည့်သွင်းထားပါသည်။

ဂူဘုရားတို့မှာ ဆေးစုံခြယ်သည့်အခါ ယင်းကို ဂူပြောက်ဟုခေါ်၍ မင်းအသုံးအဆောင်ဖြစ်လျှင် ကွန်ပြောက်ဟု ခေါ်ပါသည်။ ကွန်ပြောက်၌ကား တရားစီရင်ခြင်း၊ အလှူဒါနပြုခြင်း အမှုတို့ကို ပြုပါသည်။ ကွန်ပြောက်ကြီး၊ ကွန်ပြောက်ငယ်၊ ကွန်သာယာဟူ၍ အများအပြား ရှိပါသည်။

ဂူပုံစံတွင် ခေတ်ဦး ခေတ်လယ် ခေတ်နှောင်းဟူ၍ သုံးမျိုးရှိပါသည်။ ခေတ်ဦးပုံမှာ မြေတွင်တွားလျက် ငြိမ်သက်ခြင်းသရုပ်ကို ဆောင်ပါသည်။ ခေတ်နှောင်းပုံကား အထပ်များစွာရှိသော တိုက်ပုံစံကို ထွင်ကြသဖြင့် ကြွားကြွား ဝင့်ဝင့်ရှိကာ ရဲရင့်ခြင်းသရုပ်ကို ဆောင်ပါသည်။ ထိုနှစ်မျိုးအကြား၌ ခေတ်လယ်ပုံများ ရှိပါသည်။ အိန္ဒိယက တိုက်ရိုက်ယူသော ပုံစံမှာ မဟာဗောဓိ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကို မြန်မာဂူစာရင်းတွင် မသွင်းပါ။

ခေတ်ဦး ခေတ်လယ်တို့၏ ဂူဘုရားတို့သည် အလင်းရောင် ကောင်းစွာမရပါ။ ခေတ်နှောင်း သဗ္ဗညုဘုရားဆိုလျှင် အလင်းရောင်များစွာရပါသည်။ ထို့ပြင် မြင့်မြင့်မားမား ဝင့်ဝင့်ကြွားကြွားလည်း ရှိလာပါသည်။

ပုဂံခေတ် ဗိသုကာသဘောတွင် ခုံးပေါက်ဖော်နည်းသည် အဆင့်အတန်းမြင့်လှပါသည်။ လွှာထပ်ခုံးပေါက်မျိုးကို လုံးဝ မသုံးဘဲ ရောင်ခြည်ဖြာခုံးပေါက်မျိုးကိုသာ သုံးပါသည်။ အာနန္ဒာ ခုံးပေါက်ကြီးများသည် ပုဂံဗိသုကာ၏ အဆင့်အတန်းကို ခန့်မှန်းနိုင်ပါသည်။ ထို့နောက် ဘုရားတစ်မျိုးမှာ စေတီပင်ဖြစ်ပါသည်။ လောကနန္ဒာ၊ ရွှေဆံတော်၊ ရွှေစည်းခုံတို့သည် စေတီပုံစံများဖြစ်ကြပါသည်။ ရွှေတိဂုံသည်လည်း စေတီပုံစံဖြစ်ပါသည်။ ဂူဘုရားမှာ အတွင်းသို့ ဝင်နိုင်ပါသည်။ စေတီကား မဝင်နိုင်ပါ။ ယင်းတွင်လည်း

ခေတ်ဦး ခေတ်လယ် ခေတ်နှောင်းဟူ၍ သုံးမျိုးရှိပါသည်။ ခေတ်ဦးပုံသည် အထက်သို့ ရှူးချွန်သော ထုချွန်ပုံ ဖြစ်ပါသည်။ ထို့ပြင် ဆပဒစေတီကဲ့သို့ သီဟိုဠ်ပုံလည်းရှိ၍ အောက်ခံဖိနပ်တော်ကို ငါးထောင့်ပြုသော ဓမ္မရာဇိကာ ကဲ့သို့ ပုံတစ်မျိုးလည်း ရှိပါသည်။

ထို့ပြင် ပုထိုးဟူသော ဘုရားပုံစံတစ်မျိုးလည်း ရှိပါသည်။ ဌာပနာ ရန်အတွက် ရွှေငွေ ဆင်စွယ် စန္ဒကူးတို့နှင့် ပြုလုပ်သော စေတီငယ်တို့ကို ပုထိုးဟု ခေါ်ကြောင်း အချို့က ယူဆကြပါသည်။

ရဟန်းတို့အတွက် ကျောင်းများ ဆောက်လုပ်ကြပါသည်။ ယင်းတို့ကို အုတ်နှင့် ဆောက်လျှင် ကုလားကျောင်းဟု ခေါ်ပါသည်။ ကျောင်းနှင့်တွဲလျက် သိမ်၊ ပိဋကတ်တိုက်၊ ဓမ္မသာ(ဓမ္မာရုံ)၊ တန်ဆောင်း၊ ဇရပ်၊ ကပ္ပိယကုဋီတို့ ဆောက်လုပ်ကြပါသည်။

အချုပ်ဆိုသော် ပုဂံဗိသုကာဆရာတို့သည် မိမိ တည်ဆောက်သော စေတီကို မြင့်မားသော အဆင်းသဏ္ဌာန်ရအောင် ကြိုးစားခဲ့ကြပါသည်။ ပုဂံ ဘုရားများနှင့် ဥရောပမြောက်ပိုင်း ဂိုသစ်ဘုရားကျောင်းတို့ အထူးဆင်သည် ဟု ပါမောက္ခ လုစ်က ဆိုပါသည်။ ဆင့်ကဲ ဆင့်ကဲ မြင့်တက်သွားပုံကို လည်မော့၍ မျက်စိတစ်ဆုံး ကြည့်ရပါသည်။ ဖိနပ်တော်မှစ၍ ဖောင်းရစ် ဖောင်းလိပ်တို့တွင် ကြာရိုးကြာစွယ်တို့ လိမ်ယှက်လျက် ရှုမငြီးအောင် အပြောက် အကွက်ဖော်ကာ မြင့်မားကျော်တက်၍ ဖူးပွင့်ဟန်ကို မြင်နိုင်၊ ခံစားနိုင်သည် ဟူ၍လည်း ချီးကျူးကြပါသည်။ အထက်မှ မိုး၍နေပုံကို ထင်ရှားအောင် အတွင်းအပြင် မုခ်ချွန်းကို သုံးသည်။ တံခါးနှင့် ပြတင်းပေါက်တိုင်း၌ ပေါင်းကူးတွင် အလျှံပြောင်ပြောင်တောက်သော မီးညွန့်များသဖွယ် ခိုမြီး ထောင်သည်။ ပစ္စယာ အဆင့်ဆင့်တွင် စေတီငယ် ရံသည်။ အထက်စေတီကြီး ကား ဟိန္ဒူပုံစံမှ ဆင်းသက်လာသော ခေါင်းလောင်းပုံဖြစ်၍ အောက်ခံ လေးထောင့်ပုံကို အထက်သို့ ဝိုင်းတက်အောင် ဖြေယူရာ၌ ပြေပြစ်တင့်တယ် သည်ဟု ပညာရှင်တို့က ချီးကျူးကြပါသည်။

ဤတွင် ပုဂံဗိသုကာဆရာတို့၏ ခေတ်သဘော မလွန်ဆန်နိုင်ပုံကို ဆရာဇော်ဂျီက ဤသို့ ရေးသားဖော်ပြခဲ့ပါသည်။

'ရှင်အရဟံနှင့် အနော်ရထာမင်းကြီးတို့ ဦးဆောင်၍ ပုဂံသားတို့ ဝိုင်းကာသိုင်းကာ ရွှေစည်းခုံကို တည်ကြသည်။ ထို့နောက် ကျန်စစ်သားက

ဆက်၍တည်သည်။ ရွှေစည်းခုံသည် စေတီပုံဘုရားဖြစ်သည်။ စေတီ၏ အင်္ဂါ
သို့ညွှတ်ရန်ကား ပန်းတင်ခုံ၊ သပိတ်မှောက်၊ ကြာမှောက်၊ ကြာလန်၊ ချရားသီး၊
ငှက်ပျောဖူး၊ ထီး၊ ငှက်မြတ်နား၊ စိန်ဖူးတို့ ပါရှိရမည်။ ထိုအင်္ဂါတို့သည်
ရွှေစည်းခုံ၌ ပါရှိသည်။ ထို့ကြောင့် သပ္ပာယ်လှပေသည်။ သို့သော် ရွှေစည်းခုံ၌
ခေတ်၏ ထူးခြားချက်တစ်ခု ထင်ဟပ်နေသည်။ ယင်းမှာ အခြားမဟုတ်၊



ပြည့်ဖြိုးသောမုခ်ဦး ခြသေ့ရုပ်နှစ်ခုပင်ဖြစ်သည်။ မုခ်ဦးခြသေ့သည် ခွန်အား
ကြီးသည်။ ကြံ့ခိုင်သည်။ ထက်မြက်သည်။

'ရွှေစည်းခုံကိုတည်သော မင်းနှစ်ပါးလက်ထက် ပုဂံနယ်နိမိတ်သည်
ကျယ်ပြန့်လာသည်။ ဗုဒ္ဓသာသနာတော်ကို တစ်နိုင်ငံလုံး ပထမအကြိမ်
ခံယူလာသည်။ တိုင်းသူပြည်သားတို့သည် နိုင်ငံရေးစိတ်ဓာတ်၊ သာသနာရေး
စိတ်ဓာတ် တက်ကြွနေကြသူများ ဖြစ်သည်။ မင်းနှစ်ပါးသည် ထိုအရေးကို
တညီတညွတ်တည်း ဖြစ်အောင် ဆောင်ရွက်နေကြသူများဖြစ်သည်။ ထို့ကြောင့်
မုခ်ဦးခြသေ့ရုပ် ပြည့်ဖြိုးခြင်း၊ ခွန်အားကြီးခြင်းတို့သည် ခေတ်သဘောကို

ရာပြည့်စာအုပ်တိုက်

လည်းကောင်း၊ တိုင်းသူပြည်သားတို့၏ သဘောကို လည်းကောင်း၊ ထိုမင်းနှစ်ပါး၏ သဘောကိုလည်းကောင်း မလွန်ဆန်နိုင်သော ဗိသုကာဆရာတို့၏ လက်ရာကြောင့် ဟူ၍ ဆိုနိုင်သည်။ ရွှေစည်းခုံစေတီ၏ ပုံတော် ကြံ့ခိုင်ခြင်း၊ ထက်မြက်ခြင်း၊ တက်ကြွ အားရဖွယ် ဖြစ်ခြင်းတို့သည်လည်း ထိုသို့သော ဗိသုကာဆရာတို့၏ လက်ရာကြောင့်ဟူ၍ပင် ဆိုနိုင်သည်။

'ရွှေစည်းခုံကို ဇရာဝတီမြစ်ကမ်းပါး၌ တည်ထားသည်။ ရွှေစည်းခုံကို အညာအကြေ အဝေးအလံ အရပ်မှ ဖူးမြင်နိုင်သည်။ ရွှေစည်းခုံ ခြေတော်ရင်း အရပ်လေးမျက်နှာ၌ ခြင်္သေ့ရုပ် နှစ်ရုပ်စီ အစောင့်ထားသည်။ ရွှေစည်းခုံသည် နိုင်ငံ့အင်အားကို ပြထားသည်နှင့်တူသည်။

'အာနန္ဒာကား ကျန်စစ်သားမင်းကြီး တည်သော ဂူဘုရားဖြစ်သည်။ အာရုံခံမုခ် လေးခုရှိသည်။ ပစ္စယာအဆင့်ဆင့်တင်၍ စေတီပေါက်ထားသည်။

'အာနန္ဒာဘုရားတည်သူ ကျန်စစ်သားမင်းကြီးသည် ဘုရားဖူးတို့အား တန်ဆောင်းမ အထက်၌ ပေါက်ထားသော စေတီတော်ကို မော်ဖူးစေလိုဟန်တူသည်။ တန်ဆောင်းမ အတွင်းသို့ ဝင်ဖူးလျှင် လေးမျက်နှာ၌ မတ်ရပ် ဆင်းတုတော် တစ်ဆူစီ တည်ထားသည်။ ဘုရားဖူးအား မတ်ရပ်ဆင်းတုတော်ဆီသို့ ဖြောင့်ဖြောင့် တန်းတန်း ရောက်စေ၍ မတ်ရပ်ဆင်းတုတော် ခြေရင်း၌ မာန်ကို လျှော့ချစေလိုဟန် တူသည်။ ထိုသဘောကို ဗိသုကာဆရာတို့ အရအမိယူကာ တည်သည်။



'ပုဂံသား ဗိသုကာဆရာတို့ကား အစွမ်းထက်မြက်ကြပါသည်။

'ထိုမှတစ်ဖန် ရွှေတိဂုံ စေတီတော်၏ ပြေပြစ်ပုံ၊ နွဲ့နှောင်းပုံ၊ စိတ်ချမ်းမြေ့စေပုံတို့ကို ဆင်ခြင် သုံးသပ်နိုင်ပြန်သည်။ ရွှေတိဂုံကို တည်သောခေတ်သည် မြန်မာနိုင်ငံ အကြေအရပ်တွင် စစ်မက် မရှိသောခေတ် ဖြစ်သည်။ တိုင်းသူပြည်သားတို့ စိတ်အေးလက်အေး နေကြရသောခေတ် ဖြစ်သည်။ ယခုခေတ် ဉာဏ်တော်နီးပါးအထိ ဦးဆောင်၍ မွမ်းမံတည်ဆောက်သူတို့သည် ဟံသာဝတီမင်း ဗညားကျန်းနှင့်ဟံသာဝတီ ထီးနန်းကို စွန့်ပြီးနောက် ဟံသာဝတီ နေပြည်တော်မှ ဒဂုန်ကျေးသို့ကြွလာ၍ တရားဘာဝနာ နှင့် ငြိမ်းချမ်းစွာ နေလိုသော ဘုရင်မရှင်စောပုတို့ ဖြစ်သည်။ ရွှေတိဂုံ၏ပြေပြစ်ခြင်း၊ နွဲ့နှောင်းခြင်း၊ ချမ်းမြေ့ဖွယ် ဖြစ်ခြင်းတို့သည် ထိုခေတ်၏သဘောကို လည်းကောင်း၊ ထိုတိုင်းသူပြည်သားတို့၏ သဘောကိုလည်းကောင်း၊ ထိုမင်းတို့၏ သဘောကို လည်းကောင်း မလွန်ဆန်နိုင်သော ဗိသုကာဆရာတို့၏ လက်ရာကြောင့်ဟူ၍ ဆိုနိုင်သည်။'

ဤသို့ဖြင့် မြန်မာဗိသုကာဆရာတို့သည် ကမ္ဘာ့အံ့ဖွယ်တို့တွင် ပါဝင်သည့် လက်ရာကျော်တို့ကို တည်ဆောက်ခဲ့ကြလေသည်။

၈

ယခုအခါ ကမ္ဘာ အရပ်ရပ်တွင် စက်မှုအတတ်သည် ဖွံ့ဖြိုးနေသည်။ စက်မှုအတတ် စက်အကူအညီကြောင့် လူသုံးပစ္စည်းတို့ကို မြန်မြန်ဆန်ဆန် ပြုလုပ်နိုင်သည်။ အံ့ဖွယ်သရဲ အရာတို့ကိုလည်း ပြုလုပ်နိုင်သည်။ စက်မှု အတတ်သည် လက်မှုပညာနေရာကို အစားဝင်၍ နေရာယူနေပြီ။ ဤသည်မှာ တစ်နည်းအားဖြင့် ကြည့်လျှင် မလိုလားအပ်သည့် ကိစ္စတစ်ရပ်ဟု ဆိုသင့်သည်။ အကြောင်းကို ဆိုဦးမည်။ လူသည် အားလပ်ချိန် ရသည့်အခါ မိမိလက်ဖြင့် အရာဝတ္ထု ပစ္စည်းအသုံးအဆောင်များကို ပြုလုပ်ခြင်းဖြင့် ကျေနပ်နှစ်သိမ့်ကာ ပီတိဖြစ်နေတတ်သည်။ စက်ပေါ်လာသဖြင့် ဤအခွင့်အရေးသည် ဆုံးရှုံးသွားသည်ဟု တစ်နည်းဆိုနိုင်သည်။

လူသည် တီထွင် ဖန်တီးတတ်သည့် သတ္တဝါဖြစ်သည်။ တွေးခေါ် စဉ်းစား၍ ရသမျှ (ဝါ) စိတ်ကူးဉာဏ်တွင် ပေါ်လာသမျှကို လူသုံးပစ္စည်းတို့ ပြုလုပ်ခြင်းဖြင့် တီထွင်မှုအလေ့ကို ရလာခဲ့သည်။ တီထွင်ဖန်တီးရန်လည်း အခြေအနေ အရပ်ရပ်က လူကို စေ့ဆော်နေသည်။ သို့သော် စက်မှုလုပ်ငန်း

ပေါ်လာသဖြင့် ထိုတီထွင်ဖန်တီးမှုတို့ကို ဖိနှိပ်ချိုးနှိမ်ထားရမည်ကဲ့သို့ ဖြစ်နေသည်။ သို့ချိုးနှိမ်ထားမည်ဆိုလျှင် တစ်ဖက်တစ်လမ်းက ထွက်ပေါက်ရှာလိမ့်မည်။ အပြုကိုဖိနှိပ်လျှင် အဖျက်ဘက်သို့ ခြေဦးလှည့်သွားလိမ့်မည်။ ထိုအခါ လူတို့ ပြုလုပ်တည်ဆောက်ခဲ့သည့် အလှအပ၊ အယဉ်အကျေး အရာမှန်သမျှကို ဖျက်ဆီးလိမ့်မည်။

ကျွန်တော်တို့ သတိချပ်စရာ နောက်တစ်ချက်ရှိသေးသည်။ စက်အကူအညီဖြင့် ပြုလုပ်သည့် အရုပ်များမှာ များသောအားဖြင့် အနုပညာ လက်ရာမမြောက်ကြ။ အကြမ်းထည်မျှသာ ဖြစ်လာသည်။ သို့ရာတွင် အနုပညာရှင်သည် စက်မှုလုပ်ငန်း အထက်စီးရနေသဖြင့် မိမိပညာကို စွန့်လွှတ်လိုက်သည်။ တစ်ခါတစ်ရံ မိမိဘာသာ ကြည်နူးရန်သာ အနုပညာလက်ရာကို ဖန်တီးပြုလုပ်တော့သည်။ သို့တည်းမဟုတ် မိမိမိတ်ဆွေ အပေါင်းအသင်း အနည်းငယ်အတွက်သာ ဖန်တီးပြုလုပ်လေသည်။ ပန်းချီဆရာကလည်း သူ့လက်ရာ၊ သူ့အနုပညာသဘောကို နားလည်ခံစားနိုင်သည့် မိတ်ဆွေအတွက်သာ ရေးဆွဲပေးတော့သည်။ ဤသို့ဖြင့် လူတွင်ကိန်းအောင်းနေသည့် အနုပညာဗီဇသည် ငုပ်လျှိုးရပ်တန့်သွားနိုင်သည်။ အခြားဆင်ခြင်ဖွယ် တစ်ချက်လည်း ရှိသေးသည်။ စက်ရုံအလုပ်သမား ဆိုသည်မှာ စာပေသင်ကြားရန် အချိန်မရှိသော ဆင်းရဲသားပညာမဲ့ဖြစ်သည်။ ထို့အတူ တောသူတောင်သားဖြစ်သည့် လယ်သမားသည်လည်း စာပေသင်ကြားခွင့် မရသည့် ပညာမဲ့ဆင်းရဲသားသာဖြစ်သည်။ သူတို့သည် ဆေးရောင်လွင်လွင်နှင့် ခြယ်ထားသော ရုပ်ရှင်မင်းသား မင်းသမီးတို့၏ ရုပ်ပုံများကိုသာ ကြိုက်နှစ်သက်လာကြသည်။ သို့မဟုတ်လျှင်လည်း နိုင်ငံရေးသမား၏ ရုပ်ပုံကိုကြည့်ကာ နံရံတွင်ချိတ်ဆွဲ၍ ကြည်ညိုကိုးကွယ်တော့သည်။ တကယ့်ဘဝနှင့် ကင်းလွတ်ကာ အမှောင်တွင်သာ ကျက်စားသည့် သဘောသည် ဆေးရောင်လွင်လွင် ခြယ်ထားသည့် ဓာတ်ပုံပညာကဲ့သို့ ငြီးငွေ့ဖွယ် ကောင်းလှသည်။ မကောင်းသည့် အလားအလာ အနိဋ္ဌာရုံဘက်သို့ ဦးတည်နေသော အလားအလာပင်ဖြစ်သည်။ လူသည် မိမိခံစားရမှုကို နားလည်ပြီးလျှင် လူ့သဘာဝ၊ လောကသဘာဝ၏ အားပြိုင်မှုသဘော၊ ဆန့်ကျင်ဘက်သဘောကို ခြေခြေမြစ်မြစ် သိနားလည်ကာ ယင်းတို့ကို နှလုံးသားက ခံစားရသမျှ ဦးနှောက်က ရသည့် အသိဉာဏ်ဖြင့် ယှဉ်၍ဖော်ပြရန် ကြိုးစားနိုင်ရမည်။ ဤသည်သာလျှင် အနုပညာ၏သဘော

မှန် ဖြစ်သည်။ ယနေ့ ကျွန်တော်တို့ကမ္ဘာတွင် အနိဋ္ဌာရုံများ ကြီးစိုးနေဆဲဖြစ်သည်။ ဆင်းရဲခြင်း၊ အနာရောဂါ ထူပြောခြင်း၊ ငတ်မွတ်ခြင်း၊ မညီမမျှခြင်းတို့ သာလျှင် ခေတ်၏ပြယုဂ်များ ဖြစ်နေသည်။ သာယာစိုပြည်သည့် လောကကို ဖန်တီး၍ရနိုင်သည့် နည်းလမ်းများကား ရှိပါသည်။ ဖွံ့ဖြိုးထွန်းကားခဲ့သည့် လူတို့၏ အနုပညာ လက်ရာများကို ကြည့်မည်ဆိုလျှင် လူသည် အခက်အခဲ အမျိုးမျိုး၊ ဒုက္ခအဖုံဖုံတို့ကို ကျော်လွှားအောင်နိုင်ကာ စည်ပင်ဝပြောသာယာသည့် ဘဝကို မည်သို့ ထူထောင်ခဲ့ရကြောင်း သိသာနိုင်ပါသည်။ သို့ဖြစ်လျှင် အိုးအိမ်တို့ကို တည်ဆောက်သည့် ဗိသုကာကျော်များ၊ ပန်းချီကားများကို ရေးခြယ်သည့် ပန်းချီကျော်များ၊ ကျောက်ဆစ်တို့ကို ထုထွင်းသည့် ကျောက်ဆစ် သမားများသည် ပျော်ရွှင်အေးချမ်းသည့်ဘဝ၊ လူနှင့် တကယ်တူသည့် ဘဝမျိုးတို့ကို တည်ဆောက်ရာ၌ များစွာ အကူအညီ ပေးနိုင်သူများ၊ ပေးခဲ့သူများ မဟုတ်ပါလား။

## အခန်း ၈

## စကားလုံးများနှင့် ဝေါဟာရများ

၁

"ကျွန်တော်တို့ ယနေ့ ပြောဆိုသုံးစွဲနေကြသည့်စကား သို့မဟုတ် ဘာသာစကားတို့မှာ သားရိုင်းတိရစ္ဆာန်များ အော်ဟစ်မြည်ကြွေးသံထက် အနည်းငယ်မျှသာ သာယာနာပျော်ဖွယ်ရှိသည်"ဟု အမေရိကန် ကဗျာဆရာကြီးဟော်သွန်ဆိုသူက ပြောခဲ့ဖူးသည်။

သို့ရာတွင် ကျွန်တော်တို့ နေ့စဉ်ပြောဆိုသုံးစွဲနေသည့် စကားလုံးများမည်သို့ ဖြစ်ပေါ်လာသည်ကို ခြေခြေမြစ်မြစ်သိသူ မရှိဟု ဆိုရမည်။ ဤကိစ္စနှင့်ပတ်သက်၍ မှန်းဆချက် အမျိုးမျိုးသာ ပေါ်ထွက်ခဲ့သည်။

ဟော်သွန်၏ အဆိုအမိန့်ကို 'ဝုတ်ဝုတ်'သဘောတရားဟု ခေါ်ကြသည်။ ခွေးတစ်ကောင် ဟောင်သည် ဆိုကြပါစို့။ သူ၏ ဟောင်သံသည် 'ဝုတ်ဝုတ်' ဖြစ်သည်။ ထိုအခါ လူက ခွေးကို 'ဝုတ်ဝုတ်'ဟု ခေါ်သည်။ သို့ရာတွင် ဤအယူဝါဒ၌လည်း အခက်တစ်ခု တွေ့ရပြန်သည်။ ကျွန်တော်တို့မြန်မာနား၌ ကြားရသော သေနတ်သံမှာ 'ဒိုင်း'ဟူ၍ ဖြစ်ငြားလည်း အင်္ဂလိပ်တစ်ယောက်၏ နားတွင်မူ 'ဗန်း'ဟုသာ ကြားရသည်။

'ဒင်ဒေါင်'မည်သော အခြားသဘောတရားတစ်ခု ရှိသေးသည်။ ယင်းမှာ ဘုရားသခင် မိန့်ဆိုသမျှ အသံကို အနက်အဓိပ္ပာယ် ဖော်ပေးသည့်ဆက်သွယ်မှုတစ်ခု ရှိသည်ဆိုသည့် သဘောတရားပင်ဖြစ်သည်။ ထာဝရဘုရား

သခင် ရှိသလား၊ မရှိဘူးလား ဆိုသည့် ပြဿနာမှာ ရေရာသေချာလှသည် မဟုတ်ရကား ယင်းနှင့် ပတ်သက်၍ အထူးဆိုဖွယ် မရှိတော့ပြီ။

အခြား သဘောတရားတစ်ခုမှာ ဘာသာစကားဟူသည် အံ့သြခြင်း၊ ကြောက်လန့်ခြင်း၊ ဝမ်းသာခြင်း၊ နာကျင်ခြင်းတို့ကြောင့် အော်ဟစ်ရာမှ ပေါ်ပေါက်လာသည် ဟူ၍ဖြစ်သည်။ ဤသဘောသည် 'ယိုဟီးဟို'ဟု ခေါ်သည့် သဘောနှင့် နီးစပ်သည်။ 'ယိုဟီးဟို'သဘောတရားအရဆိုလျှင် လူတို့သည် အလေးအပင်ကို မ သည့်အခါ အော်ဟစ်ကာ ညာသံပေးသည်။ ဤသည်မှ စကားလုံးများဖြစ်လာသည်ဟု ဆိုသည်။

'ယိုဟီးဟို'သဘောတရားသည် 'သီချင်းဆို'သည့် သဘောတရားနှင့် နီးစပ်သည်။ ယင်းမှာ လူတို့သည် အမဲလိုက်ဇာတ်တိုက်ရာတွင် ဂါထာမန္တရားများ ရွတ်ဖတ်ရာမှ ဘာသာစကား ဖြစ်လာသည် ဟူ၏။

ထို့ပြင် ဘာသာစကားဟူသည် သဘာဝတရားတစ်ခုပင် ဖြစ်သည်။ အလိုအလျောက် ပေါ်လာသည် ဟူသော အယူ၊ တစ်ဖန် ဘာသာစကား ဆိုသည်မှာ မှုသားပြောရန် တီထွင်ရာမှ ဖြစ်ပေါ်လာသည့် အလေ့အထတစ်ခုပင် ဖြစ်သည်ဟူသော အယူတို့လည်း ရှိသေးသည်။

သို့ရာတွင် မုချမှန်ကန်ချက် တစ်ခုကားရှိသည်။ ယင်းမှာ ဘာသာစကားသည် နေရာအမျိုးမျိုး၊ ဒေသအမျိုးမျိုးတွင် ခေတ်အဆက်ဆက် ပြောင်းလဲနေသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ 'သမင်က ဟောက်၊ ဂျီကတောက်၍၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေ'စဉ် လူသည်လည်း ခေတ်အဆက်ဆက် ကျော်လွှားရင်း စကားပြောဆိုပုံ ပြောင်းလဲလာခဲ့သည်။ ဤသည်မှာ ဘာသာစကားဟူသည် လူ၏ပြုမူလှုပ်ရှားပုံကို ဖော်ပြသည့် ကိစ္စပင်ဖြစ်သောကြောင့်တည်း။ လူတို့၏အပြုအမူ အနေအထိုင်တို့သည် ခေတ်အဆက်ဆက်တွင် ပြောင်းလဲလာခဲ့ရာ ဘာသာစကားသည်လည်း ပြောင်းလဲလာခဲ့ရသည်။ လူတို့သည် တစ်နေရာတည်းတွင် နေထိုင်သည့်အခါ အပြောင်းအလဲ နည်းပါးသည်ကို တွေ့ရသည်။ သို့ရာတွင် တစ်နေရာမှ အခြားဒေသများသို့ ခြေသလုံးအိမ်တိုင် လှည့်လည်သည့်အခါ စကားလုံးသစ်များ၊ ဝေါဟာရသစ်များ၊ ပြောပုံပြောနည်းအသစ်များကို တွေ့လာရသည်။ ကာလရွေ့လျောလာသည်နှင့်အမျှ ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်သည်လည်း သိသိသာသာပင် ပြောင်းလဲလာသည်။ ပုံစံဆိုလျှင် အိန္ဒိယတိုင်းသားတို့သည် သက္ကတဘာသာကို ရှေးက

ပြောခဲ့သည်ဆိုသော်လည်း ယခုအခါ ယင်းဘာသာကို နားမလည်တော့ဘဲ ဟိန္ဒူစတန်နီကိုသာ ပြောကြသည်။ ကျွန်တော်တို့ မြန်မာများသည် ရှေးအခါက ပါဠိနှင့် မြန်မာစကားကို ပြောခဲ့သော်လည်း ယခုအခါ မြန်မာမဆန်ဘဲ အင်္ဂလိပ်တစ်ဝက်၊ မြန်မာတစ်ဝက် စကားကို ပြောနေကြပြီ။ ပုံစံဆိုလျှင် အစည်းအဝေးထိုင်သည်ဟူသော အသုံးအနှုန်း၊ စားမေးပွဲထိုင်သည်ဆိုသော အသုံးအနှုန်းတို့ဖြစ်သည်။

ရှေးအကျဆုံး လူ့အနွယ်တို့ သီချင်းသီဆိုရာမှလည်းကောင်း၊ အော်ဟစ်မြည်တမ်းရာမှလည်းကောင်း စကားလုံးများ ဖြစ်ပေါ်လာသည်ဟူသော အဆိုအမိန့်ကို လက်ခံသည် ဆိုသည့်တိုင်အောင်ပင် ဘာသာစကားစစ်စစ်၊ မည်သည့်အချိန်က ပေါ်လာသည်ကို ကျွန်တော်တို့ သေချာစွာ မပြောနိုင်သေး။ ပြောစကားကို စာအဖြစ် အရေးအသား အက္ခရာမတင်မီ နှစ်ပေါင်း ထောင်ပေါင်းများစွာ ကြာသည့် ကာလကပင် ပြောဆိုနေကြပြီ ဟုသာ အကြမ်းအားဖြင့် မှတ်ယူရန် ရှိလေသည်။

၂

တိုက်ဂရစ် မြစ်ဝှမ်းဒေသနှင့် ယူဖရေးတီ မြစ်ဝှမ်းဒေသ အကြားတွင် တည်ရှိသော မိုဟင်ဂျိုဒါရိုမြို့တော်၌လည်းကောင်း၊ ဆူမားရီးယား၌ လည်းကောင်း ဘာသာစကား ပေါ်နေပြီဟူသည့် အဦးဆုံး အထောက်အထားတို့ကို တွေ့ရသည်။ ဤယဉ်ကျေးမှု နှစ်ခေတ်မှာ တစ်နည်းတစ်ဖုံ ဆက်သွယ်နေသော ယဉ်ကျေးမှုကြီးများ ဖြစ်ကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်း လေးထောင်လောက်က ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ခရစ်မပေါ်မီ အနှစ် ၃၀၀၀ ခန့်က ဘေဘီလုံမြို့သားတို့နှင့် ဆီးရီးယန်းတို့ ပြောဆို သုံးစွဲသည့် ဘာသာစကား အထောက်အထားတို့ကို တွေ့ရပြန်သည်။

ထို့နောက် ခရစ်မပေါ်မီ နှစ်ပေါင်း ၂၀၀၀ တွင် အီဂျစ်ပြည်နှင့် တရုတ်ပြည်တို့၌ စာပေအရေးအသားတို့ကို တွေ့ရသည်။

ယင်းတို့နောက်တွင်ကား အထောက်အထားတို့ များပြားလာသည်။ တဆက်တစပ်တည်းရှိလာသည်။ ထိုအခါကစ၍ အရင်းခံဘာသာစကားကြီးများမှ အစွယ်အပွား ဘာသာစကား အမျိုးမျိုးတို့ ပေါက်ဖွားလာပုံကို သိရှိလာရသည်။

သို့ဖြစ်လျှင် ရှေးအကျဆုံး အရေးအသား အချို့ကို ကျွန်တော်တို့ လေ့လာကြစို့။


## ၃

ပါးစပ်က ထွက်သော အသံကို စာအဖြစ် ရေးချသည်ကို တွေ့ရသည့်အခါ ထူးဆန်းအံ့ဩဖွယ်ပင် ဖြစ်သည်။

အစဦးတွင် ပြောချင်သည့်သဘောကို ကျောက်ပေါ်၌ ဖြစ်စေ၊ ရွှံ့ပေါ်၌ ဖြစ်စေ၊ သစ်ပင်၌ ဖြစ်စေ အမှတ်အသားများ ရေးခြစ်ခြင်းပင် ဖြစ်ဟန်တူသည်။ ထိုအမှတ်အသား သင်္ကေတများသည် ပြောစကားများ မဟုတ်သော်လည်း ဆိုလိုသည့် သဘောကို တစ်ဆင့် သိနားလည်စေနိုင်ဟန် တူသည်။ ပုံစံဆိုလျှင် ယာဉ်မှတ်တိုင်များ၌ လေးနှင့်မြားကိုတွေ့ရလျှင် အမဲလိုက်မုဆိုး၏ တကယ့်လေးနှင့်မြားအဖြစ် မတွေးတော့ဘဲ သွားရမည့် အရပ်မျက်နှာကို ညွှန်ပြသည့်သဘောဖြစ်ကြောင်း နားလည်သည်။ ထို့ပြင် လမ်းဘေး၌ လက်တစ်ချောင်း ထောင်ထားသည့် အမှတ်အသားကို တွေ့လျှင် တကယ့်လက်အဖြစ် မယူဘဲ ရပ်တန့်ရမည့် သဘောကို နားလည်သည်။ ရှေးနှစ်ပေါင်းများစွာက လူတို့သည် ဤနည်းဖြင့် သူတို့ ပြောလိုသည့် သဘောကို အမှတ်အသားများ၊ သင်္ကေတများ၊ ရုပ်ပုံများဖြင့် ပြောပြဟန်တူသည်။

ရှေးဟောင်း အီဂျစ်လူမျိုးတို့သည် ရုပ်ပုံများကို အသုံးပြုကာ ပြောဆိုလိုသည်ကို ဖော်ပြသည်။ သို့ရာတွင် အီဂျစ်သားတို့ စကားပြောသည့်အခါ မည်ကဲ့သို့ အသံထွက်သည်ကိုမူ ကျွန်တော်တို့ မသိရ။ မှန်းဆရုံသာ တတ်နိုင်သည်။

တရုတ်တို့ အသုံးပြုသည့် ရုပ်ပုံသင်္ကေတများမှာ နားလည်ရ လွယ်သည်။ သို့ရာတွင် ယခု မျက်မှောက်ခေတ်၌ကား တရုတ်စာပေ အရေးအသားသည် ရုပ်ပုံအဖြစ်မှ ရှုပ်ထွေးသည့် ပုံသဏ္ဌာန်များ အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီ။



တရုတ်တို့သည် ရှေးအခါက ကလေးရုပ်ကို ဤသို့ရေးသည်။



ယခု ဤသို့ ဖြစ်နေပြီ။



တရုတ် တို့သည် ရှေးအခါက တောင်ကို ဤသို့ ရေးသည်။



ယခု ဤသို့ ဖြစ်နေပြီ။

ရှေးက တရုတ်တို့၏ 'မြင်းရုပ်'သည် အဆင့်ဆင့် ပြောင်းလဲလာရာ ယခု ဤသို့ ဖြစ်လာသည်။



ဤရေးနည်းမျိုးကို ဂရိဘာသာစကားတွင် 'အိဒီယိုဂရမ်'ဟု ခေါ်သည်။ အဓိပ္ပာယ်ကား 'သရုပ်ပြစာ'ဟူ၍ပင် ဖြစ်သည်။ ဤနေရာတွင် သင်္ကေတသည် သဘောသရုပ်အတွက်သာပြ၍ အသံထွက်ကို မပြခြင်းကြောင့် ဖြစ်သည်။

ယခု ကျွန်တော်တို့၏ အရေးအသားမှာ တစ်မူဖြစ်သည်။ ကျွန်တော်တို့သည် အသံကို ရေးပြသည်။ ပြောစကားကို ရေးပြသည်။ အသံထွက်ရှိသည့် အက္ခရာများကို ရေးသည်။ သို့သော် ယင်း၌ အနက်မရှိဟု ပညာရှိတို့ မိန့်

ဆိုကြသည်။ ဤရေးနည်းကို အသံထွက်ရေးနည်းဟု ခေါ်ကြသည်။ သို့ပြား လည်း စနစ်ကောင်းကောင်း ယခုတိုင် မရှိသေး။ 'ရေးလျှင်အမှန်၊ ဖတ်လျှင် အသံ'ဟူသော မညီညွတ်သည့် သဘောများ ရှိနေသေးသည်။

အချုပ်အားဖြင့် ဆိုလျှင် ကျွန်တော်တို့ ရေးသားနေကြသည့် စကား လုံး တိုင်းတွင် ထူးဆန်းအံ့သြဖွယ် နောက်ခံဇာတ်ကြောင်းများ ရှိနေသည် ကို သဘောပေါက်နိုင်လောက်ပေပြီ။

၄

ဘာသာစကားသည် တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသည့် သဘော ရှိသည်။ ယခု ကျွန်တော်တို့ ပြောနေသည့် စကားသည်လည်း ကူးလူး ဆက်ဆံပြုကာ ကျွန်တော်တို့ လူမျိုး၏ နှုတ်အာလျှာတို့သို့ ရောက်လာခြင်း ဖြစ်သည်။ ယခုအခါ ဘာသာစကား အချို့မှာ တိမ်မြုပ် ပျောက်ကွယ်ခဲ့ပြီ။ ကျွန်တော်တို့ မသိသည့် ရှေးအကျဆုံး ဘာသာစကားများလည်း ရှိသေးသည်။ ယင်းမှာ အင်ဒိုဥရောပ ဘာသာစကားစု ဖြစ်သည်။ ထိုဘာသာစကားစုမျိုး ကဲ့သို့ပင် ကြီးမားသောအုပ်စုတစ်ခုရှိသေးသည်။ ယင်းမှာ ကျွန်တော်တို့ ယနေ့ ပြောဆိုနေကြသည့် မြန်မာစကား၏ မိဘဘိုးဘွားဖြစ်သော တိဗက် တရုတ် နွယ်ပင်ဖြစ်သည်။ အင်ဒိုဥရောပ ဘာသာစကား၏ မြစ်ဖျားခံရာသည် အာရှ တိုက်အလယ်ပိုင်းဖြစ်သည်။ ထိုဒေသတွင် နေထိုင်ကြသည့် လူမျိုးစုတစ်စု သည် ဒေသအသီးသီးသို့ ဖြန့်ကာ ရွှေ့ပြောင်းနေထိုင်ကြဟန်တူသည်။ ယင်း လူမျိုးစုကို အာရိယန်ဟု ခေါ်သည်။ အချို့သည် ဥရောပဆီသို့ ရွှေ့သွားသည်။ အချို့ကား အီရန်နှင့် ဗောလတစ် ပင်လယ်ကမ်းခြေမှတစ်ဆင့် အိန္ဒိယပြည် သို့ရောက်လာသည်။ အင်ဒိုဥရောပ ဘာသာစကားတွင် သက္ကတ၊ ဂရိ၊ လက် တင်တို့ ခွဲထွက်လာသည်။ ဤဘာသာစကားများတွင် တူညီသော ဝေါဟာရ များရှိသည်။ ပုံစံဆိုလျှင် နှင်း၊ ထင်းရှူး၊ မြင်း၊ ဝက်ဝံ၊ ဆံပင်၊ ဝံပုလွေ၊ ကြေးနီနှင့် သံတို့ဖြစ်သည်။ သို့ဖြစ်ရာ ထိုစကားတူများ ပြောသည့် လူမျိုးစု တို့သည် ကြေးနီခေတ်၊ သံခေတ်ဖြစ်သည့် ခရစ်မပေါ်မီ ၂၅၀၀ ခန့်တွင် နေထိုင်ကြသူများဟု ဆိုနိုင်သည်။

တိဗက်တရုတ်ဘာသာစကားမျိုးစုသည် ဧကဝဏ္ဏဘာသာဖြစ်သည်။ စကားတစ်လုံး အသံတစ်ချက်ထွက်သော ဘာသာစကား ဖြစ်သည်။ တရုတ်

တိဗက်အနွယ်တွင် မွန်၊ ကရင်၊ ရှမ်းတရုတ်၊ ယိုးဒယား၊ တရုတ်၊ တိဗက်၊ မြန်မာတို့ ပါဝင်သည်။ တိဗက် မြန်မာမျိုးခွဲက ဖြာ၍ထွက်သော ဘာသာစကား တို့မှယနေ့ ကျွန်တော်တို့ ပြောဆိုနေသည့် မြန်မာစကား ခွဲထွက်သည်။ မြန်မာအစုတွင် တောင်ရိုး၊ အင်းသား၊ ထားဝယ်၊ ရခိုင်၊ ဓနုဘာသာတို့သည် မြန်မာဘာသာနှင့် အလွန်နီးစပ်လေသည်။

ပြောစကားနှင့် အက္ခရာတင်ခြင်း အကြားတွင် ကာလအတန်ကြာ ခြားနေသည်ဟု ယူဆနိုင်ရန် အကြောင်းများရှိသည်။ အိန္ဒိယတိုင်းရင်းသား တို့ ရေးအခါက သီဆိုကြသည့် ဓမ္မသီချင်းများသည် ဗေဒကျမ်းဝင် ဖြစ်သည်။ သို့သော် ယင်းတို့ကို စာအဖြစ် အက္ခရာတင်သည်မှာ နှစ်ပရိစ္ဆေဒ ကွာခြား လှသည်။ သီချင်းတို့ကို အဖေမှ သား၊ သားမှ မြေး မြစ်တို့က ဆက်ခံကြ သဖြင့်သာ မပျောက်ပျက်ခြင်းဖြစ်သည်။

မြန်မာဘာသာကို အက္ခရာ တင်သည်မှာ ပုဂံခေတ်တွင် ဖြစ်သည်။ မြန်မာတို့သည် စာပေ အရေးအသားကို မွန် တို့ထံမှ ရသည်ဟု ပညာရှိတို့ ယူဆကြသည်။ မြန်မာအက္ခရာသည် အိန္ဒိယပြည် တောင်ပိုင်း ဗြာဟ္မီအရေးအသားနှင့် ဆင် သည်ဟု ဆိုကြ ကုန်သည်။ ယင်းကို မွန်တို့က ရ၍ မွန်ထံမှ တစ်ဆင့် မြန်မာတို့က ယူခြင်း ဖြစ်သည်။ ရှေးဦးစွာ မြန်မာစာကို ပုဂံခေတ်၌ ကျောက် ထက်အက္ခရာတင်သည်။ ယင်းကို ကျောက်စာ ဟု ခေါ်သည်။ မြန်မာတို့သည် မွန်တို့ထံမှ ဘာသာစကား သာမက ယဉ်ကျေးမှု၊ စိုက်ပျိုး ရေးအတတ်နှင့် ဗုဒ္ဓဘာသာတို့ကိုပါ ရခဲ့သည်။ မြန်မာစာပေ အရေးအသားသည် ဗုဒ္ဓဘာသာ စာပေကို အရင်းခံ၍ ဖွံ့ဖြိုးလာရသည်။ ကျောက်ထက်အက္ခရာတင်သော ပုဂံခေတ်၌ ကျောက်စာများတွင် ဘာသာရေးကိစ္စတို့ကို သာ အလေးထား၍ ပြောဆိုခဲ့သည်။ အစော ဆုံးတွေ့ရသည့် ကျောက်စာသည် ကျန်စစ် သား၏ သားတော် ရာဇကုမာ ရေးထိုးသည့်



မြစေတီကျောက်စာခေါ် ဂူပြောက်ကြီး ကျောက်စာပင်ဖြစ်သည်။ ရေးထိုးနှစ်မှာ ခရစ်နှစ် ၁၁၁၂ ဖြစ်သည်။ ယင်း၌ မြန်မာ၊ မွန်၊ ပါဠိ၊ ပျူ ဘာသာလေးမျိုး တွေ့ရသည်။

ထို့နောက် အင်းဝခေတ်တွင် လေးလုံးထပ်ဖြစ်သော ပျို့လင်္ကာ ထွန်းကားလာသည်။ ပုဂံခေတ်နှောင်းကာလမှာပင် ကျောက်စာတို့၌ လင်္ကာအရေးအသားကို တွေ့ရသည်။ ပျို့လင်္ကာတို့၌လည်း လူမှုကိစ္စထက် ဗုဒ္ဓနိပါတ်တို့ကို တစ်ဆင့်ဖောက်သည်ချသည်က များသည်။ ဓမ္မကိစ္စကို အလေးပေးသည်က များသည်။ သို့ရာတွင် အင်းဝခေတ် ပျို့ကဗျာတို့ စပ်ဆိုသည့် စာဆိုအကျော်အမော်တို့ကြောင့် မြန်မာစာပေသည် ဤမျှတိုးတက်လာရသည်ဟု ဆိုသင့်လေသည်။ စတုဓမ္မသာရ ကိုးခန်းပျို့ကို ဖွဲ့ဆိုသည့် ရှင်မဟာရဋ္ဌသာရသည် စာဆိုအကျော်အမော်ဖြစ်သည်။ ထိုအချိန်တွင် မြန်မာပြည်နှင့် သီဟိုဠ်ပြည်တို့ ကူးလူးဆက်ဆံစ ပြုနေပြီ။ ရှင်မဟာရဋ္ဌသာရသည် သီဟိုဠ်ရောက် ဆရာတော်ကြီးများထံမှ နည်းနာခံယူကာ ကဗျာဖွဲ့ဆိုခြင်း အတတ်ကို ရယူသည်ဟု ပညာရှင်တို့ ဆိုကြသည်။ သီဟိုဠ်တွင် ၁၃ ရာစုကတည်းက ဘုရားဟောဇာတ်တော်များကို ကဗျာဖွဲ့ဆိုနေကြလေပြီ။ မြန်မာစာပေ ပေါ်ထွန်းစဖြစ်သည့် ပုဂံခေတ်၌ ပုဂံသားတို့သည် ပါဠိနှင့် သက္ကတတို့ကို ပြောဆိုသုံးစွဲနေကြပြီဖြစ်သည်။ ကျောက်ထက်အက္ခရာ၌ တွေ့ရသမျှတွင် ပါဠိသြဇာလွှမ်းသည့် အရေးအသားတို့ များသည်။

အစောဆုံးတွေ့ရသည့် စကားပြေကျမ်းမှာ အင်းဝစာဆို ရှင်မဟာသီလဝံသ ရေးသည့် ပါရာယန ဝတ္ထုဖြစ်သည်။ ဓမ္မပဒနှင့် အင်္ဂုတ္တိုရ် စသည့် အဋ္ဌကထာများကို မှီးထားသည့်ဝတ္ထုဖြစ်သည်။ အရေးအသား သေသပ်သည်။ ဝါကျတည်ဆောက်ပုံ သေသပ်သည်။ ထို့နောက် ဆယ့်ရှစ်ရာစုနှင့် ဆယ့်ကိုးရာစုတို့တွင် ဘုရားဟော ၅၅၀ နိပါတ်များကို ဇာတ်ဝတ္ထုအဖြစ် ရေးကြသည်။ ပါဠိတစ်ဝက်၊ မြန်မာတစ်ဝက် ရောထွေးသောစာများ ဖြစ်သည်။ ၁၉ ရာစုတွင်ကား ကျီးသဲလေးထပ်ဆရာတော်၏ ဓိနတ္ထပကာသနီသည် ဂန္ထဝင်ကျမ်းဖြစ်လာသည်။ ဦးသြဘာ၏ ဝေဿန္တရာ ဝတ္ထုသည် မြန်မာတို့ ဂုဏ်ယူစရာ အဖွဲ့အနွဲ့ကောင်း ဝတ္ထုဖြစ်လာသည်။

# ၅

ဗုဒ္ဓရှင်တော် ပွင့်တော်မူရာ မဇ္ဈိမဒေသဟု တွင်သည့် အိန္ဒိယပြည်၌ကား စာပေအရေးအသားသည် ကျွန်တော်တို့ထက် စော၍ ဖွံ့ဖြိုးခဲ့သည်။

"အိန္ဒိယပြည်ကြီးရဲ့ အဖိုးအထိုက်တန်ဆုံး ရတနာသိုက်ဟာ ဘာလဲ။ အဖိုးအတန်ဆုံး အမွေအနှစ်ဟာ ဘာလဲလို့ မေးခဲ့ရင် သက္ကတဘာသာစကားနဲ့ သက္ကတစာပေပဲလို့ မဆိုင်းမတွ ဖြေရလိမ့်မယ်"ဟု ကွယ်လွန်သူ နေရူးက ဆိုခဲ့ဖူးသည်။

ဤစကားသည် မှန်သောစကားပင်ဖြစ်သည်။ ဥရောပတိုက်သားတို့၏ စာပေယဉ်ကျေးမှုအရာသည် ကလေးနို့စို့အရွယ်ရှိစဉ်မှာပင် အိန္ဒိယတိုင်းသား တို့သည် ထူးဆန်းအံ့သြဖွယ် အတွေးအခေါ် အယူအဆတို့ကို စာပေအဖြစ် ရေးခဲ့ကြသည်။ ဤသို့ ဖြစ်ခြင်းကြောင့် အရှေ့တိုင်းသားတို့မှာ ဂုဏ်ယူဖွယ် ပင် ဖြစ်လေသည်။

အိန္ဒိယစာပေ အမွေအနှစ်တို့ကို ဆန်းစစ်ကြစို့။

ယင်းတို့အနက် ဗေဒကျမ်းတို့တွင် တွေ့ရသည့် ကဗျာလင်္ကာတို့မှာ သိမ်မွေ့သည့် အဖွဲ့အနွဲ့များ ဖြစ်သည်။ ဥပနိသျှတွင် ကျမ်းပြုဆရာက ပညာဉာဏ်၏ ကြီးမားပုံကို ဖွဲ့ဆိုကာ ပညာနှင့် ယှဉ်သော တရားကို ဟော သည်။ ရာမယနနှင့် မဟာဘာရတ ဇာတ်တော်ကြီးတို့၏ ဖွဲ့နွဲ့ပုံမှာ ဂန္ထဝင် ဇာတ်တော်ကြီးများ၌ကား လူတို့၏ခံစားမှုကို ပိုင်နိုင်စွာ ဖော်ပြသည်။ လူ့ သဘာဝကို သဘောမိအောင် ဖော်ပြသည်။ ဤစာပေအမွေအနှစ်က အိန္ဒိယ တိုင်းသားတို့၏ လူမှုစနစ်ကို ဖန်တီးသည်ဟူ၍လည်း တစ်နည်းဆိုသင့်သည်။

ရိဂဗေဒတွင် ပါရှိသော ကဗျာလင်္ကာတို့သည် အရိုးခံသက်သက်မျှသာ ဖြစ်သည်။ သဘာဝ စွမ်းအားများဖြစ်သည့် လေမုန်တိုင်း၊ မိုးကြိုးမုန်တိုင်း၊ တောကြီး တောင်ကြီး၊ မီး စသည်တို့က လူတို့ကို ချောက်ချားစေခဲ့သည်။ ထိုအခါ လူတို့သည် သီချင်းတို့ကို သီဆိုကုန်ကြသည်။ ထို တောတောင် ရေမြေတို့တွင် ဝိညာဉ်များ ကိုယ်စီရှိသည်ဟု လူတို့ တွေးထင်ကြသည်။ ထို့ကြောင့် စိတ်ကူးတွင် အမျိုးမျိုးသော နတ်၊ ဘုရား၊ အရှင်သခင်တို့ကို ထင်မြင်လာကြသည်။ ရုဒ္ဒရသည် မုန်တိုင်းအရှင်သခင် ဖြစ်သည်။ ဣန္ဒာသည် မိုးနတ်သား ဖြစ်လာသည်။ အဂ္ဂနိသည် မီးနတ် ဖြစ်လာသည်။ သူရိယသည်

နေနတ်သားဖြစ်လာသည်။ သို့ဖြစ်၍ ထိုနတ်မင်း တို့ကို ပူဇော်ပသကာ ကောက်ပဲသီးနှံ အောင်မြင်ရန် ဆုတောင်းကြသည်။ ယဇ်ပူဇော်ကြသည်။

ထို့နောက် ရိဂဝေဒတွင်လည်းကောင်း၊ သာမ၊ ယဇု၊ ဣရု စသော ဝေဒကျမ်းတို့တွင် လည်းကောင်း ပို၍နက်နဲသည့် ကိစ္စတို့ကို စဉ်းစားကြံဆလာသည်။ သူတို့၏ လူနေမှုဘဝသည်လည်း ထွေပြားလာကာ အခက်အခဲများ တွေ့လာရသည်။ သို့ဖြစ်ရာ အသက်ရှင်နေရေးအတွက် အမျိုးမျိုး ကြံဆရင်း အခက်အခဲတို့ကို ကျော်လွှားရန် ကြိုးစားလာကြခြင်းပင်ဖြစ်သည်။ ဖန်ဆင်းခြင်း ဓမ္မသီချင်းတွင် ဤစကြဝဠာကြီး၏ နက်နဲ ရှုပ်ထွေးပုံအထိ ကြံဆ ဆင်ခြင်လာသည်ကို တွေ့ရသည်။

ရွာများ ဖွဲ့စည်းတည်ထောင်ကာ နေထိုင်စပြုလာသည်။ လူတို့သည် အချင်းချင်း အဆက်အဆံ ပြုလုပ်လာကြောင်းကို ဥပနိသျှအရ သိရသည်။ သူတို့ဘဝကို ဘုရား နတ် စသည်တို့က ဘယ်သို့ ဖန်တီးကြောင်းကိုလည်း နားလည်ချင်လာသည်။ ထို့ကြောင့် ယင်းသဘောကို စူးစမ်းဆင်ခြင်လာကြကုန်သည်။ သို့နှင့် ကြံဆဖန် များလတ်သော် တစ်ခုတည်းသော အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ဟူသည့် အယူသည် ပေါ်ထွန်းလာသည်။ ထိုဘုရားသခင်သည် အခြားဘုရားအပေါင်း၊ နတ်အပေါင်းတို့၏ အရှင်ဖြစ်လာသည်။ ဤနည်းဖြင့် ကမ္ဘာတည်ပုံသဘောကို နားလည်ခဲ့ကြသည်။ တစ်ခုတည်းသော ဘုရားသခင် ဆိုသည်မှာ ဗြဟ္မာဏဘုရားပင် ဖြစ်သည်။ သူကသာလျှင် ကမ္ဘာကြီးတွင် ရှိရှိသမျှ အရာအားလုံးကို ဖန်ဆင်းသည်ဟူသော အယူကို လက်ခံလာသည်။ ဤသို့ဖြင့် စကြဝဠာတစ်ခုလုံးသည် လည်းကောင်း၊ လူသတ္တဝါတို့သည် လည်းကောင်း ပေါ်ပေါက်လာရသည်ဟု ယူဆလေသည်။ သူ၏ဆန္ဒက အရာဝတ္ထုအားလုံးကို ဖြစ်ပေါ်စေလိုသော ဆန္ဒဖြစ်လေရာ ကမ္ဘာရှိ အရာဝတ္ထုအမျိုးမျိုး ပေါ်လာခဲ့ရသည်။ ထို့ကြောင့် အရာရာသည် တစ်ခုတည်းသော ဘုရားသခင်နှင့် တသားတည်း ဖြစ်နေသည်ဟု ယုံကြည်လေသည်။

ဤအယူသည် အရိုးခံအယူပင်ဖြစ်သည်။ သို့သော် နက်နဲသည်။ ဤအယူသည် နှစ်ပေါင်း နှစ်ထောင်နီးပါး ကြာသည်အထိ ဟိန္ဒူလူမျိုးတို့ကို စိုးမိုးထားသည်။ သို့ရာတွင် စာပေအရေးအသားတို့၌ ဤအယူမှ လမ်းအမျိုးမျိုးသို့ ခွဲထွက်သွားလေသည်။ အပြောင်းအလဲ အမျိုးမျိုး ပေါ်လာသည်။ မည်သို့ပင်ဖြစ်စေ သက္ကတစာပေ အရေးအသားတို့၌ကား ဤအယူ၏ ဩဇာသည် ကြီးမားလှပေသည်။

ဤသို့ ဗေဒကျမ်းများ၊ ဥပနိသျှကျမ်းများ ပေါ်ထွန်းနေခိုက် အာရိယန်လူမျိုးတို့သည် ကျောက်သစ်ခေတ် လူဖြစ်သည့် ဒြာဝိဒိယန်တို့ကို တိုက်ခိုက်လာသည်။ သူတို့ အနိုင်ရသည့်အခါ ကျေးရွာတို့ကို ဇာတ်ခွဲခြားသည့်စနစ်ဖြင့် တည်ထောင်ခဲ့လေသည်။ လူတို့တွင် အမျိုးလေးပါးခွဲခြားသည့် သဘောပင် ဖြစ်သည်။ အမြတ်ဆုံးသည် ရဟန်းများဖြစ်သည့် ဗြာဟ္မဏမျိုးဖြစ်သည်။ ထို့နောက် သူရဲသူခက် စစ်မှုထမ်းဖြင့် အသက်မွေးသည့် ခတ္တိယမျိုး၊ ယင်းနောက် ကုန်သွယ်လယ်လုပ်ခြင်းဖြင့် အသက်မွေးသည့် ဗိသျှမျိုး၊ နောက်ဆုံးလည်း ဖြစ်၍ အနိမ့်ဆုံးလည်းဖြစ်သော အစေအပါးခံ၍ အသက်မွေးသည့် သုဒြမျိုး ဖြစ်လေသည်။ နောက်ဆုံးဇာတ်တွင် စစ်တိုက်ရာမှ ဖမ်းဆီးခဲ့သော သူတို့ ပါဝင်လေသည်။ ဤသို့ ဇာတ်ခွဲခြင်းကို လေ့ကျင့်ရာ၌ ဦးစွာပထမ အသားရောင်ကို ကြည့်၍ ခွဲသည်။ အာရိယန်တို့သည် အသားအရေ ချောမွေ့ ပြေပြစ်သည်။ ဒြာဝိဒိယန်တို့မှာ မည်းနက်သည်။ နောက်ပိုင်းတွင်ကား အသက်မွေး ဝမ်းကျောင်းကို ကြည့်ခွဲခြင်းဖြစ်သည်။ ဤသို့ ဇာတ်ခွဲခြင်းအလေ့ကြောင့် လူ့ဘောင်သစ်တစ်ခု ပေါ်ထွန်းလာခဲ့ရသည်။ သို့ရာတွင် နှစ်ပေါင်း နှစ်ရာကျော် ကြာသောအခါ ဒုက္ခတွေ့လာရသည်။ ရဟန်းမျိုးဖြစ်သည့် ဗြာဟ္မဏတို့သည် ဇာတ်နိမ့်သူတို့ကို အပေါင်းအသင်း မလုပ်တော့ဘဲ နှိမ်လာသည်။

ထိုအချိန်တွင် ဂေါတမနှင့် မဟာဝီရမည်သော ပုဂ္ဂိုလ်နှစ်ဦး ပေါ်လာသည်။ ယင်းတို့သည် ဇာတ်မြင့်သူက ဇာတ်နိမ့်သူအား ဖိနှိပ်သည်ကို မနှစ်သက်ချေ။ လူအားလုံးသည် ညီရင်းအစ်ကိုကဲ့သို့ သွေးရင်းသားများပင် ဖြစ်ကြသည်ဟု ယင်းတို့က ဆိုဆုံးမသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် အရာရာကို မေတ္တာကရုဏာထားသည်။ သတ္တဝါအများကို သနားကြင်နာသည်။ သစ်ပင်၊ တိရစ္ဆာန် အားလုံးကိုလည်း ကြင်နာသည်။ သူတစ်ပါးကို မနာကျင်စေရဟူ၍လည်း ပြောဟောသည်။

ထိုအချိန်က ရဟန်းတို့သည် သက္ကတဘာသာစကားကို ခက်သည်ထက်ခက်အောင် ပြုလုပ်ကြရာ လူသာမန်တို့သည် ပြာကရိုက်ဟူသော ဘာသာစကားအားဖြင့် ပြောဆိုကြကုန်သည်။ ဂေါတမနှင့် မဟာဝီရတို့သည် လူတို့နားလည်သည့် ပြာကရိုက် ဘာသာစကားဖြင့် တရားဟောသည်ဟု ပညာရှင်တို့ဆိုကြကုန်သည်။ ဤသို့ဖြင့် လူတို့ ပြောဆိုသုံးစွဲသည့် ဘာသာစကားသည်

တိုးပွားလာသည်။ ဖွံ့ဖြိုးလာသည်။ ဟိန္ဒီ၊ ဗင်္ဂါလီ၊ ဂူဂျရတီ၊ မာရဋ္ဌီ စသည်တို့သည် အိန္ဒိယတိုင်းရင်းသား စကားတို့ပင် ဖြစ်လေသည်။

ယင်းတို့အနက် သက္ကတကျမ်းဂန်တို့သည် အများအပြား ထွန်းကားသည်။ ဤသို့ဖြင့် ယနေ့ခေတ်တိုင် ဘာသာစကားတို့ ဆင်းသက်လာကြခြင်းမှာ သိသာလောက်ပြီ။ သက္ကတစာပေတွင် လူတို့၏ ဘဝကို မဖော်ခဲ့သည့် အဆစ်အပိုင်းဟူ၍ မရှိ။ ထိုမျှ ပြည့်စုံသည်။ သို့ဖြစ်ရာ အိန္ဒိယစာပေ အမွေအနှစ်သည် ကမ္ဘာ့စာကြီးပေကြီး ဂန္ထဝင် တော်ဝင် ဖြစ်လာခဲ့သည်။

တရုတ်ပြည်တွင်လည်း အတွေးအခေါ် ရင့်သန်သည့် စာရေးဆရာကြီးများ၊ အဘိဓမ္မာဆရာကြီးများ ထွန်းကားခဲ့သည်။ ယင်းတို့၏ ရှေးဟောင်းကျမ်းစာတို့ကိုကား ကျွန်တော်တို့ အနည်းအပါးသာ သိသည်။ သမိုင်းကြေးမုံတွင် သူတို့၏ အကြောင်းကို မှုန်မှုန်မွှားမွှားသာ မြင်နိုင်သည်။ နံရံဆေးရေးပန်းချီကားက အရုပ်ကို မှုန်မှုန်မျှ မြင်ရသကဲ့သို့တည်း။ တရုတ် ဒဿနိကများ၊ ပုံဝတ္ထုများ အလိုအရဆိုလျှင် တရုတ်ပညာရှိတို့ အကြောင်းကို ကျွန်တော်တို့ အနည်းအကျဉ်း သိနိုင်သည်။ ယို အမည်ရှိ အဘိဓမ္မာဆရာ ဘုရင်ကြီးအကြောင်းကို အနည်းငယ် သိရသည်။ ထို့နောက် သူ၏ထီးနန်းကို ဆက်ခံသည့် ရှန် ဆိုသော ဘုရင်တစ်ပါးလည်း ရှိခဲ့ဖူးသည်။ ရှန်သည် တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်သူ မင်းကောင်းမင်းမြတ် တစ်ပါးဟု ဆိုကြသည်။ ထို့နောက် ရေလွှမ်းမိုးခြင်း ဘေးအန္တရာယ်ကို အကာအကွယ်ပေးခဲ့သည့် ယူ ဟူသော ဘုရင်တစ်ပါး အကြောင်းကိုလည်း သိရသည်။ ထို့ပြင် တရုတ် ကဗျာလင်္ကာတို့ကို ရေးစပ်ခဲ့သည့် အခြားပညာရှင်တို့လည်း ရှိသေးသည်။

ဤမျှ တရုတ်ပြည်၏အကြောင်းကို သိရသည်မှာ ကွန်ဖျူးရှပ်ဟုခေါ်သည့် ပညာရှိတစ်ဦးကြောင့် ဖြစ်သည်။ ကွန်ဖျူးရှပ်သည် ခရစ်မပေါ်မီ ၅၅၁ မှ ၄၇၉ အထိ နေထိုင်ခဲ့သူဖြစ်သည်။ သူ၏အမည်ရင်းကား ကန်ဖုဆူဖြစ်သည်။ သူ့ကို တရုတ်တို့က ဘုရားတစ်ဆူ ဂူတစ်လုံးပမာ ကိုးကွယ်ကြသည်။ အကြောင်းမှာ သူရေးသားခဲ့သည့် စာပေသည် တရုတ်ပူရာဏ်ကျမ်းများ ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သူ့ကို ယနေ့တိုင် တရုတ်တို့ကြည်ညိုကြဆဲ ဖြစ်သည်။



ကွန်ဖြူးရှပ် သည် လူ့အကြောင်းကို နက်နက်နဲနဲ တွေးတော ဆင်ခြင်သူဖြစ်သည်။ လူ လူချင်းမည်သို့ ဆက်ဆံရမည်ကိုလည်း ရေးသားသည်။ သူသည် မင်းညီ မင်းသားများ၊ ထို့ပြင် လူသာမန်များနှင့်လည်း သင့်မြတ်သည်။ သူ့ပြောဟောချက်တို့မှာ များပြား စုံလင်လှသည်။ အသေးအဖွဲမှသည် နက်နဲကြီးကျယ်သည့်ကိစ္စများ အထိပင် တွေးတောဆင်ခြင်ကာ ပြောဟောသည်။ လူသည် သဘာဝကဲ့သို့ပင် ရိုးသားရမည်။ မဖောက်မပြန် သစ္စာရှိရမည်ဟု ကွန်ဖြူးရှပ်က ယုံကြည်သည်။ ထို့ပြင် တရုတ်လူမျိုးအားလုံးတို့သည် တရုတ်ပြည့်ရှင်မင်း၏ ရင်ဝယ်ဖြစ်သော သားသမီးများ ဖြစ်ကြပြီးလျှင် သူ ကိုယ်တိုင်ကမူ ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ကွန်ဖြူးရှပ် အယူရှိသည်။ သို့ကြောင့်သာလျှင် တရုတ်ပြည့်ရှင်မင်းတို့သည် နှစ်ပေါင်း ထောင်ပေါင်းများစွာ မင်းဆက် မပြတ်ဘဲ စိုးစံနိုင်ခဲ့ခြင်း ဖြစ်ဟန်တူလေသည်။

ကွန်ဖြူးရှပ်၏ အယူကို လိုက်လျှောက်သူ တရုတ်ပညာရှိ တစ်ဦးမှာ မင်စီယပ် ဖြစ်သည်။

ကွန်ဖြူးရှပ်ထက် စောသည့် ပညာရှိမှာ လိုဇီ ဖြစ်သည်။ ဤပညာရှိကြီးကလည်း လူသည် သဘာဝကဲ့သို့ ကျင့်သုံးရမည်ဟု ဆိုဆုံးမသည်။ လိုဇီသည် တရားဟောသည့်အခါ တိုက်ရိုက်မပြော။ ပုံဝတ္ထုဆောင်၍ပြောသည်။ သူ့တွင် တင်ပြရန် အကြောင်းကိစ္စ နက်နက်နဲနဲ ရှိသောကြောင့်ပင်ဖြစ်သည်။ သူ၏ ပုံဝတ္ထုတို့၌ သားရဲတိရစ္ဆာန်များ ပါသည်။ ကြံ့၊ ကျွဲရိုင်း၊ ကျားတို့ဖြစ်သည်။ ယင်းတို့ကို ဘေးဒုက္ခအဖြစ် တင်စားထားသည်။ တို ဟူသော မမြင်နိုင်စွမ်းသည့် မာရ်နတ်၏စက်ကွင်းမှ လူတို့ကင်းလွတ်နိုင်ရန် ကျွဲရိုင်း၊ ကျားတို့နှင့် တင်စား၍ ပြသည်။ လိုဇီနှင့် သူ့အယူကို လိုက်နာသည့် ပညာရှိတို့သည် တရုတ်လူမျိုးတို့၏အတွေးအခေါ်ကို များစွာ ပြုပြင်ပြောင်းလဲခဲ့သည်။

ဤနေရာတွင် သူတို့၏ အရေးအသားတို့သည် ကွန်ဖျူးရှပ်၏ အရေးအသားများကဲ့သို့ပင် ထက်မြက်လှပေသည်။

နှောင်းခေတ်များတွင်ကား အလွန်လှပသိမ်မွေ့သော ကဗျာလင်္ကာများကို ရေးကြသည့် ကဗျာဆရာ အများအပြား ပေါ်လာသည်။ သူတို့သည် မိမိတစ်ကိုယ်တည်း ကြည်နူးနှစ်သိမ့်မှု ခံစားနိုင်ရန်အတွက် ကဗျာများရေးဖွဲ့စပ်ဆိုကြသည်။ ထိုကဲ့သို့သော ကဗျာဆရာပေါင်း အရာအထောင်ရှိသည်။ ယင်းတို့အနက် ထင်ရှားသူများမှာ လီဖိုးနှင့် ပိုချူအိတို့ ဖြစ်သည်။ သူတို့၏ ကဗျာများကား လောကသဘာဝနှင့် နီးစပ်လေသည်။

တရုတ်တို့သည် ရှေးခေတ်ကပင် သူရဲကောင်းတို့အကြောင်း ဖွဲ့ဆိုသည့် ဝတ္ထုများကို ရေးကြသည်။ 'လူအားလုံး ညီရင်းအစ်ကိုများ ဖြစ်သည်' ဟူသောဝတ္ထုရှည်သည် ကမ္ဘာ့ဝတ္ထုရှည် သမိုင်းတွင် အဦးဆုံးဝတ္ထုများ အနက်တစ်ခုဖြစ်သည်။

တရုတ်တို့ နေ့စဉ်ပြောဆိုသုံးစွဲသည့် စကားသည် တရုတ်တို့ရေးသားသည့် စာနှင့် ကွဲပြားခြားနားသည်။ ဤသို့ မညီမညွတ်ရှိခဲ့သည်မှာ ကြာမြင့်လှပြီ။ သို့ရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း ငါးဆယ်ခန့်ကမူ ပြောစကားကို စာပေအရေးအသား အဖြစ်သို့ အက္ခရာတင်ကြသည်။ ဤသို့ဖြင့် စာကြီးပေကြီးတို့သည် အက္ခရာတင်ပြီး ဖြစ်လာသည်။ နောင်တွင်ကား ဥက္ကဋ္ဌကြီး မော်စီတုန်းက မညီမညွတ် ကွဲပြားနေသော တရုတ်စာပေကို စံတင်ရန် စီမံလေသည်။ ဤသို့ဖြင့် ခေတ်သစ် တရုတ်ပြည်ကြီးတွင် ဘာသာစကား တော်လှန်ရေးကို ဆင်နွှဲနေလေပြီ။

၆

ဘာသာစကားသမိုင်းတွင် ဂရိဘာသာစကားသည်လည်း ယဉ်ကျေးမှု ခေတ်တစ်ခေတ်ကို ထူထောင်သော ဘာသာစကား ဖြစ်သည်။ သက္ကတစာပေကို လေ့လာလျှင် အိန္ဒိယတိုင်းသားတို့၏ လူနေမှုဘဝကို သိနိုင်သည်။ တရုတ်စာပေကို ကြည့်လျှင် တရုတ်လူမျိုးတို့၏ အတွေးအခေါ် လောကအမြင်ကို သိနိုင်သည်။ ထို့အတူ ဂရိစာပေကို ကြည့်လျှင် ဂရိလူမျိုးတို့ မည်သို့တွေးခေါ်သည်ကိုသိနိုင်လေသည်။ ထို့ထက်ပို၍ သိနိုင်သော အချက်တစ်ခု ရှိသေးသည်။ ယင်းမှာ အလွန်တရာ အဆင့်အတန်း မြင့်လှသည့် ယဉ်ကျေးမှုတစ်ရပ်ကို

ဂရိတို့ မည်ကဲ့သို့ တည်ဆောက်သည်ကို လေ့လာ သိမြင်နိုင်ခြင်းပင်တည်း။ ဂရိတို့သည် မြို့ကြီးပြကြီးများကို တည်ဆောက်ခဲ့ကြကြောင်း ယခင်က ဆိုခဲ့ပြီ။ ဤသို့ မြို့ကြီးပြကြီးများ တည်ဆောက်ရာ၌ ကျေးကျွန်တို့၏ အကူအညီကို ယူခဲ့သည်။ မြို့ပြကို တကယ် တည်ဆောက်သူမှာ အလုပ်သမား ကျေးကျွန်တို့ ဖြစ်သည်။ သို့ဖြစ်ရာ လူသာမန်တို့မှာ တွေးတောစဉ်းစားနိုင်ရန် အချိန်အားရကြသည်။ ဤသို့ဆိုခြင်းဖြင့် ဂရိယဉ်ကျေးမှုကို တည်ဆောက်သူမှာ ကျေးကျွန်တို့ ဖြစ်သည်။ ထို့ကြောင့် သူတို့၏ အရှင်သခင် ပညာရှိတို့၏ စကားများသည် အသုံးမဝင်ဟု ပြောလိုခြင်းမဟုတ်။ အမှန်စင်စစ် ထိုအချိန်က ဂရိနိုင်ငံကို



အုပ်စိုးကာ မြို့ပြနိုင်ငံတော် စနစ်ကို တီထွင်ခဲ့သည့် အုပ်စိုးသူတို့သည် လူမျိုးခွဲခြားရေးစနစ်ကို ဖန်တီးခဲ့သည့် အာရိယန် များထက် တိုးတက်သူများဖြစ်ကြသည်။

ဂရိပညာရှိတို့ အကြောင်းကို ယခုအခါ တစ်ကမ္ဘာလုံးပင် ပုံဝတ္ထုသဖွယ် ပြောဆိုနေကြပြီ။ ဆော့ခရတ္တိ၊ ပလေတို၊ အရစ္စတိုတယ် တို့မှာ ဂုဏ်သတင်း ထင်ရှားသည့် ဂရိပညာရှိများဖြစ်သည်။ ဆော့ခရတ္တိသည် ဂရိလူထုကြားတွင် ဝင်ထွက် သွားလာကာ လူ့ဘဝအကြောင်း၊ လူ့ဘဝ၏ အသိအမြင်တရား စသည်တို့ကို ဆွေးနွေးတင်ပြသူ ဖြစ်သည်။ ဆော့ခရတ္တိသည် မှန်သောစကားကိုသာဆိုသည်။ တစ်ခါတစ်ရံ အမှန်တရားသည် တစ်ဖက်သားအဖို့ အခံရခက်လှသည်။ ထို့ကြောင့် အချို့လူများက သူ့ကိုမကြိုက်။ သူ၏ရန်သူများက ဆော့ခရတ္တိအကြောင်း မကောင်းပြောကြသည်။ ဆော့ခရတ္တိသည် ငယ်ရွယ်သူများကို လမ်းမှားသို့ သွေးဆောင်သည်ဟု စွပ်စွဲကြသည်။ သို့ဖြစ်ရာ သူ့ကို ရုံးတော်တွင် စစ်ဆေးကာ အဆိပ်သောက်၍ သေစေသည်။ သို့ရာတွင် သူ၏အဆိုအမိန့်တို့ကို သူ၏တပည့် ပလေတိုက အချေအတင် ဆွေးနွေးသည့်သဖွယ် ရေးသား၍ စာပေအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဆော့ခရတ္တိ၏ အတွေးအခေါ်ကို မှတ်တမ်းတင်ရင်း ပလေတိုကလည်း သူ၏ ကိုယ်ပိုင်အတွေး

အခေါ်တို့ကို ထည့်သွင်းရေးသား ပြန်သည်။ သူ၏ကျမ်းများကို ဖတ်ရှုခြင်းဖြင့် ဂရိပညာရှင်တို့၏ အတွေးအခေါ် အမျိုးမျိုးကို သိရသည်။ ထို့ပြင် ကျွန်တော်တို့ နေထိုင်သည့် ကမ္ဘာကြီး မည်ကဲ့သို့ ဖြစ်ပေါ်လာပုံ၊ မည်ကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာပုံ၊ ထို့နောက် လူတို့ မည်သို့နေထိုင် ပြုမူပြောဆိုသင့်ပုံတို့ကိုပါ သိခွင့်ရခဲ့သည်။

ဂရိပညာရှိတို့သည် အစဉ်သဖြင့် စူးစမ်းရှာဖွေနေကြသူများဖြစ်သည်။ မေးခွန်းများကို မေးလိုက်၊ အဖြေများကို ကြံဆလိုက်ဖြင့် သစ္စာတရား အသစ်အသစ်တို့ကို ရှာဖွေနေကြသူများဖြစ်သည်။ ဤသည်မှာ ဂရိပညာရှင်တို့၏ ဂုဏ်ကျေးဇူးတစ်ရပ်ပင်ဖြစ်သည်။ "လွန်လေပြီးသော နှစ်ပေါင်းများစွာကပင် လူတို့ တီထွင်ဖန်တီးခဲ့သည့် အပေါ်၌ ယနေ့ ငါတို့ လူနေမှုဘဝ တည်နေသည်ဟု ငါထင်သည်" ဤကား ဂရိပညာရှိ ဟစ်ပိုကရေတီ၏ အဆိုအမိန့်ဖြစ်သည်။ သူ့စကားတွင် လူတို့၏ စူးစမ်းရှာကြံမှုသဘော အငွေ့အသက်ကို တွေ့နိုင်သည်။

ဟီရာကလစ်တပ်ဆိုသည့် ဂရိပညာရှိက ဤကမ္ဘာ၏ အနှစ်သာရသည် မီးဖြစ်သည်ဟု ဆိုသည်။ အရစ္စတိုတယ်ကမူ မသိသေးသည့် အရာတို့ကို ရှာဖွေရန် သိပ္ပံပညာနည်းကို အသုံးပြုသည်။ ဤသည်တို့မှာ ဂရိလူမျိုးတို့၏ အတွေးအခေါ် ဘဝအမြင်တို့ပင် ဖြစ်သည်။ နောင်သော် ယင်းတို့သည် ဥရောပတိုက်သားတို့၏ ဘဝအမြင် ဖြစ်လာသည်။ ယနေ့ဆိုလျှင် ဂရိပညာရှိတို့၏ ဘဝအသိအမြင် တရားတို့ကို တစ်ကမ္ဘာလုံးက လေးစားနေကြပြီ။

ဘာသာစကား ရေစီးကြောင်းတစ်ခုသည် ရောမဘက်သို့ စီးဆင်းခဲ့သေးသည်။ ယနေ့ဆိုလျှင် အနောက်တိုင်းတို့၏ ရိုးရာ အလေ့အထတို့သည် ထိုဘာသာစကားမှ မြစ်ဖျားခံသည်ဟု ဆိုသင့်သည်။ ထိုဘာသာစကားသည် ရောမ အင်ပိုင်ယာကြီးနှင့်အတူ ဖွံ့ဖြိုးလာသည်။ ယင်းမှာ အခြားမဟုတ်၊ လက်တင်ဘာသာစကားပင် ဖြစ်လေသည်။ ကမ္ဘာကျော် ကဗျာဆရာကြီးများ၊ အဘိဓမ္မာဆရာကြီးများသည် လက်တင်ဘာသာဖြင့်ပင် ကဗျာလင်္ကာ စပ်ဆိုကြသည်။ အဘိဓမ္မာကို ရေးသားကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ခြောက်ရာခန့်အထိ ဥရောပတိုင်းပြည် အားလုံးလိုလိုပင် လက်တင်ဘာသာကို အသုံးပြုကြသည်။ ဤဘာသာစကားကို

အသုံးပြုသည့် ခရစ်ယာန်ဂိုဏ်းကို နေရာဒေသတိုင်း လိုလိုကပင် လက်ခံကြသည်။

သို့သော် မကြာမီပင် ခရစ်ယာန်တို့အချင်းချင်း အချင်းပွားကြသည်။ သဘောထား ကွဲကြကုန်သည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၏ အကြီးအကဲဖြစ်သူ ပုပ်ရဟန်းမင်းကြီး၏ ပညတ်ချက်တို့ကို လူအများက ဆန့်ကျင်တော်လှန်လာကြသည်။ ဤသို့ဖြင့် အသိဉာဏ်ပညာ အသစ်အသစ်တို့ ထွန်းကားလာသော ရီးနေဆွန်းဟုခေါ်သည့် ပြန်လည်ဆန်းသစ်ရေးခေတ်သည် အစပျိုးခဲ့လေသည်။ ထိုခေတ်ကြီးကို တည်ထောင်ရန် စတင်လှုံ့ဆော်သူ ကဗျာဆရာကြီးများတွင် ဒန်တီနှင့် ပိထရတ်တို့ ပါဝင်သည်။ ခရစ်ယာန်ဘုန်းကြီးတို့သည် ပြစ်မှုတစ်စုံတစ်ရာအတွက် ငရဲလားရမည်ကိုသာ သိနားလည်ကြသည်။ ထိုတရားကိုသာ ဟောကြသည်။ ထိုအချိန်တွင် ဆိုခဲ့ပြီးသော ကဗျာဆရာတို့သည် အချစ်အကြောင်း ဖွဲ့ဆိုကြသည်။ လူသာမန်တို့အကြောင်း ရေးစပ်ကြသည်။ အလှအပသဘောကို တင်ပြကြသည်။ ထိုအချိန်မှာပင် ပုံပြောသမားတိုကက်ချိုသည် လူတို့၏ အကောင်းသဘောနှင့် အဆိုးသဘောတို့ကို ဝတ္ထုဖွဲ့ဆင် ရေးသားလေသည်။

အယူအဆဟောင်းကို သိမ်းပိုက်ထားသူတို့သည် မေးမြန်း ဆင်ခြင်ခြင်းမရှိဘဲ အစွဲအလမ်း ကြီးမားနေစဉ် လူငယ်လူရွယ်တို့သည် ဘုရားရှိခိုးကျောင်းကို စွန့်ခွာကာ လူ့ဘဝနှင့် နီးစပ်သည့် လောက အသိအမြင်တရားတို့ကို ရှာကြကုန်သည်။ ထို့နောက် အကြောင်းအကျိုး ဆက်စပ်သော (ဝါ) ယုတ္တိတန်သော စကားကိုသာလျှင် ဆိုကြကုန်သည်။

သိပ္ပံပညာကို လေ့လာလိုက်စားလိုသည့် စိတ်ဓာတ်သည် ဖွံ့ဖြိုးပွားများ လာခဲ့သည်။ ဤသို့ဖြင့် လူသည် စကြဝဠာကြီးကို စေစားနိုင်မည့်သူအဖြစ်သို့ ရောက်လာစ ပြုလေပြီ။

ဤအသိသစ် အမြင်သစ် အတွေးသစ်တို့ ကိန်းအောင်းလျက်ရှိသည့် လူတို့သည် စာအုပ်များ ရေးသားကြသည်။ အရုပ်ကားများ ရေးဆွဲကြသည်။ ဓာတ်ခွဲခန်း၌ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ကြသည်။ ပင်လယ်ရပ်ခြားကူးသန်းသွားလာကာ ကမ္ဘာကြီး၏အဖြစ်မှန်ကို စူးစမ်းရှာဖွေကြသည်။ လီယိုနာဒို ဒါဗင်စီ ဆိုသောပုဂ္ဂိုလ်သည် ပြန်လည်ဆန်းသစ်ရေးခေတ်တွင် မွေးဖွားလာသော ပညာရှိတစ်ဦးဖြစ်သည်။ တစ်နည်းဆိုလျှင် ထိုခေတ်သစ်၏ ပြယုဂ်

ပင် ဖြစ်သည်။ သူသည် တွေးတောကြံဆသမျှကို ရေးချသည်။ ကျောက်ဆစ်ရုပ်ကို ထုထွင်းသည်။ ပန်းချီကားများ ရေးဆွဲသည်။ လေယာဉ်ပျံဖြစ်အောင် တီထွင်သည်။ လူတို့အတွက် အသုံးဝင်မည့် အရာမှန်သမျှကို ရှာဖွေလုပ်ကိုင်



သည်။ နယ်သစ်ရှာ အာဇာနည်တစ်ဦး ရှိသေးသည်။ ယင်းမှာ ကိုလန်ဗတ် ပင်ဖြစ်သည်။ ကိုလန်ဗတ်သည် အိန္ဒိယပြည်သို့ သွားရာလမ်းကို ရှာခဲ့သည်။ သို့သော် အမေရိကန်ပြည်ကို တွေ့ခဲ့သည်။ သူသည်လည်း ပြန်လည် ဆန်းသစ်ရေးခေတ်၏ အာဇာနည်တစ်ဦးဖြစ်သည်။


ထို့နောက် ဥရောပတိုက်ရှိ တိုင်းပြည် အသီးသီးတို့တွင် လက်တင် ဘာသာအစား မိမိတို့ ဒေသန္တရ ဘာသာစကားကို အသုံးပြုကာ စာပေကဗျာ လင်္ကာတို့ကို ပြုစုရေးသားကြသည်။ အင်္ဂလိပ်ကဗျာဆရာကြီး ရှိတ်စပီးယားသည် လူတို့၏ဘဝသစ်ကို ဖွဲ့ဆို ရေးသားသည်။ လူ့သဘာဝ၊ လောကသဘာဝကို ဖွဲ့ဆိုရာ၌ ရှိတ်စပီးယားလောက် ထက်မြက်သူမရှိဟု ဆိုကြသည်။ သူ၏စာများသည် လောက အသိအမြင်တရားကို ပေးသောစာများ ဟူ၍လည်း ဆိုကြသည်။

ရီနေးဆွန်းဟု ခေါ်သော ပြန်လည်ဆန်းသစ်ရေး ခေတ်နှင့်အတူ ပြုပြင်ရေး လှုပ်ရှားမှုတစ်ခုလည်း ပေါ်လာသည်။ ခရစ်ယာန်ဂိုဏ်းသည် တန်ခိုးအာဏာ ကြီးမားလာသည်။ ယင်းက လူအများကို အတွေးသစ် အမြင်သစ် မဝင်အောင် ပိတ်ပင်သည်။ ချုပ်ချယ်သည်။ ထိုအခါ သတ္တိရှိသူတို့က ယင်းတို့ ကိုယ်တိုင် ခရစ်ယာန်ဘာသာဝင် ဖြစ်ငြားလည်း ပုပ်ရဟန်းမင်း အယုံကြည်ခိုင်းသမျှကို မယုံကြည်နိုင်ဟု ဆိုလာကြကုန်သည်။ ဘာသာရေးဆိုသည်မှာ ကိုယ်ရေးကိုယ်တာ ကိစ္စနှင့် တူသည်ဟု ယူဆလာကြသည်။

ဒတ်လူမျိုးဖြစ် သူ အီရတ်စမတ် ဆိုသူသည် မာနတံခွန်ထူနေသော ကက်သလစ်ဘုန်းကြီးတို့ကို ဆန့်ကျင်တိုက်ခိုက်စ ပြုသည်။ ထိုကက်သလစ် ဘုန်းကြီးတို့သည် ဘုရားကျောင်းသို့ လူတို့ကလှူသည့် မြေယာတို့၌မှီကာ ချမ်းသာစည်းစိမ်ကို ခံစားနေကြသူများ ဖြစ်သည်။ အမှန်စင်စစ် လူကောင်းများ မဟုတ်ဟု ပြစ်တင်ဝေဖန်သည်။ ခရစ်ယာန်ဆိုသည်မှာ အလွန်ရိုးသား စင်ကြယ်သူများ ဖြစ်ရမည်ဟု အီရတ်စမတ်က ဆိုသည်။

သူ့နောက် မာတင်လူသာ မည်သော ဂျာမန် လယ်သမားတစ်ယောက် ပေါ်လာသည်။ သူသည် သမ္မာကျမ်းစာကို လေ့လာသည်။ ထို့နောက် ခရစ်တော် ဟောကြားသည့် တရားသည် ပုပ်ရဟန်းမင်းတို့ ပြောဆိုသည့် စကားများနှင့် များစွာ ကွာခြားကြောင်း သူတွေ့လာသည်။ လူသာသည် ပုပ်ရဟန်းမင်းကို ရဲဝံ့စွာပင် ကန့်ကွက်သည်။ ထိုအခါ ဘုန်းကြီးများက သူ့ကို များစွာ မုန်းတီးလာသည်။ ဤသို့ဖြင့် ပုပ်ရဟန်းမင်းကို ဆန့်ကျင်တိုက်ခိုက်သူများ ပေါ်လာသည်။ သူတို့သည် လူသာကဲ့သို့ပင် စကားဆိုလာသည်။ ထို့နောက်ကား ယင်းတို့သည် ကက်သလစ်ဂိုဏ်းမှ ဖဲကြဉ်စွန့်ခွာကာ ကန့်ကွက်သူ ပရိုတက်စတင့်များ ဖြစ်လာကြသည်။ ပုပ်ရဟန်းမင်းကြီး၏ အင်ပိုင်ယာသည် မှေးမှိန်စ ပြုလာသည်။ ဘုရားသခင်နှင့် ပတ်သက်သော သဘောထားများ ပြောင်းလဲစ ပြုလာသည်။ ကျိုးကြောင်းဆင်ခြင်တုံတရားသည်လည်း ပို၍ ပြည့်ဝလာကြသည်။ ငြင်းခုံပွဲများ၊ ဝေဖန်ပွဲများ ပေါ်လာသည်။ တစ်ခါတစ်ရံ ပြင်းပြင်းထန်ထန်ပင် တစ်ဖက်နှင့်တစ်ဖက် ဝေဖန်ပြောဆိုကြသည်။ အဆိုးဆုံး အခါ၌ လက်နက်ကိုင် တိုက်ခိုက်သည့် စစ်ပွဲများပင် ဖြစ်ပွားလာသည်။

သို့ငြားလည်း သိပ္ပံပညာ၊ အဘိဓမ္မာ၊ ကဗျာလင်္ကာ၊ ပြဇာတ်၊ ဝတ္ထုတို့ တိုးပွားလာသည်။ ပန်းချီကားများ တိုးပွားလာသည်။ ယင်းတို့တွင် လူတို့၏ စွမ်းရည်ကို ချီးမြှောက်ရေးသားကြသည်။ ထိုစာပေ၊ ထိုအနုပညာသဘောတို့သည် ကျွန်တော်တို့၏ စိတ်နှလုံးတွင်းသို့ ခိုအောင်းဝင်လာကုန်သည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် ယခုအခါ အတွေးအခေါ် တိုးတက်လာသည့် ဤအခြေအနေတွင် ရပ်တည်နေထိုင်နိုင်ခြင်း ဖြစ်ပေသည်။



## အခန်း ၉

## အိုးထိန်းစက်

## (သို့မဟုတ်)

## စက်ယန္တရားမှု ပေါ်ထွန်းလာပုံ

၁

ရဟာတ်ဘီးကို ပြုလုပ်ရန် ပထမဆုံး ကြံဆတီထွင်သူသည် ဤကမ္ဘာတွင် အကြီးကျယ်ဆုံး တီထွင်သူ ဖြစ်သည်ဟု ဆိုသင့်လေသည်။

ဤစကားကို ရှင်းရလိမ့်မည်။ လူသည် အံ့ဖွယ်သရဲ အရာဝတ္ထုတို့ကို တီထွင်ကြောင်းပြဆိုခဲ့ပြီ။ သို့ဖြစ်လျှင် ဘီးကိုတီထွင်သည့်အတွက် ဘာ့ကြောင့် အကြီးကျယ်ဆုံးဟု ဆိုသင့်သနည်း ဟူ၍ မေးရန် အကြောင်းရှိသည်။ အဖြေကား ဤသို့တည်း။ ဘီးသည် အခြားအရာများထက် အဆများစွာ အရေးကြီးသည့် အရာဖြစ်လေသည်။

လူသည် ဦးစွာပထမ အစားအစာကို တောကြီးမျက်မည်း၌ ရှာဖွေစားသောက်ရသည်။ ထိုမှတစ်ဆင့် အစားအစာကို စိုက်ပျိုးသည့်အဆင့်သို့ ကမ်းလှမ်းလာခဲ့သည်။ ဤအဆင့်ကူးပြောင်းရေးသည် လူ့သမိုင်းတွင် ခေတ်ပြောင်း တော်လှန်ရေးကြီးတစ်ခု ဖြစ်လေသည်။ သို့သော် အစားအစာ စိုက်ပျိုးသူဘဝနှင့်သာ လူသည် တင်းတိမ်နေခဲ့သည် မဟုတ်။ ထိုဘဝ၌သာ ရောင့်ရဲတင်းတိမ်ခဲ့လျှင် လူ့သမိုင်းသည် ရှေ့သို့ တစ်ဆင့်တက်လိမ့်မည် မဟုတ်။ ဘီးကို တီထွင်ခဲ့သည့်အတွက်ကြောင့်သာလျှင် လူသည် သမိုင်းမှတ်တိုင်တွင် ခြေလှမ်းသစ်တစ်လှမ်း တိုးခဲ့ရခြင်းဖြစ်လေသည်။ ဘီးကြောင့်

ကျွန်တော်တို့ နေ့စဉ်စားသောက်ရာတွင် အသုံးပြုသည့် ပန်းကန်များ၊ ခွက်များ ပေါ်ခဲ့ရသည်။ ဘီးက ရေတွင်းထဲမှ ရေကို မြေပြင်သို့ ရောက်အောင် သယ်ဆောင်ပေးကာ လယ်ယာကို ရေသွင်းပေးနိုင်ခဲ့သည်။ ဘီးသည် နွားဆွဲသည့် လှည်းတွင် ခြေထောက်များဖြစ်လာသည်။ ထို့အတူ မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ စသည်တို့၏ ခြေစကြာများလည်း ဖြစ်လာခဲ့သည်။ စက်ရုံများတွင် ဘီးပေါင်း အရာအထောင်တို့ကြောင့် ကျွန်တော်တို့ သုံးစွဲနေသည့် လူသုံးပစ္စည်းများ ဖြစ်လာရသည်။ ဝတ်ဆင်သည့် အထည်အဝတ်များ ဖြစ်လာရသည်။ ဤအရာ အားလုံးသည်ပင် ကျွန်တော်တို့ လူ့ယဉ်ကျေးမှုကို ဖန်တီးပေးသည့် ပစ္စည်းများ ဖြစ်လာရသည်။

သို့ဖြစ်လျှင် ဘီးကို အသက်ဆက် စကြာဟု အမည်ပေးသင့်သည် မဟုတ်လား။ ကောင်းပြီ။ ဘီးလည်ပုံကို ကျွန်တော်တို့ ကြည့်ကြစို့။ သို့မှသာ ဘီးက ကျွန်တော်တို့၏ အတွေးအခေါ်၊ အသိအမြင်ကို မည်သို့ ခြယ်လှယ်ကြောင်း သိနားလည်နိုင်လိမ့်မည်။

ယခင်က ဖော်ပြခဲ့သည့် အတိုင်းပင် ဘီး၏အစကို ကျွန်တော်တို့ ကောင်းစွာ မသိရသေး။ ဘယ်အချိန်တွင် ဘယ်သူက ဘီးကို တွေ့သည် ဟူ၍လည်း တိတိကျကျ မပြောနိုင်။ သို့သော် ဘီးအကြောင်းကို ပုံပြင်ဝတ္ထု တစ်ခုဖွဲ့၍ကား ပြောနိုင်သည်။ ဆိုကြပါစို့၊ တစ်နေ့သောကာလတွင် လူတစ်ယောက်သည် မီးအလိုငှာ ထင်းခွေလာသည်။ သူ့ပခုံးထက်တွင် သစ်တုံး တစ်တုံးပါလာသည်။ သစ်တုံးကို သယ်ရသဖြင့် မောပန်းလတ်သော် မြေသို့ ချ၍ ဆွဲလာပြန်သည်။ ထိုမှတစ်ဖန် တောင်စောင်းတစ်ခုရောက်လျှင် တောင်စောင်းအတိုင်း လှိမ့်ချလိုက်သည်။ သစ်လုံးသည် တောင်စောင်း ဆင်ခြေလျှော တစ်လျှောက် လိမ့်၍ လိမ့်၍ ဆင်းသွားသည်။ ဤသည်ကို လူကမြင်သည်။ ယင်းသည်ပင် ဘီးဖြစ်လာရန် ပထမဆုံး ရသည့် အသိဉာဏ်ဟု ဆိုသင့်လေသည်။


အမှန်စင်စစ် ပထမဆုံးဘီးသည် အိုးထိန်းသည်၏ ဘီးဖြစ်ဟန်တူသည်။ လွန်ခဲ့သော နှစ်ပေါင်း ငါးထောင်ခန့်က ရှိနေခဲ့သည့် မိုဟင်ဂျိုဒါရိုမြို့သားတို့သည် ဤကဲ့သို့သော ဘီးများကို လည်အောင် လှည့်နိုင်ခဲ့သည်။ အကြောင်းမှာ မိုဟင်ဂျိုဒါရိုမြို့ကြီးသားတို့သည် မြေအိုးအမျိုးမျိုးကို အသုံးပြုနေပြီဖြစ်သောကြောင့်တည်း။ ထိုအိုးများသည် အိုးထိန်းသည်၏ဘီးမှ ဖြစ်ပေါ်လာရခြင်း

ဖြစ်သည်။ အီဂျစ်ပြည်တွင်မူ အိုးထိန်းသည်၏ ဘီးကို မိုဟင်ဂျိုဒါရိုထက် စော၍ အသုံးပြုခဲ့သည်။ တရုတ်ပြည်တွင်လည်း ရှေးဟောင်းပစ္စည်းအဖြစ် တွေ့ရသည်။ ကျွန်တော်တို့ မြန်မာများ၏ အနွယ်ဖြစ်သည့် မူလ မြန်မာဟု ခေါ်သော ကန်စုဒေသက ချီအန်လူမျိုးတို့သည် အလွန်လှပသော အိုးများ ကို အသုံးပြုခဲ့ကြသည်။ ထိုကာလသည် ခရစ်မပေါ်မီ နှစ်ပေါင်း ၂၀၀၀ ခန့်ကဖြစ်သည်ဟု သမိုင်းသုတေသီတို့က ဆိုကြကုန်သည်။ ထိုသူတို့ သုံးစွဲ သော အိုးများတွင် အပြောက်အမွမ်းဖော်ပုံမှာ အထူးလှပကောင်းမွန်သဖြင့် ခေတ်ပြိုင်ချင်းယှဉ်လျှင် ယင်းတို့ကို သာမည့်သူ မရှိဟူ၍လည်း ပညာရှင်တို့ ဝေဖန်ဆန်းစစ်ကြသည်။ ခရစ်ပေါ်ပြီး သုံးရာစုလောက်တွင် မြန်မာပြည် ဧရာဝတီမြစ်ဝှမ်း၌ အခြေစိုက်သော ပျူတို့သည်လည်း မြေအိုးများကို သုံးစွဲ နေကြပြီဖြစ်ကြောင်း သမိုင်းမှတ်တမ်းများ၌ တွေ့ရသည်။ ပုဂံကျောက်စာ တို့၌ အိုးထိန်းသည်ဟူသော ဝေါဟာရကို တွေ့ရသည်။ ယင်းကိုထောက်လျှင် ပုဂံသားတို့သည် အိုးထိန်းစက်ကို အသုံးပြုနေပြီဖြစ်သည်ဟု ယူသင့်လေသည်။

အိုးထိန်းစက်နှင့် ပတ်သက်၍ ထူးခြားချက်တစ်ခုရှိသည်။ အိုးထိန်း စက်ကြောင့် ဘီးအမျိုးမျိုး ပေါ်လာရသည်။ သို့သော် အိုးထိန်းသည်၏ ဘီး ကား နှစ်ပေါင်း ထောင်ပေါင်းများစွာကြာသည့်တိုင် မပြောင်းလဲသည်မှာ ထူးဆန်းသည်။ သို့ ဖြစ်ရာ ယခုအခါတွင် အိုးထိန်းသည် တစ်ယောက် အိုးထိန်းစက် ကို လှည့်ရင်း လက်ဖြင့် ရွှံ့ကိုပြုပြင်ထိန်းကျောင်း ပေးသည်ကိုတွေ့ရလျှင် မိုဟင်ဂျိုဒါရိုမြို့၌လည်း အိုးထိန်းသည် တစ်ယောက်အိုးလုပ်နေပုံကို ထိုပုံအတိုင်း စိတ်ကူး ကြည့်နိုင်သည်။ ရှေး အကျဆုံးအိုးထိန်းသည်




တို့သည် အိုးထိန်းစက်ကို လက်တစ်ဖက်ဖြင့်လှည့်ကာ လက်တစ်ဖက်က ရွှံ့ကို ပုံဖော်ဟန်တူသည်။ ထို့နောက် ဘီးကို ခြေဖြင့်လှည့်ကာ လက်နှစ်ဖက်စလုံး ရွှံ့တုံးပုံဖော်ရာ၌ အသုံးပြုလာဟန်တူသည်။ သည့်နောက်ကား ဘီးကို ကြိုးတပ်ကာ အခြားဘီးတစ်ခုတွင် ဆက်စေပြီးလျှင် အခြားတစ်ယောက်က



ခြေဖြင့်လှည့်သည်။ တစ်ယောက်က အိုးကို ပုံဖော်သည်။ ရှေးဟောင်း အိုးထိန်းသည်တို့၏ ပညာတို့ကား ချီးကျူးစရာ ကောင်းလှသည်။ သူတို့၏ ကျွမ်းကျင်မှုသည်လည်း အံ့သြစရာကောင်းလှသည်။ ထိုသို့ အိုးထိန်းစက်ကို လည်စေနိုင်သည့်အချိန်တွင် လူသည် အခြားဘီးများကို တီထွင်ရန် ကြံဆလာသည်။ ပထမဆုံး သစ်လုံးကို ဘီးဝိုင်းများအဖြစ် ဖြတ်ယူသည်။ ဘီးနှစ်ခုရလျှင် ဝင်ရိုးတုတ်တံ တပ်ဆင်၍ နွားဆွဲလှည်းတွင် ဘီးအဖြစ် တပ်ဆင်သည်။ ယင်းတို့မှာ ပထမဆုံးနွားလှည်းများ ဖြစ်ကြလေသည်။ မိုဟင်ဂျိုဒါရိုမြို့၊ တရုတ်ပြည်၊ ရောမပြည်တို့တွင် နွားလှည်းများ အသုံးပြုကြောင်း တွေ့ရလေသည်။ ပုဂံကျောက်စာတို့၌ လှည်း နွား ဟူသော ဝေါဟာရ၊ လှည်းမောင်းသူ ဖြစ်သည့် 'လှည်းသည်' ဟူသောဝေါဟာရတို့ တွေ့ရသည်ကို ထောက်သော် နွားဆွဲလှည်း ရှိနေပြီ။ ထို့ကြောင့် ဘီးကို လှည်း၌ တပ်ဆင်အသုံးပြုနေပြီဟု ယူဆနိုင်လေသည်။

ထို့နောက် လူတို့သည် နွားဆွဲသည့်လှည်းမှ မြင်းတပ်ဆင် မောင်းနှင်သည့် မြင်းလှည်းကို တီထွင်ကြပြန်သည်။ အချို့မြင်းလှည်းတို့တွင် မြင်း တစ်ကောင်သာမက နှစ်ကောင်၊ သုံးကောင်၊ လေးကောင်အထိပင် တပ်ဆင်သည်။




မြင်းဆွဲသည့် လှည်းသည် အလွန် လျင်မြန်လေရကား အမဲလိုက်ရာတွင် ရှေးလူတို့ အသုံးပြုခဲ့ကြလေသည်။ စစ်ပွဲများတွင်လည်း စစ်သူရဲတို့သည် ထိုယာဉ်တွင် စီးကာ တိုက်ခိုက်ကြကုန်သည်။

မြင်းကသည့် ရထားများကို အီဂျစ်ပြည်၊ အဆီးရီးယားပြည်၊ ဂရိတ်ပြည်နှင့် ရောမပြည်တို့တွင် အသုံးပြုခဲ့ကြသည်။

အိန္ဒိယပြည်တွင်လည်း ထိုယာဉ်မျိုးကို အသုံးပြုခဲ့သည်။ ရထားအိမ်ကို လှပစွာ ထုထွင်းထားသည်။

ရှေးမြန်မာတို့ အသုံးပြုသည့် ယာဉ်မှာ ခြောက်စထောင် လှည်းယဉ်ပင် ဖြစ်သည်။ လှည်းအိမ်ကို ပန်းပုဆရာက အလှအပ အပြောက်အမွမ်းတို့



ဖြင့် ထုထွင်းသည်။ ပန်းခက် ပန်းနွယ်ပုံများ ထုထွင်းသည်။ ခြောက်စထောင် လှည်းယဉ်သည် ဝေဇယန္တာ နတ်ရထားအလား ကော့ပျံနေသည်။ ထိုလှည်း ယဉ်ကြော့တွင် ဆတ်ဆတ်ကော့ကော့ နွားတစ်ယှဉ်း တပ်ပေးပြီးလျှင် မောင်း နှင်ရစေသော် ဖြူသံ တလွင်လွင်ဖြင့် ကြွကြွရွရွ ပြေးနေသည်မှာ ကြည့်ရသူအဖို့ မြူးကြွစေသည်။

အီဂျစ်ပြည်တွင် အသုံးပြုသည့် မြင်းရထားသည် ပေါ့ပါးသည်။ သစ် သားအိမ်တွင် ကြိုးများ ယှက်လိမ်ရက်ဖောက်ထားကာ လှအောင် တန်ဆာဆင် သည်။ စစ်တံခွန်လွှင့်သည့် စစ်ရထားတို့တွင် ပုံတောင်း ခြောက်ခု ပါရှိ၍ ရိုးရိုးလှည်းများတွင် ပုံတောင်းလေးခု ပါရှိသည်။



အဆီးရီးယားပြည်သုံးယာဉ်တို့မှာ လေးလံထည်ဝါသည်။ ဘီးများတွင် တစ်ခါတစ်ရံ သတ္တုတိုင်ယာများ တပ်ဆင်ထားသည်။

ဂရိမြင်းရထား၌ ရွှေငွေတို့ မွမ်းမံထားကာ ပန်းပုလက်ရာများ ထုထွင်းထားသည်။ ဘီးတို့ကို ကြေးဝါဖြင့် ပြုလုပ်၍ ဝင်ရိုးကို သံမဏိဖြင့် ပြုလုပ်သည်။ ပုံတောင်းရှစ်ခုပါရှိ၍ အလွန် လျင်မြန်သည်။ ရောမလူမျိုးတို့က တစ်ဆင့် တီထွင်ပြန်သည်။ သူတို့၏ မြင်းရထားတို့တွင် ဝင်ရိုး၌ ဆူးပြောင့်ခလုတ်တို့ကို ရှင်းလင်း ခုတ်ထွင်သည့် အချောင်းအတံများ တပ်ဆင်ထားသည်။

ဘီးကို ယာဉ်၌ တပ်ဆင်သည့်အပြင် ရေတွင်း၌ ရေငင်ရန်လည်း အသုံးပြုကြပြန်သည်။ ယခင်ကမူ ရေတွင်းမှ ရေကို သားရေဖြင့် ပြုလုပ် ထားသည့်ပုံးဖြင့် ငင်သည်။ ယင်းမှာ အလွန်ခက်ခဲသည့် ကိစ္စဖြစ်သည်။ ရေငင်ရာ၌ မဟန်နိုင်လျှင် ငင်သူ တွင်းထဲသို့ ကျနိုင်သည်။

ထို့နောက် ရေငင်သည့် အလွယ်နည်းတစ်ခု တွေ့လာသည်။ ရေပုံး ကို သစ်တုံးရှည်တစ်ခု၏ တစ်ဖက်အစွန်းတွင် ကြိုးဖြင့် ချည်နှောင်သည်။ သစ်တုံး၏ အခြားတစ်ဖက်အစွန်း၌ လေးလံသော ကျောက်တုံးတစ်ခုကို ချည်နှောင်သည်။ ထို့နောက် သစ်ကိုင်းခွတစ်ခုကို စိုက်ထူကာ စက်သီးသဖွယ် အသုံးပြုသည်။ ဤသည်မှာ မောင်းလက်ပင် ဖြစ်သည်။ ထိုမောင်းလက်ကို



ယခုတိုင် ကျွန်တော်တို့တိုင်းပြည် ကျေးလက်တောရွာများ၌ အသုံးပြု ကြဆဲ ရှိသေးသည်။ ရေငင်သည့် အခြားနည်းတစ်ခုကို ပါရှင်းတို့က တီထွင်သည်။ ယင်းမှာ ကြိုးကို ဘီးတစ်ခုတွင် ရစ်နှောင်စေကာ နွားဖြင့်ဆွဲသည်းနည်းပင်ဖြစ်သည်။

ဘီးကို ဗိုင်းငင့်ရာ၌လည်း အသုံးပြုလေသည်။ ကျွန်တော်တို့ မြန်မာ ကျေးလက်တွင် ယခုတိုင် ရစ်ဖြင့် ဗိုင်းငင့်နေသည်ကို တွေ့ ရသေးသည်။ ဘီးကို အသုံးပြု သည့် အခြားကိစ္စတစ်ခု ရှိသေး သည်။ ယင်းမှာ စပါးကြိတ်ဆုံ ဖြစ်သည်။ ကျောက်ဘီးနှစ်ခုကို ယှဉ်ထားကာ အကြားတွင် စပါး ထည့်၍ ကြိတ်ခြင်းပင်ဖြစ်သည်။ ဤကြိတ်ဆုံမျိုးကို ကမ္ဘာအနှံ့ အပြား သုံးစွဲခဲ့ကြသည်။

သို့ရာတွင် ခရစ်မပေါ်မီ ရာစုနှစ် အနည်းငယ်ခန့်တွင် ရေ ရဟတ်စက်များ ပေါ်လာသည်။ ယင်းတွင် ဘီးကို ရေအားဖြင့် လည်စေသည်။ အချို့ကား လေ ရဟတ်စက်ဖြစ်သည်။ ဟော်လန် ပြည်တွင် ယခုတိုင် လေဖြင့် ဘီး ကိုလည်စေသည့် ရဟတ်စက်များ ရှိသေးသည်။ ဘီးလည်သည်တွင် စပါးကို ကျောက်တုံးနှစ်ခုအကြား ၌ ထည့်၍ ကြိတ်သည်။



ရှေးအခါက စပါး ထောင်းခြင်း၊ စပါးကြိတ်ခြင်းတို့ကို အမျိုးသမီးများသာ ပြုလုပ်ခဲ့ဟန်တူသည်။ ယခုတိုင် လူချမ်းသာများက စပါးကြိတ်ခြင်းကို အမျိုးသမီးများ၏ အလုပ်ဟု ယူဆကြဟန်တူသည်။ လေရဟတ်စက်၊ ရေအားစက်များကို အသုံးပြုလိုဟန်မတူ။ ထို့အတူ လူချမ်းသာတို့သည် အခြားတီထွင်မှုများကိုလည်း မေ့လျော့ပစ်ပယ် ထားခဲ့ကြသည်။

တီထွင်ဖန်တီးမှု ဖြစ်လာသည့် ပစ္စည်းကိရိယာကို အသုံးမပြုလျှင် တီထွင်သူ သိပ္ပံပညာရှင်တို့ကလည်း စိတ်အားလျော့ကာ အသစ်များ ကြံစည်လုပ်ကိုင်ရန် စိတ်မပါတော့။ အီဂျစ်ယဉ်ကျေးမှုနှင့် ဂရိယဉ်ကျေးမှု နှစ်ရပ်သည် စက်ကိရိယာသစ်များ တီထွင်ရာမှ ဖွံ့ဖြိုးလာသည့် ယဉ်ကျေးမှုများဖြစ်ကြသည်။ သို့သော် စက်ကိရိယာ၏ အရေးကြီးပုံကို မေ့လျော့ပစ်ပယ်သည်နှင့် ထိုယဉ်ကျေးမှုကြီးနှစ်ရပ် ပျက်စီးဆုံးပါးခဲ့ရသည်။

## ၃

ဤအချက်သည် အရေးကြီးသည်။ လူ့သမိုင်းအတွက် ကြီးမားသည့် သင်ခန်းစာလည်း ဖြစ်သည်။ လူချမ်းသာတို့သည် စက်မှုကိရိယာကို အသုံးချခြင်းဖြင့် ကြွယ်ဝလာခဲ့သည်။ သို့သော် အသစ်တီထွင်ရန်ကား မေ့လျော့နေသည်။ သူတို့တစ်သက်အဖို့ ချမ်းသာကြွယ်ဝလျှင် ကိစ္စပြီးနေပြီဟု ယူဆဟန် တူသည်။ သို့ရာတွင် အလုပ်သမားတို့မှာ စက်ကိရိယာ အသစ်မပေါ်သဖြင့် အလုပ်ကြမ်းတွင် နစ်မွန်းကြရသည်။ လူသည် လွန်ခဲ့သည့် နှစ်ပေါင်း ထောင်ပေါင်းများစွာကပင် လက်နက်ကိရိယာကို တီထွင်သုံးစွဲလာခဲ့သူ ဖြစ်သည်။ ဤတီထွင်ချက်မှာ မိမိတို့ အသက်မွေးမှု လွယ်ကူရန်ပင် ဖြစ်သည်။ သို့ဖြစ်ရာ ရှေ့အဖို့တွင်လည်း ဆက်လက်တီထွင် ဖန်တီးရဦးမည် ဖြစ်သည်။ ထို့ကြောင့် လက်နက်ကိရိယာ သို့မဟုတ် စက်မှုလုပ်ငန်းကို တိုးတက်အောင် ကြံဆရန် နည်းလမ်းရှာဖွေရမည် ဖြစ်သည်။ ဤကိစ္စကို ရင်ဆိုင်ဖြေရှင်းရမည် ဖြစ်သည်။


အတိတ်ကမူ လူချမ်းသာတို့သည် တိုးတက်ရေးကို ပိတ်ပင်ဆီးတားခဲ့ကြသည်။ သူတို့တွင် ငွေဝယ်ကျွန်များ ပိုင်ဆိုင်သည်။ ထို့ပြင် ဆင်းရဲသားများလည်း ဒုနှင့်ဒေး ရှိနေသည်။ ထို့ကြောင့် စက်အစား ငွေဝယ်ကျွန်နှင့်

ရာပြည့်စာအုပ်တိုက်

ဆင်းရဲသားတို့က နေရာ ဝင်ယူလိမ့်မည်။ စက်ကိရိယာတီထွင်ရန်မလို။ ဘာသာရေးသမားတို့ကလည်း စက်မှုလုပ်ငန်း ထွန်းကားသည်ကို စိုးရိမ်ကြောက်ရွံ့ကြသည်။ သူတို့သည် အတွေးခေါင်သူများဖြစ်သည်။ ဘုရားသခင် ပြုဖွယ်ကိစ္စ မှန်သမျှကို စက်ကနေရာဝင်ယူလိမ့်မည်ဟု စိုးရိမ်ကြသည်။ ထို့ကြောင့် သူတို့ကလည်း တီထွင်မှုကိုအားမပေးခဲ့ကြ။ ခရစ်ယာန်ဂိုဏ်းသည် သိပ္ပံပညာ စမ်းသပ်မှုများ မပြုလုပ်ရန် တစ်ခါက တားမြစ်ခဲ့ဖူးသည်။




သို့ငြားလည်း လူသည် တီထွင်သည့် သတ္တဝါဖြစ်လေရာ တစ်ခုပြီး တစ်ခု ဆက်လက် တီထွင်လျက် ရှိသည်။ အထူး သဖြင့် ပြန်လည်ဆန်းသစ်ရေး ခေတ်ဟု ခေါ်ကြသော ရီနေးဆွန်း ခေတ်၌ အများ အပြား ကြံဆ တီထွင်ခဲ့ကြလေသည်။



စစ်တံခွန် လွှင့်ခဲ့သည့် မြင်းဆွဲရထားများကို ရေနွေးငွေ့ဖြင့် မောင်းနှင့်ရန် ကြိုးပမ်းချက်သည် လူတို့ကြံစည်သည့် အကြီးဆုံး စမ်းသပ်မှုတစ်ခုဖြစ်လေသည်။ အဇက်ဇန်းဒရီးယားမှ ပညာရှိ ဟီရိုသည် ခရစ်မပေါ်မီ ပထမရာစု၌ ထင်ရှားခဲ့သူဖြစ်သည်။ ယင်းမှသည် ၁၈ ရာစုခေတ်တွင် ထင်ရှားသည့် စကော့လူမျိုး ဂျိမ်းဝပ်အထိ ကာလအတွင်း များစွာသော လူပုဂ္ဂိုလ်တို့သည် ရေနွေးငွေ့အင်ဂျင်စက် ဖြစ်ပေါ်ရန် မဆုတ်မနစ်သော လုံ့လဖြင့် ကြိုးပမ်းခဲ့ကြသည်။ ခရစ်နှစ် ၁၇၇၇ တွင်ကား ဂျိမ်းဝပ်သည် ပထမဆုံး ရေနွေးငွေ့အင်ဂျင်စက်ကို ပြုလုပ်ခဲ့သည်။ ယင်း၏ အသုံးဝင်ပုံကို လူတို့နားလည်လာကြသည်။ အခြား လူသုံးပစ္စည်းများ ပြုလုပ်ရာ၌ ရေနွေးငွေ့ အင်ဂျင်စက်က အကူအညီပေးကြောင်း သိလာကြသည်။ ထိုစက် ပေါ်စပြုသည့်အချိန်တွင် လူတို့၏ လူနေမှုဘဝသည်လည်း ပြောင်းလဲလျက်ရှိသည်။ ထို့ကြောင့် လူတို့၏ အလိုဆန္ဒများ၊ လူတို့၏ စိတ်ဝင်စားမှုများလည်း ပြောင်းလဲလျက်ရှိသည်။ ပုံစံဆိုလျှင် ထိုအချိန်၌ အင်္ဂလိပ် မြေရှင် လယ်ရှင်တို့သည် လယ်ယာများကို ခြံခတ်၍ ပိတ်လိုက်ကြသည်။ သူတို့၏ လယ်မြေတွင် ဆင်းရဲသားတို့ ဝင်ရောက် လုပ်ကိုင်ခွင့် မရတော့။ ထိုအခါ အလုပ်လက်မဲ့ လယ်သမားအများအပြား ပေါ်လာသည်။ ယင်းအလုပ်လက်မဲ့တို့သည် မန်ချက်စတာမြို့ရှိ စက်ရုံများတွင်လည်းကောင်း၊ ဗရက်ဖို့မြို့ရှိ စက်ရုံများတွင်လည်းကောင်း ဝင်ရောက်လုပ်နိုင်ကြသည်။ အင်္ဂလိပ်နယ်သစ်ရှာသူတို့သည် အမေရိကန်ပြည်၊ အိန္ဒိယပြည်၊ အာဖရိကတိုက် စသည်တို့ကို အောင်နိုင်သိမ်းပိုက်ကာ ယင်းကိုလိုနီနိုင်ငံတို့မှ ဝါဂွမ်းကို အင်္ဂလန်ပြည်သို့ တင်သွင်းသည်။

လန်ကာရှိုင်းယား စက်မှုလုပ်ငန်း ထွန်းကားလာသဖြင့် စက်သစ်များ တီထွင်ရန် လိုအပ်လာသည်။ ခေတ်အလိုကို ဂျွန်ဘေး၊ ဂျိမ်းမားဂရေ့ စသူတို့က ဖြည့်စွမ်းသည်။ ဂျွန်ဘေးသည် လွန်းပျံတစ်ခုကို တီထွင်သည်။ မားဂရေ့သည် ဗိုင်းငင့်စက်တစ်ခုကို တီထွင်သည်။ ထို့နောက် ကာလအတန်ငယ်အကြာတွင် အမေရိကန်ပြည်မှ ဝှစ်တနေ ဆိုသူက ဝါဂွမ်းဖတ်များမှ ဝါစေ့ကို ဆွဲထုတ်သည့် စက်တစ်ခုကို တီထွင်ပြန်သည်။ ထို့နောက် အင်္ဂလန်ပြည်တွင် ရေအားဖြင့် မောင်းနှင်သည့် ရက်ကန်းစက်များ ပေါ်လာသည်။ ယင်းတို့ကို

ရစ်ချတ်အတ်ကရိုက်နှင့် အက်ဒမွန်အတ်ကရိုက်ဆိုသူတို့က တီထွင်ကြသည်။ ထိုအခါ ဂျိမ်းဝပ်၏ ရေနွေးငွေ့အင်ဂျင်စက်နှင့် အတ်ကရိုက်၏ ရက်ကန်းစက်တို့ကို ပေါင်းစပ်လိုက်သည်။ ဤပေါင်းစပ်မှုသည် လူတို့၏ သမိုင်းကို အကြီးအကျယ် ပြောင်းလဲစေလိုက်ခြင်း ဖြစ်ပေသည်။



ရေနွေးငွေ့ အင်ဂျင်စက်ပြီးလျှင် ဝပ်သည် ရေနွေးငွေ့ဖြင့် မောင်းနှင်သည့် မီးရထားကို ပြုလုပ်ရန် ကြံစည်ပြန်သည်။ သူ့အလျင် ရစ်ချတ်အိုင်ယာဗစ်တစ် ဆိုသူက တန်ချိန် နှစ်ဆယ် သယ်နိုင်သည့် မီးရထားအင်ဂျင်တစ်ခုကို ပြုလုပ်ခဲ့သည်။

ပင်လယ်ရပ်ခြား သွားလာသည့် မီးသင်္ဘောအကြောင်းမှာ ပို၍ စိတ်ဝင်စားစရာကောင်းလေသည်။ ၁၇၈၇ တွင် အမေရိကန်ပြည် ကော်နက်တီကပ်မြို့သား ဂျွန်ဖစ်ဆိုသူသည် သင်္ဘောတစ်စီး ပြုလုပ်၍ ဒီလာဝယ်ယာမြစ်အတွင်း မောင်းနှင်ခဲ့သည်။ ထို့နောက် ဖူလတန်ဆိုသော အမေရိကန်ပြည်သားသည် ဖစ်၏နည်းကို ယူကာ ရေငုပ်သင်္ဘောပြုလုပ်ရန် ကြံစည်ခဲ့သည်။ သူသည် ပြင်သစ်ပြည် ပဲရစ်မြို့သို့ လာရောက်ကာ သူ၏ရေငုပ်သင်္ဘောစီမံကိန်းကို နပိုလီယန်အား တင်ပြသည်။ အင်္ဂလိပ်ရေတပ်ကို ရေငုပ်သင်္ဘောဖြင့် အနိုင်ယူနိုင်ကြောင်းကိုလည်း တင်ပြသည်။ သို့သော် နပိုလီယန်က သူ့အကြံကို မယူခဲ့။ သို့ဖြစ်ရာ ဖူလတန်သည် အမေရိကန်ပြည်သို့ ပြန်လာပြီးလျှင် မီးသင်္ဘော ကုမ္ပဏီတစ်ခု တည်ထောင်ကာ နယူးရောက်နယ်တွင် ခုတ်မောင်းသည်။ ဖူလတန်၏ ကုမ္ပဏီသည် များစွာ အောင်မြင်လာသည်။ သို့ရာတွင် ဂျွန်ဖစ်မှာမူ ရှိသမျှငွေကို သင်္ဘောဆောက်ရာ၌ အရင်းအနှီးမြှုပ်နှံ

သော်လည်း မအောင်မြင်ဘဲရှိသည်။ လူအများ၏ ပြက်ရယ်ပြုခြင်းကိုလည်း ခံရသည်။ ထို့ကြောင့် စိတ်ညစ်ညစ်နှင့် မိမိကိုယ်မိမိ အဆုံးစီရင်လိုက်သည်။ သူသေပြီးနောက် နှစ်ဆယ့်ငါးနှစ်အကြာတွင် ဆာဗားနားအမည်ရှိ သင်္ဘောသည် အမေရိကန်ပြည်မှ အင်္ဂလန်ပြည် လီဗာပူမြို့သို့ ၂၅ ရက်နှင့်အရောက် ခုတ်မောင်းခဲ့သည်။ ထိုအခါ လူတို့သည် ဖစ်၏ တီထွင်မှုကို ပြက်ရယ်မပြုကြတော့ပေ။ သို့ငြားလည်း ဖစ်ကို မေ့လျော့နေကြပြီ။ မီးသင်္ဘောကို တီထွင်သူမှာ အခြားပုဂ္ဂိုလ် တစ်ဦးဟု ထင်ကြလေသည်။

နောက် နှစ်ပေါင်း ခြောက်ဆယ်ကျော်သည့်အခါ စကော့လူမျိုး စတီဖင်ဆန် ဆိုသူသည် ခေတ်မီ မီးရထားကို တီထွင်လေသည်။

ဂူတွင်းအောင်းလူတို့ တွေ့သည် မီးပွားကလေးမှ လျှပ်စစ်ခေတ်ဖြစ်ပေါ်လာသည့် အကြောင်းကို ပြောခဲ့ပြီ။ ဤတီထွင်မှုကြောင့် ကြိုးမဲ့ကြေးနန်း၊ တယ်လီဖုန်း စသည်တို့ ပေါ်ခဲ့ရခြင်း ဖြစ်သည်။

## ၁

စက်ပေါ်လာသဖြင့် လူ့လောကအတွက် အကျိုးဖြစ်ထွန်းသည်ကား မှန်ပါ၏။ သို့ရာတွင် ကောင်းကျိုးရှိသလို ဆိုးပြစ်လည်း ရှိလေသည်။ ရှေးယခင်က လူတို့သည် မိမိလက် အားကိုးဖြင့် လူသုံးပစ္စည်းတို့ကို ပြုလုပ်ကြသည်။ သို့ရာတွင် စက်ပေါ်လာသည့်အခါ စက်က တစ်နာရီအတွင်း ပစ္စည်းထောင်သောင်း ပြုလုပ်လာသည်။ ထိုအခါ လူ့လက်က စက်ကို လိုက်၍မမီဖြစ်လာသည်။ စက်မှုတပ်ဆင်ရန် ငွေကြေးအမြောက်အမြား လိုသည်။ လက်မှုပညာရှင်တို့မှာ ထိုငွေကြေးကိုမျှ မတတ်နိုင်။ ထို့ကြောင့် စက်များ မဝယ်နိုင်။ ထိုအခါ လူချမ်းသာတို့ တည်ထောင်သည့် စက်ရုံများတွင် အခစား ဝင်၍လုပ်ကြရသည်။ လယ်ယာမဲ့ လယ်သမားတို့လည်း စက်ရုံများ၌ ဝင်၍ အခစားလုပ်ကြရသည်။ အချို့သော အလုပ်လက်မဲ့ လက်မှုပညာရှင်တို့မှာ စက်ပေါ်လာသဖြင့် သူတို့ထမင်းငတ်ရသည်ဟု ယူဆကာ စက်များကို ဖျက်ဆီးရိုက်ချိုးကြသည်။ ဤသို့ အကြမ်းဖက်မှုများ အင်္ဂလန်ပြည်၌ပေါ်ခဲ့သည်။ သို့သော် နှိမ်နင်း ချေမှုန်းပစ်ခဲ့သည်သာတည်း။ ထို့ကြောင့် လူဆင်းရဲတို့မှာ လုပ်ခစားဘဝတွင်သာ မွေ့လျော်ကြရသည်။ ပိုက်ဆံအနည်းငယ်မျှ ရကာ မဝ မျှစားသောက်နေကြရသည်။ သူတို့သည် မြို့ကြီးပြကြီးတို့၏ ဆင်ခြေဖုံး၌

တဲစုတ်တဲငယ်လေးများတွင် နေထိုင်ကြရသည်။ နဂိုက ထက်မြက်ခဲ့သည့် လက်မှုပညာသည်လည်း ပျောက်ကွယ် တိမ်မြုပ်ခဲ့ရသည်။

စက်ရုံဒေသ၌ကား အလုပ်သမားတို့၏ နေထိုင်မှု အဆင့်အတန်းမှာ နိမ့်ကျ ဆိုးရွားလှသည်။ ထိုအခါ အလုပ်သမားတို့သည် အချင်းချင်း စုဝေး တိုင်ပင်ကာ အလုပ်သမားအသင်းများ ထူထောင်လာကြသည်။ သို့ရာတွင် အလုပ်ရှင်များက ထိုအလုပ်သမားအသင်းတို့ကို မရှုဆိတ်။ ထို့ကြောင့် ပါလီမန်တွင် ရှိသော သူတို့မိတ်ဆွေများ၏ အကူအညီဖြင့် ထိုသို့သောအသင်းမျိုး မဖွဲ့စည်းရန် ဥပဒေများ ပြဋ္ဌာန်းစေသည်။

သို့ရာတွင် နိုးကြားစပြုလာသော လူတို့သည် လူ့အခွင့်အရေးကို တောင်းဆိုလာကြကုန်သည်။ လွတ်လပ်ရေးကို တောင်းဆိုလာကြကုန်သည်။ ပြင်သစ်ပြည်တွင် လူဝီဘုရင် ၁၆ လက်ထက် တာဂေါ့ဆိုသော သုခမိန် တစ်ဦးသည် စီးပွားရေး လွတ်လပ်ခွင့်ကို ပြောဆိုလာသည်။ သူက 'လူတို့ ကြိုက်နှစ်သက်ရာ လုပ်ကိုင်ခွင့် ပေးပါ'ဟု ရေးသားတင်ပြခဲ့သည်။ အင်္ဂလန် ပြည်တွင် အဒန်စမစ် ဆိုသူက ကုန်သွယ်မှု လွတ်လပ်ခွင့်ကို တင်ပြခဲ့သည်။ ထို့နောက် လူပေါင်းများစွာတို့ လက်မှတ်ရေးထိုးသည့် လူထုကြေညာစာတမ်း တစ်စောင်ကို ပါလီမန်သို့ တင်သွင်းပြန်သည်။ ပါလီမန်တွင် တိုင်းသူပြည် သားတို့ ပြောရေးဆိုခွင့် ရှိရမည်ဟု ထိုကြေညာစာတမ်းတွင် တောင်းဆိုလေ သည်။ အစိုးရအဖွဲ့တွင် ဩဇာရှိသူများမှာ စက်ရုံပိုင်ရှင်များ ဖြစ်လေရကား သူတို့သည် အလုပ်သမားများ အင်အားကောင်းလာမည်ကို မလိုလားကြပေ။ ထို့ကြောင့် လူထုကြေညာစာတမ်း လှုပ်ရှားမှုဖြစ်သည့် များတစ်လှုပ်ရှားမှုကို ချေမှုန်းလိုက်ကြလေသည်။ ဤတွင် လူချမ်းသာ စက်ရုံပိုင်ရှင်တို့ အခွင့်အရေး သာခဲ့ပြန်သည်။ ထိုအခါ စက်ရုံတို့ ကောင်းစွာ ဖွံ့ဖြိုးလာခဲ့သည်နှင့် ရောင်း ကုန်ပစ္စည်းတို့ မြောက်မြားစွာ ထုတ်လုပ်နိုင်လေသည်။ သို့ရာတွင် ထိုရောင်း ကုန်ပစ္စည်း ထုတ်လုပ်သူ အလုပ်သမားများ၏ လူနေမှုဘဝ အခြေအနေ မှာ များစွာ အဆင့်အတန်း နိမ့်ကျလျက် ရှိနေသေးသည်။

အင်္ဂလိပ်တို့သည် စက်မှုအရေးတော်ပုံ ပြီးဆုံးသည်နှင့် ကုန်ကြမ်း ရနိုင်မည့် နိုင်ငံငယ်ကလေးများကို တိုက်ခိုက် သိမ်းပိုက်လေသည်။ အရှေ့ အာရှတစ်လွှားတွင် အိန္ဒိယပြည်၊ သီဟိုဠ်ပြည်၊ မြန်မာပြည် စသည်တို့ကို သိမ်းပိုက်လေသည်။ ထိုကိုလိုနီနိုင်ငံများကို စက်ရုံများ တည်ဆောက်ပေးသည်

ကား မှန်ပါ၏။ သို့သော် အင်္ဂလန်ပြည်တွင် ထုတ်လုပ်သည့် ကုန်ပစ္စည်းတို့နှင့် ယှဉ်ပြိုင်ခွင့်မရှိ။ သို့ဖြစ်ရာ ကိုလိုနီနိုင်ငံတို့မှာ စက်မှုလုပ်ငန်းတွင် ခေတ်နောက်ကျလျက်ရှိလေသည်။ ထို့ကြောင့် ကျွန်တော်တို့ ကိုလိုနီနိုင်ငံငယ်များတွင် အလုပ်သမားတို့၏ လူနေမှု အဆင့်အတန်းမှာ များစွာနိမ့်ကျခဲ့ရသည်။ အင်္ဂလန်ပြည်တွင်ကား ယခုအခါ အလုပ်သမားတို့၏ အဆင့်အတန်းမှာ အတန်ငယ် မြင့်မားလာသည်ဟု ဆိုရပေမည်။

စက်ယဉ်ကျေးမှုကြောင့် လူသုံးကုန်ပစ္စည်း ဈေးပေါလာသည်ကား မှန်ပါသည်။ စက်ရုံ မီးခိုးခေါင်းတိုင်တို့ကား တလူလူထွက်နေသည်။ မီးရထားများလည်း ပြေးဆွဲလျက်ရှိသည်။ သင်္ဘောတို့သည်လည်း ပင်လယ်များကို ဖြတ်သန်းသွားလာလျက် ရှိပါသည်။ သို့ငြားလည်း လူတို့မှာ ပျော်ရွှင်မှုကို လုံးဝ မရကြသေး။

ဤတွင် သတ္တိရှိသူ၊ ရဲဝံ့သူတို့သည် အလုပ်သမားတို့၏ အခြေခံအခွင့်အရေးအတွက် တိုက်ပွဲဝင်ကြသည်။ စက်ရုံတွင် အလုပ်သမားတစ်ယောက်၏ အလုပ်ချိန်ကို သင့်တင့်လျောက်ပတ်စွာ သတ်မှတ်နိုင်ရေးအတွက် ကာလအတန်ကြာအောင် တိုက်ပွဲဝင်ယူခဲ့ရသည်။ စက်ရုံပိုင်ရှင်တို့က ထိုအလုပ်ချိန်သတ်မှတ်ရေးတိုက်ပွဲကို ဆန့်ကျင်ကြသည်။ တစ်ဖန် အသက်ခြောက်နှစ်အောက် ကလေးများကို စက်ရုံ၌ အလုပ်မလုပ်ရန် ပြောဆိုတင်ပြကြပြန်သည်။ အမေရိကန်ပြည်တွင် နီဂရိုးငွေဝယ်ကျွန်တို့ကို စက်ရုံများ၌ ခိုင်းစေခဲ့သည်။ သူတို့၏ အသားအရောင်ကြောင့် ကျွန်သဖွယ် ဆက်ဆံကာ ဖိနှိပ်စေခိုင်းခဲ့သည်။ ဤအရေးကို တိုက်ပွဲဝင်ကြသည်။ အမေရိကန်ပြည်တောင်ပိုင်းတွင် ချမ်းသာသော လယ်သမားတို့က နီဂရိုးငွေဝယ်ကျွန်တို့ကို လွှန်မင်းစွာ ဖိနှိပ်စေခိုင်းသည်။ နီဂရိုး ငွေဝယ်ကျွန်အလုပ်သမား မရှိဘဲ ဝါဂွမ်းမစိုက်နိုင်ဟု ယူဆကြသည်။ သို့ရာတွင် စိတ်သဘောထား ကြီးမြတ်သူအချို့က ငွေဝယ်ကျွန်စနစ်ကို ဖျက်သိမ်းလိုသည်။ အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းတွင် 'လူအားလုံးကို ညီမျှသော အခွင့်အရေး ပေးရမည်'ဟု ပါရှိသည့်အတိုင်း ထိုသဘောထားအရ ငွေဝယ်ကျွန်စနစ်ကို ဖျက်သိမ်းလိုကြသည်။ ဤတွင် တောင်ပိုင်းနှင့် မြောက်ပိုင်း အကြီးအကျယ် ပြည်တွင်းစစ် ဖြစ်ခဲ့ရသည်။ ငွေဝယ်ကျွန်စနစ်ကို ဆန့်ကျင်သူတို့အနက် ခေါင်းဆောင်သူမှာ အမေရိကန်သမ္မတ အဗရာဟမ်လင်ကွန်း ဖြစ်သည်။ လင်ကွန်းသည် ထိုတိုက်ပွဲတွင်



အခက်အခဲ များစွာကို ကျော်လွှန်ခဲ့ရသည်။ ထို့နောက် ၁၈၆၃ တွင် လွတ်ငြိမ်း ချမ်းသာခွင့် ဥပဒေအရ ငွေဝယ်ကျွန် စနစ်ကို ဖျက်သိမ်း ခြင်းဖြင့် အနိုင်ရခဲ့လေသည်။ ထို့နောက် များမကြာမီ ပင် လင်ကွန်းကို အရူး တစ်ယောက်က လုပ်ကြံ သတ်ဖြတ် လေသည်။ လင်ကွန်း သေဆုံးကြာလည်း သူ့ရည်ရွယ်ချက်မှာ အောင်မြင်လေသည်။

ဥရောပတိုက်တွင်မူ အရေးတော်ပုံ အမျိုးမျိုး၊ တော်လှန်ရေး အမျိုးမျိုး ဖြစ်ပွားခဲ့ကြလည်း အလုပ်သမားတို့မှာ အခွင့်အရေး မရကြသေး။ တစ်ခါတစ်ရံ အမြော်အမြင်ကြီးမားသည် စက်ရုံပိုင်ရှင်များပင် ထိုအရေးတော်ပုံတို့ကို ခေါင်းဆောင်ခဲ့ကြသည်။ ပုံစံဆိုလျှင် စက်ရုံများစွာ ပိုင်ဆိုင်သော ရောဗတ်အိုဝင် ဆိုသူသည် 'ဆိုရှယ်လစ်လူ့အဖွဲ့အစည်း'တစ်ခု တည်ဆောက်ခဲ့လေသည်။ ပြင်သစ်စာရေးဆရာ လူဝီဗလင့်သည် 'ဆိုရှင်လစ်အလုပ်ရုံ'တစ်ခု တည်ထောင်ခဲ့သည်။ ထိုအချိန်တွင် ဂျာမနီပြည်၌ ကားလမတ် ဆိုသော အဘိဓမ္မာ ဆရာတစ်ဦး ပေါ်ခဲ့သည်။ သူနှင့်အတူ အင်္ဂလန်ပြည်တွင်လည်း ဖရက်ဒရစ် အိန်းဂျဲဆိုသူ စက်ရုံပိုင်ရှင်တစ်ဦး ပေါ်လာသည်။ သူတို့နှစ်ဦးသည် စက်ယဉ်ကျေးမှုခေတ်၏ အပြစ်အနာတို့ကို လေ့လာကြသည်။ စက်ယဉ်ကျေးမှုက ဘာကြောင့် လူတို့ကို ပျော်ရွှင်မှုမပေးနိုင်သနည်းဟု လေ့လာကြသည်။ အလုပ်သမားတို့၏ အခြေအနေမှာ စက်ရုံပိုင်ရှင် အရင်းရှင်တို့၏ လက်ဝယ်၌ အခြေအနေဆိုးနှင့် ရင်ဆိုင်ရသည်။ အရင်းရှင်က အလုပ်သမားကို ရောင်းကုန်ပစ္စည်းတစ်ခုသဖွယ် ဝယ်နိုင် ရောင်းနိုင်သည်။ ငွေဝယ်ကျွန်



သဖွယ် ရောင်းနိုင် ဝယ်နိုင်သည်။ ထို့ကြောင့်သာ စက်ယဉ်ကျေးမှုက လူ့လောက၏ ပျော်ရွှင်မှုကို ဖျက်ဆီးသည်ဟု ကားလမတ်ကယူဆသည်။ ထိုနောက် ၁၈၆၇ တွင် ကားလမတ်၏ နာမည်ကျော် အရင်းကျမ်း ပထမတွဲကို ရေးသား ထုတ်ဝေခဲ့သည်။

စက်မှုခေတ်တွင် လူ့ဘောင်၌ အရင်းရှင်မည်သော လူတန်းစားအသစ်တစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ ထိုအရင်းရှင်သည် ပိုလျှံသော ငွေအင်အားဖြင့် စက်ကိရိယာ၊ လက်နက်ကိရိယာတို့ကို ဝယ်သည်။ ထိုစက် လက်နက် ကရိယာတို့အားဖြင့် အလုပ်သမားတို့မှာ ငွေချမ်းသာကို ထုတ်လုပ်ရသည်။ ဤသို့ဖြင့် ချမ်းသာသူမှာ ပို၍ ပို၍ ချမ်းသာလာပြီးလျှင် ဆင်းရဲသား အလုပ်သသမားတို့မှာ ပို၍ပို၍ ဆင်းရဲလာခဲ့ရသည်။ ထို့ကြောင့် တိုင်းပြည်တိုင်းရှိ လုပ်သားပြည်သူတို့သည် စည်းရုံးညီညွတ်စွာ ပူးပေါင်းလျက် မိမိတို့၏ အခွင့်အရေးအတွက် တိုက်ပွဲဝင်ကြရမည်။ ဤကား ကားလမတ်၏ အယူအဆတည်း။

မတ်နှင့် အခြား ဆိုရှယ်လစ်ဝါဒီတို့၏ အယူအဆများသည် ဖွံ့ဖြိုးထွန်းကားလာသည်။ နောင်အခါ အင်္ဂလန်ပြည်တွင် အလုပ်သမားတို့ကို ကိုယ်စားပြုသည်ဟု ဆိုသော လေဘာပါတီဟူ၍ ပေါ်လာကာ အစိုးရဖွဲ့နိုင်ခဲ့သည်။ ရုရှားပြည်တွင်ကား ပထမကမ္ဘာစစ်အတွင်း ဆိုရှယ်လစ်များနှင့် ကွန်မြူနစ်များ ပူးပေါင်းကာ တော်လှန်ရေးတစ်ရပ် ဆင်နွှဲခဲ့သည်။ ထိုတော်လှန်ရေးအောင်မြင်သဖြင့် ဆိုဗီယက်အစိုးရသစ် ထူထောင်နိုင်ခဲ့သည်။ ယင်းအစိုးရသည် အရင်းရှင်လူတန်းစားနှင့် မြေပိုင်ရှင်ကြီးများကို ဆန့်ကျင်သည်။ ယင်းကို ပစ္စည်းမဲ့ အာဏာရှင်စနစ်ဟု ခေါ်ကြလေသည်။

ကျွန်တော်တို့ မျက်မှောက်ခေတ်တွင် လူ့လောကဦ လူတန်းစားနှစ်ရပ် ဆန့်ကျင်တိုက်ခိုက်ကြသည့် တိုက်ပွဲကို မျက်မြင်တွေ့ကြရသည်။ တစ်ဖက်တွင် ဆိုရှယ်လစ်တို့ရှိ၍၊ အခြားတစ်ဖက်တွင် အရင်းရှင်တို့ ရှိသည်။ ယနေ့ကား ကမ္ဘာ့နေရာ အနှံ့အပြားတွင် လူတို့သည် လုပ်အားဖြင့် အရင်းတည်ကာ လူ့လောက၏ စီးပွားချမ်းသာကို တည်ဆောက်သည့် လူများစု၏ လူနေမှုအဆင့် မြင့်မားရေးအတွက် ကြံဆကြသည်။ သိပ္ပံပညာ ထွန်းကားလာသည်နှင့်အမျှ ယင်းကို အဏုမြူဗုံးကဲ့သို့ အဖျက်လုပ်ငန်းတွင် အသုံးမပြုဘဲ လူ့လောက သာယာရေးအတွက်သာ အသုံးပြုမည်ဆိုလျှင် လူနေမှုအဆင့် မြင့်မားလာစရာ အကြောင်းများရှိသည်။ အဏုမြူအားကို အစားအစာအမြောက်အမြား ထွက်အောင် အသုံးချလျှင်၊ ထို့ပြင် လူသုံးကုန်ပစ္စည်း အမြောက်အမြား ထွက်အောင် အသုံးချလျှင် 'မရှိစကား မကြားရသည့်' ပဒေသာပင်ခေတ်သို့ မုချမလွဲ ရောက်နိုင်ပေလိမ့်မည်။

သို့ရာတွင် လူတို့ သတိချပ်ရမည့် အချက်တစ်ခုရှိသည်။ ယင်းမှာ လူသည် စက်ကို ဖန်တီးသူဖြစ်သည်၊ စက်၏ ကျေးကျွန် မဟုတ်ဟူသော အချက်ပင်တည်း။ သို့မှသာ စက်ယဉ်ကျေးမှုကြောင့် ပေါ်လာရသည့် အပြစ်တို့ကို ထိန်းချုပ်နိုင်ပြီးလျှင် လူ့လောက သာယာရေးအတွက် ဆောင်ရွက်နိုင်ပေမည်။ ဤတွင် အင်္ဂလိပ်ပညာရှိ ဂျဲရမီဗင်သမ် ပြောခဲ့သော စကားကို သတိပြုသင့်သည်။ သူက "မိမိ သက်သောင့်သက်သာနေလိုလျှင် တစ်ပါးသူကိုလည်း သက်သောင့်သက်သာ နေရအောင် ဦးစွာ ဖန်တီးပေးရမည်။ တစ်ပါးသူ သက်သောင့်သက်သာ နေနိုင်ရန်အတွက်ကား သူတစ်ပါးကို ချစ်မြတ်နိုးစိတ် မွေးရမည်။ သူတစ်ပါးကို ချစ်ခင်ရမည်ဆိုရာဦ အပြောသာ မဟုတ်၊ လက်တွေ့တွင်ပါ ချစ်ခင်မြတ်နိုးကြောင်း ပြရမည်" ဟု မိန့်ဆိုခဲ့ဖူးလေသည်။

## အခန်း ၁၀

## ရှေးသရောအခါ ပြည်ဗာရာဝယ်

၁

ဤကမ္ဘာမြေတွင် လူဟူသည့်သတ္တဝါ ဖြတ်သန်းခဲ့သည့် ခရီးတာတစ်လျှောက် ပုံဝတ္ထုပေါင်း များစွာ တွေ့ခဲ့ရသည်။ လူ၏ ဇာတ်ကြောင်းသည် များစွာ ထွေပြားခဲ့သည်။ အချို့ဇာတ်ကြောင်းတို့ကို ဤစာအုပ်တွင် ဖော်ပြခဲ့ပါသည်။ ဤလူ့အကြောင်းသည် ဇာတ်လမ်းရှည်ကြီးတစ်ခု ဖြစ်ပါသည်။ ဇာတ်လမ်းရှည်ကြီးထဲတွင် ဇာတ်အိမ်ငယ်ကလေးများ၊ ဇာတ်လမ်းလက်တက်ကလေးများ များစွာ ပါဝင်ခဲ့ပါသည်။ သို့ရာတွင် လူသည် အခြားလူတို့နှင့် တစ်နည်းဆိုလျှင် အချင်းချင်း မည်သို့ပေါင်းသင်းနေထိုင်ခဲ့သည်ဟူသော အရေးအကြီးဆုံး ဇာတ်ကြောင်းကိုမူ နောက်ဆုံး၌ ဖော်ပြထားပါသည်။ ဤဇာတ်လမ်းသည် လူ့သမိုင်းတွင် အရေးအကြီးဆုံး ဇာတ်လမ်းဖြစ်ပါသည်။ ထို့ကြောင့် နောက်ဆုံး၌ ဖော်ပြရခြင်း ဖြစ်သည်။ တစ်ကြောင်းမှာလည်း ကျွန်တော်တို့သည် ဤအဆစ်အပိုင်းကို သေချာစွာ လေ့လာကာ သင်ခန်းစာ ထုတ်ယူနိုင်မည်ဆိုလျှင် ကျွန်တော်တို့ လူဟူသည့်မျိုးနွယ် အသက်ဆက်လက် ရှင်သန်ခွင့်ရမည် ဖြစ်သည်ဟု ကျွန်တော် ယုံကြည်သောကြောင့် ဖြစ်ပါသည်။ သို့မဟုတ်လျှင်ကား ကျွန်တော်တို့ ပျက်စီးဆုံးပါးမည် အမှန်ပင်တည်း။

အစကပြန်၍ ကောက်ကြစို့။

ကျွန်တော်တို့၏ ရှေးအကျဆုံး လူ့အနွယ်တို့သည် တောကြီးမျက်မည်း၌ နေထိုင်ခဲ့ကြသည်။ ထိုအခါက လူသည် တိရစ္ဆာန်ထက် အနည်းငယ်သာ

အဆင့်အတန်းမြင့်ခဲ့သည်ဟု ဆိုသင့်သည်။ လူ့ဝန်းကျင်တွင် ဘေးအန္တရာယ် အမျိုးမျိုး ဝိုင်းနေသည်။ ထိုအန္တရာယ်တို့မှ လူသည် မည်သို့လွှန်မြောက် လာခဲ့သည်ကို ကျွန်တော်တို့ ကောင်းစွာ သိခွင့်မရခဲ့ပါ။ သို့ရာတွင် မျောက်ဝံ နှင့် တူသည့် လူအဖြစ်မှ လူအဖြစ်သို့ ကူးပြောင်းလာသည့်အခါ ယနေ့ ရပ်တည်နေသည့် လူ့အရည်အသွေးတို့ သူ့တွင် မည်သို့ ပါရှိလာသည်ကို ကား ကျွန်တော်တို့ သိရှိလေ့လာနိုင်ခဲ့သည်။

လူ့လောကဆိုသည်မှာ အင်မတန်မှ ကျယ်ဝန်းသည့် အရာဖြစ်သည်။ ကျယ်ဝန်းသည်နှင့်အမျှ အရာရာကို ကျွန်တော်တို့ မသိနိုင်။ အနည်းအကျဉ်း ကိုသာ ခြေခြေမြစ်မြစ် သိနိုင်ပေမည်။ ဤကား ဓမ္မတာသဘောအတိုင်းပင် ဖြစ်သည်။ ဤအယူအရဆိုလျှင် လူ့ဇာတ်ကြောင်းတွေ ရှေ့သို့ တိုးတက် သည် ဟူသော အချက်ကိုကား ရဲရဲဝံ့ဝံ့ ဆိုရဲသည်။ ရှေ့သို့တိုးတက်သည် ဆိုရငြားလည်း ဖြောင့်တန်းသောလမ်းမပေါ်သို့ လျှောက်ခြင်းမျိုးကား မဟုတ် နိုင်ပါ။ အမှန်စင်စစ် သမိုင်းဆိုသည်မှာ ဖြောင့်တန်းသောလမ်း မဟုတ်ပါ။ တောကြီး မျက်မည်းတို့ကိုလည်း တွေ့ရပြီးလျှင် ရွံ့နွံတို့ကိုလည်း တွေ့ရ တတ်ပါသည်။ ထို့နောက် လမ်းကွေ့လမ်းကောက် တစ်ဆစ်ချိုးများလည်း ရှိတတ်ပါသည်။ သို့ရာတွင် သမိုင်းလမ်းကြောင်းသည် အစဉ်တစိုက် တောင် ကုန်းမြင့်များသို့ တက်နေသည်နှင့် တူပါသည်။ တစ်ခါတစ်ရံ လမ်းသည် တောင်စောင်းမှ ခြောက်ကမ်းပါးသို့ ရွေးရှူလျက် ရှိပြီးလျှင် တစ်ခါတစ်ရံ တောင်ထွတ်သို့ ရွေးရှူလျက်ရှိပါသည်။ တောင်ကုန်းထိပ်တစ်ခုသို့ ရောက်လျှင် နောက်ထပ် တက်စရာ တောင်ကုန်းတစ်ခုကို မိုးကုပ်စက်ဝိုင်းဆီ၌ မြင်နေ ရပါသည်။

ဤသည်မှာ အမှန်တရား ဖြစ်သည်ဟု ဆိုချင်ပါသည်။ ယင်းအရ ဆိုလျှင် လူသတ္တဝါ၏ဇာတ်ကြောင်းကို မှန်ကန်စွာ သုံးသပ်နိုင်ပါလိမ့်မည်။ လူသည် ရှေးဟောင်းကျောက်ခေတ်၌ အစာရှာဖွေ စားသောက်သူသာဖြစ်သည်။ ထိုမှ တစ်ဆင့်တက်ကာ တဲငယ်လေးများတွင် စုဝေးနေထိုင်ပြီးလျှင် အနီး အပါးမြေ၌ အစားအစာအတွက် ကောက်ပင်ကို စိုက်ပျိုးလာတတ်ကြသည်။ ယင်းသည် အရေးကြီးသော အပြောင်းအလဲ ကဏ္ဍတစ်ခုပင် ဖြစ်သည်။

ဤပြောင်းလဲရေးကဏ္ဍ၌ လူသည် ရုပ်အခြေအနေ အပြောင်းအလဲကို ဦးစွာ ကြုံတွေ့ရသည်။ ထို့နောက် လူတို့တွင် စိတ်ဓာတ် အပြောင်းအလဲ

ရှိလာရသည်။ လူအချင်းချင်းအပေါ် ထားရှိသည့် သဘောထား အနိုင်အမာ ရှိလာရသည်။ ယခင်က အစားအစာ ရှာဖွေစဉ် လူတို့သည် ရန်သူသဖွယ် အချင်းချင်း သဘောထားကြလိမ့်မည်။ သူဦးလျှင်သူရ၊ ငါဦးလျှင်ငါရသည့် စိတ်ထားဖြင့် အမဲသားငါး လိုက်လံရှာဖွေ သတ်ဖြတ်ကြလိမ့်မည်။ အပြိုင် အဆိုင် စိတ်ထားကြလိမ့်မည်။ သို့ရာတွင် အစားအစာ စိုက်ပျိုးသည့်ခေတ်၌ ကား အချင်းချင်းမိတ်ဆွေသဖွယ် ဆက်ဆံကြလိမ့်မည်။ အကြောင်းမှာ ကောက် ပင်ကို စိုက်ပျိုးရာ၌ စုပေါင်းအလုပ်ကို အခြေတည်ရသောကြောင့်တည်း။

၂

ကမ္ဘာ့အဦးဆုံး ယဉ်ကျေးမှု ခေတ်ကြီးများကို အာရှတိုက်တွင် ထူထောင် ခဲ့သည်။ အိန္ဒိယပြည်တွင် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု၊ အီဂျစ်ပြည်တွင် နိုင်းမြစ်ဝှမ်း ယဉ်ကျေးမှု၊ ယူဖရေးတီမြစ်နှင့် တိုက်ဂရစ်မြစ်ဝှမ်း အကြားရှိ ဘေဘီလုံ ယဉ်ကျေးမှု၊ တရုတ်ပြည်တွင် ဟိုဝှမ်မြစ်ဝှမ်းဒေသ ယဉ်ကျေးမှုတို့ ဖြစ်ကြသည်။ ထိုခေတ်တွင် လူတို့သည် အစားအစာအတွက် ကောက်ပင်ကိုစိုက်ကာ အုပ်စုဖွဲ့ ၍ ကျေးရွာကလေးများ တည်ထောင်နေထိုင်ကြသည်။ ထိုအခါ လူတို့သည် အချင်းချင်း ရိုင်းပင်းကြသည်။ တစ်ယောက်ဒုက္ခကို တစ်ယောက်အား ပြောပြ သည်။ ဝမ်းသာစရာ ရှိလျှင်လည်း အားလုံး ဝေခွဲကာ ဝမ်းသာကြသည်။ ထို့အတူ တစ်ယောက် လုပ်ငန်းကို တစ်ယောက်က ကူညီသည်။ အချို့က ကောက်ပင်စိုက်၍ အချို့က အိုးလုပ်သည်။ အချို့ကား အထည်အဝတ် ရက်လုပ်သည်။ ထိုကျေးရွာအုပ်စုတို့တွင် အလုပ်မျိုးစုံ လုပ်ကိုင်ကြသည်။ အချို့ကား ရွာ၏ကိုယ်စား နတ်ဘုရားတို့ကို ပူဇော်ပသကာ ကောက်ပင်အောင် ရန် ဆုတောင်းကြသည်။ ကောက်ပင်စိုက်သည့် လယ်သမားက သူတို့အတွက် အထည်ရက်သည့် ရက်ကန်းသည်အား ကောက်စပါးကိုပေးသည်။ ထွန်ထယ် တို့ကို ပြုလုပ်ပြင်ဆင်ပေးသည့် လက်သမားကိုလည်း ကောက်စပါး ဝေမျှပေး သည်။ မိုးလေမှန်ရန် ဆုတောင်းပေးသည့် ဘုန်းကြီးတို့ကိုလည်း ကောက် စပါး ပေးလှူသည်။ ထိုလယ်သမားတို့တွင် မြေယာများစွာ ပိုင်ဆိုင်သည်။ လူတို့သည်လည်း အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်ရသည်။ သို့ရာတွင် မြေကြီးက သီးပွင့်သည့် ကောက်စပါးကို အချင်းချင်း ဝေခွဲမျှတ စားသောက် ကြရာ၌ကား အခက်အခဲ မရှိခဲ့။

ထို့နောက် မိုးလေ မမှန်သည့်အခါမျိုး ကြုံကြိုက်လာသည်။ တစ်ခါ တစ်ရံ သားရိုင်းတိရစ္ဆာန်တို့က သူတို့၏ ကျေးရွာကို ဝင်ရောက်ဖျက်ဆီး သတ်ဖြတ်သည့် အန္တရာယ်မျိုး ပေါ်လာသည်။ ထိုအခါ ကျေးရွာအုပ်စုသည် အခြား တစ်နေရာသို့ ရွာလုံးကျွတ် ရွှေ့ပြောင်းရသည်။ နောက်ပြောင်းသည့် နေရာသည် အလျင်နေရာလောက် မြေဩဇာထက်သန်ချင်မှ ထက်သန်မည်။ ထိုအခါတွင် မြေသစ်ယာသစ်၌ မြေကောင်းမြေဆိုးကို မည်သူပိုင်ဆိုင်သင့်သည် ဆိုသော ပြဿနာများ ပေါ်လာသည်။ ဤပြဿနာမျိုး ရင်ဆိုင်ရသည့် အခါ



ကျေးရွာသားတို့သည် အချင်းချင်း ခေါင်းချင်းရိုက် တိုင်ပင်စည်းဝေးကြသည်။ ပြီးလျှင် သူတို့အထဲမှအသက်အရွယ် အကြီးဆုံး၊ ပညာဉာဏ် အကြီးဆုံးလူတစ်ယောက်ကို ရွာ၏ အကြီးအကဲ အဖြစ် ရွေးချယ်ကာ ပြဿနာ အရပ်ရပ်ကို ဆုံးဖြတ်စေသည်။ ဤကဲ့သို့သော ကျေးရွာများကို အိန္ဒိယယဉ်ကျေးမှုခေတ်ကြီးတွင် အစောဆုံး တွေ့ရသည်။ ယင်းကျေးရွာမျိုးကို ဘုံကျေးရွာဟု ခေါ်သည်။ ရှေးအခါ အိန္ဒိယနိုင်ငံတွင် ကျေးရွာ၏ အကြီးအကဲ တင်မြှောက်သည့် အလေ့အထသည် မဟာသမ္မတမင်း မြှောက်သည့် အလေ့အထပင် ဖြစ်ဟန်တူသည်။ ဦးစွာပထမ ထိုဘုံကျေးရွာမျိုး၌ ရွာ၏ အကြီးအကဲ ငါးဦးကို ရွေးကောက်သည်။ ဤသည်မှာ ဘုံကျေးရွာခေတ်က ငါးဦးကော်မတီပင် ဖြစ်လေသည်။

ငါးဦးကော်မတီသည် အရှုပ်အရှင်း အားလုံးကို ဆုံးဖြတ်သည်။ အိမ်ထောင်စုတစ်ခု၌ လယ်မြေ အလုံအလောက် မရှိခဲ့လျှင် ငါးဦးကော်မတီက လယ်မြေဝေငှပေးသည်။ အိုးထိန်းသည်က အပြင်းထူနေကာ လယ်သမားအလိုရှိသည့် အိုးကို မပေးအပ်လျှင် ငါးဦးကော်မတီက အိုးထိန်းသည်အား အလုပ်လုပ်ရန် နှိုးဆော်သည်။ ထို့နောက် လယ်သမား အလိုရှိသောအိုးကို ပေးအပ်စေသည်။ ထိုခေတ်တွင် မည်သူ တစ်ဦးတစ်ယောက်မျှ လယ်မြေကို မပိုင်

ဆိုင်ကြ။ နွားစားကျက်ကို မပိုင်ဆိုင်ကြ။ လယ်မြေပိုင်ဆိုင်ခွင့်သည် လူတိုင်း၌ ရှိသည်။ ထို့ပြင် ထိုပိုင်ဆိုင်ခွင့်ကိုလည်း လူတိုင်း လေးစားကြသည်။ ငါးဦး ကော်မတီသည် လယ်မြေပိုင်ခွင့်ကို ကြီးကြပ်ရုံမျှမက လယ်မြေတို့၌ ရေအလုံ အလောက် ရရှိရေးကိုလည်း ဂရုစိုက်သည်။ ထို့ပြင် ကျေးရွာလမ်းများကိုလည်း ပြင်ဆင်ပေးသည်။

၃

ထိုဘုံကျေးရွာသည် ခေတ်အဆက်ဆက် အေးချမ်းသာယာစွာ တည်နေခဲ့သည်။ တစ်နေ့တွင်ကား ရွာကလေးကို နှောင့်ယှက်မည့်သူများ ပေါ်လာကြသည်။ ယင်းတို့မှာ သူတစိမ်းတို့ ဖြစ်ကြသည်။ သူတို့သည် မြင်းကိုယ်စီစီးလျက် ရွာထဲသို့ ဝင်ရောက်ကာ ကျွဲနွားများကို မောင်းထုတ်သည်။ သူတို့ ဝင်ရောက် ဖျက်ဆီးသည်တွင် ကျေးရွာကလေးမှာ အိပ်မောကျနေရာမှ လူးလွန့်လာကာ ဆူဆူညံညံ ဖြစ်လာသည်။ မြင်းစီးသမားတို့သည် ဘာသာစကား တစ်မျိုး ကို ပြောကြသူများဖြစ်သည်။ သူတို့စကားကို ရွာသားတို့ နားမလည်ကြပေ။



သူတို့၏ မျက်နှာအမူအရာကို ကြည့်ရခြင်းအားဖြင့် သူတို့သည် ကောင်းကျိုးပေးမည့်သူများ မဟုတ်ကြောင်း သိသာ ထင်ရှားသည်။ အကယ်၍သာ ရွာသားတို့က သြဇာထက်သန်သည့် လယ်မြေကိုမစွန့်လွှတ်ဘဲနေခဲ့လျှင်တိုက်ခိုက်သိမ်းပိုက်လိုဟန် တူသည်။ ထိုမြင်းစီးသမားတစ်သိုက်၏ ရှေ့ဆုံးတွင် အခြားသူတို့ထက် အားခွန်ဗလ ကြီးမားသည့် လူတစ်ယောက်ကို တွေ့ရသည်။ သူသည် မြင်းစီးသမားတို့၏ အကြီးအကဲ ဖြစ်ဟန်တူသည်။ အရာရာသည် သူ့အလိုဆန္ဒအတိုင်း ဖြစ်ရသည်။ ကျေးရွာကလေးတွင် ရှိနေသည့် ငါးဦး ကော်မတီသည် ရိုးသားသူများဖြစ်သည်။ ထို့ပြင် အေးချမ်းသာယာစွာ အသက်

မွေးနေထိုင်သည့် ရွာသားတို့၌လည်း မြင်းစီးသမားတို့ကဲ့သို့ လက်နက်များ ပိုင်ဆိုင်ခြင်းမရှိ။ ထို့ကြောင့် ကျေးရွာက လက်မြှောက် အညံ့ခံလိုက်ရသည်။ ဤသို့ဖြင့် မြင်းစီးသမားတို့သည် ကျေးရွာကို အုပ်ချုပ်လေတော့သည်။ သူတို့၏ အကြီးအကဲသည် ကျေးရွာ၏အကြီးအကဲ ဖြစ်လာသည်။ ဤသည်မှာ ဘုရင်များ ဦးစွာပထမ ပေါ်လာခြင်း၏ အကြောင်းရင်း ဖြစ်ပေသည်။

ထိုကဲ့သို့သော အကြီးအကဲများ၊ ဘုရင်များ၊ ပဒေသရာဇ်မင်းငယ်ကလေးများသည် ကျေးရွာတစ်ရွာစ နှစ်ရွာစကို အုပ်ချုပ်သည်။ အားကြီးလျှင်၊ စစ်သားအင်အားများလျှင် ကျေးရွာတစ်ရာခန့်ကို မင်းပြုအုပ်ချုပ်သည်။ ဤတွင် ဘုရင်ဖြစ်နိုင်သည့် အရည်အသွေးမှာ အားခွန်ဗလ ကြီးခြင်းပင် ဖြစ်သည်။ အနိုင်အထက် ကြီးနိုင်ငယ်ညှဉ်း ပြုမူခြင်းပင် ဖြစ်သည်။ ဘုရင်တစ်ပါးတွင် အားခွန်ဗလကောင်းသည့် နပန်းသမားတစ်ယောက် ရှိသည်ဖြစ်အံ့။ ထိုနပန်းသမားကို လွှတ်၍ အခြားကျေးရွာများကို ညှဉ်းဆဲနိုင်အံ့။ ထိုဘုရင်သည် ထိုကျေးရွာကို သိမ်းပိုက်နိုင်လေသည်။



သို့နှင့် ထိုဘုရင်သည် တဖြည်းဖြည်း အားကြီးလာကာ ရုံးတော်တို့ တည်ထောင်၍ သူ့အမိန့်ကို လိုက်နာဆောင်ရွက်စေမည့် အရာထမ်း အမှုထမ်းတို့ကို ရွေးချယ်ခန့်ထားလေသည်။ ထိုဘုရင်၏ တန်ခိုးအာဏာ ကြီးမားလာသည့်အခါ လက်အောက်ခံ နယ်ပယ်ကျေးရွာတို့က ကောက်ပဲသီးနှံကို အခွန်အတုတ်အဖြစ် ဆက်သရသည်။ ဘုရင်သည် စစ်တပ်ကို တိုးချဲ့ ဖွဲ့စည်းပြန်သည်။ စစ်အင်အား တောင့်တင်းလျှင် ပို၍ တန်ခိုးအာဏာကြီးလာပြီဟု ယူဆကာ အနီးအပါးရှိ ဘုရင်တို့ကို စစ်ပြိုင်လေသည်။ ဘုရင်နှစ်ပါး၏ စစ်တပ်နှစ်ခု တိုက်ခိုက်ကြသည်တွင် စစ်သူရဲ အကျအဆုံးများသည့်ဘက်က အရှုံးပေးရ

သည်။ ထိုအခါ စစ်ရှုံးသူ၏ပိုင်နက်ကို စစ်နိုင်သူ ဘုရင်က သိမ်းပိုက်လိုက်သည်။ ဤနည်းဖြင့် စစ်တပ်ကြီးကြီးမားမားရှိသည့် ဘုရင်သည် ပဒေသရာဇ်မင်းငယ်ကလေးများ၊ အားသေးသော မင်းငယ်ကလေးများကို အနိုင်ယူလေသည်။ ထို့နောက်တွင်ကား သူသည် ဘုရင်တကာတို့၏ ဘုရင်၊ ကေရာဇာတည်းဟူသော ထီးဆောင်းမင်းအပေါင်းတို့၏ အရှင်ကေရာဇ် ဖြစ်လာသည်။

အိန္ဒိယပြည်တွင် ဤကဲ့သို့ ဘုရင်များကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာက တွေ့နိုင်သည်။ သို့ရာတွင် ထိုမင်းတို့အုပ်ချုပ်သည့်စနစ်ကား ဘုံကျေးရွာများတွင် အုပ်ချုပ်သည့်နည်းနှင့် မကွာခြားလှပေ။ အားကြီးသူ ဘုရင်တို့သည် ဘုံကျေးရွာများကို အောင်နိုင်သိမ်းပိုက်ကြ၏လည်း လယ်မြေကိုကား မပိုင်ဆိုင်ကြပေ။ သူတို့တွင် လယ်မြေပိုင်ဆိုင်ခွင့် အနည်းငယ် ရှိသည်ကား မှန်၏။ ယင်းမှာ လယ်သမားထံမှ အခွန်အတုတ် ကောက်ခြင်းပင်ဖြစ်သည်။ သူတို့ပိုင် မြင်းများအတွက် မြင်းစာကို လယ်သမားများထံမှ ယူသည်။ သစ်တောအချို့ကို ရှင်ဘုရင် တောကစားသည့် သစ်တောအဖြစ် သတ်မှတ်သည်။ အပြန်အလှန်အားဖြင့် ဘုရင်က ကျေးရွာကို သားရဲတိရစ္ဆာန်၏ ရန်မှ လည်းကောင်း၊ အခြားရန်သူတို့၏ရန်မှ လည်းကောင်း ကာကွယ်သည်။ လယ်မြေဖွံ့ဖြိုးရေးအတွက် ရေမြောင်းများ၊ တာတမံများ ပြုလုပ်ပေးသည်။ လမ်းများခင်းပေးသည်။ ပြုပြင်ပေးသည်။ ဘုရင်နှင့်ကျေးရွာသားတို့ တိုက်ရိုက်အဆက်အသွယ် ရှိခဲ့သည်။ အခွန်အတုတ် ကောက်သူက တစ်ဆင့်သာလျှင် ဆက်သွယ်သည်။ အခွန်ကောက်သူသည် ရွာတကာ လှည့်ကာ အခွန်ကောက်သည်။ ထိုသူက ကျေးရွာ၏သတင်းစုံကို ဘုရင့်ရှေ့တော်မှောက်သို့ အရောက်ပို့သည်။ တစ်ခါတစ်ရံ အတိုင်အတောပြုလိုလျှင် ထိုသူက ဘုရင့်ထံသို့ ခေါ်လာခဲ့သည်။ ဘုရင်သည် အတိုင်ပင်ခံအချို့နှင့်အတူ တိုင်တန်းသည်ကို ကြားနာသည်။ ဘုရင့်အတိုင်ပင်ခံများတွင် ထူးချွန်ရဲရင့်သော စစ်သားများ၊ ပညာရှိများ ပါဝင်သည်။ ယင်းတို့ကား မှူးမတ်များဖြစ်သည်။

ထိုကဲ့သို့သော အုပ်ချုပ်ရေးမျိုးသည် အိန္ဒိယပြည်တွင် ဆယ့်ရှစ်ရာစုအထိ အပြောင်းအလဲ မရှိဘဲ တည်တံ့ခဲ့သည်။ အချို့ဒေသ၌ကား ၂၀ ရာစုအထိပင် ရှိနေသေးသည်။ အင်္ဂလိပ်တို့က အိန္ဒိယပြည်ကို သိမ်းပိုက်ပြီးနောက် နယ်စားပယ်စား ပဒေသရာဇ် မင်းငယ်များအဖြစ် မဟာရာဇာများ ကျန်ခဲ့သေးသည်။

ကျွန်တော်တို့ မြန်မာပြည်၏ ရှေးဟောင်းသမိုင်းတွင်လည်း အိန္ဒိယပြည်ကဲ့သို့ အားကြီးသူက အုပ်ချုပ်သည့်စနစ် ရှိခဲ့သည်။ ပုဂံမတိုင်မီက သမိုင်းကို ကောင်းစွာ မသိနိုင်သေးသော်လည်း ပုဂံခေတ်အုပ်ချုပ်ရေးကိုကား အတန်အသင့် သိနိုင်လေသည်။

ပုဂံရာဇဝင်တွင် ကျွန်တော်တို့ အစောဆုံးသိရသည့် ဘုရင်မှာ အနော်ရထာမင်းစောဟု အများခေါ်ကြသော အနိရုဒ္ဓပင်ဖြစ်သည်။ အနိရုဒ္ဓမတိုင်မီက ပုဂံတွင် အိန္ဒိယကျေးရွာကြီးများနည်းတူ ကျေးရွာများရှိပါသည်။ ယင်းတို့တွင် အကြီးအကဲအဖြစ် အုပ်ချုပ်သူကို မင်းဟု ခေါ်ကြလေသည်။ နောင်တွင် မင်းတကာတို့၏ မင်းကို မင်းကြီးဟု ခေါ်ကြောင်း ကျောက်စာ အထောက်အထားအရ သိနိုင်ပါသည်။ မြန်မာတို့သည် ရှေးဦးစွာ ရေကြည်မြက်နုရာ ကျောက်ဆည်ဒေသ ဆယ့်တစ်ရွာ၌ အခြေစိုက်ပါသည်။ ဆယ့်တစ်ရွာမှာ ပင်လယ်၊ ပျဉ်းမနား (ယခု ကူမဲတောင်ဘက်)၊ မြစ်သား၊ ရင့်၊ မြင်းခုံတိုင်၊ ပနန်၊ တမုတ်၊ သင်တောင်း၊ မက္ခရာ၊ တပြက်သာနှင့် ခံလှူးတို့ဖြစ်သည်။ ယင်းတို့ကို 'ဆဲ့တခရိုန်'ဟု ကျောက်စာ၌ ခေါ်သည်။ 'ခရိုန်'သည် မြန်မာတို့ မူလအခြေစိုက်ရာ ဒေသဖြစ်သည်။ ယင်းမှ တိုးချဲ့သော် နိုင်ငံဖြစ်လာသည်။ အနိရုဒ္ဓ လက်ထက်တွင်မှ တိုးချဲ့ခြင်း ဖြစ်သည်။

ပုဂံမင်းသည် သက်ဦးဆံပိုင်မင်း ဖြစ်သည်။ သို့သော် ဗုဒ္ဓဝါဒသည် သူ့ကို ဟန့်တားထားသည်။ ကျောက်စာတို့၌ အနိရုဒ္ဓမင်းကို 'စကြဝတိယ်'ဟူ၍ ဇမ္ဗူကျွန်းလုံးရှင်အဖြစ် ချီးမြှောက်ခေါ်ဝေါ်ခဲ့သည်။ တစ်ခါတစ်ရံ မင်းကို 'ရေမြေခပ်သိမ်း သခင်'ဟူ၍ ခေါ်သည်။ ထို့ပြင် ဗုဒ္ဓဘာသာ ထွန်းကားစပြုပြီဖြစ်ရာ မင်းကို 'ပုရှာလောင်း'ဟူ၍ ဘုရားလောင်းအဖြစ် ယူဆကြလေသည်။ မင်း၏ အပါးတွင် သံပျင်၊ ကလန်၊ ဟူးရား၊ သမား၊ သုခမိန်တို့လည်း ရှိလေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာဘုရင်တို့သည် သက်ဦးဆံပိုင် အုပ်ချုပ်ရေးကို ၁၉ ရာစု အလယ်ပိုင်းအထိ ကျင့်သုံးလာသည်ဟု ဆိုရပါမည်။ အိန္ဒိယပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် မြန်မာတို့အား ထိကပါး ရိကပါး ရန်စလာသည့်အခါတွင်မူ ကမ္ဘာသို့ မျက်စိဖွင့်၍ ကြည့်စပြုလာသည်။ ထိုအခါတွင် မြန်မာပညာရှိတို့သည် အနောက်နိုင်ငံများသို့ အရောက်အပေါက် ရှိလာသည်။ လောကဓာတ်ပညာသဘော၊ စက်မှုခေတ်သဘောကို နားလည်

လာကြသည်။ ထိုအချိန်မျိုးတွင် ဥပဒေ မင်းခေတ်သို့ ပြောင်းရန် အရှိန် ယူနေပေပြီ။

၄

ဥရောပ နိုင်ငံချဲ့သမားတို့သည် ၁၅ ရာစု၊ ၁၆ ရာစု၊ ၁၇ ရာစုတို့တွင် အရှေ့ဘက်တစ်လွှားသို့ ရောက်လာကြပြီးလျှင် အာရှတိုင်းပြည်များကို တစ်ခုပြီး တစ်ခု သိမ်းယူလေသည်။ သူတို့နိုင်ငံများတွင်လည်း သက်ဦး ဆံပိုင်မင်းတို့ အုပ်ချုပ်လျက်ရှိနေပြီ။ အင်္ဂလိပ်သည် အိန္ဒိယပြည်ကို ဦးစွာသိမ်းယူသည်။ ထိုအချိန်ကား ၁၈ ရာစုဖြစ်သည်။ ကျွန်တော်တို့ မြန်မာပြည်ကိုမူ ၁၉ ရာစု အဦးပိုင်း၌ စတင်သိမ်းပိုက်သည်။ ထိုအခါ အင်္ဂလိပ်ဘုရင် သည် မြန်မာပြည်၏ ထီးဆောင်းမင်း ဖြစ်လာသည်။ ထိုအချက်သည်ပင် လက်နက်များစွာ ပိုင်သူနှင့် အားကြီးသူတို့ မင်းဖြစ်သည် ဆိုသော သဘော ပို၍ ထင်ရှားလာခြင်းဖြစ် သည်။

'ရှင်ဘုရင့်ပုဆိုး ပိုးနဲ့ချည်း' ဆိုသော မြန်မာဆိုရိုးစကားကဲ့သို့ ရှင်ဘုရင် သည် တန်ခိုးအာဏာ အထက်မြက်ဆုံးဖြစ်လာသည်။ သူ့တွင် စစ်တပ်ရှိသည်။ ပုလိပ်တပ် ရှိသည်။ နန်းတော်၌ အစေအပါး အခစားတို့ ရှိသည်။ ထိုသူတို့က မင်း၏အာဏာကို တည်စေသည်။ သူ့ထက် စစ်တပ်အင်အား ကောင်းသူ တစ်ဦးက သူ့ကို တိုက်ထုတ်နိုင်လျှင် နောက်လာသူသည် ဘုရင် ဖြစ်လာသည်။ ထိုအခါ အာဏာသည် နောက်လူလက်သို့ ရောက်သွားပြန်သည်။ အရေးကြီးဆုံး မှာ အာဏာသာလျှင် ဖြစ်ပေသည်။

အင်္ဂလိပ်မင်းတို့ ရောက်လာသောအခါ ကျွန်တော်တို့သည် ဥရောပ တစ်လွှား၌ ဖြစ်ပျက်နေသည်တို့ကို သိခွင့်ရလာသည်။ ထိုတိုင်းပြည်များ၌ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်နေသည်ကို လေ့လာခွင့်ရလာသည်။ ထိုမျှ သာမကသေး၊ အာဏာဖြင့် အုပ်ချုပ်သည့် နိုင်ငံတော်သဘော ပြောင်းလဲ နေသည်တို့ကိုလည်း သိခွင့်ရလာသည်။

အင်္ဂလန်ပြည်တွင် အခြားတိုင်းပြည်များစွာကဲ့သို့ပင် ဘုရင် အုပ်ချုပ် သည့် စနစ်ရှိသည်။ ထို့ပြင် အားကြီးသူက အားနည်းသူကို ဖယ်ရှားကာ ထိုသူ၏ ရာဇပလ္လင်၌ တက်၍ မင်းလုပ်သည့် စနစ်သည်လည်း အင်္ဂလန်ပြည် တွင် ကြုံခဲ့ဖူးသည်။

အင်္ဂလိပ်ပြည့်ရှင်မင်းတို့နှင့် ကျွန်တော်တို့ မြန်မာမင်းတို့ ကွာခြားသည့် အချက်ရှိသည်။ မြန်မာမင်းတို့တွင် မြေယာပိုင်ဆိုင်ခွင့် တစ်စိတ်တစ်ဒေသသာရှိသည်။ မြန်မာမင်းတို့သည် သဿမေဒခွန်ဟုခေါ်သော မြေခွန်ယာခွန် ကို ကောက်ပိုင်ခွင့် ရှိသည်။ ယင်းမှာ ဆယ်ဖို့ တစ်ဖို့ ဖြစ်သည်။ သို့သော် မင်းကို ချီးမြှောက်သည့် အခေါ်အဝေါ်အဖြစ်ကား ရေမြေသနင်းဟု ဆိုထားလေသည်။ အင်္ဂလိပ်ပြည့်ရှင်မင်းတို့သည် မြေယာအားလုံးကို ပိုင်လေသည်။ သူတို့၏ မင်းအဖြစ်မှာ ဘုရားသခင်က ပေးအပ်သည့် အခွင့်ထူးတစ်ခုဟု ယူဆသည်။ ဤမြေကမ္ဘာတွင် သူတို့သည် ဘုရားသခင်၏ ကိုယ်စားလှယ်အဖြစ် အုပ်ချုပ်ရသည်ဟု ယူဆသည်။ သို့ဖြစ်ရာ သူတို့သည်သာလျှင် ရေမြေသနင်း ပြည့်ရှင်မင်းအစစ် ဖြစ်လေသည်။ သူတို့ကတစ်ဆင့် နန်းတွင်းသူနန်းတွင်းသား၊ မှူးကြီးမတ်ကြီးတို့ကို မြေယာဝေခြမ်းပေးပြန်သည်။ ရွာသားတို့ကား ထိုမှူးမတ်တို့၏ မြေတွင် အခစား လုပ်ကြရလေသည်။

ကာလရှည်ကြာသည့်အခါ မှူးမျိုးမတ်နွယ်တို့သည် မြေရှင်ကြီးများဖြစ်လာပြီးလျှင် တန်ခိုးအာဏာကြီးသူများ ဖြစ်လာကြသည်။ ဂျွန်ဘုရင်လက်ထက်တွင် မဂ္ဂနာကာတာ ဟူသော ပြဋ္ဌာန်းချက်အရ မှူးမတ်တို့က ဘုရင့်အာဏာကို ဝေခွဲယူသည့်အဖြစ်သို့ ရောက်လာသည်။ တိုင်းပြည်အုပ်ချုပ်ရေးကို စီမံခန့်ခွဲသည့်နေရာ၌ မှူးမတ်တို့၏ အာဏာသည် ထက်မြက်လာသည်။ အစိုးရအဖွဲ့တွင် ဩဇာရှိလာသည်။

ထို့နောက် အင်္ဂလိပ်နိုင်ငံသမိုင်း တစ်လျှောက်လုံးတွင် မှူးမတ်နွယ်မြေရှင်ကြီးတို့သည် ဘုရင့်အာဏာကို ကန့်သတ်ပေးထားကာ သူတို့သာလျှင် တန်ခိုးအာဏာရှင်များ ဖြစ်လာကြသည်။ ထိုကာလ တစ်လျှောက်လုံးတွင် မြေကျွန်တို့ကား သူတို့၏ မြေယာများ၌ အခစား လုပ်ကြရသည်။

ထို့နောက် အော်လီဗာကရွမ်ဝဲ လက်ထက်တွင် ဘုရင်၏ ဘုရားသခင်က ပေးသော ပိုင်ခွင့်ကို တော်လှန်ခြားနားကာ မှူးမျိုးမတ်နွယ်တို့ ဦးစီးသော သမ္မတနိုင်ငံကို တည်ထောင်ကြသည်။ မှူးမတ်တို့နှင့်အတူ ကုန်သည်ကြီးများလည်း ပါဝင် တော်လှန်သည်။ သို့ရာတွင် မှူးမတ်တို့အနက် အကြီးပိုင်းက အုပ်ချုပ်ရေးအာဏာကို ပြန်လည်ထိန်းသိမ်းကာ ဘုရင်စနစ်ကို ပြန်လည်ထွန်းကားစေပြန်သည်။ ဤတွင် ကုန်သည်များ၏ ကိုယ်စားလှယ်များ ပါဝင်သည့် ပါလီမန်အုပ်ချုပ်ရေး ပေါ်လာသည်။ သို့နှင့် ဘုရင်၏အာဏာသည်

အတိုင်းအဆ မရှိတော့ဘဲ ပါလီမန်က ကန့်သတ်ပေးသမျှသာ တည်တော့သည်။

ပါလီမန်တွင် ကုန်သည်လူတန်းစားကသာ အာဏာယူသည့်စနစ်သည် နောင်အခါ မေးမိုန်လာရပြန်သည်။ အကြောင်းမှာ အင်္ဂလိပ်ပညာရှင်တို့သည် ဂရိ၊ ရောမနှင့် ဥရောပမှ အဖြစ်အပျက်တို့ကို မြင်ကာ သင်ခန်းစာရသဖြင့် ရဲရင့်သော အတွေးအခေါ်တို့ကို ပြောဆို ရေးသားစ ပြုလာသောကြောင့် တည်း။

၅

ဥရောပတွင် ဖြစ်ပွားခဲ့သည့် အရေးတော်ပုံတို့အနက် ပြင်သစ်တော်လှန်ရေး သည် အကြီးကျယ်ဆုံး ဖြစ်သည်။

အင်္ဂလန်ပြည်တွင် ကရွမ်ဝဲ အရေးတော်ပုံကြောင့် ဘုရင်၏အာဏာ သည် ကုန်ဆုံးခဲ့ပြီးလျှင် ပါလီမန် အုပ်ချုပ်ရေးခေတ်သို့ ရောက်လာခဲ့သည်။ သို့ရာတွင် ပြင်သစ်ပြည်၌ကား ဘုရင်၏ အခွင့်အာဏာသည် ဆက်လက် တည်မြဲနေသေးသည်။ ပြင်သစ်ဘုရင်တို့သည် ရာဇပလ္လင်၌ ဖင်မြဲအောင် ဖန်တီးတတ်သူများဖြစ်သည်။ ဥရောပတွင် အခြားတိုင်းပြည်တို့၏ ဘုရင်များ အချင်းချင်း ရန်ဖြစ်အောင် ရန်တိုက်ပေးကာ ပြင်သစ်ဘုရင်က ကြားက အာဏာကို ထိန်းထားသည်။ အလွန်လိမ္မာပါးနပ်သည့် ဘုရင်များပေတည်း။ ထို့ပြင် ပြင်သစ်ပြည်၌ ကုန်သည်လူတန်းစားကို ချမ်းသာအောင် ငွေဝင်လမ်း အခွင့်အရေးများပေးထားသည်။ တိုင်းတစ်ပါးနှင့် ကုန်စည်ကူးသန်း ရောင်း ဝယ်ခွင့် ပေးထားသည်။

ထိုအချိန်တွင် ကမ္ဘာသစ်ဟုခေါ်ကြသည့် အမေရိကန်ပြည်သို့ ဥရောပမှ ကုန်သည်ကလေးများ၊ လယ်သမားများ သွားရောက်နေထိုင်ကြသည်။ ရေကြည် မြက်နုဒေသကို သွားခြင်းမျိုး ဖြစ်သည်။ ယင်းတို့အနက် အင်္ဂလန်ပြည်က အများဆုံး သွားကြသည်။ ထိုတိုင်းပြည်ကိုကား အင်္ဂလိပ်ဘုရင်များက အုပ်စိုး လေသည်။ သို့ရာတွင် အမေရိကန်ပြည်သားတို့သည် အင်္ဂလိပ်ဘုရင်၏ ဖိနှိပ် အုပ်စိုးမှုကို မကျေနပ်ကြပေ။ ထို့ကြောင့် အမြဲကန့်ကွက်ပြောဆို ဆန့်ကျင်နေ

ကြသည်။ ဆယ့်ရှစ်ရာစု ကုန်ခါနီးတွင်ကား တော်လှန်ခြားနားကာ သမ္မတ နိုင်ငံကို ထူထောင်ကြလေသည်။ အင်္ဂလိပ်ကို တော်လှန်ရာ၌ အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်းသည် နာမည်ကျော်ကြားသည့် လူ့အခွင့် အရေး စာတမ်းကြီးတစ်ခု ဖြစ်သည်။ လူတိုင်း လူတိုင်း၏ အခွင့်အရေးကို အသိအမှတ် ပြုရမည်ဆိုသည့် အချက်ကို ကျန်ကမ္ဘာသူ ကမ္ဘာသားများ အားလုံးက နှစ်သက်ထောက်ခံကြသည်။

၆

ထိုအချိန်လောက်တွင် ပြင်သစ်ပြည်၌ ဗော်လတိုင်းယားနှင့် မွန်တေဂူ ဆိုသော ပညာရှင်နှစ်ဦးပေါ်ခဲ့သည်။ သူတို့က လူသည် လွတ်လပ်သည်ဟူသော အဆိုကို တင်ပြသည်။ ဘာသာရေးကို ဇန်းပြသော အုပ်ချုပ်ရေးမျိုးကို သူတို့က ကန့်ကွက်သည်။ ရူဆိုး မည်သော ဆွစ်လူမျိုး ပညာရှင်တစ်ဦးက လူသည် ရှေးဟောင်းဘုံကျေးရွာခေတ်က ယခုထက်ပို၍ လွတ်လပ်ခဲ့သည်၊ ပျော်ရွှင်ခဲ့ သည်ဟု ရေးသားသည်။ ထို့ပြင် သူက ဘုရင်အုပ်ချုပ်ရေးစနစ်ကိုလည်း ကန့်ကွက်လေသည်။ ဒေးဒရော့၊ ဒလမ်ဗတ်၊ တားဂေါ့ စသည့် စာရေးဆရာတို့ သည် အတွေးသစ် အမြင်သစ်တို့ဖြင့် သိပ္ပံပညာတို့ကို ရေးသားပြုစုကြသည်။ စွယ်စုံကျမ်းများကို ပြုစုခဲ့ကြသည်။ ပြင်သစ်လူမျိုးတို့သည် ထိုအတတ်ပညာ၊ အနုပညာတို့တွင် ထက်မြက်သူများ ဖြစ်ကြသည်။ ဤသို့ဖြင့် အတွေးသစ်၊ အမြစ်သစ်တို့က ထွန်းပြသည့် မီးရှူးတန်ဆောင်ကြီးသည် ပြင်သစ်ပြည်တွင် တရှိန်ရှိန် တညီးညီး တောက်ပခဲ့သည်။ ထိုအခါ ဆူပူမှုများ အနှံ့အပြားပေါ် လာသည်။ ဦးစွာပထမ ၁၇၈၉ နှင့် ၁၇၉၁ အကြားတွင် ဘုရင်၏အာဏာ ကို ကန့်သတ်သည့် အရေးတော်ပုံများ စတင်သည်။ သို့သော် မအောင်မြင်ခဲ့ ပေ။ ထို့နောက် ခုနစ်နှစ်အတွင်း ဒီမိုကရေစီနည်းအရ တင်မြှောက်သည့် သမ္မတနိုင်ငံ အစိုးရအဖွဲ့တစ်ခု ဖွဲ့နိုင်ခဲ့သည်။ ဘုရင်သည် သူ့အခွင့်အာဏာ မဆုံးပါးရအောင် အမျိုးမျိုး ကြံစည်ကြိုးစားခဲ့သည်။ သူ့ဘဏ္ဍာတိုက်တွင် ငွေမရှိ။ တိုင်းပြည်လည်း ကြွေးတင်နေပြီ။ တိုင်းသူပြည်သားတို့ကလည်း အခွန်အတုတ် မပေးတော့။ သူတို့၏ ကြွေးကြော်သံမှာ 'အစိုးရအဖွဲ့တွင်

ကိုယ်စားလှယ် မလွှတ်ရလျှင် အခွန်မပေးနိုင်'ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် ပြင်သစ်ပြည်သူတို့မှာ အားရှိလာကြသည်။ သို့ရာတွင် ဘုရင်က သူ့အခွင့်အာဏာကို လုံးပ မစွန့်လွှတ်သေး။ ထို့နောက် လူဝီ ၁၆ လက်ထက်တွင်ကား ပဲရစ်မြို့ရှိ ဗက်စတီးထောင်ကြီးကို ဖောက်ကာ မီးတင်ရှို့ပြီးလျှင် ဘုရင့်အာဏာကို ဖီဆန်ကြလေသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကို ဩဂုတ်လ ၄ ရက်တွင် ဆင့်ခေါ်သည်။ ထိုလွှတ်တော်က ဘုရင့်အာဏာ အားလုံးကို ဖျက်သိမ်းလိုက်လေသည်။ ဩဂုတ် ၂၇ တွင်ကား လူ့အခွင့်အရေး ကြေညာစာတမ်းကို ရိုက်နှိပ် ထုတ်ဝေလိုက်သည်။ ယင်းကြေညာစာတမ်းကို ပြင်သစ် ဖွဲ့စည်းအုပ်ချုပ်ပုံ၏ ရှေ့ဆုံးမျက်နှာ၌ ပုံနှိပ်ဖော်ပြထားသည်။

ပြင်သစ်ဘုရင်သည် အခြား ဥရောပတိုင်းပြည်များသို့ တိမ်းရှောင်ကာ အကူအညီ တောင်းသည်။

၁၇၉၁ စက်တင်ဘာတွင် အမျိုးသားလွှတ်တော်က ပထမအုံး ပြင်သစ်ပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်ခံအတည်ပြုသည်။ ၁၇၉၁ အောက်တိုဘာလ ၁ ရက်တွင် ပထမဆုံးအကြိမ် ဥပဒေပြုလွှတ်တော် အစည်းအဝေးကျင်းပသည်။

ထိုအချိန်တွင် ပရပ်ရှားဘုရင်နှင့် ဩစထရီးယားဘုရင်တို့က ပြင်သစ်ဘုရင် လူဝီကို ကူညီသည်။ စစ်တပ်လွှတ်ကာ ပြင်သစ်ပြည်ကို ဝင်တိုက်စေသည်။

ထိုအခါ ပဲရစ် မြို့သူမြို့သားတို့သည် ဘုရင့်နန်းတော်ကို မီးတင်ရှို့ကြပြန်သည်။ ဘုရင့်အစောင့်အကြပ်တို့ကို တစ်ယောက်မကျန် သတ်ပစ်လိုက်သည်။ သို့ရာတွင် လူဝီဘုရင်ကား လွတ်ထွက်ပြေးလေသည်။ သို့သော် လူဝီဘုရင်ကို ဖမ်းမိကာ ထောင်ချထားသည်။

ထိုအချိန်တွင် ပြင်သစ်ပြည်သို့ ရုရှားစစ်တပ်ကြီးနှင့် ဩစထရီးယားစစ်တပ်ကြီးတို့ ချီတက်လျက်ရှိသည်။ ပြင်သစ်တိုင်းသူပြည်သားတို့မှာ အမျက်ဒေါသထွက်နေကြပြီ။ ၁၇၉၂ စက်တင်ဘာ ၂၁ တွင်မူ အမျိုးသားညီလာခံ တစ်ရပ် ဆင့်ခေါ်ကာ လူဝီဘုရင်ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်သည်။ မဲ ၃၆၁၊ မဲ ၃၆၀ ဖြင့် အပြစ်ရှိကြောင်း စီရင်ချက်ချသည်။ ၁၇၉၃

ဇန်နဝါရီ ၂၁ တွင်ကား လူဝီဘုရင်ကို ခေါင်းဖြတ်စက်တွင် တင်ကာ သတ်လိုက်သည်။

ထို့နောက် ပြင်သစ်ပြည်တွင် အယူသည်းသမားတစ်စု ပေါ်လာသည်။ သူတို့ကို ဂျက်ကိုဗင်များဟု ခေါ်ကြသည်။ ဂျက်ကိုဗင်တို့သည် မရှိမ အလယ်အလတ်လမ်းကို လိုက်သည့် ဂီရွန်ဂိုဏ်းသားတို့ကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ဂီရွန်ဂိုဏ်းသား အများအပြားမှာ အသတ်ခံကြရသည်။

၁၇၉၃ အောက်တိုဘာတွင် ဂျက်ကိုဗင်တို့က ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဒင်တန်၊ ရုပ်စပီရီတို့ ခေါင်းဆောင်သည့် တော်လှန်ရေးဂိုဏ်းသားတို့သည် ပြည်သူ့လုံခြုံရေး ကော်မတီကလေးတစ်ခု ဖွဲ့စည်းလိုက်ကြသည်။ သူတို့ပင် အုပ်ချုပ်ရေးအာဏာကို သိမ်းပိုက်ထားလေသည်။ ထိုကော်မတီသည် ခရစ်ယာန် ဘာသာရေးဂိုဏ်းကိုလည်း ဖျက်သိမ်းလိုက်သည်။ ထိုအချိန်က ပြင်သစ်နိုင်ငံသမိုင်းတွင် ကြောက်စရာခေတ်ဆိုးကြီးဟုခေါ်သည့် အချိန်တည်း။ နေ့စဉ်နှင့်အမျှ လူပေါင်း ၇၀ ကျော် အသတ်ခံရသည်။ ထိုအထဲတွင် လူကောင်းလူဆိုး ရောပြွမ်းနေသည်။



ထို့နောက် အမျိုးသားညီလာခံ ဆင့်ခေါ်သူများက တစ်ဖန် အထက်စီးရကာ ရုပ်စပီရီကို ခေါင်းဖြတ်စက်၌ တင်၍ သတ်လိုက်ပြန်သည်။ ၁၇၉၄ ဇူလိုင် ၂၇ ရက်တွင် ကြောက်စရာ့ ခေတ်ဆိုးကြီး အဆုံးသတ်ကာ ပဲရစ်မြို့တော်ကြီးမှာ နဂိုနေသို့ ပြန်၍ရောက်လာခဲ့သည်။

ပြင်သစ်ပြည်၏ နိုင်ငံရေး အခြေအနေသည် တစ်မျိုး တစ်ဖုံ ပြောင်းလဲလျက်ရှိသည်။ တော်လှန်ရေးကို ဆန့်ကျင်သည့် တန်ပြန် တော်လှန်ရေးသမားများကို မနှိမ်နင်းနိုင်မီ အတောအတွင်း အားကြီးသူ လူနည်းစုလက်၌ အုပ်ချုပ်ရေးအာဏာ

ပေးအပ်ထားရမလို ဖြစ်လာသည်။ သို့ဖြစ်ရာ ပြင်သစ်တပ်မတော်က နိုင်ငံခြားသားတို့ကို လေးနှစ်ပတ်လုံး တိုက်ခိုက်နေစဉ် ပြင်သစ်ပြည်ကို ခေါင်းဆောင်ငါးဦးပါဝင်သော ငါးဦးကော်မတီက အုပ်ချုပ်နေရသည်။ ထို့နောက် အုပ်ချုပ်ရေး အာဏာကို နပိုလီယန်ဗိုနာပတ်ဟု ခေါ်သည့် ဗိုလ်ချုပ်လက်သို့ အပ်လိုက်ရသည်။ နပိုလီယန်သည် ၁၇၉၉ တွင် ပြင်သစ်ပြည်၏ ပထမဆုံး သမ္မတဖြစ်လာလေသည်။

၇

နပိုလီယန်သည် စစ်ရေးစစ်ရာတွင် ထက်မြက်ကျွမ်းကျင်သည့် စစ်ဗိုလ် ဖြစ်သည်။ သူ အာဏာရသော ဆယ့်ငါးနှစ်အတွင်း ပြင်သစ် စစ်တပ်သည် အင်အားတောင့်တင်းလာသည်။ ထိုအခါ နပိုလီယန်သည် ဥရောပတိုက်တစ်ခုလုံးကို တလုံးတစည်းတည်းထားကာ တစ်အာဏာ၏အောက်တွင် ရှိစေလိုသော ဆန္ဒရှိလာသည်။

၁၇၉၉ နှင့် ၁၈၀၄ အတွင်း၌ကား နပိုလီယန်သည် ပြင်သစ် တော်လှန်ရေး သဘောတရားတို့ကို စောင့်ထိန်းလိုက်နာခဲ့သည်။ 'လွတ်လပ်ရေး၊ ချစ်ခင်ရေးနှင့် တန်းတူရေး'တို့မှာ သူ့စစ်တပ်၏ လက်သုံးကြွေးကြော်သံများဖြစ်သည်။ ၁၈၀၄ တွင်မူ နပိုလီယန်သည် ပြင်သစ်ပြည်၏ ထီးဆောင်းမင်းအဖြစ် နန်းသိမ်းပွဲ ခံလေသည်။ ထိုအခါ ဆင်းရဲသား လူတန်းစားနှင့် အဖိနှိပ်ခံ လူတန်းစားတို့ကို မေ့လျော့လာသည်။ အခြားတိုင်းတစ်ပါးကို တိုက်ခိုက် သိမ်းယူလိုလာသည်။

နပိုလီယန်သည် အီဂျစ်ပြည်မှ တစ်ဆင့် အိန္ဒိယပြည်သို့ ချီတက်သိမ်းပိုက်လိုသည်။ သို့ရာတွင် နိုင်းမြစ်၌ အင်္ဂလိပ်ရေတပ်က သူ့ကို အနိုင်ယူလိုက်သည်။ တစ်ဖန် စပိန်ကမ်းခြေ ဩဖာလဂါအငူတွင်လည်း နပိုလီယန်၏ ရေတပ်ကို အင်္ဂလိပ်ရေကြောင်းဗိုလ်ချုပ်ကြီး နယ်လဆင်၏ ရေတပ်ကနှိမ်နင်းလိုက်သည်။ နပိုလီယန်သာ အထက်ဘဝင် စိတ်ထားမရှိခဲ့လျှင် ထိုမျှမြန်မြန်ဆန်ဆန် အကျနာမည် မဟုတ်။ သို့ရာတွင် ဥရောပတိုက်၌ တိုက်ခိုက်လေသမျှ တိုင်းငယ်ပြည်ငယ်ကလေးများကို အနိုင်ရခဲ့လေရာ ရုရှပြည်ကြီးကို တိုက်ခိုက်ရန် အထိပင် အကြံကြီးလာသည်။ ထို့ကြောင့် ရှိသမျှ အင်အားကို

စုရုံးကာ မော်စကိုမြို့တော်သို့ ချီတက်လေသည်။ မော်စကိုမြို့ ကရင်မလင်နန်းတော်ကိုကား သိမ်းပိုက်မိပါသည်။ သို့သော် ၁၈၁၂ စက်တင်ဘာ ၁၅ ရက် ညတွင် မော်စကိုမြို့တော် မီးလောင်လေရကား နပိုလီယန်မှာ ရုရှားမှ ဆုတ်ခဲ့ရလေသည်။

နပိုလီယန်အဆုတ်တွင် ရုရှားမြင်းတပ်က ဝင်ရောက်တိုက်ခိုက်သည်။ နပိုလီယန်၏ စစ်တပ်ကြီး တစ်ခုလုံးနီးပါး ကျဆုံးခဲ့ရသည်။ ထိုအချိန်တွင်မူ ဥရောပတစ်တိုက်လုံးက နပိုလီယန်ကို မုန်းတီးစ ပြုလာလေသည်။

ရုရှားကို စစ်ရှုံးသည့် နပိုလီယန်သည် ပဲရစ်သို့ ပြန်လာသည်။ ထို့နောက် သူ့ကို မြေထဲပင်လယ်ရှိ အယ်လဗာကျွန်းသို့ ပြည်နှင်ဒဏ်ခတ်ကာ ပို့လိုက်သည်။ သူ့သားငယ်ကို ပြင်သစ်ထီးနန်း၌ ဆက်ခံစေသည်။ သို့ရာတွင် နပိုလီယန်ကို ဆန့်ကျင်သည့် အင်အားစုက လူဝီ ၁၆ ၏ ညီ၊ လူဝီ ၁၈ ကို နန်းတင်လေသည်။

ပြင်သစ်ဘုရင်သစ် လူဝီ ၁၈ သည် မိုက်မဲသူ ဖြစ်သည်။

၁၈၁၅ မတ် ၁ ရက်တွင် နပိုလီယန်သည် ပြင်သစ်ပြည်တောင်ပိုင်းသို့ ရောက်လာသည်။ လူဝီဘုရင်၏ စစ်တပ်သည် သစ္စာဖောက်လေသည်။ နပိုလီယန်လည်း ပဲရစ်သို့ ချီကာ အာဏာကို ပြန်လည်သိမ်းပိုက်လေသည်။

နပိုလီယန်သည် သူ၏ရန်သူများနှင့် စေ့စပ်ရေးလုပ်သည်။ သို့ရာတွင် သူ့ရန်ဘက်များမှာ သူ့ကို ချေမှုန်းရန် ဆုံးဖြတ်ထားကြပြီးဖြစ်သည်။ ၁၈၁၅ ဇွန်တွင် နပိုလီယန်သည် ဘယ်လဂျီယံကို ဝင်၍ တိုက်သည်။ ဂျင်နရယ် ဗလူးချာ၏ ဂျာမန်စစ်တပ်ကို အနိုင်ရလိုက်သည်။ သို့ရာတွင် နပိုလီယန်၏ စစ်ဗိုလ်များသည် စစ်ရှုံးလေပြီးသော ရန်သူကို အပြီးတိုင် ချေမှုန်းရန် မေ့လျော့နေခဲ့သည်။ ထို့နောက် နှစ်ရက်အကြာတွင် နပိုလီယန်သည် အင်္ဂလိပ်စစ်ဗိုလ် ဝယ်လင်တန်မြို့စား၏ တပ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသည်။ သူ့ဘက်က အရေးသာသလို ရှိနေသည်။ သို့ရာတွင် ဗိုလ်ချုပ်ဗလူးချာ၏ မြင်းတပ် ရောက်လာကာ နပိုလီယန်၏ တပ်ကို ဝင်၍ တိုက်သည်။ ဤသို့ဖြင့် နပိုလီယန်သည် အရှုံးနှင့် စခန်းသိမ်းခဲ့ရလေသည်။ သူ့ကို စိန့်ဟယ်လီနာ ကျွန်းသို့ ပို့လိုက်သည်။ နောင်ခြောက်နှစ် ကြာသောအခါ ထိုအရပ်မှာပင် နပိုလီယန် ကွယ်လွန်လေသည်။

နပိုလီယန်သည် မသေမီ ပြင်သစ်တော်လှန်ရေး၏ ကြွေးကြော်သံ

ဖြစ်သည့် 'လွတ်လပ်ရေး၊ ချစ်ခင်ရေးနှင့် တန်းတူရေးတို့ကို အမြဲစောင့်ထိန်းခဲ့သူဖြစ်ကြောင်း' ကြေညာခဲ့သည်။

နပိုလီယန် အိမ်နိမ့်စံနေစဉ် သူ့ရန်သူများသည် ပြင်သစ်တော်လှန်ရေး၏ မွန်မြတ်သည့် ရည်ရွယ်ချက်တို့ကို ဖျက်ဆီးပစ်ကြသည်။ တိုင်းပြည်တွင် ငြိမ်းချမ်းရေးရရန် အတွေးသစ်၊ အမြင်သစ် ရှိသူတို့ကို များစွာ ဖိနှိပ် ခြယ်လှယ်လေသည်။

လူများစုကို လူနည်းစုက စိုးမိုးခြယ်လှယ်သည့်စနစ်သည် ထိုအချိန်က ဥရောပတိုက်တွင် တည်တံ့နေသော စနစ်ဖြစ်သည်။ သို့ဖြစ်ရာ လူများစုသည် မိမိတို့အရေးအခင်းကို မိမိတို့ဘာသာ စီမံဖန်တီးနိုင်ခွင့်ကို တောင်းဆိုကြကုန်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် အုပ်ချုပ်ရေးစက်ယန္တရားတွင် လူများစုကိုယ်စားလှယ်တို့ ပါဝင်ရေးကို တောင်းဆိုကြကုန်သည်။ ဤသို့ တောင်းဆိုသည်ကို အုပ်ချုပ်သူ လူနည်းစုက အဖြေတစ်ခု ပေးခဲ့သည်။ ယင်းကား ဆူပူတောင်းဆိုသူတို့ကို အကျဉ်းထောင်ထဲသို့ ဆွဲ၍ သွင်းလိုက်ခြင်းပင်တည်း။ ထိုကာလတွင် ဥပရောပအကျဉ်းထောင်များ၌ လူထုအုပ်ချုပ်ရေးသဘောကို သက်ဝင်ယုံကြည်သူတို့ ဒုနှင့်ဒေး အဖမ်းဆီး အချုပ်နှောင် ခံရလေသည်။

၈

သို့ရာတွင် လွတ်လပ်ရေးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကား လူမျိုးတိုင်း၌ ကိန်းအောင်းစ ပြုလေပြီ။ အတွေးအခေါ်တို့သည်လည်း နိုးကြားစ ပြုလေပြီ။

တောင်အမေရိကတိုက်တွင် စပိန်ဘုရင်ကို ထောင်ထားခြားနားလျက် သမ္မတနိုင်ငံသစ်များ ထူထောင်ကြသည်။ တောင်အမေရိကတိုက်ကို တွေ့သူမှာ ကိုလန်ဗတ် ဖြစ်သည်။ ထို့နောက် ယင်းတိုင်းပြည်များမှာ စပိန် ကိုလိုနီနိုင်ငံများ ဖြစ်လာရသည်။ ဥရောပနိုင်ငံကြီးများ၊ အင်္ဂလန်နိုင်ငံ၊ ရုရှားနိုင်ငံ စသည်တို့မှာ ထိုအချိန်တွင် အားကြီးသော လက်နက်နိုင်ငံကြီးများ ဖြစ်လေသည်။ သို့ငြားလည်း ယင်းတို့သည် နိုးကြားအုံကြွလာသော လူထု၏ စိတ်ဓာတ်ကို မတားဆီးနိုင်ခဲ့။ ကမ္ဘာ့နေရာ အနှံ့အပြားတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ မိမိအရေးအခင်းကို မိမိတို့ဘာသာ စီမံဖန်တီးရေး စသော စိတ်ဓာတ်တို့ ဝင်စားလျက် ရှိသည်။ ဤသို့ဖြင့် ဥရောပနိုင်ငံသစ်များ ပေါ်လာခဲ့ရသည်။

အင်္ဂလန်ပြည်တွင် ဘုရင့် အာဏာကို ပါလီမန်က ခွဲဝေယူလိုက်သည်။ ယင်းမှာ အင်္ဂလိပ်တော်လှန်ရေး၏ အနှစ်သာရပင် ဖြစ်သည်။ ဤအချက်ကို လူတို့ များစွာ စိတ်ဝင်စားကြသည်။ ထို့အတူ အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်းသည်လည်း လူထု၏ စိတ်ကို တက်ကြွစေသည်။ ထို့မှ တစ်ဖန် ပြင်သစ်တော်လှန်ရေးများ၏ ကြွေးကြော်သံတို့သည်လည်း လူထု အကြိုက်နှင့် တွေ့သည်။ ဤသို့ဖြင့် ဆယ့်ကိုးရာစုသည် လူသားတို့၏ မျှော်လင့်ချက်များနှင့်အတူ ကုန်ဆုံးခဲ့လေသည်။ ဘုရင့်အာဏာသည် မေးမှိန်လျက် ရှိချေပြီ။ ပါလီမန်များ၊ ဥပဒေပြု လွှတ်တော်များသည်သာလျှင် အာဏာပိုင် ယန္တရားများ ဖြစ်လာလေသည်။

## ၉

ပါလီမန်များ၊ ဥပဒေပြု လွှတ်တော်များကို အကောင်အထည်ဖော်သူတို့မှာ ကုန်သည်ကြီးများနှင့် နိုင်ငံရေးသမားများ ဖြစ်ကြသည်။ သူတို့သည် အာရှတိုက်၊ အာဖရိကတိုက်တို့တွင် ကိုလိုနီနိုင်ငံ အများအပြား ပိုင်ဆိုင်ကြသူများဖြစ်သည်။ သို့ရာတွင် ထိုလက်အောက်ခံ ကိုလိုနီနိုင်ငံများ၌ လူထုအတွက် လူထုက စီမံခန့်ခွဲသော လူထုအုပ်ချုပ်ရေးဖြစ်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးကို အစား ထိုးရန် စိတ်အားထက်သန်ခြင်း မရှိကြပေ။ အကြောင်းမှာ ထိုနိုင်ငံတို့သည် ကုန်သည်များအတွက် ဈေးကွက်ကောင်းများ ဖြစ်သောကြောင့်တည်း။ ကုန်သည်များသည် စက်မှုထွန်းကားသည့် မိမိတို့နိုင်ငံ၌ ကုန်ပစ္စည်းများ ပြုလုပ်ကာ ကိုလိုနီနိုင်ငံကလေးများ၌ ရောင်းချရသည်။ တစ်ဖန် ကိုလိုနီနိုင်ငံကလေး များတွင် စက်ရုံအတွက် ကုန်ကြမ်းဖြစ်သည့် ချည်၊ ဝါဂွမ်း၊ လျှော်၊ ရော်ဘာ၊ သံရိုင်း စသည်တို့ကို အလွယ်တကူ ရနိုင်ပြန်သည်။

ကုန်သည်နိုင်ငံကြီးများအနက် အင်္ဂလိပ်တို့သည် အဦးဆုံး ဈေးကွက် ချဲ့သူ ဖြစ်လာသည်။ သူတို့သည် နေမဝင်သည့် အင်္ဂလိပ်အင်ပိုင်ယာ နိုင်ငံ တော်ကြီးကို တည်ထောင်သည်။ ထိုအင်ပိုင်ယာတွင် ကျွန်တော်တို့၏ မြန်မာ နိုင်ငံသည်လည်း အဝင်အပါဖြစ်ခဲ့သည်။ မြန်မာပြည်ကို သုံးကြိမ်တိုက်ယူ သည်။ ထို့နောက် မြန်မာပြည်ကို ဗြိတိသျှ-မြန်မာပြည်ဟူသော အမည်အဖြစ် ကမ္ဘာက လူသိများလေသည်။ ဗြိတိသျှကိုလိုနီနိုင်ငံဟု အမည်သစ်ပေးခြင်း

ခံခဲ့ရသည်။ အရှေ့အာရှ တစ်လွှားတွင် အင်္ဂလိပ်တို့သည် ဒတ်၊ ပေါ်တူဂီ၊ ပြင်သစ်တို့ထက် အရေးသာခဲ့သည်။ နိုင်ငံငယ်ကလေးများ သိမ်းယူရာတွင် လက်သွက်ခဲ့သည်။ သို့ငြားလည်း ထိုလက်နက်နိုင်ငံတို့တွင် ကိုလိုနီနိုင်ငံငယ်များ အသင့်အတင့် ပိုင်ဆိုင်ကြသေးသည်။

လက်အောက်ခံကိုလိုနီ မရှိသော တိုင်းပြည်မှာ ဂျာမနီပြည်ပင်ဖြစ်သည်။ ဂျာမနီပြည်သည် နှောင်းခေတ်တွင်မှ စည်းရုံးညီညွတ်လာကာ တိုင်းပြည်တစ်ပြည်အဖြစ် တည်တံ့ခဲ့ရသည်။ ထို့ကြောင့်အင်္ဂလိပ်ကို အလျှော့ပေးခဲ့ရသည်သာ များသည်။ သို့ရာတွင် ဂျာမနီသည် စက်မှုလုပ်ငန်း၌ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သို့ဖြစ်ရာ သူတို့၏ထုတ်ကုန်ပစ္စည်းကို ရောင်းချရန် ဈေးကွက်မရှိဖြစ်နေသည်။ ဂျာမနီပြည်တွင် ထွက်သမျှ ကုန်ပစ္စည်းအားလုံးကို မသုံးနိုင်ရကား အပိုအလျှံကို ရောင်းချနိုင်ရန် ကိုလိုနီနိုင်ငံ ရှာလိုသည်။ နိုင်ငံငယ်ကလေးများကို သိမ်းပိုက်လိုသည်။



ကိုလိုနီ နိုင်ငံကလေး တို့သည်လည်း နှစ်ဆယ်ရာစု အနီးတွင် နိုးကြားစ ပြုလာပြီ။ အိန္ဒိယပြည်တွင် အမျိုးသားကွန်ဂရက်က ခေါင်းဆောင်လျက် အမျိုးသားရေး အရေးတော်ပုံများ ပေါ်ပေါက်လာသည်။ လွတ်လပ်ရေး ကို တောင်းဆိုလာကြသည်။ အင်္ဂလိပ်ကျွန်အဖြစ်မှ လွတ်မြောက်ရေးအတွက် များစွာသော ခေါင်းဆောင်တို့သည် အင်္ဂလိပ်အစိုးရ၏ အာဏာကို ဖီဆန်ကြသည်။ ထောင်တန်း အကျခံကြသည်။ ယင်းတို့တွင် တိလတ်၊ ဂန္ဒီ၊ နေရူး၊ ဒတ် စသည်တို့ ထင်ရှားသည်။ သူတို့၏ လှုံ့ဆော်မှုကြောင့် အိန္ဒိယတိုင်းရင်းသားတို့သည် များစွာ နိုးကြားကြကုန်သည်။

ကျွန်တော်တို့ မြန်မာပြည်တွင်လည်း အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးအတွက် ပြည်သူတို့သည် ဥပဒေဘောင်အတွင်း၌ အမျိုးမျိုး အဖုံဖုံ အရေးဆိုကြသည်။ သီပေါ ပါတော်မူသည်နှင့်တစ်ပြိုင်နက် မြန်မာတို့သည် အင်္ဂလိပ်ကို ထောင်ထားခြားနားကြသည်။ သို့ရာတွင် ပြည်သူတို့ကား မနိုးကြားကြသေး။ ဝံသာနုလုပ်ငန်း ပေါ်လာသည့်အခါတွင်ကား အတန်ငယ် နိုးကြားလာပြီဟု ဆိုနိုင်လေသည်။

ဥရောပတိုက်ရှိ အင်အားကြီးနိုင်ငံတို့သည် ကျွန်တော်တို့ ကိုလိုနီနိုင်ငံငယ်ကလေးများ၏ အရေးအခင်းကို လျစ်လျူရှုခဲ့ကြသည်။ သူတို့ အချင်းချင်း သာလျှင် ရန်စောင်နေကြသည်။

## ၁၀

၁၉၁၄ တွင် ဂျာမန်ဘုရင် ကိုင်ဇာသည် ဘယ်လဂျီယံကို ဝင်၍ တိုက်လေသည်။ ဤသို့ဖြင့် ပထမကမ္ဘာစစ်ပွဲကြီး စတင် ဖြစ်ပွားခဲ့ရသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် အခြားဥပရောပနိုင်ငံတို့က ထိုစစ်ပွဲတွင် မဟာမိတ်များအဖြစ် တစ်ဖက်တွင် တိုက်သည်။



ဂျာမနီက သူတို့ကို တိုက်သည်။ လေးနှစ်လုံးလုံး လူအမြောက်အမြား ကျဆုံးရသည်။ မြို့ပြအိမ်ခြေများစွာ ပျက်စီးရသည်။ နောက်ဆုံးတွင် ဗာဆေးမြို့၌ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုကာ မဟာမိတ်တို့ အနိုင်ရလေသည်။

ထိုပထမကမ္ဘာစစ်ကြီး အတွင်း ရုရှားပြည်တွင် ဇာဘုရင်၏ ဖိနှိပ်မှုကို တော်လှန်သည့် အရေးတော်ပုံတစ်ခု ဖြစ်ခဲ့သည်။ ထိုတော်လှန်ရေးကို ရုရှားဆိုရှယ်လစ်များနှင့် လီနင်

များပြည့်စာအုပ်တိုက်

ခေါင်းဆောင်သော ကွန်မြူနစ်များက ဦးဆောင်သည်။ သူတို့သည် ဆိုဗီယက် ဆိုရှယ်လစ် သမ္မတနိုင်ငံကို ထူထောင်ကြသည်။

ဂျာမနီပြည်ကား စစ်ရှုံးသဖြင့် အနှိမ်ခံရသည်။ မဟာမိတ်တို့ကို စစ်စရိတ် ပေးဆပ်ရသဖြင့် တိုင်းပြည်သစ်တစ်ခုအဖြစ် ပြန်လည်ထူထောင်ရန်ပင် ခေါင်းမဖော်အား ရှိနေသည်။

ပထမကမ္ဘာစစ်ပွဲ ပြီးဆုံးသည့်နောက် နိုင်ငံကြီးများက ဦးဆောင်ကာ နိုင်ငံပေါင်းချုပ်အသင်းကို ထောင်သည်။ သို့ရာတွင် နိုင်ငံငယ်ကလေးများမှာ အခွင့်အရေး မရကြ။ ဆိုဗီယက်ရုရှားပြည်ကိုပင် နိုင်ငံပေါင်းချုပ်အသင်းက အသင်းသားအဖြစ် လက်သင့်မခံခဲ့။

## ၁၁

ဗာဆေးစာချုပ်ကို ဂျာမနီပြည် လူချမ်းသာများက များစွာ အပြစ်ဆိုကြသည်။ သူတို့သည် စစ်ကြောင့် စီးပွားရေး နာလန်မထူနိုင် ရှိနေလေရာ စစ်သားလူထွက် ဟစ်တလာဆိုသူ၏ အကူအညီဖြင့် အရေးဆိုကြသည်။



ဟစ်တလာသည် အီတလီ ခေါင်းဆောင် မူဆိုလိုနီ၏ သဘောတရားကို လက်ခံသူဖြစ်သည်။ မူဆိုလိုနီသည် အီတလီ သတင်းစာဆရာ တစ်ယောက်လည်းဖြစ်သည်။ သူသည် အီတလီပြည်တွင် လူနည်းစုဖြစ်သည့် ချမ်းသာသူများကို အစိုးရဖွဲ့ပေးကာ ဆင်းရဲသူများအား စစ်တပ်ပုလိပ်အဖွဲ့တို့ဖြင့် ဖိနှိပ်သည်။ ဟစ်တလာကား သူ့ဆရာထက် အဟောအပြောကောင်းသည်။ ရဲရဲတောက်တရားကို ဟောနိုင်သူ ဖြစ်သည်။

ဟစ်တလာကို ကူညီကြသူများလည်း ရှိသေးသည်။ အင်္ဂလန်ပြည်၊ ပြင်သစ်ပြည်၊ စပိန်ပြည်တို့

ရာပြည့်စာအုပ်တိုက်

တွင်ရှိသည့် လူမသမာတို့က ရုရှားပြည်တွင် ကွန်မြူနစ်နိုင်ငံ ထူထောင်သည်ကို ကြောက်လန့်စိုးရိမ်ကာ ဟစ်တလာကို အားပေးအားမြှောက် ပြု၍ ကွန်မြူနစ်တို့အား တိုက်စေသည်။ တစ်ဖန် နိုင်ငံချဲ့ အရင်းရှင်တို့ကလည်း ဂျပန်အရင်းရှင်တို့ကို သွေးဆွပေးကာ တရုတ်ပြည်ကြီးကို တိုက်စေသည်။ ထိုအချိန်က တရုတ်ပြည်တွင် ဘုရင်စနစ် ခေတ်ကုန်ကာ ဒေါက်တာ ဆွန်ယက်ဆင်က သမ္မတ နိုင်ငံသစ် ထူထောင်နေသည်။

ဂျာမနီတွင် ဟစ်တလာသည် စစ်တပ်နှင့် ရေတပ်ကို အင်အားဖြည့်တင်းသည်။ လေတပ်ကို တိုးချဲ့သည်။ ဟစ်တလာသည် မူဆိုလိုနီနှင့် လည်းကောင်း၊ စစ်ဝါဒီ ဖက်ဆစ်ဂျပန်တို့နှင့် လည်းကောင်း မဟာမိတ်ဖွဲ့သည်။ ထို့နောက် ၁၉၃၉ တွင် ပိုလန်ပြည်ကို ဝင်၍တိုက်သည်။ အကြောင်းမှာ ပိုလန်ပြည်က သူတို့၏ ဆိပ်ကမ်းမြို့ဖြစ်သည့် ဒန်ဇစ်မြို့ကို ဂျာမနီအား မပေးသောကြောင့်တည်း။ ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီး စခဲ့ပြန်လေသည်။

ပထမကမ္ဘာစစ်သည် လေးနှစ်ကြာသည်။ ဒုတိယကမ္ဘာစစ်ကား ခုနစ်နှစ်မျှကြာခဲ့သည်။ ဒုတိယကမ္ဘာစစ်သည် ပထမကမ္ဘာစစ်ထက် ပို၍ ကြောက်စရာ ကောင်းသည်။ အသေအကျေ များသည်။ အပျက်အစီး များသည်။

ဒုတိယကမ္ဘာစစ်တွင် အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ရုရှား၊ တရုတ်တို့သည် မဟာမိတ်နိုင်ငံများဖြစ်ကြသည်။

များစွာ ပျက်စီးဆုံးပါးပြီးမှ ဟစ်တလာ၊ မူဆိုလိုနီနှင့် ဂျပန်တို့က အရှုံးပေးကြသည်။ ကျွန်တော်တို့ ကမ္ဘာတစ်ခုလုံးကား စစ်ဒဏ်ကြောင့် အမာရွတ် များစွာ ထင်၍ ကျန်ရစ်ခဲ့ရသည်။

## ၁၂

ထိုစစ်ပွဲကာလတွင် အမေရိကန်သမ္မတကြီး ရုစဘဲ့နှင့် အင်္ဂလိပ်နန်းရင်းဝန်ကြီး ချာချီတို့ ပူးတွဲကာ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ယင်း၌ ဤစစ်ပွဲကြီးကို တိုက်ရသည်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ လွတ်လပ်ရေး မြတ်နိုးလိုသူတို့အတွက် ဖြစ်ပါသည်ဟု ဆိုသည်။ ယင်းကို အတ္တလန်တိတ် ကြေညာချက်ဟု ခေါ်သည်။ အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဒီက အတ္တလန်တိတ်ကြေညာချက်ကို အိန္ဒိယအပါအဝင် ကိုလိုနီနိုင်ငံကလေးများ ခံစားခွင့်ပြုပါရန် အင်္ဂလိပ်အစိုးရအား တိုက်တွန်းသည်။ အရှေ့အာရှတစ်လွှားတွင် ကျွန်တော်တို့



မြန်မာပြည်သည်လည်း အိန္ဒိယပြည်၊ အင်ဒိုနီးရှားပြည်၊ သီဟိုဠ်ပြည်၊ မလေးယားပြည် တို့ကဲ့သို့ပင် အရင်းရှင် အုပ်ချုပ်ရေးအောက်တွင် အဖိနှိပ်ခံရသည်။ အင်္ဂလိပ်အစိုးရက ဂန္ဒီ၏စကားကို မနာယူဘဲ အိန္ဒိယခေါင်းဆောင်များကို ဖမ်းဆီးထောင်သွင်းလိုက်သည်။

ကျွန်တော်တို့ မြန်မာပြည်တွင် နိုင်ငံရေးခေါင်းဆောင်တို့သည် အင်္ဂလိပ် အခက် ဗမာ့အချက်ဟူ၍ အခွင့်ကောင်းကောင်းကိုင့်လင့်ကာ စစ်ပြီးလျှင် လွတ်လပ်ရေးပေးပါမည်ဟု အင်္ဂလိပ်အစိုးရအား တောင်းဆိုကတိပြုခိုင်းသည်။ သို့သော်လည်း အင်္ဂလိပ်အစိုးရက တို့ဗမာသခင်များကို ဖမ်းဆီးထောင်ချသည်။ ကျောင်းသားခေါင်းဆောင်ဟောင်း သခင်အောင်ဆန်းသည် နိုင်ငံခြားသို့ တိမ်းရှောင်ထွက်ပြေးကာ ဂျပန်ပြည်တွင် ရဲဘော်သုံးကျိပ်ကို ဖွဲ့သည်။

ထို့နောက် အခိုက်အတန့်အားဖြင့် ဂျပန်၏ အကူအညီယူကာ ယိုးဒယားတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့သည်။

ဂျပန် ဖက်ဆစ်စနစ်ကို မျက်ဝါးထင်ထင် သိမြင်လာသည့်အခါ ဂျပန်တော်လှန်ရေးတစ်ခု ပြုလုပ်ရန် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့သည်။ ယင်းကို ဖတပလ ဟုခေါ်သည်။ နောင်သော် ဒုတိယကမ္ဘာစစ် အပြီးတွင် လွတ်လပ်ရေးကြိုးပမ်းသည့် ဖဆပလအဖွဲ့ချုပ်ကြီး ဖြစ်လာသည်။ ယင်း၏ခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လေသည်။

## ၁၃

ဒုတိယကမ္ဘာစစ်တွင် ဂျပန်ဖက်ဆစ် စစ်တံခွန်ကြီးသည် ကျွန်တော်တို့ မြန်မာပြည်အထိ ဖြန့်လာသည်။ ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်ရန် တော်လှန်ရေး တပ်ဦးဖွဲ့ခဲ့သည်။ ယင်းကို ဗမာ့ကာကွယ်ရေးတပ်မတော်၊ ပြည်သူ့ အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီတို့က ဦးဆောင်သည်။ ဂျပန်ကို မြန်မာတစ်ပြည်လုံး လှည်းနေလှေအောင်း မြင်းဇောင်းကပါမကျန် အုံကြွတော်လှန်ကြသည်။ စစ်ကြီး ပြီးဆုံးသည့်အခါ အင်္ဂလိပ်အစိုးရက စက္ကူဖြူစာတမ်းအရ ၉၁ ဌာန အုပ်ချုပ် ရေးကို တစ်မျိုးတစ်ဖုံ ဖန်တီးထားသည့် အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သည်။ ဖ ဆ ပ လ အဖွဲ့၏ ဦးဆောင်မှုကြောင့် အင်္ဂလိပ်အစိုးရသည် မြန်မာပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုရတော့သည့် အခြေသို့ ရောက်လာသည်။ ၁၉၄၈ ဇန်နဝါရီ ၄ ရက်နေ့တွင်ကား အင်္ဂလိပ်သည် မြန်မာပြည်ကို လုံးဝ လက်လွှတ်ကာ လွတ်လပ်ရေးပေးရသည်။ လွတ်လပ်ရေး ရသော်လည်း မြန်မာလွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမှာ နယ်ချဲ့လက်ပါး စေတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရလေသည်။ ကျွန်တော်တို့နည်းတူ အိန္ဒိယ ပြည်ကိုလည်း လွတ်လပ်ရေးပေးရသည်။ ထိုအခါမှ စ၍ ကျွန်တော်တို့ကား မိမိကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်သည့် အခွင့်အရေး ရခဲ့လေသည်။ ကျွန်တော်တို့ မြန်မာပြည်အဖို့ ထူထောင်စရာ အများကြီး လိုသေးသည်။

## ၁၄

ဒုတိယ ကမ္ဘာစစ်တွင် မဟာမိတ်တို့ အောင်ပွဲခံရသည်။ ထိုအခါ စစ်တစ်ခု နောက်ထပ် ဖြစ်မည့်အန္တရာယ်ကို တားဆီးရန် နိုင်ငံကြီးတို့ ကြံဆကြသည်။ အမေရိကန်ပြည် ဆန်ဖရစ်စစ္စကိုမြို့၌ ၁၉၄၅ အောက်တိုဘာ ၂၄ ရက်နေ့



တွင် နိုင်ငံပေါင်း ၂၉ နိုင်ငံ စုဝေးကာ ကမ္ဘာ့ကုလသမဂ္ဂကြီးကို ဖွဲ့စည်းလိုက်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ရည်ရွယ်ချက်မှာ နောက်ထပ် စစ်တစ်ခု မဖြစ်အောင် တားဆီးရေးပင် ဖြစ်သည်။ သို့သော် အပြည့်အဝ မအောင်မြင်သေး။ စစ်အေးတိုက်ပွဲများကား ပြင်းထန်လျက် ရှိဆဲပင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အာရှတိုက်တစ်လွှား၌ ကိုလိုနီနိုင်ငံကလေးများ လွတ်မြောက်ကြသည်။ ဥရောပတိုက်တွင်လည်း ဒီမိုကရေစီသစ်နိုင်ငံများ ထူထောင်ကြသည်။ ဆိုရှယ်လစ်စနစ်ကို ကမ္ဘာ့လူဦးရေတစ်ဝက်ကျော်က လက်ခံလာကြသည်။ အာဖရိကတိုက်တွင်လည်း နိုင်ငံငယ်ကလေးများ အများအပြား ကိုယ်ပိုင်အုပ်ချုပ်ရေး ရကြသည်။

သို့ရာတွင် နိုင်ငံကြီးများသည် စစ်အေးတိုက်ပွဲကို ဆင်နွှဲနေကြဆဲ ဖြစ်သည်။ စစ်အေးတိုက်ပွဲကြောင့် များစွာသော ကမ္ဘာသူ ကမ္ဘာသားတို့မှာ တကယ့်အန္တရာယ်ကို မမြင်နိုင်ဘဲ ရှိနေသည်။ ယင်းမှာ အစာရေစာ ပေါကြွယ်ရေးနှင့် အိုးအိမ်ပြည့်စုံရေးပင် ဖြစ်သည်။

ကျွန်တော်တို့ မြန်မာပြည်သည် စစ်အေးတိုက်ပွဲတွင် ဘက်မလိုက်ဘဲ နေခဲ့သည်။ အာရှတိုက်တွင် ကြားနေနိုင်ငံအဖြစ် သိက္ခာအရှိဆုံး နိုင်ငံတစ်ခုတွင် ပါဝင်ခဲ့သည်။ သို့ရာတွင် တိုင်းပြည်ထူထောင်ရေး၌ကား များစွာနောက်ကျခဲ့ရသည်။ ကျွန်တော်တို့တိုင်းပြည်တွင် အစာရေစာ ပေါများရန်၊ အိုးသစ်အိမ်သစ်များ ထူထောင်နိုင်ရန်၊ စက်မှုလုပ်ငန်းထူထောင်နိုင်ရန် အေးချမ်းဖို့လိုသည်။ သို့မှသာ နိုင်ငံထူထောင်ရေးတွင် အားကောင်းနိုင်မည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးတွင် စစ်ရိပ် စစ်ငွေ့များ မကင်းစင်သေး။ တတိယကမ္ဘာစစ် ဖြစ်နိုင်မည့် အခြေအနေများ ကမ္ဘာ့အနှံ့အပြားတွင် တွေ့နေရသေးသည်။

လူသည် နှစ်ပေါင်း အသိန်းအသောင်းချီ၍ ချီတက်လာခဲ့ရသည်။ ယခုအခြေရောက်အောင် နှစ်ပေါင်း အသိန်းအသောင်း ထူထောင်ခဲ့ရသည်။ ယခုနေအခါတွင် လူ့လောကကြီးကို အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးတို့ကြောင့် အပျက်စီး မခံနိုင်ပါ။ လက်ရှိ အခြေထက် များစွာ သာလွန်သည့် စည်ပင်ဝပြောသော ကမ္ဘာကြီးကို ဆက်လက်တည်ဆောက်ရဦးမည် ဖြစ်ပါသတည်း။

**ကျော်အောင်**